Book Sharing




Scanned by CamScanner

လမင်းဘောဘိ

ကြယ်စင်မှုုးဝေ

စာမူခွင့်ပြုချက်အမှတ်

၅၀၀၆၁၁၁၀၅၀၇

မျက်နှာဖုံးခွင့်ပြုချက်အမှတ်

၅၀၀၆၈၄၀၆၀၇

ထုတ်ဝေသူ

ဒေါ်တင်တင်အုန်း (စိန်သရဖူစာပေ)

အမှတ် (၆၆)၊ (၆) လမ်း၊ လမ်းမတော်။

အတွင်းပုံနှိပ်သူ

ဒေါ်အိမွန်သက်လွင် (သစ္စာမွန်ပုံနှိပ်တိုက်)

၁၀၆၊ တာမွေလမ်း၊ တာမွေမြို့နယ်။

ထုတ်ဝေခြင်း

၂၀၀၈ ခုနှစ်၊ ဧပြီလ၊ ပထမအကြိမ်

အုပ်ရေ

၅၀၀

တန်ဖိုး

၁၀၀ ကျပ်

ဖြန့်ချိရေး

ရွှေစကားစာပေ

အမှတ် (၇)၊ မြယမုံ (၇)လမ်း၊

မြယမုံကမ်းသာယာအိမ်ရာ၊ သဃ်န်းကျွန်းမြို့နယ်။

ဖုန်း - ၀၉ ၅၀၀ ၆၀၇၈


Scanned by CamScanner

# ကြယ်စင်မျှူးဝေ

## လမင်းဘောဘီ

ဖိဝစိုးငှက်တွေရဲ့ အသက်တော်ဖယ်
နှလုံးသွေးနဲ့ အသိုက်ပွဲ့ရှင်သန်ရတဲ့အခါ
ဗျပ်စောင်းတီးသံလို
ပြည့်ရှုတန်ဟည်းသံတွေဟာ
ငါ့နှလုံးသားအပေါ်
မျက်ရည်တွေစုန်ဆင်းဝင်းပ
ဒုန်းကြွနေကြတဲ့အသံလို့
မှတ်ယူလိုက်ပါ…။

BookSharing

# အပိုင်း(၁)

## အခန်း(၁)

"သားရေ. . ကိုဘေး. . ထတော့လေ၊ ညခန်းမှာ ကောင်မလေးတစ်ယောက်စောင့်နေတာ ကျောက်ဆစ်ရုပ်တောင်ဖြစ်တော့မယ်"

သူ့အခန်းပေါက်ဝမှ မေမေ့အသံက သတင်းပေးတာလား၊ မလိုတမာအသံလား၊ ငြိမ်ဆိတ်စွာခွဲခြမ်းကြည့်ရင်း 'ဘေးစက်မိုး'စဉ်းစားနေမိစဉ် ပြတင်းဝမှာ ငှက်လေးနှစ်ကောင် တိုးတိုးဝေ့ဝေ့နားခိုလာသည်၊

တိုး. . ဒါ enjoy(ပျော်ရွှင်မှု)ပဲပေါ့၊

Good Luck ပေါ့၊

ပျော်ရွှင်စရာနံနက်ခင်းလေးပါပဲ၊

ဘေးစက်မိုး နိုးနေတာတော့ကြာပါပြီ၊ အိပ်ယာမှသာ မထဖြစ်သေး၊ ညက နယ်ပွဲတစ်ခုမှ တောက်လျှောက်အပြန်



တစ်ညလုံးခရီးပြင်နှင်ခဲ့ရပေမယ့် သည်နံနက်ဦးမှာ ထူးခြားသော ရင်ခုန်မှုများဖြင့် သူနိုးထနေမိခဲ့သည်၊

အင်း. . မေမေကလည်း ထူးထူးဆန်းဆန်း၊ ပင်ကိုကတည်းက သားဂုဏ်မောက်တတ်သောမေမေသည် ဘေးစက်မိုးသီချင်းခွေနှစ်ခွေထွက်၊ နာမည်အတော်ရလာ၊ ပွဲတွေဘာတွေနှင့် အတော်လေးအလုပ်ဖြစ်လာသောအခါ မျက်စိပင်မပွင့်တော့ဘူးမဟုတ်လား၊ ဘောင်မြင်လာသည့်အဆိုတော်တစ်ဦး၏မိခင်ပီပီ အနည်းငယ်ပင် မောက်မာ၊ သွေးကြီးလာသဖြင့် ဘေးစက်မိုး မနည်းတရားပြ၊တရားချခဲ့ရသည်၊

မိတ်ဆက်စာတွေ ပလူပျံ၊ တယ်လီဖုန်းတဂွမ်ဂွမ်ဆိုတော့လည်း မေမေစိတ်မရှည်ချင်စရာပါ၊ သို့သော် ယခု မေမေ ဘာလို့များ သူ့ကိုအရေးတယူ အိပ်ယာမှနိူးပေးနေရပါလိမ့်၊

ပေပေရော ဆေးရုံသွားပြီလား၊ ပေပေ့လိုဆရာဝန်မျိုးကလည်း ရှားမှရှားပါပဲ၊

"ဟဲ့. . ကိုဘေး. . ထ. . ထတော့လေ၊ ညခန်းထဲမှာ သားကိုစောင့်နေတဲ့ ကျောက်ရုပ်လေးကိုလည်းအားနာဦး"

ညခန်းနှင့်သူ့အိပ်ခန်းက အတန်ငယ်လှမ်းပြီး မေမေ့အသံကတိုးလျှနေလို့သာတော်ပေသည်၊

တကယ်ကဲတဲ့ကောင်မလေးပါလား၊ အင်း. . ဖြစ်ရမယ်၊ ဖြစ်ရမယ်၊

ဒီခေတ်ကောင်မလေးတွေကလည်း နာမည်ရလာသည့် အဆိုတော်၊ မင်းသား၊ စာရေးဆရာတွေကို အတင်းမိတ်ဆက်ဖို့လောက်များ မွေးဖွားလာလေသလားမသိ၊

Scanned by CamScanner

"ဟင်း. . ဟင်း. . "

ကိုယ်ပိုင်ကားမဝယ်နိုင်သေးတာမို့ တစ်ညလုံး ကျပ်ညပ်ပင်ပန်းစွာ ကားစီးလာခဲ့ရသည့်မောပန်းမှုတို့ကို သူ အားပါးတရ ဖျင်းကြောဆန့်ထုတ်လိုက်ပစ်သည်။

လေ့ကျင့်ခန်းလုပ်ဦးမှပါပဲ။ ဟာ. . ဒါပေမယ့် ညှော်ခန်းထဲကကောင်မလေးကို သွားတွေ့ရဦးမယ်။ သိပ်စိတ်ရှုပ်တာပဲကွာ။

မေမေကတော့ တဗျစ်တောက်တောက်နှင့် ဖျောစက်မိုးအိပ်ရာကိုသိမ်းပေးနေသည်။

"ရေချိုးလေကိုသားရဲ့၊ ရုပ်တန္ဓမ်းဖတ်နေတာပဲ၊ သားကိုနှိုင်းစေချင်လို့ မဟုတ်ဘူးနော်၊ ကိုယ့်သားကို လန်းလန်းဆန်းဆန်းဖြစ်စေချင်လို့၊ ခုခေတ်ကောင်မလေးတွေများ ကဲကိုကဲပါတယ်၊ မိုးမလင်းခင်ကတည်းက ပန်းတစ်စည်းနဲ့ လာစောင့်နေလိုက်တာ"

"ဟုတ်လားမေမေ. . စောစောကတည်းက နှိုးရောပေါ့ဗျာ၊ အားနာစရာ. . "

"အလိုတော်. . အားမနာနိုင်ပါဘူး။ သားအိပ်ရေးပျက်မှာပေါ့၊ ကဲ. . ကဲ. . ရေသွားချိုးချည်၊ မေမေ အဝတ်အစားထုတ်ထားလိုက်မယ်"

"ပန်းစည်းက ဘာပန်းလဲမေမေ၊ လှရောလှရဲ့လား"

"ဘာပန်းဖြစ်ဖြစ် ရေသွားချိုးချည်တော့"

မေမေ သည်းမျှနိုးဆော်နေလျှင် ဖျောစက်မိုးမနေသာတော့။ မွေးပွတဘက်ကြီးကို ဖိုသီဖတ်သီဆွဲယူပြီး ရေချိုးခန်းဝင်ရသည်။ တစ်ဦးတည်းသောသားပီပီ ဖျောစက်မိုး မေမေ့ကိုအလွန်ချစ်မြတ်နိုးပါသည်။ အမေနှင့်သားက သူငယ်ချင်းသဖွယ်။

"မေမေပင်ပန်းပါတယ်ဗျာ၊ အဝတ်ထုတ်ပေးမနေပါနဲ့၊ သားဘာသာရွေးပြီးဝတ်ပါ့မယ်"

သူ့စကားကြောင့် မေမေတွန့်သွားပုံက ရယ်ချင်စဖွယ်။ မေမေသည် သူ့ကို အခုတွင်းမှာငုံထားလို့ရလျှင် ငုံထားလေမည်ထင်ပါသည်။

သီးချိန်တန်သီး၊ ပွင့်ချိန်တန်ပွင့်မှာကိုလည်း အစိုးရိမ်ကြီးစိုးရိမ်နေတတ်သူဖြစ်သည်။

"ကိုသားနော်. . နင့်ကိုငါမွေးထားတာ၊ နင့်အချိုးတွေဘယ်လိုဆိုတာ မအေကသိပြီးသား၊ ပဲတွေများနေမှာစိုးလို့ မေမေကိုယ်တိုင် ထော်လော်ကန့်လန့်ဆင်တွေရွေးပေးမှာ"

"စေတနာထားတယ်ပေါ့မေမေ၊ အား. . ဟား. . ဟား"

အဆိုတော်ပီပီ သီချင်းလေးညည်းရင်း ရေချိုးလိုက်လျှင် ခေါင်းနောက်တာတွေပြေပြီး လန်းဆန်းဖျောမြသွားရတာ မေမေ့မေတ္တာတွေကြောင့်လည်း ဖြစ်ပေမည်။

## အခန်း(၂)

'ဓားစက်မိုး'ဆိုတာ ကိုကိုလို့မသိရခင်ကတော့ သူ့သီချင်းတွေကို ပုန်းညက်ဖြူစင်မကြိုက်ခဲ့ပါ။ ဘာတွေမှန်းလည်းမသိဘူး။ သို့ပေမယ့် လောကကြီးဟာ အရာရာကိုပြောင်းလဲစေတတ်ပါသည်။

မတည်မြဲခဲ့ပါဘူး။ ဓားစက်မိုးဆိုတာ ပုန်းညက်ဖြူစင်ရဲ့ ငယ်ငယ်တုန်းကရွှေမင်းသားလေးဆိုတာလည်းသိလိုက်ရရော ကမ္ဘာပေါ်မှာအကောင်းဆုံးသီချင်းတွေသည် ကိုကို့သီချင်းများဖြစ်သွားခဲ့ကြသည်။

ကိုကိုတတော့ ပုန်းညက်ဖြူစင်ဆိုသည့်ကောင်မလေးကို တစ်ခါတစ်လေတောင် ယောင်လို့မှသတိရနေပါ့မလား။ ခွဲခွာကြချိန်မှာ သူမက သိပ်ငယ်လွန်းသည်။

မဆက်သွယ်တတ်ခဲ့ပေမယ့် သူမရင်ထဲမှာ စူးနစ်စွာသတိရနေဆဲပါ။





ညည့်ခန်းထဲမှာစောင့်ရတာကြာသည့်အခါ ပုန်းညက်ဖြူစင်မျက်နှာတော်တော်ပုလာသည်။ ကိုကို့မေမေက သူမကိုကြည့်ပြုံးမရ၊ သူမကိုလည်း ကိုကို့ဘေးနားမှာရှုပ်ရှက်ခတ်နေသည့်ရောင်စုံလိပ်ပြာမလေးတစ်ကောင်လို့ ယူဆသတ်မှတ်လိုက်သည်ထင်ပါသည်။

"သောက်ပါဦး. . မိန်းကလေး"

မဖါ်မလည်အပြုံးနှင့် လက်ဖက်ရည်တစ်ခွက်ကိုကိုင်ဆောင်ရင်း ထိုအန်တီထွက်လာသောအခါ ပုန်းညက်ဖြူစင် အားနာစွာကြည့်မိသည်။

"အန်တီရယ်. . ဒီနေ့ဟာ ကိုကို့မွေးနေ့မှန်း ကျွန်မအမှတ်ရနေလို့ပါ၊ ကျွန်မတို့မြို့မှာ တစ်ခါတုန်းက ကိုကို့မွေးနေ့နဲ့ကြုံဖူးတယ်၊ ကျွန်မ လက်ဆောင်တစ်ခုပေးခဲ့ဖူးပါတယ်၊ ကျွန်မရဲ့ အမြတ်နိုးဆုံးယမင်းရုပ်လေးကိုပါ"

ကိုကို့မေမေက ပုန်းညက်ဖြူစင်အနားတွင်ဝင်ထိုင်ပြီး စကားစမြည်ပြောလသည်။

"မင်းက အချိန်တွေအလကားအားနေလို့ တော်သေးတယ်၊ သားက ညကမှနယ်ပွဲတစ်ခုကနေ တောက်လျှောက်ပြန်လာခဲ့ရတော့ အရမ်းပင်ပန်းနေတယ်၊ အခု ရေချိုးနေတယ်၊ မကြာခင် ထွက်လာမှာပါ"

"ရှ. . ရပါတယ်ရှင်၊ ကျွန်မ အရမ်းအားနာပါတယ်ရှင်၊ ပန်းစည်းလေးပေးရုံပါပဲနော်၊ ကျွန်မ သူ့ကိုဘာမှအနှောင့်အယှက်



Scanned by CamScanner

မပြုပါဘူးရှင့်၊ အန်တီ. . ကျွန်မကိုညည်ခံမနေပါနဲ့နော်၊ လုပ်စရာရှိတာသွားလုပ်ပါ"

ပုန်းညက်ဖြူစင်သည် တစ်ခါတုန်းက ကိုကို့တစ်ယောက်တည်းသာသိကျွမ်းခဲ့ပြီး သူ့မိဘများနှင့်မူ မသိကျွမ်းခဲ့ပါ။ ကိုကိုသည် သူမ၏အစ်ကိုလတ်နှင့် အတန်းတူသူငယ်ချင်းလည်းဖြစ်ပါသည်။

ကိုကို့မေမေ ဒေါ်စိမ့်စိမ့်မိုး ညည်ခန်းမှပြန်လည်ထွက်ခွာသွားပြန်သည်။ ဆေးအစိမ်းနုသုတ်ထားသောညည်ခန်းထဲမှာ သူမအားငယ်စွာကျန်ခဲ့ရင်း ကိုကို့မေမေ၏လှပချောမွေ့မှုကိုစဉ်းစားကြည့်နေမိသည်။ ကိုကိုချောတာ အမေတူလို့ဖြစ်မှာပဲ။

ပုန်းညက်ဖြူစင်မှာ ဆိုင်ကယ်သော့လေးကိုတင်းတင်းဆုပ်ကိုင်ရင်း မဲတင်းစောင့်နေခဲ့ရသည်။ ညည်ခန်းနံရံမှ တိုင်ကပ်နာရီကြီး၏အော်သံကြောင့် အလန့်တကြားကြည့်လိုက်လျှင် နံနက်(၈း၃၀)ရှိလေပြီ။ (၆း၀၀)ကတည်းက သူမ ကိုကို့ကိုစတင်စောင့်ခဲ့ရတာပေါ့။

သွားပါပြီ။ ပုန်းညက်ရဲ့စာသင်ဝိုင်းမှာ ရှစ်နာရီခွဲမှာစမှာမို့ ဘယ်လိုမှမမှီနိုင်တော့ပေ။

ကိုကိုရေ. . ခင်ဗျားအတွက် ဘေဘီရဲ့အချိန်ဇယားတွေစတင်ပြီးကမောက်ကမဖြစ်ကုန်ကြပါပြီ။

သည်စဉ် သူမထိုင်နေသောညည်ခန်းထဲသို့ အလင်းတစ်စနှယ် ကိုကိုက ပျှုံးပျက်လှပစွာဝင်ရောက်လာသည်။ သူမ ထရပ်ကြိုဆိုမိသည်။





"နေ. . နေ. . ထိုင်ပါချာတိတ်"

"ကိုကို့မွေးနေ့အတွက်ပါရှင်"

ယူလာခဲ့သည့် နှင်းဆီအနီရဲရဲအပွင့်ကြီးများကို သူမပေးလိုက်သည်။ စည်းထားသည့်ဖဲကြိုးကတော့ အဖြူ။ သူမက အဖြူရောင်ကိုသာနှစ်သက်သည်။ နှင်းဆီဖြူမှာပေမယ့် အနီရဲရဲတွေပဲရခဲ့တာကတော့ သူမ၏ကံကြမ္မာ။

"ကျေးဇူး. . ကိုယ်က အနီရောင်ကိုအကြိုက်ဆုံးပါ၊ ပန်းလေးတွေကလှလိုက်တာ၊ ချာတိတ်. . ကျေနပ်ရဲ့လား"

ဖြောင့်စင်းလှပသောကိုကိုသည် တီရှပ်အဖြူနှင့် ဘောင်းဘီအညိုဖျော့ကြားမှာ လမင်းနှယ်ဝင်းပပျှုံးပျက်နေ၏။ သူ့မျက်နှာချောချောမှာလည်း နှုတ်ခမ်းမွှေးရှိန်းရှိန်း၊စိမ်းစိမ်းနှင့်။

ကိုကို့ကို မရဲတရဲခိုးကြည့်ပြီး ပုန်းညက်ဖြူစင်ရင်ခုန်လွန်းလှပါသည်၊ သူမ၏ရင်ခုန်သံတွေကျယ်လွန်းလို့ ကိုကိုများကြားသွားမလား။ ပုန်းညက်ဖြူစင် မနေတတ်၊ မထိုင်တတ်ဖြစ်နေမိသည်။

ကျေနပ်ရဲ့လား. . တဲ့။ ကိုကိုဘာကိုဆိုလိုမှန်းမသိပေမယ့် ပုန်းညက်ဖြူစင်ခေါင်းညိတ်မိလိုက်သည်။ သူက သူ့မွေးနေ့ကို မဂ္ဂဇင်းတွေထဲမှသိသည်ဟု ယူဆလေမလား။

ကိုကိုက လက်ထဲမှနှင်းဆီပွင့်တွေကို ယုယစွာမွှေးရှိုက်လို့နေလျှင် ပုန်းညက်ဖြူစင်မျက်နှာမထားတတ်တော့ချေ။

"ခုလိုနှင်းဆီပန်းပေးတာ သိပ်ကျေးဇူးတင်တယ်၊ မင်းနာမည်ဘယ်လိုခေါ်လဲ၊ ကိုယ့်ကိုမိတ်ဆက်ပါဦး"

ကိုကို သူမကိုမမှတ်မိခဲ့ပါလား။

ပုန်းညက်ဖြူစင်ကြေကွဲသွားမိသည်။ ခွဲခွာခဲ့ရသည့်ငါးနှစ်တာအတွင်း သူမဟာ ဒီလောက်တောင်ရုပ်ပြောင်းလဲသွားခဲ့သလား။

ကိုကို့ကို သူမ နာမည်ပင်ပြောချင်စိတ်မရှိတော့ပါ။ ငယ်ကျိုးငယ်နာတွေလည်းဖော်မနေချင်တော့။ လူအသစ်တစ်ယောက်လို့ ကိုကိုထင်နေသည့်အတူတူ ပုန်းညက်ဖြူစင်နာမည်ပြောင်းလိုက်သည်။ ငယ်နာမည်ကိုပဲ သူမပြောပြလိုက်၏။

"ကျွန်မနာမည်ဘေဘီပါ၊ ကိုကို့ရဲ့ အဲ. . ကိုအေးစက်မိုးရဲ့ခရေစီတစ်ယောက်ပါရှင်၊ ကိုအေးစက်မိုးအလိုရှိမယ်ဆိုရင် ကျွန်မထံမှာ ကိုအေးစက်မိုးရဲ့သီချင်းတွေ တစ်ကိုယ်တော်ရော၊ စုပေါင်းရော အားလုံးရှိပါတယ်ရှင်"

သူမ မကျေနပ်စိတ်ဖြင့် ယဉ်ကျေးပြနေခြင်းဖြစ်သည်။

ပုန်းညက်ဖြူစင်၏ကမ္ဘာမှာ ကိုကိုသည် အရေးပါဆုံးလူသားဖြစ်သော်လည်း ကိုကို့အတွက်မူ သူမသည် အမေ့လျော့ခံလူသားတစ်ယောက်ဖြစ်လို့နေပါလား။

"ဘေဘီ. . ဟုတ်လား"

အာမေဍိတ်သံလိုလို၊ ယောင်ရမ်းသံလိုလိုနှင့် ကိုကို့ပုံစံကြီးက ရယ်စရာကောင်းလှသည်။ သို့သော် သူ့အသွင်က အေးတိအေးစက်ကြီး။ လွန်ခဲ့သော(၃)နှစ်က ဘေဘီ့ကိုသတိရသလိုမျိုးမဟုတ်။

ဟိုတုန်းက (၁၄)နှစ်သမီးလေး။ အစ်ကိုတွေရဲ့ဝစ်တာကို



ပရမ်းပတာယူငင်တီးခတ်သည့်ကောင်မလေးကို သတိရပုံမျိုးမဟုတ်။

"ဟုတ်တယ်၊ ကျွန်မနာမည် ဘေဘီ၊ နောက်. . ကိုကို. . အာ. . ဒီပါးစပ်"

စွဲလန်းစွာတစ်လျှောက်လုံးရှိနေဆဲမို့ ဟိုတုန်းကအတိုင်းခေါ်မိသည့်ပါးစပ်ကို သူမပိတ်ထားလျှင်. . .

"ခေါ်ပါ၊ ကိုယ်ခွင့်ပြုပါတယ်၊ ကိုယ် မင်းထက်အများကြီးကြီးမှာပါ"

ကိုကိုက ရယ်ရယ်ပြုံးပြုံးနှင့်ခွင့်ပေးလျှင် သူစိမ်းကောင်မလေးတစ်ယောက်ကိုခွင့်ပြုလိုက်သလိုမျိုးမို့ ပုန်းညက်ဖြူစင်မကျေမနပ်ဖြစ်မိသည်။

ကိုကိုရေခဲတုံးကြီးရယ်. . ကျွန်မဟာ လွန်ခဲ့သော(၁၅)နှစ်တုန်းက ကိုကို့ဘေဘီလေးပါ။ ကိုကိုနိုင်းရင် ဗျာယာခတ်နေခဲ့တဲ့၊ ကိုကိုလာရင်ပျော်နေခဲ့တဲ့ အညံ့စားဘေဘီလေးပါ။

ဘယ်လိုအကြောင်းတရားတွေကြောင့် ကိုကို ဘေဘီ့ကိုလုံးဝမေ့သွားခဲ့ရတာလဲ။

"ဟော. ."

အိမ်ရှေ့သို့ လှပသောကားတစ်စီးထိုးဆိုက်လာပြီး လှပသောကောင်မလေးများဆင်းလာကြလျှင် သူမငေးကြည့်နေမိသည်။ သူတို့အသံလေးတွေက ညံညံစီစီ။

"ဟေ့. . လူကြီး. . ညနေ ညှော်ခံပွဲလုပ်ဖြစ်ဦးမှာလား၊ အံ့ရော. . ဘယ်လိုမွေးနေ့ရှင်ကြီးပါလိမ့်နော်၊ ခုထိ မလှုပ်သေးဘူး၊

BookSharing

တိတ်ဆိတ်နေတာပဲ၊ ဘာလဲ. . ဆွေးနေသလား၊ ကပ်စေးနှဲမနေနဲ့၊ လက်ဆောင်တွေပြန်ရမှာနဲ့ အဆင်ပြေပါတယ်၊ ပိုက်ဆံမရှိရင် သန္တာစိုက်ပေးထားမယ်၊ စာနယ်ဇင်းတွေလည်း အကုန်ဖိတ်မယ်၊ အေးစက်မိုးဆိုတာ လူသိများသထက်များအောင် ကြော်ငြာရမှာပေါ့"

ဆေးဆိုးပန်းရိုက်မလေးတစ်ယောက်က စကားတွေရေပက်မဝင်ပြောလိုက်ပြီး ကိုကို့ကိုထုရိုက်နေခဲ့သည်။ ကိုကိုနှင့်လည်း တော်တော်ရင်းနှီးပုံရ၏။

ကျန်ကောင်မလေးများကလည်း စစ်သားများ စစ်မြေပြင်မှာဗျူဟာခင်းသည့်နှယ် ကိုကို့ဘေးမှာ ဝိုင်းထိုင်လိုက်ကြသည်။

ယခုတော့ ပုန်းညက်ဖြူစင်က လူပိုကြီးဖြစ်နေသည်။ သူမမှာ အချိန်တွေပိုမနေခဲ့ပါ။ ပန်းပေးပြီးပြီပဲ။ ဒါပဲမဟုတ်လား။

ကိုကိုကမူ ထိုကောင်မလေးများနှင့်စကားဆက်နေသည်။

"စိတ်ရှုပ်မခံချင်ဘူးကွာ၊ ခင်မင်ရင်းနှီးသူတွေလောက်နဲ့ပဲ ညစ်ခံပွဲအသေးစားလေးလုပ်တော့မယ်သန္တာရယ်၊ လူသိများအောင်၊ လူကြိုက်များအောင်ဆိုတာ ညစ်ခံပွဲလုပ်မှလား၊ နင်ပြောလိုက်ရင်တော့ ရေစုန်မျောတာပဲ"

စောစောကရေခဲတုံးကြီးကလည်း ယခုတော့ စကားပြောတတ်လာ၏။ ဘေဘီ ကိုကို့ကိုနှုတ်ဆက်လိုက်သည်။

"ဦးအေးစက်မိုး. . ကျွန်မကိုခွင့်ပြုပါဦးရှင့်၊ ပြန်ပါဦးမယ်"



သည်လိုတော့လည်း သူ အရေးတယူဗျာဗျာသလဲရှိပါသည်။

"နေပါဦးဘေဘီ၊ သန္တာတို့နဲ့မိတ်ဆက်ပေးချင်လို့ပါ၊ ခဏ"

"ရပါတယ်. . ကျွန်မ မသိချင်ဘူး"

"ဟာ. . ဆောရီတယ်ကွာ၊ ခံရပြီတော့"

"တို့ကလည်း မသိချင်ပါဘူးနော်"

ဆူဆူညံညံအသံများကြားမှပင် သူမထွက်လာခဲ့သည်။ အားတုံ့အား ... ကြည့်ဖြင့် ကိုကိုက ပုန်းညက်ဖြူစင်ကို ဆိုင်ကယ်နားအထိလိုက်ပို့ပေးသည်။

အားမနာပါနဲ့ကိုကို၊ ကျွန်မကတော့ ခပ်ရမ်းရမ်းပဲ၊ ဒီလောက်တော့ရှိမှာပေါ့နော်။

သူမ ဆိုင်ကယ်ကို လမ်းမသို့ဦးတည်လိုက်သည်။ ထပ်မံနှုတ်ဆက်ဖို့ ကိုကို့ဘက်သို့ပြန်လှည့်အကြည့် သူ၏နွေးထွေးချောမွတ်နူးညံ့သောလက်ဖဝါးများက သူမ၏ဆိုင်ကယ်လက်ကိုင်လက်များပေါ်သို့ ကျရောက်ဆုပ်ကိုင်လာသည်။

ပုန်းညက်ဖြူစင် အရမ်းအံ့သြရပါ၏။

ကိုကို. .

တွေ့တွေ့ချင်းကောင်မလေးတစ်ယောက်ကို ဒဲလိုဆက်ဆံသတဲ့လား၊ သူမ မျက်ရည်ဝဲမိသည်။ သို့ပေမယ့် ဘေဘီကဟိုတုန်းကတည်းက ကိုကို၏(၁၄)နှစ်သမီးလေးပေမို့ သူ့လက်များကို တုံ့ပြန်ဆုပ်ထားမိသည်။

သူမတို့ တင်းကျပ်မြဲမြံစွာဆုပ်ကိုင်ထားမိကြသည်။

Scanned by CamScanner

မျက်ဝန်းချင်းလည်း တင်းကျပ်ချည်နှောင်မိကြသည်။

"ညနေ(၇)နာရီမှာ ကိုကို့မွေးနေ့စည်ခံပွဲစမယ်၊ လက်ဆောင်ပစ္စည်းမလိုပါဘူး၊ ဘေဘီ့ကို ကိုကိုထပ်မြင်တွေ့ပါရစေ၊ ဘေဘီကို ကိုကိုခင်တယ်"

တွေ့တွေ့ချင်း၊ မြင်မြင်ချင်း ခင်သတဲ့လား။ နာမည်ကြီးတွေရဲ့စတိုင်ဟာ ဒီလိုပဲလား။ ရင်ထဲကမပါဘဲနှင့် ဘေဘီကမည်သူ့ကိုမျှမိတ်မဆက်ဖူးသည်မို့ သိပ်တော့မသိပါ။

"နော်. . ဘေဘီ"

ကိုကို့အသံက ညို့ငင်ဆွဲဆောင်အားအပြည့်။ သူမ မလွန်ဆန်နိုင်တော့ပေ။

"ကောင်းပါပြီ၊ ကျွန်မ လာဖြစ်အောင်ကြိုးစားပါ့မယ်"



## အခန်း(၃)

စည်ခန်းထဲသို့ အေးစက်မိုးပြန်ဝင်လာခဲ့သည်။ အသစ်လဲထားသည့်ဆိုဖာအနီရဲရဲလေးများကို ကြည့်မရ၊ ရှမဝမြစ်ရင်း ဘေဘီဆိုသည့်မိန်းမချောလေးပေးခဲ့သည့် နှင်းဆီပန်းစည်းလေးဆီအကြည့်ရောက်သွားသည်။

နှင်းဆီပန်းစည်းလေးက သန္တာတို့အုပ်စုလက်ထဲမှာ ကူကယ်ရာမဲ့။

"ဟာ. . ဟိတ်. . မလုပ်နဲ့၊ မလုပ်နဲ့၊ ခက်တော့တာပဲ၊ ကုန်ပါပြီ၊ ကုန်ပါပြီ၊ နင်တို့ကလေ သူတစ်ပါးအမြတ်တနိုးပေးထားမှန်းမသိ၊ ဘာမှန်းမသိ အလိုက်ကိုမသိဘူး"

"အံမယ်. . ဘာလို့မသိရမှာလဲ၊ အန်တီက ဘုရားပန်းရှိတယ်၊ သန္တာတို့ပန်ချင်ရင် ယူဆိုလို့ သိလား၊ နှင်းဆီပန်းများ ရွှေပန်း. . အဲ. . ရွှေနဲ့လုပ်ထားတဲ့ပန်းမှတ်နေသလားမသိဘူး"



Scanned by CamScanner

လက်စသတ်တော့ မေမေ့လက်ချက်ကိုး။ မေမေသည် သန္တာမိုးလွင်ကို ဦးစားပေးလှသည်။

သန္တာက သူ့နှင်းဆီပန်းစည်းကို သူ့လက်ထဲသို့ဆောင့် အောင့်စွာဖြင့်လာထိုးထည့်သည်။ မေမေကတော့ ဆင်စီးပြီးမြင်း ရံစေချင်လို့ သန္တာ့ကိုဦးစားပေးတာပဲ။

သို့သော် သူကတော့ ဆင်နင်းပြီးမြင်းကန်သာခံလိုက်ချင် ပါသည်။ မချစ်မနှစ်သက်သူနှင့် တစ်ဘဝလုံးလက်မတွဲလိုပါ။ ပျင်းစရာကြီး။ ဘဝအဓိပ္ပာယ်မဲ့သွားမှာပေါ့။

"ကိုယ့်ပရိသတ်ကိုလေးစားတဲ့အနေနဲ့ သူ့ပန်းစည်းကို အမြတ်တနိုးထားတာပါ"

ပန်းစည်းပြဿနာက မအေးသေး။ သည်စဉ် မီးဖိုခန်းမှ မေမေ့အသံကိုကြားလိုက်ရသည်။

"သန္တာရေ. . သမီးရေ. . မေမေ့ကိုလာကူပါဦးကွယ်"

သန္တာ မေမေ့ထံ အပြေးကလေးသွားရောက်စဉ် ကျန် မိန်းကလေးများက တစ်စခန်းထလေ၏။

"တွေ့လား၊ ကိုမိုးမေမေက မီးစိမ်းပြနေတာ၊ စိတ်ကူးမလွဲ ပါနဲ့၊ အလိမ္မာ အိမ်ပါ၊ ဥစ္စာပေါ ရုပ်ချောဆိုတာ ရှားတယ်"

"သေလိုက်ပါလား"

ဧည့်ခန်းထဲမှာ ရယ်သံတွေဆူဝေနေဆဲ အေးစက်မိုးက တော့ သူ့ပန်းစည်းကိုသာ ပွေ့ယူမွှေးရှိုက်နေမိသည်။

အား. . ရင်ထဲထိမွှေးသွားတာပဲ။ အဖြူရောင်ကောင်မ လေး၊ နာမည်ကဘေဘီ။





သူ ရေချိုး၊ အဝတ်လဲပြီး ဧည့်ခန်းထဲသို့ရောက်လျှင် မြင် လိုက်ရသည့်ရုပ်ကလေးကြောင့် အသက်ရှူပင်မှားချင်ချင်။

မိန်းမလှပေါင်းများစွာကိုမြင်ဖူးခဲ့ပါရဲ့။ မားကနဲရပ်လိုက် သည့်ဘေဘီ့အလှက နှုသစ်၊ ချိုရှု၊ မူးယစ်စဖွယ်။

တကယ်ပါပဲ မိန်းကလေးရယ်။ ကိုယ့်ရင်ထဲမှာ စမ်းရေ စီးသံတွေကြားလိုက်ရတယ်။ အဖြူဖက်လုသည့် ပြာနုနုဂျင်း ဘောင်းဘီနှင့် ရယ်ဒီမိတ်အကျီအဖြူလေးက ဘေဘီ့တစ်ကိုယ် လုံးကို ရှင်းသန့်လှပစေသည်။

ဆံယဉ်စတွေ ဝေ့ဝဲယှက်ဖြာနေသည့် အလယ်ခွဲဆံပင် ပုံစံလေးကလည်း သူမနှင့်လိုက်ဖက်လှပါ၏။ တင်ပါးကျော်နေ သည့်ဆံပင်ရှည်ကြီးက တစ်ကျောလုံးဖားဖားဝေလျက်။

အင်္ဂလိပ်မင်းသမီးနှယ် မြင့်မားလှပပေမယ့် ဝင်းဝါဖြူနှစ် သည့်အသားနှင့် စိုစိုပြည်ပြည်မျက်နှာလေးက မဟာဆန်သလို လို၊ ကဗျာဆန်သလိုလို။ ဆန့်ကျင်ဘက်အလှတို့ပေါင်းစည်းစု ဝေးရာ ဘေဘီ။

မျက်ခုံးထင်းထင်း၊ မျက်လုံးရွှန်းလဲ့နှင့် ပါးဖောင်းဖောင်း လေးမှာ ပါးချိုင့်လေးတစ်ဖက်က နုမျစ်၊ တကယ့်ချစ်စရာဘေဘီ လေးပါပဲ။

"ကဲပါ. . ဒါကြီးချထားလိုက်ပါဦး၊ ဒီမှာ သန္တာယူလာတဲ့ မုန့်နဲ့ အန်တီဖျော်တဲ့လက်ဖက်ရည်၊ တွဲစပ်သုံးဆောင်ပါဦးနော်၊ နှင်းဆီပန်းကဗိုက်မဝဘူး၊ မုန့်ကမှဗိုက်ဝတာ၊ သန္တာတို့ကတော့ စိတ်ကူးမယဉ်တတ်ဘူး၊ လက်တွေ့ပဲကျတယ်"

သန္တာစကားကြောင့် အားလုံးရယ်မောနေကြသည်။ မေမေကတော့ ပြုံးပြုံးကြီး။

"ကြိတ်လိုက်သန္တာရေ လက်နှေးမနေနဲ့နော်၊ စောစောကနှင်းဆီမလေးက ချောချောလေး၊ ရှင် လျှင်မှဖြစ်မယ်"

သီတာချစ်ပိုင်၏စကားကို မေမေကဝင်ရောက်ကန့်ကွက်လေသည်။

"အန်တီ့သားက အန်တီ့သဘောပါ၊ ကဲ. . ကဲ. . ညနေ ညစာခံပွဲအတွက် သမီးတို့ပါ ဝိုင်းပြီးစီစဉ်ပေးကြပါဦး၊ တော်ကြာ သားရဲ့အဖွဲ့တွေလည်းရောက်လာကြတော့မှာ"

"တီးဝိုင်းပါဦးမလားအန်တီ"

"ဘေးတိုက်ခန်းတွေအားနာပါတယ်ကွယ်၊ တစ်ခါတစ်လေလည်း နားဖေးပါးဖေးပေါ့၊ မနက်က ဆွမ်းကပ်တယ်၊ ညနေကတော့ သားမိတ်ဆွေတွေနဲ့ ညစာခံပွဲသေးသေးပါပဲ၊ တော်ပြီပေါ့ကွယ်"

ဘေးစက်မိုး မေမေ့ကို သနားသွားသည်၊ မေမေက ဒီထက်မကလုပ်ပေးချင်ပါသည်။ သို့သော် မေမေ့မှာ သူ့အတွက် အရမ်းပုံပိုးရင်းနှီးပေးခဲ့ရသည်မဟုတ်ပါလား။

သူအောင်မြင်အောင်ကြိုးစားမည်။ ကိုယ့်အတွက်ထက် မေမေ့အတွက် အောင်မြင်မှုသရဖူကို ရယူတည်ဆောက်ပေးလိုက်ချင်ပါသည်။

သူငယ်ချင်းများ ကားဖြင့်ရောက်လာကြပြန်သည်၊ ဘေးစက်မိုးမှာတော့ နတ်သမီးနှင့်တွေ့ရသည့်ဘုရင်ကြီးလို ဘေဘီကိုသာ ဖွဲလမ်း၊ တမ်းတ၊ အမှတ်ရလို့နေခဲ့သည်။

ထွေးကားစာပေ



ဘေဘီကို ပြန်ပြီးဆုံတွေ့ချင်စိတ်က ပြင်းပြင်းရှရှ၊ ညနေကျရင် လာမှလာပါ့မလားကွယ်။ ကိုယ်လျှောက်မယ့်လမ်းတွေမှာ မင်းကို အတူပါစေချင်ပြီဘေဘီ။

ဘေးစက်တဲ့လမ်းမတွေဖြစ်ပါစေ၊ တို့တွေ ရောနှောစီးဆင်းကြမယ်၊ ဝါသနာပါရာဘဝတွေကို အတူတည်ဆောက်ကြရင်း ကမ္ဘာကြီးအတွက် ငြိမ်းချမ်းတဲ့တေးသီချင်းတွေ ငါပေးဆပ်ချင်လှပါတယ်။ မင်း လက်ခုပ်တီးပေးပါဘေဘီ။

ဒါဆို ရပြီ။

ထွေးကားစာပေ

## အခန်း(၄)

လုံးချင်းနှစ်ထပ်တိုက်တစ်ခုရှေ့သို့ ပုန်းညက်ဖြူစင်၏ဆိုင်ကယ်လေး တမူးရှူးထိုး ထိုးရပ်သွားခဲ့လျှင် ဘယ်အချိန်ကတည်းက ရပ်စောင့်နေမှန်းမသိသည့်'ရဲသျှိုး'က သံလက်ဆွဲတံခါးကို ဆောင့်ကြီးအောင့်ကြီးဖွင့်ပေးသည်။

သူ့မျက်နှာကြီးကလည်း ဘယ်နှစ်ချိုးမှန်းမသိအောင်ပင် ချိုးခေါက်ထားသေးသည်။

"ဘယ်အချိန်ရှိပြီလဲ"

မေးခွန်းနှင့်အတူ သူက ပိုင်စိုးစွာ ဘေဘီ့လက်မှနာရီကို ဖျတ်ကနဲဆုပ်ကိုင်မြောက်ကြည့်လျှင် သူမ၏ဒေါသတွေ ထွက်ပေါက်ရသွားခဲ့သည်။

ကုလားမနိုင်၊ ရခိုင်မဲသည်လို့ ဆိုချင်ဆို။

"ဘယ်အချိန်ဖြစ်ဖြစ် နင့်အကြောင်းလား၊ နင့်ကို သံတော်





ဦးတင်နေရဦးမှာလား၊ အဲဒီလောက်ကြီးကျယ်နေရင်လည်း နင့်ဆီမှာ ငါအလုပ်မလုပ်တော့ဘူး သိလား၊ အလုပ်မရှိရင် မဆလာသွားသယ်မယ်"

ရဲသျှိုးလက်ကို ဇတ်ကနဲပုတ်ချရင်း ဆိုင်ကယ်ကို နေရာတကျထားဖို့ပြင်လျှင် သူက. . .

"ပေး. . နင် အပေါ်မတက်နဲ့ဦး၊ ငါပြောစရာရှိသေးတယ်"

သူမ နှုတ်ခမ်းကိုက်လိုက်ကာ ညည်းခန်းမှာထိုင်စောင့်ရုံမှတပါး မည်သို့မှမတတ်နိုင်တော့ပါ။ ရဲသျှိုးက ဆိုင်ကယ်သွားထားပြီးလျှင် ဘေဘီ့ရှေ့တည့်တည့်မှာဝင်ထိုင်သည်။

"ငါ့ကို စစ်လားဆေးလားတွေမလုပ်နဲ့သိလား၊ နင်မကျေနပ်ရင် အလုပ်ဖြုတ်ပစ်လိုက်"

"ဟ. . ငါက နင့်ကိုမေးရုံလေးတောင်မမေးရတော့ဘူးလား၊ ဘာဖြစ်လို့နောက်ကျသလဲလို့တောင်မှ မမေးရတော့ဘူးလားဘေဘီ"

"မမေးနဲ့၊ ငါ့ကိုမချုပ်ချယ်နဲ့၊ ငါ့ကို ငါ့အဖေတောင်မှ မချုပ်ချယ်ဘူး"

"နင်သိပ်စွာနေပါလားဘေဘီ၊ နင့်အဖေကတော့ နင့်ကိုဘယ်အရေးလုပ်ပြီး ချုပ်ချယ်နေမလဲ၊ သူလည်း နေချင်သလိုနေ၊ နင်လည်း နေချင်သလိုနေပေါ့"

"ဘာပြောတယ်ရဲသျှိုး၊ နင် သိပ်စော်ကားလာပြီ၊ ငါသည်းမခံနိုင်တော့ဘူးသိလား၊ နင့်ကိုမုန်းတယ်၊ မုန်းတယ်၊ ငါအလုပ်ထွက်မယ်"



Book Sharing

Scanned by CamScanner

မနက်က ကိုကို့အိမ်မှာ သိမ်ငယ်ခဲ့ရသမျှ၊ မကျေနပ်မှုများက ရဲသျှိုးအပေါ်မှာ စုပြုံပေါက်ကွဲ၏။ ဘေဘီ့မျက်ဝန်းမှာ မျက်ရည်ပေါက်များ ဝေါကနဲလျှံကျပြီး မျက်ဝန်းက စိမ်းတောက်နေသည်မှာ ခြင်္သေ့မလေးနှယ်။

သူမ ဆတ်ကနဲထလိုက်သည်။ တော်ပြီ. . သူ့ကျူရှင်မှာ စာမသင်တော့ဘူး။ ဘေဘီ အခန်းတံခါးပေါက်ဆီသို့ ကမူးရှူးထိုးထွက်သွားဖို့ ပြင်လိုက်သည်။

"ဘေဘီ. ."

ရဲသျှိုး၏စိုးရိမ်ရေမှတ်က ကမ္ဘာကြီးကိုတောင်တိုက်စားပြိုကျသွားလုမတတ် ဘေဘီ့ကိုလည်း မထိရဲ၊ မကိုင်ရဲ။ သူမ၏ရှေ့မှပိတ်ပင်ကာဆီးထားမိသည်။ သူ့မျက်နှာက ရစရာမရှိတော့။ ညိုသောအသားက မည်းမှောင်တော့မည်။

စတစ်ကော်လာအဖြူနှင့် ကချင်ပုဆိုးကွက်စိတ်ဝင်ဆင်ထားသောရဲသျှိုးသည် မြင့်မားလှပသောအရပ်၊ တည်ကြည်ချောမွေ့သောမျက်နှာတို့ဖြင့် သူမကိုငုံ့မိုးကြည့်နေသည်။

"ငါတောင်းပန်ပါတယ်ဘေဘီ၊ နင်သိပ်ဆိုးပေမယ့် ငါကပဲ အလျှော့ပေးတောင်းပန်ပါတယ်၊ ကလေးမဆန်ပါနဲ့ဘေဘီရယ်၊ ငါတို့လုပ်နေတဲ့အလုပ်က ကလေးတွေကိုစာသင်ပေးနေရတဲ့ အလုပ်ပါ၊ ကဲပါ. . နင်မကျေနပ်ရင်လည်း ဘာမှမမေးတော့ပါဘူး၊ ခုဘော့ အဝတ်သွားလဲလိုက်ပါဦးနော်၊ ဘေဘီလေးက လည်းကွာ. . လိမ်မာပါတယ်"

"မုန်းတယ်သိလား. . နင့်ကိုအရမ်းမုန်းတယ်"





"အေးပါ. . နင်ငါ့ကို ဘယ်တုန်းကမှမချစ်တာ ငါသိပါတယ်၊ ကဲ. . အဝတ်သွားလဲပါကွာ၊ ခုမနက်ရော ဘာစားပြီးပြီလဲ၊ ငါ ကော်ဖီဖျော်ထားပေးမယ်နော်"

ရဲသျှိုး မီးဖိုဆောင်ဘက်သို့ဝင်သွားတော့မှ ဘေဘီ ကိုယ့်အတွက်ပေးထားသည့်အခန်းထဲသို့ဝင်ခဲ့သည်။ မျက်နှာပေါ်မှ မျက်ရည်များကို ပြောင်စင်အောင် လက်ဖြင့်ခပ်ကြမ်းကြမ်းသုတ်ပစ်ပြီး အဝတ်လဲလိုက်သည်။

အင်္ကျီအဖြူရင်စေ့လက်စကနှင့် ကချင်လုံချည်ပန်းခရမ်းရောင်။

ဘေဘီ့မှာ အဝတ်အစားလည်းများများမရှိ။ သူမတို့က 'ဝိုင်း'သင်သည့်ဆရာ၊ ကျူရှင်သင်သည့်ဆရာများပေမို့ ကျောင်းယူနီဖောင်းလည်းဝတ်စရာမလို။

ယဉ်ကျေးသိမ်မွေ့သည့် မြန်မာဆန်ဆန်ဝတ်စုံလေးများကိုသာ လဲလှယ်ဝတ်ဆင်၏။

"ဘေဘီ. . လာ. . ကော်ဖီသောက်"

ဧည့်ခန်းမှ ရဲသျှိုးလှမ်းခေါ်လျှင် သူမ ခပ်တင်းတင်းပဲထွက်ခဲ့သည်။ ဆာတာလည်း အမှန်ပါပဲ။ မနက်(၆)နာရီကတည်းက ကိုကို့အိမ်ပြတင်းဝမှာ နားခဲ့မိသည့်ငှက်ကလေး။ ခုတော့ ဟစာဆာခဲ့ပြီ။

သူမ ကော်ဖီပန်းကန်ကို ဆွဲယူသောက်ပစ်လိုက်၏။

"မုန့်လည်းစား၊ ဟာ. . ဘေဘီ. . နင်ငိုထားတာ အသိ



Scanned by CamScanner

သာကြီးဖြစ်နေပါလား၊ ကလေးတွေရှေ့မှာ မကောင်းပါဘူး၊ ပေါင်ဒါလေးဘာလေးဖို့လိုက်ပါလား"

ဘေဘီခေါင်းခါပြလိုက်သည်။ သူ အမိန့်တွေပေးနေတာ မနှခံချင်ပါဘူး။ ပြီး ဘေဘီဆိုတာ အခြားမိန်းကလေးတွေကို မိတ်ကပ်၊ နှုတ်ခမ်းနီဆောင်တတ်သူမဟုတ်။

ယောကျ်ားလေးတွေ့ကို ပတ်ချွဲ၊ နပ်ချွဲစကားတွေ ပြောတတ်သူမဟုတ်။ အင်းလေ. . ချစ်သူမရှိသေးလို့လည်း ဟုတ်မှာပေါ့နော်။ ချစ်သူရှိသွားရင်တော့ သူမလည်း အခြားမိန်းကလေးတွေလို မိတ်ကပ်နဲ့နှုတ်ခမ်းနီဆောင်တတ်သွားမှာပါ။ စကားလေးတွေလည်း တီတီတာတာချွဲနွဲ့တတ်သွားမှာပေါ့။

သူမကိုကြည့်ပြီး ရဲသျှုံးစိတ်ပျက်သွားစဉ် သူမကတော့ ခပ်ကျော့ကျော့ပင် အပေါ်ထပ်သို့တက်လာခဲ့သည်။

ရှစ်နာရီခွဲမှာသင်ရမည်မို့ သူမအချိန်ကို ဦးခင်ဇော်သင်နေပြီမို့ သူမက နောက်တစ်ချိန်မှာသင်ရပါမည်။

ငိုထားသည့်မျက်နှာတဲ့. . ။

ရဲသျှုံးရယ်. .

လောကကြီးထဲမှာ လူတွေဟာ မွေးဖွားသည်မှစ၍ သေဆုံးသည်အထိ ငိုကြွေး၊ ပူဆွေးနေကြရတာပါ။ ငိုတာဟာ မထူးဆန်းပါဘူး။

တည်ငြိမ်သောမျက်နှာလေးနှင့် ဘေဘီ အပေါ်ထပ်စာသင်ခန်းများရှေ့သို့ရောက်လျှင် ကိုးနာရီခွဲလေ၏။





ဦးခင်ဇော် စာသင်ခန်းထဲမှထွက်လာလျှင် ဘေဘီဝင်လိုက်သည်။ ဦးခင်ဇော်က တစ်ဖက်စာသင်ခန်းသို့ဝင်သွားလေ၏။

သူမတို့၏ကလေးများသည် ငြိမ်ဝပ်ပိပြားကြပါပေသည်။ ဒါကလည်း ဆရာကြီးရဲသျှုံး၏ စေတနာတွေ၊ စည်းကမ်းတွေကြောင့်ပါပဲ။

သူမတို့၏ကျူရှင်က ငွေကိုသာအဓိကမထား၊ ကလေးများ၏အရည်အသွေးတောက်ပြောင်ရေးကိုပဲ အဖက်ဖက်မှဖြည့်ဆည်းပေးခဲ့သည်။

စဖွင့်သည့်နှစ်ကတည်းက အောင်ချက်တွေ အားရစရာကောင်းခဲ့သည်မို့ သူမတို့နေ့ကျောင်းလေးဟာ တော်တော်အောင်မြင်ခဲ့ပါသည်။ ဘာသာရပ်သင်ကြားသူတွေကလည်း ဘွဲ့တွေတသိကြီးနှင့်၊ ဝါတော်ရပုဂ္ဂိုလ်တွေချည်းတော့ မဟုတ်ပါ။ မိမိတို့ဆယ်တန်းတုန်းက ဘာသာစုံနီးပါးဂုဏ်ထူးထွက်ထားသည့် တကယ့်ပုဂ္ဂိုလ်များသာဖြစ်ပါသည်။

သူဌေးတွေအိမ်မှာ သူဌေးသားသမီးတွေဆီသွားပြီး 'ဂိုက်' လုပ်ပေးရလျှင် လူသက်သာ၊ ငွေရလွယ်မှာကို သူတို့သိပါ၏။

သို့သော် သူတို့အားလုံးသည် လူငယ်များပီပီ ငွေကိုသာဘုရားသခင်အဖြစ် ကိုးကွယ်လိုသူတွေမဟုတ်ခဲ့ကြပါ။

ဘဝဟူသည် ဘာလဲ။ ငွေဆိုတာလည်း အထိုက်အလျောက်တော့ လိုအပ်တာပေါ့လေ။ ကျွဲကူး. . ရေပါတဲ့။

ဘဝအတွက် ဂုဏ်သိက္ခာရှိရှိကျော်ဖြတ်ရင်း စားဝတ်နေရေးတွေပါ ဖြည့်ဆည်းပြီးသားဖြစ်သွားတာပေါ့။



Scanned by CamScanner

အကောင်းဆုံးလုပ်ဆောင်ချက်လို့ မပြောနိုင်တောင်မှ သူတို့၏နေ့ကျောင်းလေးသည် ပြည်သူလူထုအတွက် အုတ်တစ်ချပ်၊ သဲတစ်ပွင့်ပါပဲ။

ဘေဘီ ကိုယ်တာဝန်ကျသည့်စာသင်ခန်းမှာ စတင်ပြီး စိတ်ပါလက်ပါသင်ကြားမှုကိုစသည်။ သူမသင်ရတာ သင်္ချာ။

ဆရာကြီးရဲသိုူးကတော့ အင်္ဂလိပ်နှင့်ဓာတုဗေဒ။ နောက် ဦးခင်ဇော်က ဝိဇ္ဇာဘာသာရပ်များ၊ သန့်ကိုက ဘိုင်အို၊ ဦးဝင်းထွတ်က မြန်မာနှင့်ရူပဗေဒ။

ဆရာ(၅)ဦးမှာ လူကြီး(၂)ယောက်၊ လူငယ်(၃)ယောက်။ အပြန်အလှန်ဆွေးနွေး၊ အားပါးတရသင်ကြားရင်း ဘေဘီ့စာသင်ချိန်ပြီးဆုံးသွားခဲ့သည်။

ဘေဘီပြီးတော့ ရဲသိုူးအချိန်။ အခန်းပေါက်ဝမှာ သူ့အရိပ်။ မြင့်မြင့်မားမားအရပ်၊ ညိုဝင်းစိုပြည်သောအသားမှာ စူပုပ်ထန်တင်းသောရုပ်က မျက်ခုံးထင်းထင်း၊ နှာတံပေါ်ပေါ်၊ မျက်အိမ်ကျယ်ကျယ်၊ ရွှန်းရွှန်းစူးစူးတို့ကြောင့်သာ အရုပ်မဆိုးဘဲရှိနေရသည်။

တော်တော်မျက်နှာထားတင်းတဲ့ ရဲသိုူးပဲ။ ဘယ်အခကတည်းက အစာမကျေခဲ့တဲ့ရုပ်လဲ။ သူ့ကိုယ်သူများ ရှင်ဘုရင်မှတ်နေသလားပဲ။

ရှင်ဘုရင်ခေတ်ကလည်း ကုန်နေပါပြီနော်။ ကောင်းတော့လည်းကောင်းပါသည်။ သူကဟန်ကောင်းတော့ သူ့ကျောင်းသားတွေအားလုံး ငြိမ်ဝပ်ကာအပိုးကျိုးကြပါသည်။





သူက အယ်လ်ဖေးရှင်းတစ်ကောင်လို ကဲကဲဆတ်နေတော့ ယင်တောင်မနားရဲကြတော့တာဖြစ်မည်။

ကိုယ့်စာသင်ချိန်ပြီးသွားပြီမို့ ဘေဘီ အခန်းပြင်သို့ထွက်လိုက်လျှင် ရဲသိုူးက အခန်းပြင်ဘက်မှာစောင့်နေသည်။

တစ်ဖက်ခန်းများမှာလည်း စာသင်သံတွေကြားနေရ၏။ အဲဒါတွေက ကြိုက်ရာဘာသာတွေယူသည့် ကျောင်းသားများဖြစ်သည်။

"နင် ဒီမှာပဲထမင်းစားတော့၊ နေ့လည်မှာ နှစ်ချိန်ဝင်စရာရှိသေးတယ်မဟုတ်လား၊ ငါ ဆိုင်ကယ်သော့ယူထားလိုက်ပြီ"

သူ့စကားကြောင့် ဘေဘီ ထောင်းကနဲဒေါသတွေထွက်သွားသည်။ ဘာလူလည်ကျတာလဲ။ နေ့လည်အချိန်မီပြန်လာရင်ပြီးရောပေါ့။ အခုမှ ဆယ်နာရီရှိသေးတယ်။

"ရတယ် . . ငါ လိုင်းကားနဲ့ပြန်မယ်"

ဘာဖြစ်သေးလဲ။ ဆိုင်ကယ်သော့ခတ်ထားတာနှင့် ဘေဘီ့ကိုခြေချုပ်လို့ရမယ်ထင်သလား။

"ပြန်ရဲပြန်ကြည့် . . နင့်ကိုသတ်ပစ်မယ်"

သွားစေ့ပြီးကြိမ်းမောင်းသွားပုံကို ရင်ထဲမှာ ဆွေ့ဆွေ့ခုန်ရင်း အောက်ထပ်သို့ဆင်းခဲ့ရသည်။

ဘာလုပ်ရမည်လဲ။ သူ့ကို ဘယ်လိုဆန့်ကျင်ရမလဲ။ အိမ်ပြန်ရမလား။ ဒီမှာပဲနားရမလား။ သူမအတွက်ပေးထားသောအခန်းလေးထဲမှာ လောလောဆယ် ခြေကုန်လက်ပန်းကျနေတာလည်းအမှန်။

မနက်(၅)နာရီကျော်ကျော်ဟည်းက အိပ်ယာမှထသည်။ ရဲသျှိုး လာပေးသည့်နှင်းဆီတွေအတွက်လည်း စိတ်တိုခဲ့ရသည်။ အဖြူ ရောင်အသေအချာမှာရက်နှင့် အနီရောင်ကြီးတွေဝယ်လာပေး တော့ စိတ်တိုလိုက်ရသည့်ဖြစ်ခြင်း။

ပြီး သူက ပြောလိုက်သေးသည်။

"ဘုရားလှူဖို့ဆို၊ ဘုရားကတော့ အရောင်ရွေးမနေပါ ဘူး၊ အဖြူရယ်၊ အနီရယ်လို့ ခွဲ(ကြိုး)မများပါဘူး"တဲ့။

အင်း. . သူ့ကိုညာဝယ်ခိုင်းတာ သိများသိရင် ကိုရွှေ ဒေါသအိုးကြီးတော့ ပေါက်အိုးယမ်းအိုးကွဲသလို တပေါင်း ပေါင်း၊ တဒိုင်းဒိုင်းမြည်အောင်ကွဲမှာပဲ။

ဘုရားလှူဖို့ဆိုပြီး ပန်းဝယ်ခိုင်း။ ပြီးတော့ ကိုကို့ကိုပေး လိုက်တော့ ကိုကိုဘုရားဖြစ်သွားပြီပေါ့။

ဘယ်သူငရဲကြီးမှာလဲ။ ညာပြောမိသည့်ဘေဘီလေး ငရဲ ကြီးမှာတော့ကြောက်ပါသည်။

သိမှတ်မဲ့စွာသူမပြုံးနေမိပြီး အဝတ်အစားလဲ၊ အခန်းတံခါး ပိတ်ကာ ကုတင်ပေါ်တက်အိပ်လိုက်သည်။ ရဲသျှိုးစကားကိုနား ထောင်တာမဟုတ်ပေမယ့် သူ့ကိုတော်လှန်ပြီး လိုင်းကားတိုးစီး၊ အိမ်ပြန်တော့ရော သော့ခလောက်ကြီးကပဲစောင့်ကြိုနေမှာ မဟုတ်လား။

ခုချိန်ဆို ဖေဖေလည်း အိမ်မှာရှိမှာမဟုတ်။ ဟင်းကလည်း ကောင်းမှာမဟုတ်။ ထမင်းမချက်၊ ဟင်းမချက်ခဲ့ဘဲ ကိုကို့မွေးနေ့ အမှီ နှင်းဆီပန်းစည်းသွားပေးရသည့်အလုပ်သည် အများအမြင်



မှာရယ်စရာဖြစ်နေနိုင်သော်လည်း ဘေဘီ့အတွက်တော့ သေ ရေး၊ ရှင်ရေးအလုပ်တစ်ခုဖြစ်သည်။

ချောမွေ့သန့်စင်ပြီး သဘောကောင်းသည့်ကိုကို့ကို မြင် ယောင်မိပြန်လျှင် ဘေဘီ့ရင်တွေတဒိုင်းဒိုင်းခုန်လာခဲ့သလိုလို။

ဘာတွေဖြစ်ကုန်ပြီလဲကွယ်။ ငယ်စဉ်ကတည်းက စွဲလမ်း၊ အထင်ကြီးခဲ့ရသည်မို့ ကိုကိုသည် ဘေဘီ့ကမ္ဘာမှာ သူရဲကောင်း။

ကြည်နူးပီတိဖြင့် ဘေဘီ့နှုတ်ခမ်းများပြုံးယောင်သန်းဆဲ ရှစ်ခေါက်ချိုးမျက်နှာဖြင့် ရဲသျှိုးရုပ်ကြီးက ဘွားကနဲတိုးဝင်လာ ပြန်သည်။

သွားစမ်းပါ။ ဒီရုပ်ကြီးကိုတော့ မုန်းလွန်းလို့။

ဘေဘီ့ထက် သုံးနှစ်လောက်အသက်ကြီးတာနှင့် သူ့ကို ကိုကိုခေါ်ရမတဲ့။ ဘွဲ့ကလေးတစ်ခုရထားရုံနဲ့ သူ့ကိုလေးစား ရိုသေရမှာလား။ ဝေးပါသေးတယ်။ သူနဲ့လည်း အမျိုးမတော် ချင်ပါဘူး။

ငယ်ငယ်ကတည်းက အရာရာမှာဆရာကြီးလုပ်လာခဲ့ သည့်ရဲလျှိုးကို ဘေဘီအမြဲမုန်းပါသည်။

သူ့ကို ကိုကိုမခေါ်ဘဲ ကိုကို့ကို ကိုကိုခေါ်နေတာများ သူသိလျှင် ဘယ်လိုနေမည်မသိ။ အို. . အလကားပါ။

ယောကျ်ားတွေများ အထင်ကြီးစရာကိုမရှိ။ ဖေဖေကအစ ကလေး လေးယောက်နှင့်မေမေ့ကို ခိုင်လုံသောအပြစ်တစ်ခုပြု ပြီး ကွာရှင်းပြတ်စဲရက်ခဲ့သည်။

Scanned by CamScanner

ဘေဘီကသာ ဖေဖေတစ်ယောက်ဆုံးရှုံးသွားမှာ၊ ဗျက်စီးလေလွင့်သွားမှာစိုးသဖြင့် ကိုယ်တတ်စွမ်းသမျှပြုစုစောင့်ရှောက်ရင်း မေမေနဲ့လည်း ပြန်ပြီးရင်ကြားစေ့ပေးရအောင် ဖေဖေ့အနားမှာ အနစ်နာခံလာနေပေးရတာဖြစ်သည်။

ကျွန်းကုတင်လေးပေါ်မှာ လူးရင်း၊ လှိမ့်ရင်း ရဲလျှိုးနှင့်စတင်တွေ့ဆုံခဲ့ရပုံတွေကိုမြင်ယောင်မိပြန်တော့ ဘေဘီ့မှာ ယခုတိုင် ဒေါသတွေအလုံးလိုက်၊ အရင်းလိုက်နှင့်။

# အခန်း(၅)

ဖေဖေ့ကိုမခွဲနိုင်လို့ နှမြောလို့သာ လိုက်လာခဲ့ရသည်။ ဘေဘီ့ရင်မှာ ဟာလာဟင်းလင်း။

ထားခဲ့ရသည့်မေမေ၊ အစ်ကို(၂)ယောက်နှင့်မောင်လေးသည် ဘေဘီ၏နှလုံးသည်းအိမ်၊ ကလီစာများဖြစ်ရော့ထင့်။

ဘေဘီ့ရင်တစ်ပြင်လုံး ကွက်လပ်ဖြစ်နေခဲ့ရသည်။ နွေးထွေးသောမေမေ့ရင်ခွင်မှ ကင်းလွတ်သည့်ဤအရပ်သည် ပူပြင်းသောသဲကန္တာရကြီးနှယ် ဘေဘီသတ်မှတ်မိသည်။ ဤအရပ်သည် ဘေဘီ့အတွက် အစိမ်းသက်သက်။

ဒါဖြင့် ကိုယ်မပျော်သော၊ စိတ်မချမ်းသာသောအရပ်ကိုအဘယ်အတွက် လိုက်လာခဲ့ပါသလဲ။ မေးစရာတော့ရှိပေမည်။

ဖေဖေတွင်တွင်ရှင်းပြ၊ ငြင်းဆန်နေသည့်ကြားမှ 'တစ်ကိုယ်ကောင်းသမားကြီး၊ အတ္တသမားကြီး'ဆိုပြီး ဒေါသတကြီးစွပ်စွဲ၊

Book Sharing

Scanned by CamScanner

ပေါက်ကွဲနေသည့်မေမေ့တစ်ဖက်သတ်စစ်ပွဲအောက်မှာ ခေါင်းငိုက်၊လည်ဆိုက်ခဲ့ရသည့်ဖေဖေ့ကို ဘောဘီသနားသည်။

ယောကျ်ားကြီးဖြစ်လျက် မျက်ရည်များစီးကျနေခဲ့သည့် ဖေဖေ့ကို ဘောဘီသနားလွန်းလှပါသည်။

ခရီးဆောင်အိတ်တစ်ခုနှင့် ထွက်ခွာသွားတတ်သောဖေဖေသည် ခါတိုင်းကဲ့သို့ သူမတို့ဆီပြန်မလာတော့မည်ကို ဘောဘီ စိုးရိမ်လှပါသည်။

လွယ်လွယ်ကူကူတော့မဟုတ်ပါ။ သူမ ဖေဖေ့ကိုရွေးချယ်ခဲ့ခြင်းသည် သူမ၏နှလုံးသည်းပွတ်များကို နင်းဖြတ်၊ ကြိတ်ချေပြီးမှ ရွေးချယ်ခဲ့ရခြင်းဖြစ်ပါသည်။

ဘောဘီ့ရည်ရွယ်ချက်တွေကို မေမေကတော့ သိမည်မဟုတ်။ အစ်ကိုများလည်းသိမည်မဟုတ်ပါ။ စိမ်းတောက်သော မေမေ့မာနမျက်ဝန်းများအောက်မှ ဘောဘီ ဖေဖေ့နောက်လိုက်ခဲ့ခြင်းမှာ တစ်နေ့သောအခါ ဖေဖေ့ကို မေမေ့ထံသို့ ပြန်လည်ခေါ်ဆောင်လာဖို့အတွက်သာဖြစ်ပါသည်။

သူမတို့မိသားစုအသိုက်အမြုံလေးကို ပြန်လည်ထူထောင်ချင်လို့သာဖြစ်ပါသည်။

"လာ. . သမီး. . ဒါ ဖေဖေ့အစ်မအိမ်၊ ဘာမှအားနာစရာမရှိဘူး၊ လောလောဆယ်တော့ ဖေဖေတို့ ဒီမှာနေရမယ်"

အားငယ်စွာဖြင့် ဘောဘီဧည့်ခန်းထဲမှာထိုင်နေမိသည်။ ဖေဖေ့အစ်မဆိုတာကို တစ်ခါတည်းတန်းမတွေ့ခဲ့ရ။

ဖေဖေ့အစ်မကိုလည်း ဘောဘီ တစ်ခါမှမမြင်ဖူးသေးပါ။



သဘောကောင်းသလား၊ ဆိုးသလား သူမ မသိ။ မြန်မာပြည်အတွင်းမှာဖြစ်ပေမယ့် မိုင်ပေါင်းရာကျော်ဝေးကွာနေတော့လည်း တူဝရီးတွေ အနေမနီးစပ်ခဲ့ကြပေ။

ဖေဖေကတော့ အထဲဝင်၊ အပြင်ထွက်ဖြင့် သူ့အစ်မကို လိုက်ရှာနေတော့သည်။ ဧည့်ခန်းထဲမှာ ဘောဘီတစ်ယောက်တည်းသာ ကျောက်ဆစ်ရုပ်ဖြစ်လျက်ကျန်ရစ်ခဲ့ရသည်။

ဧည့်ခန်းထဲမှာထိုင်နေရတာပျင်းလာလျှင် ဘောဘီ ဟိုလျှောက်၊ ဒီလျှောက်၊ ဟိုကိုင်၊ ဒီကိုင်ဖြစ်လာ၏။ သည်စဉ်. .

"ဟိတ်ကောင်မလေး. . နင် ဘယ်ကလဲ၊ ဒေါင်မယ်. . ဧည့်ခန်းထဲမှာ ပိုင်စိုးပိုင်နင်းနဲ့၊ သူခိုး. . ကြည့်စမ်း. . ငါအလာဦးပေလို့၊ ကြီးမေကလည်း ဘယ်ရောက်နေပါလိမ့်၊ ကြီးမေရေ. . ဗျို့. . ကြီးမေ. . "

ဘီရိုပုလေးပေါ်မှ စားပွဲတင်နာရီလှလှလေးကို ကိုင်ကြည့်နေမိဆဲ စူးရှသည့်အသံနှင့်အတူ လည်ကုတ်ကိုဆွဲငင်ကိုင်ဖမ်းခံလိုက်ရလျှင် သူမ တစ်သက်နှင့်တစ်ကိုယ် အရမ်းလန့်သွားခဲ့ရသည်။

အရပ်ကလန်ကလား၊ မျက်နှာထားဆိုးဆိုးနှင့်ကောင်လေးတစ်ယောက်၏လက်မှာ ဘောဘီ့ခမျာ ယက်ကန်၊ ယက်ကန်။

ဘုရားရေ. . သူကဘယ်သူလဲ။ ကြီးမေမှာ သားရှိတယ်လည်းမကြားဖူးပါဘူး။ ဒါဆို သင်းလည်း သူခိုးပေါ့။ ရန်ကုန်မြို့ကြီးမှာက လူလည်တွေပေါတယ်တဲ့။

ဒေါင်မာ. . သူ့ဒိုးက လူပြန်ဟစ်လို့။ ဘောဘီ ကောင်လေး

လက်မှ ဆတ်ကနဲရုန်းထွက်သည်။ ဘယ်ရမလဲ။ သူမက အိမ်မှာ အစ်ကိုတွေနဲ့ရန်ဖြစ်နေကျ၊ နပန်းလုံးနေကျ။

"ဖယ်. . လွှတ်. . နင်သာ သူခိုး။ ဘာခိုးမလို့ ညာကျဆင်ပြီး ဝင်လာတာလဲအလစ်သမားရဲ့၊ သွား. . ထွက်. . နင်ထွက်"

"အောင်မယ်. . ငါက ကြီးမေ့သား၊ နင်သာ သူခိုး၊ နင်ထွက်. . "

ဘောဘီတို့၏ခရီးဆောင်အိတ်များမှာ အခန်းထောင့်တွင်ချပြီးသားမို့ သူမ လူချည်းသက်သက် ညှော်ခန်းထဲရောက်နေသလိုဖြစ်နေရသည်။

ပြီး ဘောဘီ့အသွင်က ခရီးထွက်မည့်လူလိုလည်း တောက်တောက်ပပမရှိ။ ဘယ်ရှိမလဲ။ မေမေနှင့်သွားသည့်ခရီးမဟုတ်သည်မို့ သူမအသွင်က နွမ်းဖတ်ဖတ်။ အစ်ကိုဒေါနဲ့၏ဝတ်စုံကျနှင့် အိမ်နေရင်းအတိုင်း ဖေဖေ့နောက်ကိုလိုက်ခဲ့ရတာမို့ တစ်ညလုံး တစ်နေ့ခင်းလုံးလည်း ကားစီးခဲ့ရတာမို့ ဂျင်းဘောင်းဘီအဟောင်းနှင့် စွယ်တာခေါင်းစွပ်ပွပွ၊ ဆံပင်ပွပွတို့က ဘောဘီ့ကို သူခိုး၊ ဂျပိုးရုပ်ပေါက်စေပြီထင်သည်။

နှစ်ယောက်သား လုံးထွေးသတ်ပုတ်ရင်း အော်ဟစ်နေကြဆဲ နောက်ဘက်မှ ကြီးမေ လျှင်မြန်စွာထွက်လာသည်။

"ဟဲ့. . ဟဲ့. . ဘာဖြစ်နေကြတာလဲ၊ သား. . သားလေး. . ကိုသျှိုး. . ညီမလေးကိုလွှတ်လိုက်လေ. . ဟဲ့. . သား"

တစ်သားထဲသားရင်း စိုးရိမ်တကြီးအသံကြောင့် ဘောဘီ



မှားသွားမှန်းသိလိုက်ရသည်။ ဒါ ကြီးမေရဲ့သားပေါ့။ ဒါဖြင့် သူမက အိမ်ရှင်ကို ရန်စမိပြီပေါ့။

နှစ်ယောက်လုံး ရန်ဖြစ်နေရာမှ လန့်ဖြန့်စွာထရပ်လိုက်ကြသည်။ တစ်ယောက်ကိုတစ်ယောက် အလန့်တကြားကြည့်လိုက်ကြသည်။

သူမြင်လိုက်ရသည့်ကောင်မလေးမှာ တယ်ရီယာခွေးလှလှလေးလို တကယ့်ကိုလှလှလေးပါလား။

ဟောင်းနွမ်းသောအဝတ်များကြားမှာပင် မျက်နှာလေးကတီတီကျကျ၊ ဖွေးဖွေးလှလှ။ စောစောကတော့ မမြင်။ ကြီးမေမရှိတုန်း အိမ်ထဲသူခိုးဝင်တယ်လို့ပဲ သူထင်ခဲ့သည်။

"အဲဒါ ဦးလေးဇင်ကိုရဲ့သမီးလေ. . သားရဲ့၊ ကြီးမေတူမလေးပေါ့၊ သားရဲ့ညီမလေးလည်းဖြစ်တယ်၊ သားကလည်း လုပ်လိုက်ရင်အရမ်းပဲ၊ ညီမလေးခမျာ သနားစရာ"

"သားက သူခိုးမှတ်လို့ပါ၊ သူကလည်း ညှော်ခန်းထဲမှာငြိမ်ငြိမ်မနေဘဲ ဟိုကိုင်၊ ဒီကိုင်နဲ့"

"ငါ့အကျီပြဲသွားပြီ၊ နင်လျော်ပေး"

ဘောဘီက ငိုမဲ့မဲ့နှင့်ဝင်ပြောသည်။

အား. . နာလိုက်တာ။ သူက ဘောဘီ့ကိုလက်သီးနှင့်မထိုးပေမယ့် သူမကိုက်သမျှ၊ ကုတ်သမျှ ဖမ်းဆွဲ၊ ချုပ်နှောင်ထားသည်မို့ လည်ကုတ်တွေ၊ လက်မောင်းတွေ၊ လက်ကောက်ဝတ်တွေ နာလှသည်။

စွယ်တာအဟောင်းလေးမှာလည်း ပခုံးဆက်ပြုတ်ကာ လက်မောင်းသားဝင်းဝင်းတို့ ပေါ်ထွက်နေချေ၏။

"လျှော်ပေးမယ်၊ ငါနဲ့မတော်တဲ့အင်္ကျီအဟောင်းတွေ နင့်ကိုပေးမယ်"

"မယူဘူး၊ သေတောင်မဝတ်ဘူး"

"အောင်မာ. . နင်ဝတ်ထားတာလည်း အဟောင်းတွေပါနော်၊ ငါက အသစ်စက်စက်လျှော်ပေးရမှာလား"

"တဲ. . တဲ. . တော်ပါတော့ကိုသျှိုးရယ်၊ ညီမလေးက စိတ်ညစ်နေရှာတာ၊ ညီမလေးကို သားကညာရမှာပေါ့၊ ကဲ. . သား. . သွားစရာရှိတာသွားတော့၊ အခု ဘယ်ကပြန်လာတာလဲ လက်ဖက်ရည်ဆိုင်ကလား"

ကြီးမေက စကားနည်း၊ ရန်စဲဖြစ်အောင် သူ့ကိုပထုတ်နေ၏။ ဘေဘီကတော့ ကျွတ်ဆတ်ဆတ်၊ မာကျောကျောနှင့် ကောင်လေးကိုအရမ်းမုန်းသွားခဲ့သည်။

ရုပ်ကိုက သူ့ကိုယ်သူ သူဌေးသားဆိုပြီး၊ အိမ်ရှင်ဆိုပြီး မိုက်ရုပ်နှင့်။ အရေးထဲ ဖေဖေကလည်း ဘယ်ရောက်နေလဲမသိ၊ ဘေဘီ့မှာ အားငယ်လွန်းရပါဘီ။ သို့သော် ကြီးမေက. . .

"လာ. . လာ. . သမီး. . ကြီးမေ အခန်းထဲပို့ပေးမယ်၊ သမီးလေးနားလိုက်၊ ရေအရင်ချိုး၊ ကြီးမေ အုပ်ဆောင်းအောက်မှာ စားစရာတွေတင်ထားတယ်၊ ရေခဲသေတ္တာထဲမှာလည်း သမီးလေးကြိုက်တာယူစား၊ ကြီးမေတို့ကတော့ ပွဲရုံပြန်သွားရဦးမယ်၊



ကိုဇင်ဖုန်းဆက်ထားလို့စောင့်နေတာကွယ့်၊ ဘာမှအားမငယ်နဲ့ သမီး၊ ကြီးမေကို အမေလိုသဘောထား၊ သမီးလိုတာပြောနော်"

တဖွဖွအားပေးစကားများနှင့်အတူ ဘေဘီ့အိတ်ကလေးကိုဆွဲ၊ ဘေဘီ့လက်ကိုဆွဲပြီး ကြီးမေက သူမနေရမည့်အခန်းသို့ ခေါ်ဆောင်သွားသည်။

ဘေဘီလှည့်ကြည့်လိုက်လျှင် စောစောက ဧည့်ခန်းထဲမှ ကောင်လေးသည် ရန်လိုမှုတွေကင်းစင်စွာနှင့် သူမကိုငေးကြည့်နေခဲ့လေသည်။



Scanned by CamScanner

## အခန်း(၆)

"ခေါက်. . ခေါက်. . ဘောဘီ. . ဘောဘီ. ."

အတွေးများနှင့် တမှေးအိပ်ပျော်သွားဆဲ အခန်းတံခါး ခေါက်သံကြားလိုက်ရသဖြင့် ဘောဘီ လန့်နိုးသွားသည်။

အစဦးကတည်းက မကြည်လင်ခဲ့သည့်နောက် ရဲလျှိုးကို သူမ အစာမကြေတော့ပါ။

သူ ဘယ်လိုပင်လိုက်လျော၊ လိုက်လျော ဘောဘီ သူ့ကို အကောင်းမမြင်မိပါ။ အရာရာဆရာကြီးလုပ်လွန်းသည့်သူ့ကို မုန်းရုံတင်မုန်းတာ၊ အမြင်ကတ်ရုံတင်ကတ်တာပါ။ ဘောဘီတို့က သန့်သန့်လေးမုန်းတာပါ။

"ဘောဘီ. . မနိုးသေးဘူးလား၊ ကျွတ်. . ဝက်ပုတ်မ. ."

သူ့အသံကြောင့် ဘောဘီစိတ်ဆိုးပြီး ဆတ်ကနဲထလိုက်မိသည်။ ဟင်း. . လူကိုများ ဝက်ပုတ်မတဲ့။ ဒါ သက်သက်ရန်စတာပဲ။



အခန်းတံခါးကို ခပ်ကြမ်းကြမ်းဆွဲဖွင့်လိုက်လျှင် ဂျင်းဘောင်းဘီနှင့်ကောင်မလေးကို သူက ရှုတည်တည်ဖြင့်ကြည့်နေသည်။ ဘယ်တော့မှ အပြုံးအရယ်မရှိသည့်ရဲလျှိုး။

အင်းလေ. . သူမကရော ဘယ်တုန်းကပြုံးခဲ့ဖူးလို့လဲ။ ကိုကို့ရှေ့ကျမှသာ အပြုံးတွေပေါ်များသွားခဲ့တာပါ။

ရဲလျှိုးရေ. . နင်လည်း တစ်ယောက်ယောက်ကိုချစ်မိသွားရင် အလိုလိုပြုံးတတ်လာမှာပါ။

"လာ. . ထမင်းစားမယ်"

မတည့်ခါမှ မတည့်ရော၊ ရဲလျှိုးအိမ်နှင့်ကြီးမေအိမ်သည် ဘောဘီ့အတွက် နားခိုရာအိမ်များမဟုတ်ပါလား။

ဘောဘီ့ဖခင်နှင့် ကြီးမေက မောင်နှမတော်သလို၊ ရဲလျှိုးဖခင်နှင့် ကြီးမေယောကျ်ားကလည်း ညီအစ်ကိုဖြစ်သည်လေ။

သည်တော့ အမျိုးတွေပေါ့။ ရဲလျှိုးနှင့်ဘောဘီသည် သွေးမစပ်သည့်မောင်နှမတွေ။

ဘောဘီ ထမင်းစားပွဲထိုင်နေကျနေရာမှာဝင်ထိုင်လိုက်လျှင် ရဲလျှိုးက အိမ်ရှင်မကြီးသဖွယ် ခူးခပ်ပြင်ဆင်ပေးသည်။

"စား. . ဝက်သားလုံးကြော်က ငါကြော်တာ၊ ငါးဆုပ်က မေမေချက်ခဲ့တာ၊ ကြက်သားငါးပိဆီကြော်ကတော့ ဖေဖေ့လက်ရာ"

သူတို့တစ်အိမ်သားလုံး ဟင်းချက်ကောင်းကြောင်းကြွားနေသည်လားလို့ ထင်လိုက်စရာ။

ရဲလျှိုးတို့အိမ်သည် ပိုက်ဆံချမ်းသာသော်လည်း တစ်အိမ်

သားလုံးအောက်သက်ကျေသည်။ အိမ်အလုပ်တွေကို တစ်ယောက်တစ်လက်လုပ်ကိုင်ကြပါသည်။

သူ့ဖေဖေနှင့်မေမေသည် ရွှေဆိုင်ဖွင့်ထားကြပြီး ကြော်ငြာတွေဘာတွေကြောင့် တော်တော်ရောင်းရပေသည်။

"စား. . ငေးမနေနဲ့၊ တော်ကြာ နင်ဝတ်သွားမယ်"

ရဲသျှိုးပါးစပ်က ပြောလည်းပြော၊ ဟင်းတွေလည်းခပ်ထည့်ပေး၏။ ဘောဘီကတော့ သူ့ကို မော့ပင်မကြည့်ပါ။ ထမင်းကိုသာ ဗိုက်ပြည့်အောင်စားနေမိသည်။

ဖေဖေလည်း ခုချိန်ဆို ကြီးမေရဲ့ပွဲရုံမှာ ၁လက်လည်နေပေတော့မည်။ ငါးနှစ်အတွင်း တိုက်ခန်းလေးတစ်ခန်း၊ ဆိုင်ကယ်လေးတစ်စီးတော့ ဖေဖေစုဆောင်းနိုင်ခဲ့သည်။

ကြီးမေတို့အိမ်နှင့်မဝေးသည်မို့ ဖေဖေခရီးထွက်ရလျှင် ဘောဘီ ကြီးမေတို့ထံသွားအိပ်ရပါသည်။

တစ်ယောက်တည်းနေရဲပေမယ့် ဖေဖေစိတ်မချပါ။ ရဲသျှိုးပြောသလို. . .

"နင့်အဖေက သူလည်းနေချင်သလိုနေ၊ နင်လည်းနေချင်သလိုနေ"

မဟုတ်ရပါ။ ဖေဖေ့ထံမှာ ဖခင်တစ်ယောက်မေတ္တာတွေအပြည့်ရှိနေတာ သူမသိနိုင်ပါ။

"ည(၇)နာရီမှာ ကိုကို့မွေးနေ့ညစာခံပွဲရှိတယ်၊ လက်ဆောင်ပစ္စည်းမလိုပါဘူး၊ ဘောဘီ့ကို ထပ်မံမြင်တွေ့ပါရစေ၊ ကိုကို ဘောဘီ့ကိုခင်တယ်"





ကိုကို့စကားကိုကြားယောင်မိလျှင် ဘောဘီ ဖျတ်ကနဲ အကြံရသွားသည်။ (၇)နာရီဆိုတော့ ညပွဲပေါ့။ သူမတစ်ယောက်တည်းမသွားရဲ။ ဖေဖေက ဘာမှမပြောတောင်မှ သူမတစ်ယောက်တည်းမသွားသင့်ပါ။

အဖော်. .

သူမမှာ အဖော်မရှိပါ။ သူငယ်ချင်းလည်းများများမရှိ။ အကောင်းဆုံးကတော့ ရဲသျှိုးကိုပဲလိုက်ပို့နိုင်းရမည်။ သူ့ပဲအဖော်ခေါ် ရပေတော့မည်။

ဘောဘီစဉ်းစားကြည့်လိုက်ပါ၏။ ရဲသျှိုးကရော လိုက်ပို့ပါ့မလား။ အဆိုတော်တစ်ယောက်၏မွေးနေ့ပွဲကို သွားချင်လို့ပါဆိုလျှင် ဘာကြောင့်တာလဲ၊ အပိုအလုပ်တွေဘာညာနှင့် ဆူလိုက်၊ ညံလိုက်၊ ပွမ်လိုက်မည်ဖြစ်ခြင်း။

စဉ်းစားကြည့်ရုံနှင့်ပင် အဖြေကထွက်ပြီးသား။ သို့သော် ဘောဘီဆိုတာ ကိုကို့မွေးနေ့ကိုမှမသွားရလျှင် သေပင်သေလေမည်လားမသိ။

အတွေးနှင့်ပင် စိတ်တွေအရမ်းညစ်ညူးသွားသဖြင့် ဘောဘီယောင်ရမ်းပြီး ခေါင်းကိုကုတ်ပစ်လိုက်မိလေသည်။

"ဘာဖြစ်လို့လဲဘောဘီ၊ ခေါင်းယားလို့လား၊ ဆံပင်ဖြတ်ပစ်မယ်တော့စိတ်မကူးနဲ့နော်၊ ဆံပင်ရှည်လေးနဲ့ဆိုမှ ကျက်သရေရှိတာ၊ ညနေရေချိုးရင် ခေါင်းပါတစ်ခါတည်းလျှော်လိုက်"

အရေးထဲ ဘောဘီ့မှာ နေရင်းထိုင်ရင်း အဖေနောက်တစ်ယောက်နှင့်တွေ့နေရသေးသည်။ ဘောဘီ့ကို အရာရာမှာဂရု



BookSharing

Scanned by CamScanner

တစိုက်ရှိလှသည့်ရဲသျှိုးသည် ဘေဘီ့ရဲ့အဖေရာထူးကိုများ မှန်းနေသလားပင်မသိချေ။

ခေါင်းကိုထပ်မံကုတ်လိုက်ရင်း သူ့ကို ဘေဘီ ခပ်ရွှံ့ရွှံ့ မြုံးမြုံပြီး ကိုယ်လိုချင်တာကိုတောင်းဆိုရပါသည်။ မရဲတရဲနှင့်.

"ဟိုလေ. . ရဲသျှိုး. . ညနေကျရင် ငါ့ကိုမွေးနေ့ပွဲတစ်ခု လိုက်ပို့ပေးပါလားဟင်"

ပြောပြီးလျှင် ရင်တထိတ်ထိတ်နှင့် ဘေဘီ သူ့ကိုအကဲခတ်ရသည်။ သူ့ပုံစံကြီးက မြူးတူးပြတဲ့နှင့်အလန့်တကြား။

"ဘာ. . မွေးနေ့ပွဲ. . ဟုတ်လား၊ ရှုပ်ရှုပ်ယှက်ယှက်. နင် တော်တော်ဖျက်စီးနေပါလား၊ ဘယ်သူ့မွေးနေ့ပွဲလဲ၊ နင့်မှာ ဘယ်သူငယ်ချင်းရှိလို့လဲ"

"တျှတ်. . ရှိတာပေါ့၊ လိုက်မပို့ချင်လည်းနေ၊ သူများ သားသမီးကို ချိုးချိုးဖွဲ့ဖွဲ့တွေပြောမနေနဲ့၊ ငါ့ဖာသာ သူများခေါ် သွားမယ်၊ လိုက်ပို့ချင်တဲ့သူတွေကိုပြည့်လို့"

ဘေဘီ တမင်ပြောလိုက်ခြင်းသာဖြစ်သည်။ ဘေဘီ့မှာ ရဲသျှိုးကလွဲလို့ ဘယ်ယောက်ျားလေးမိတ်ဆွေမှမရှိ။ သို့သော်. .

"သိပါတယ်၊ နင့်မှာပြည့်နေမှန်းသိပါတယ်၊ ဒါပေမယ့် ဘယ်သူမှ နင့်အပေါ် ငါ့လောက်မကောင်းဘူးဆိုတာတော့ မှတ်ထားလိုက်၊ နေစမ်းပါဦး. . ငါက ဘယ်သူ့မွေးနေ့ပွဲလဲဆို တာလောက်မှ သိခွင့်မရှိရဘူးလား၊ မမေးရတော့ဘူးလား"

ဘေဘီ သူ့ကိုအမှန်အတိုင်းပြောလိုက်ရမည်လား။ မပြောဘဲ ညာခေါ်သွားလိုက်လျှင် သူဘယ်လောက်စိတ်ဆိုးလိုက်မလဲ။





ငယ်ငယ်ကတည်းက အတူတူနေလာခဲ့ကြသူတွေမို့ ရဲသျှိုးစိတ် ကို ဘေဘီသိပါသည်။

ထို့ထက်ပိုပြီးစိုးရိမ်တာကတော့ ကိုကို့ရှေ့မှာ ပရမ်းပတာ တွေဖြစ်မှာကိုပဲ။ ကိုကို့ကို အားနာစရာ။ ရဲသျှိုးကိုတော့ ဘေဘီ ဂရုမစိုက်။

"ပြောလေဘေဘီ၊ ဘယ်သူ့မွေးနေ့ပွဲလဲ၊ ဘေဘီ. . နင် မရိုးသားတော့ဘူးနော်၊ နင့်ကိုငါ လွှတ်ထားလို့မဖြစ်တော့ဘူး"

အရေးထဲ ရဲသျှိုးက ဝေါက်ကွဲနေရပြန်သည်။ ဘာတွေ ပြောနေမှန်းလည်းမသိ။ သူဖြင့် ဘေဘီ့ကို ဘယ်တုန်းကမှလွှတ် မထားပါဘဲနှင့် ဘယ်လောက်များထပ်ပြီးချုပ်ချယ်ချင်လို့ပါလိမ့်။ သူ့သမီးလည်းမဟုတ်ဘဲနှင့်။

ဘေဘီ သူ့ကို တမင်မကြည့်ဘဲ အရေးမကြီးသောလေသံ နှင့်ပြောလိုက်သည်။

"ငါ အဆိုတော်အေးစက်မိုးရဲ့မွေးနေ့ပွဲကိုသွားချင်လို့"

"ဘာ. ."

သူ့'ဘာ'ကြီးက ဗုံးတစ်လုံးကွဲသံလို၊ အနုမြူဗုံးပေါက်သလို ကြီးမို့ ဘေဘီရင်တောင်တုန်သွားရသည်။ သို့သော် သူ့ကို ကြောက်ပြနေလို့မဖြစ်ပါ။ ကိုယ်ကပင် အရင်ဦးအောင်တိုက်စစ် ဆင်လိုက်ရပါသည်။

"ဘာဖြစ်တာလဲ၊ အဲဒါ ငါတို့ငယ်ငယ်ကခင်ခဲ့တဲ့အစ်ကို ကြီးပဲ၊ မူလတန်းကတည်းက ကျောင်းအတူတက်ခဲ့တာ၊ ငါ့အစ်ကို

တွေနဲ့လည်း အရမ်းခင်တာပဲ၊ ခု မနက်ကတွေ့တော့ ဖိတ်လိုက်လို့ မသွားမဖြစ်သွားရမှာ"

ဘေဘီ ပိုပိုသာသာလေးပြောလိုက်သည်။ တကယ်တော့ ကိုကိုဖေးစက်မိုးသည် ဘေဘီပြောသလောက်လည်း ငယ်မွေးချင်းစားတွေမဟုတ်ရပါ။ ဆယ်တန်းတစ်နှစ်ထဲ ကိုကိုက ကျောင်းလာနေခဲ့ခြင်းရယ်သာ။

သို့သော် ရဲသိုးတို့ကလည်း ချက်ဆို နားခွက်ကမီးတောက်ပြီးသား။

"ဒါဖြင့် နင်မနက်ကနှင်းဆီပန်းတွေသွားပေးတာ အဲဒီဖေးစက်မိုးကိုပေါ့"

"အဲ. ."

သူက အဲလောက်လျှင်နေတော့ ဘေဘီပါးစပ်ပြဲရပါသည်။ လူတစ်ယောက်မှာ အပေနှစ်ယောက်လောက်ရှိသင့်သည်ဆိုလျှင်ဖြင့် လက်ရှိအဖေအပြင် ရဲသိုးကိုလည်း အဖေရာထူးပေးဖို့ကောင်းလှသည်။

တစ်လျှောက်လုံး၊ ဘေဘီ ညာခဲ့၊ ဖုံးခဲ့၊ ဖိန့်ခဲ့ရသမျှတွေအားလုံး ပေါ်လုမတတ်။ သူမကလည်း ဟန်ဆောင်တာတွေဘာတွေမကျွမ်းကျင်၊ မပိရိသူမို့ မျက်နှာမှာ အမှန်တရားတွေပေါ်ကုန်ပြီထင်ပါသည်။

ရဲသိုးမျက်နှာက မည်းမှောင်တိုစာဖျက်ယွင်းလှပါချေပြီတည်း။ သူ့အသံက ယူကြုံးမရသည့်အသံ။



"နင် ငါ့ကိုညာတယ်၊ နင် ငါ့စေတနာတွေကို အလွဲသုံးစားလုပ်ရက်တယ်"

သူ့ကို ပန်းတွေ ညာပြီးဝယ်ခိုင်းမိသည့်အတွက် ဘေဘီ မလုံမလဲဖြစ်ရသည်။ သို့သော် ရဲသိုး ဤမျှလောက်ကြေကွဲခံစားနေရတာကြီးကိုတော့ ဘေဘီနားမလည်နိုင်။ ဘာဖြစ်ရတာလဲ။ ဒီလောက်ကလေးနဲ့များ။ သို့သော် ဖြေရှင်းချက်တော့ထုတ်ရပါသည်။

"သွားတုန်းကတော့ ဘုရားလှူဖို့သွားတာပါ၊ လမ်းမှာ ကိုကိုနဲ့ပြန်တွေ့ပြီး သူက မွေးနေ့ပွဲဖိတ်တော့ ငါလည်း ချော်လဲရောထိုင်သဘောမျိုးနဲ့ ပန်းတွေပေးလိုက်မိတာပါ၊ မွေးနေ့ဆိုတာမျိုးက တစ်နှစ်မှာတစ်ခါပဲမဟုတ်လား၊ ဘုရားကတော့ ဘယ်အချိန်ပဲထပ်လှူလှူ ရပါတယ်"

"ကိုကို. . ဟုတ်လား။ နင်က သူ့ကို ကိုကိုလို့ခေါ်တယ် ဟုတ်လား၊ အရှက်မရှိ. ."

ဘုရားရေ. . ရှင်းလေရှုပ်လေပါပဲ။ ပေါ့စေလိုလို့ ကြောင်ရုပ်ထိုးကာမှ ဆေးအတွက်လေးသွားရပြန်သည်။ ဘေဘီမှာ ကိုယ့်နှုတ်ခမ်းကိုယ်ပြန်ကိုက်ရင်း စိတ်တိုရပါ၏။ ညကျ မွေးနေ့ပွဲလိုက်မပို့တော့ရင်ဖြင့် ဒုက္ခ။ သူမတစ်ယောက်တည်း မသွားရဲပါ။

ရဲသိုးမှာ ထပ်မံကြေကွဲစိတ်တိုနေပြန်သည်။

"ဘေဘီ. . ငါသာဆို ဘုရားလှူဖို့ရည်စူးထားရင် ဘယ်သူ့ကိုတွေ့တွေ့ ကြားဖြတ်မပေးနိုင်ဘူး"



Scanned by CamScanner

"ဒါကတော့ နင်ဟ ကိုယ်တိုင်မှမကြုံဖူးသေး. . တဲ. ."

ကိုယ့်စကားကိုယ် ဘယ်ရောက်မှန်းမသိသလိုလိုဖြစ်သွားသည်မို့ ဘေဘီ ကိုယ့်ပါးစပ်ကိုယ် ဘရိတ်အုပ်လိုက်ရပြန်သည်၊ တော်ပြီ. .။ ဘာမှကိုအဆင်မပြေဘူး။ ထမင်းလည်းဆက်မစားချင်တော့ဘူး၊ စားလက်စထမင်းကိုရပ်ပြီး ဘေဘီ ပန်းကန်သွားဆေးလိုက်သည်၊

ထမင်းစားခန်းမှမထွက်ခင် သူ့ကိုနောက်ဆုံးအရေးဆိုရပြန်၏၊

"ဒါပဲ၊ ညနေကျလိုက်ပို့၊ မပို့ရင်လည်း ငါကတော့ သွားရမှာပဲ"

"ဘေဘီ. ."

သူ့အသံကြီးက ပေါက်ပေါက်ကွဲကွဲ၊ သို့သော် ဘေဘီလှည့်ကြည့်တော့လည်း သူ့ထံမှ ဘာစကားမှထွက်မလာတော့ပါချေ။

## အခန်း(၇)

ညနေခြောက်နာရီခွဲသည်အထိ ရဲသျှုံးလည်းရောက်မလာသေး၊ ဖေဖေလည်းပြန်မလာသေးပါချေ။

ဖေဖေကတော့ ပွဲရုံလုပ်ငန်းတွေ မပြီးပြတ်သေးလို့ဖြစ်မည်၊ ဖေဖေသည် ညနေတိုင်း ကြီးမေတို့အိမ်သို့ လိုက်သွား၊ ထမင်းစားပြီးမှ ပြန်လာတတ်ပါသည်၊

ကိစ္စမရှိ၊ ဖေဖေက ကာလသား၊ ဖေဖေ့မှာလည်း သော့တစ်ချောင်း၊ ဘေဘီ့မှာလည်း သော့တစ်ချောင်းရှိသည်၊ ဝင်ချင်သည့်အချိန်ဝင်၊ ထွက်ချင်သည့်အချိန်ထွက်လို့ရပါသည်၊

ဒါကြောင့်လည်း ရဲသျှုံးက. . .

"နင့်အဖေက သူလည်းနေချင်သလိုနေ၊ နင်လည်း နေချင်သလိုနေ"လို့ ပြောခြင်းဖြစ်သည်၊

သူပြောတာလွန်ပါသည်၊ ဘာပဲဖြစ်ဖြစ် ဘေဘီသည် လိမ်မာရေးခြားရှိပါသည်။ မိခင်နှင့်အုပ်ရက်မကြီးပြင်းရသည်ဖြစ်စေ၊ ဖခင်က မဆုံးမနိုင်သည်ဖြစ်စေ ဘေဘီ စာဖတ်ပါသည်၊

Scanned by CamScanner

တစုံတောင်ဖတ်သည်မို့ လောကဏ်အန္တရာယ်များ၊ လောကဏ် 'စံ'အမြတ်တရားများကို သူမသိသည်။

ဘေဘီ မိမိကိုယ်ကိုတန်ဖိုးထားသည်၊ မိမိဘဝကို တန်ဖိုးထားသည်၊ ပင်ကိုယ်ဗီဇကောင်းသည့်အပြင် ကိုယ်ကျင့်တရားကိုလည်းတန်ဖိုးထားပါသည်၊

ရဲသျှိုးအမြင်မှာ ဂျစ်ကန်ကန်၊ ကျွတ်ဆတ်ဆတ်နှင့် ဘဝကိုအာမှနားမလည်သည့် ကလေးလေးပုံစံပေါက်နေတာတော့ ဘေဘီမတတ်နိုင်ပါ။

ရဲသျှိုးကိုစောင့်ရင်း ဘေဘီ စိတ်ရှည်၊ ယက်ရှည်အလှတွေပြင်နေမိသည်မှာ ဒါပထမဦးဆုံးပါပဲ။

ဘယ်တုန်းကမှ အလှတွေမပြင်ဖူးခဲ့ပါဘဲ ယခုမှလှချင်သွားတာတော့ သူမလည်း မတတ်နိုင်ပါ။ ဒါကြောင့်လည်း လူ့စိတ်ကို မျောက်စိတ်ရယ်လို့ ပြောကြခြင်းဖြစ်မည်၊ ကြည့်လေ.ခုတစ်မျိုး၊ တော်ကြာတစ်မျိုးနဲ့၊

အလှပြင်လို့ပြီးတော့ မှန်ရှေ့မှာ ဘေဘီရပ်ကြည့်နေမိပြန်သည်၊ ကြီးမေဝယ်ပေးထားသည့် ဇာဂါဝန်အဖြူလေးက သူမနှင့်လိုက်ဖက်လွန်းလှသည်။

အရုပ်ကလေးတစ်ရုပ်လို ဖူးရွလှပနေလျှင် ဘယ်လောက်ကောင်းလိုက်မလဲ၊ ဘေဘီမှာ ကိုယ့်ရုပ်ကိုယ်ကြည့်ရင်း အားငယ်ချင်သလိုလို၊

ကိုကို့အနားမှာ အဆိုတော်၊ မင်းသမီးနာမည်ကြီးတွေချည်းပဲ၊ လှလည်းလှ၊ စတိုင်လ်လည်းကျသည့် အချောအလှတွေကြားမှာ ဘေဘီ့အလှက ထင်ပေါ်နိုင်ပါ့မလား၊ တော်ဝင်နိုင်ပါ့မလား၊

ရင်ထဲမှာ အားငယ်စိတ်ကြောင့် မျက်ရည်ကဝဲချင်ချင်၊ နှုတ်ခမ်းကိုဖိကိုက်မိလျှင် ပါးချိုင့်လေးများက ရိုးတိုးရိပ်တိတ်ပေါ်လာကြ၏၊

သည်စဉ် ရဲသျှိုး၏ကားဟွန်းသံကြားလိုက်ရသဖြင့် သူမစိတ်တေးသွားရသည်၊

"တီ. . တီ"

"လာပြီ. . လာပြီ. . "

အခန်းထဲမှအပြေးလေးထွက်ခဲ့ပြီး ပြတင်းပေါက်မှ တောက်သိုင့်ကြည့်လိုက်လျှင် ရဲသျှိုးက လက်ပြပြီးလှမ်းအော်သည်၊

"မဆင်းနဲ့ဦး၊ ငါတက်လာခဲ့မယ်"

ဘေဘီတို့တိုက်ခန်းက ဒုတိယထပ်၊ အသံနှင့်အတူ ရဲသျှိုးမကြာခင်ရောက်လာသည်၊ ပြီး ဘေဘီ့အသွင်ကို ခါးကြီးထောက်ပြီး မလိုတမာကြည့်သည်၊ သူ့ရုပ်က မတီမလည်၊

"ပြင်ဆင်ထားလိုက်တာ အပေါ်စားကော်ရုပ်ကျနေတာပဲ၊ ဗိုက်ကလည်းရှုပ်လို့၊ ထမင်းတောင်စားရဲ့လား"

"အိုး. . ဟိုကျတော့ စားမှာပေါ့"

"နင့်ဘိုးအေက ဘာကျွေးမှာမို့လဲ၊ ဗီလောက်အသိသာကြီးပြင်ထားတော့ မျက်စိနောက်တယ်"

ဇာဂါဝန်လေးနှင့် ဖူးရွနေသည့်ဘေဘီ့ကို ရဲသျှိုးကြည့်မရဖြစ်နေမိသည်၊ ဘေဘီ ဒီည ဘာလို့အရမ်းလှနေရတာလဲ၊

သူကရော ဘာတွေခံစားနေရပြီး ဘာတွေဖြစ်နေရတာတဲ့လဲ။ အလိုမကျစိတ်က ကမ္ဘာကြီးကိုတောင် ခုတ်ပိုင်းပစ်လိုက်ချင်ပါရဲ့။

"အကျီကလည်း အရမ်းဟိုက်တာပဲ၊ အရှက်ကိုမရှိဘူး"

ရွှေကြိုးမျှင်လေးနှင့် ငန်းလည်တိုင်က မွေးဘုချောမွတ်နေသည်မို့ ရဲသျှိုး အလိုမကျဖြစ်နေရပြန်သည်။

ဘေဘီ့ကို ဘယ်သူမှမမြင်ရအောင် သိမ်းဝှက်ထားချင်စိတ်က တားမရ ဆီးမရ။ အေးစက်မိုးရဲ့မွေးနေ့ပွဲဆိုတာကိုလည်း သူလိုက်ပို့မနေချင်တော့။

"ဒါပဲ၊ ဟိုကျ ငါ့ရှေ့မှာ သူ့ကို ကိုကိုတစ်ခွန်းခေါ်ရင် နင့်ကို လူကြားထဲ လက်သီးနဲ့ထိုးပစ်မှာပဲ"

"ရဲသျှိုး. . "

တဂျီဂျီနှင့် မနာလိုတိုရှည်ဖြစ်နေသောရဲသျှိုးကို ဘေဘီ အံ့ဩရင်း ပိတ်ကော်ပစ်လိုက်သည်။ သူ ဘာတွေဖြစ်နေတာလဲ။

"နင် အဲလိုဂျီကျမနေနဲ့၊ အကျပ်မကိုင်နဲ့၊ လိုက်မပို့ချင်လည်းနေ"

"တကယ်လား. . "

သွားချင်လွန်းလို့ ဒီလောက်ကရိုကထခံပြီး ပြင်ဆင်ခြယ်သသူ့ကိုလည်း တဖွဖွတောင်းပန်နေရသည့်ကြားမှ တကယ်လားတဲ့။ မေးရက်သည်။ တော်တော်လည်းအတ္တကြီးသည့်ရဲသျှိုးဖြစ်သည်။ ဘေဘီ အစ္ဆဲ့တိုက်ပြီးဖြေလိုက်သည်။

"ဟုတ်တယ်၊ ဟုတ်တယ်၊ သွား. . နင်ပြန်တော့၊ ငါ့ဆီ





လည်း ဘယ်တော့မှမလာနဲ့၊ ငါ့ကိုလည်း ဘယ်တော့မှမခေါ်နဲ့"

အိုင်ထွန်းလာသည့်မျက်ရည်များကိုထိန်းရင်း ညှော်ခန်းဆက်တီတစ်လုံးပေါ်သို့ ဆောင့်အောင့်ထိုင်ချပစ်မှ ရဲသျှိုးပြုံးမိတော့သည်။

ဟင်း. . သူ့တစ်ပါးမျက်ရည်ပေါက်ကြီးငယ်ကျကာမှ စားဝင်အိပ်ပျော်သည့်ရဲသျှိုး။

"ကဲပါ. . ထပါ၊ ငါက နင်သိပ်လှနေလို့ အလှပျက်အောင်စနေတာပါ၊ ခုကျ အငိုရှုပ်နဲ့ ပိုတောင်လှသွားတယ်၊ ဒါပဲနော်၊ ငါ့မွေးနေ့ကျရင်လည်း လက်ဆောင်ပေးဦး၊ ငါကတော့ အဆိုတော်ကြီးတွေလို၊ နိုင်ငံကျော်ကြီးတွေလို မွေးနေ့ပွဲတော့မလုပ်ဘူးပေါ့ဟာ"

စကားတွေများနေသည့်ရဲသျှိုးကို မျက်စောင်းထိုးရင်း ဘေဘီ အိမ်တံခါးပိတ်၊ သော့ခတ်သည်။

ရဲသျှိုး၏ကားထဲဝင်တော့ ညနေခြောက်နာရီ လေးဆယ့်ငါးမိနစ်။



Book Sharing

Scanned by CamScanner

# အခန်း(၈)

"နင်မဆင်းတော့ဘူးလား"

"မဆင်းတော့ဘူး။ နင့်ကို တစ်နာရီတိတိအချိန်ပေးမယ်၊ အခု (၇)နာရီ(၁၀)မိနစ်၊ (၈)နာရီ(၁၀)မိနစ်မှာပြန်ရမယ်"

"အောင်မယ်. . "

လမ်းသွယ်ထဲမှာ အစီအရီဖင်ထိုးထားကြသည့်ကားလေး တွေကြား ရဲသျှိုးက ကျွမ်းကျင်စွာနေရာဝင်ယူသည်၊ ဘောဘီ ဆင်းပြီးတော့ ကားတံခါးပိတ်၊ မှန်ချပြီး သူက ကားထဲမှာပဲဇိမ် ပြလိုက်သည်။

ဒါ သက်သက်ဆန္ဒပြတာပေါ့။ နဂိုကတည်းက စူပုပ်ထန် တင်းလှသည့်ရုပ်သည် ယခုတော့ ကျောက်ခဲထက် မာနေ၏၊ ဘောဘီ လုံးဝဂရုမစိုက်ပါ။



"တို့. . နည်းနည်းတော့ အချိန်တာ အပိုအလိုရှိမှာပေါ့၊ ရဲသျှိုးနော်. . ကတ်တီးကပ်ဖဲ့ကြီးမလုပ်နဲ့၊ လာပါ. . အထဲကို လိုက်ခဲ့ပါ"

"မလိုဘူး၊ မဆင်းဘူး။ တစ်နာရီဆို တော်ပြီပေါ့၊ ခင်ဗျား က ဘယ်လောက်တောင်ရှုချင်၊ ကဲချင်လို့လဲ"

"အာပြောတယ်"

တော်ပြီ။ ရဲသျှိုးနှင့်ဖက်ပြီး ရန်မဖြစ်ချင်တော့သဖြင့် ဘောဘီ မွေးနေ့ပွဲသို့သာ လျှောက်လာခဲ့တော့သည်။

တိုက်ခန်းရှေ့မှာ ဝင်ချည်၊ထွက်ချည်လူများသည် ဘောဘီ့ အသိုင်းအဝိုင်း မဟုတ်သည့်ပြင် အားလုံးမျက်နှာစိမ်းတွေချည်းဖြစ် နေ၏။ သူမ စိတ်ဂငါ်တင်းရင်း တိုက်ခန်းထဲသို့ဝင်ရသည်၊

အရေးထဲ ဂြုံးမေဝယ်ပေးသည့်ခွာမြင့်အပြုလေးက စီး နေမကျသည့်ပြင် ယိမ်းယိုင်သွားရ၏။

"အမေ့. . "

"ဘောဘီ. . ဟား. . ဘောဘီလာတယ်နော်၊ ကိုကိုဝမ်းသာ လိုက်တာကွာ"

သူမကိုလှမ်းဖမ်းရင်း လှစ်ကနဲအနားရောက်လာသည့် ကိုကိုသည် မွေးနေ့ရှင်ပီပီ ပြုံးပျော်လန်းဆန်းနေလေသည်။

ကိုကို့အသွင်က ပေါ့ပေါ့ပါးပါး၊ တို့. . သူမ မလာဖြစ် လည်း ကိုကိုကတော့ပျော်နေမည့်ပုံပင်။ ကိုကိုက ဘောဘီပေးသော လက်ဆောင်ကိုသာမက သူမဆင်မြန်းထားသော ရင်ဘတ်မှ

နှင်းဆီဖြူလေးကိုပါ ပိုင်စိုးပိုင်နင်းနှင့် ရဲရဲတင်းတင်းဖြုတ်ယူလိုက်၏။

အို . . သူ ရဲဝံ့လိုက်တာနော်၊ သို့သော် ဘေဘီ့ရင်ထဲ ပျော်သလိုလို၊ ရှက်သလိုလို၊ ရင်တဖိုဖိုဖြစ်နေရတာလည်း အမှန်၊

လှပစွာခင်းထားသောကော်ဇောပေါ်မှာ သူမထိုင်ရသည်၊ ဘောင်းဘီကျပ်ကျပ်၊ စကတ်တိုတိုနှင့်ကောင်မလေးများကလည်း အများအပြား၊

ပျော်ရွှင်ဖွယ်လတ်နေကြသည့် အနုပညာအသိုင်းအဝိုင်း၊ ပေမို့ထင့်။ စကားသံလေးများ ဆူညံစိုပြည်နေကြပြီး အမူအယာတွေကလည်း ဖက်လှဲတကင်းနှင့်၊

ကိုကိုကလည်း တစ်ယောက်ဝင်လာရင် ရင်းနှီးနွေးထွေးစွာဆီးကြိုနေရာချထားရင်းနှင့်။

အို . . ဘေဘီဟာ နေရာမှားပြီးရောက်လာတဲ့ကောင်မလေးပါ။ အေးချမ်းတိတ်ဆိတ်တတ်သည့်ဘေဘီ့စရိုက်နှင့် သည်နေရာဟာ နည်းနည်းမှမသင့်လျော်။

သူမ မျက်နှာလေးငယ်ငယ်ဖြင့် ကိုကိုရှိရာနေရာများသို့ သာလိုက်ကြည့်နေမိပါတော့သည်။ စိတ်ပျက်လိုက်တာနော်။ ကိုကိုက သူမကို အကြာကြီးမေ့လျော့ထားမှာလား။

"ကိုမိုးရေ. . နောက်မွေးနေ့ကျရင်တော့ ဒီလိုမရဘူးနော်၊ အနည်းဆုံး ရွှေရှမ်းကန်မှရမှာ"

"ဖြစ်ရမှာပေါ့၊ ကိုမိုးက အခုတောင် အတော်တောင်မြင်နေပါပြီ၊ ရွှေ့မွေးနေ့မရောက်ပါဘူး၊ အားလုံးတိုကေသွားမှာပါ၊





ခုတောင် ကောင်မလေးတွေဝိုင်းဖက်တက်ကုန်ကြပြီ"

ဘေဘီတို့အနားမှ ကောင်လေးတစ်ယောက်၏စကားကြောင့် သူမမျက်နှာ ရဲကနဲရှက်သွားမိ၏။ ကိုကိုကတော့ ခပ်ပြုံးပြုံးနှင့် ဘေဘီ့ကိုလှမ်းကြည့်နေသည်။

ဘုရားရေ. . ကိုကိုကရော ဘေဘီ့ကို ဖက်တက်နေတဲ့ ကောင်မလေးလို့ ထင်သွားခဲ့ပြီလား။ သူမ အိုးမလုံအုံပွင့်နေ၏။

လာကြသည့်ဧည့်သည်တွေထဲမှာလည်း မိန်းကလေးတွေ များပါသည်။ အားလုံးကိုလည်း ကိုကိုက ဘေဘီ့တုန်းကလိုပင် ဖက်လှဲတကင်း၊ ရင်းရင်းနှီးနှီးနှင့်ကြိုဆိုနှုတ်ဆက်နေသည်မို့ သူမစိတ်မကောင်းဖြစ်ရသည်၊

ကိုကိုဟာ ဒီလိုလူကြီးလား။ ဘေဘီ့မှာဖြင့် သူ့ထံလာခွင့်ရဖို့ တိုက်ပွဲတွေဆင်နွှဲလိုက်ရတာ၊ ဒီကျတော့ တန်ဖိုးမရှိသလိုပါပဲလား။

သူမမှာ အသိအကျွမ်းလည်းတစ်ယောက်မှမရှိ၊ ကိုကိုကလည်း တစ်စက်မှမအား။ ပါးစပ်တပြုံပြုံနှင့် ပြုံးပျော်ကြည်နူးလွန်းလှသည်။

လူကြီးတွေလည်း တစ်ယောက်မှမတွေ့ရ။ လူငယ်တွေပွဲမို့ လူငယ်တွေချည်းသာ။ ကျွေးမွေးသည့်အစားအသောက်များကိုစားပြီးလျှင် ဘေဘီ ဘာဆက်လုပ်ရမှန်းမသိတော့ပါ။ ကျန်လူများမှာ ကိုကိုနှင့် လုပ်ငန်းချင်းဆက်စပ်ရင်းနှီးကြသူများမို့ အချင်းချင်း စကားတွေပြောကြ၊ ရယ်မောနောက်ပြောင်နေကြလေသည်။

အတန်ငယ်ကြာလျှင် ဘေဘီ စိတ်ညစ်လာသည်။ အသံဗလံမျိုးစုံတို့ကိုလည်း နားညည်းလာ၏။ ဟိုကြည့်၊ ဒီကြည့်လုပ်ရင်း ဂါဝန်စလေး ဖူးအောက်မှဆွဲထုတ်၊ ကျုံ့ကျုံ့လေးထိုင်နေရာမှ ထရပ်ဖို့ပြင်လိုက်သည်။

မွေးနေ့ရှင်ကြီးကို ရှာဖွေနှုတ်ဆက်ပြီးပြန်တော့မည်။ ရဲသျှိုးကလည်း အချိန်စေ့လျှင် ဟွန်းတတီတီနှိပ်လိမ့်မည်။

သည်စဉ် ဘေဘီ့အနားသို့ ကိုကို လျှက်ကနဲရောက်လာသည်။ ဘေဘီ့လက်မောင်းကို ရဲတင်းစွာပင်ဆုပ်ကိုင်ပြီး ကိုကိုက တားဆီးသည်။

"ဘေဘီ. . ပြန်တော့မလို့လား၊ နေပါဦး၊ အပြန်ကျရင် ကိုကိုလိုက်ပို့မှာပေါ့၊ အခုမှအစောကြီးရှိသေးတယ်၊ မပြန်ပါနဲ့ဦးကွာ၊ ကိုကို့အပျော်တွေကို မျှဝေခံစားပေးပါဦး"

ကိုကိုအပြောကောင်းပါသည်။ သူ့အမြင်မှာ သည်နေ့မှာတွေ့တဲ့ကောင်မလေးတစ်ယောက်ပါ။ သို့သော် သူ့စကားတွေကို ဘေဘီမယုံမိအောင်ကြိုးစားလိုက်ပါသည်။

ကိုကို့အမူအယာ၊ ကိုကို့စရိုက်တွေသည် ခပ်ပေါ့ပေါ့စရိုက်များသာ၊ အရာရာပေါ့ဆလွန်းပါသည်။

"ကျွန်မပြန်တော့မယ်၊ အိမ်အပြန်မိုးချုပ်သွားမှာစိုးလို့ပါ"

ဘေဘီ့စကားထဲမှာ ဘာအမှားပါသွားသည်မသိ၊ ကိုကိုအားရပါးရရယ်မောလိုက်သည်။

"တောသူမ. . ခုမှရှစ်နာရီရှိသေးတယ်၊ (၉)နာရီခွဲလောက်ဆို ပွဲပြီးမှာပါကွာ၊ အဲဒီကျမှ ပြန်ရမယ်၊ ကိုကိုပြန်ပို့ပေးမှာပါ



ဘေဘီလေးရယ်၊ တကယ်. . တကယ်ပို့ပေးမှာ. . စိတ်ချ. . "

ရိုးရိုးပြောလျှင်ယုံရဦးမည်။ ယုံခဲ့တော့ တကယ်၊ တကယ်ပို့ပေးမှာဟုဆိုလိုက်သဖြင့် ဘေဘီမယုံတော့ပါ။

သူ့ဘယ်လိုပဲထင်ထင် ဘေဘီဟာ ဗိုင်းကောင်းကျောက်ဖိ အပျိုစင်လေးတစ်ဦးမို့ သူ့လက်များထဲမှ ကိုယ့်လက်မောင်းကို ရုန်းယူလိုက်ပြီး အိမ်ပြန်ဖို့သာပြင်လိုက်သည်။

ပြီး. . ကိုကိုကြည့်ရတာ နည်းနည်းများမူးယစ်ရီဝေနေသလား။

"နေပါစေ၊ ကိုကိုလည်းအားမှာမဟုတ်ပါဘူး၊ ကျွန်မပြန်တော့မယ်နော်၊ အသက်ရာကျော်ရှည်ပါစေကိုကို၊ ဒီ့ထက်လည်းအများကြီး အောင်မြင်ကျော်ကြားပါစေ"

သူ့ကိုဆုတောင်းပေးပြီး ဘေဘီပြန်ဖို့ပြင်လျှင် ကိုကိုကလည်း ခွင့်မပြုချေ။ ဘေဘီ လေချွေးတွေပြန်နေဆဲ ကားဟွန်းသံအကျယ်ကြီးတစ်ခု သူမ၏နားထဲသို့ စူးကနဲဝင်လာ၏။

ရဲသျှိုး၏ကားဟွန်းသံ။

"တီ. . တီ. . တီ"

ကားဟွန်းသံက အကျယ်ကြီးနှင့်အကြာကြီး၊ အားလုံး၏မျက်လုံးများ တရားခံကိုရှာဖွေလှမ်းကြည့်နေကြဆဲ ဘေဘီလည်း ဂါဝန်လေးလွင့်နေအောင် ဆင်းပြေးရပါတော့သည်။

ဘေဘီ အရမ်းရှက်နေရပါ၏။ ဒါ သက်သက် သူမကို အရှက်ခွဲတာ၊ အနိုင်ကျင့်တာ။ ကိုကိုကတော့ သူမနောက်သို့ ထပ်ကြပ်မခွာလိုက်လာခဲ့၏။

ကားဟွန်းအဆက်မပြတ်နှိပ်ထားသည့်ရဲသျှိုးအနားသို့ သူမရောက်လျှင် သူက ကားတံခါးကိုအသင့်ဖွင့်ပေးပြီး ဘေဘီ သူ့ကိုစိတ်ဆိုးမာန်ဆိုးကြည့်လိုက်လျှင် သူကလည်း သည့်ထက် ပိုသောမိုက်ရုပ်ဖြင့်ပြန်ကြည့်၏။

"ဘာဖြစ်လို့အဲဒီလိုလုပ်ရတာလဲ၊ နင် ငါ့ကိုအရှက်ခွဲတာ၊ လိုက်ပို့တာနဲ့မကာမိအောင်လုပ်တာ"

"နင့်ကို တစ်နာရီအချိန်ပေးထားတာပဲ၊ ခု အချိန်လွန် နေပြီ၊ ဘယ်အချိန်ထိစောင့်နေရမှာလဲ"

"စကားကိုကပ်မပြောနဲ့၊ ဆင်းပါဆိုတော့လည်း မဆင်း ဘဲနဲ့"

သူမနှင့်ရဲသျှိုးတို့ စကားများရန်ဖြစ်နေကြစဉ် အနားသို့ ကိုကိုရောက်လာသည်။

"ဘေဘီ. . ဘာဖြစ်နေတာလဲ၊ ဘေဘီ့ကို ကိုကိုလိုက်ပို့ မယ်၊ တက်စီသမားကိုပြန်လွှတ်လိုက်တော့"

ပြဿနာတော့ အကြီးအကျယ်တက်ပေပြီ။ ရဲသျှိုးကိုအန္တဲ့ တိုက်ပြီး ကိုကို့ကိုလိုက်ပို့ခိုင်းလျှင်ရော။

သို့သော် သူမရဲ့ဦးနှောက်ကလက်မခံပါ။ ရဲသျှိုးဆိုတာ ငယ်ပေါင်းမိတ်ဆွေ၊ သူငယ်ချင်း။ ဘေဘီ့အတွက်ဆို အရာရာ အနွံတာခံလှသူ။

ရင်ထဲမှာ ကိုကို့ကိုဘယ်လောက်ပဲချစ်ချစ်၊ ကိုကိုဟာ ဘေဘီ့ရွှေမင်းသားလေးပင်ဖြစ်စေ စိတ်ကူးယဉ်ကမ္ဘာထဲမှကိုကို့ ကို အပြင်လောကမှာ သူမ မယုံကြည်ဝံ့ပါ။





မိန်းကလေးဘဝဆိုတာ တစ်ချက်ကလေး အမှားခံလို့မရ။

ဘေဘီ့လက်မောင်းကို ကိုကိုကဆုပ်ကိုင်ဆွဲခေါ်လျှင် ရဲသျှိုး ကားပေါ်မှဖျတ်ကနဲဆင်းလာ၏။ ဘေဘီ့မျက်လုံးတွေ ပြာဝေသွားသည်။ သူတို့ရန်ဖြစ်ကြတော့မှာပေါ့။ ပတ်ဝန်းကျင်က သူမကိုဘယ်လိုထင်ကြမလဲ။

"ရဲသျှိုး. . ဘာလုပ်မလို့လဲ၊ ကိုကို. . ဒါ တက်စီသမား မဟုတ်ဘူး၊ ဘေဘီ့အစ်ကိုတစ်ဝမ်းကွဲပါ၊ နောက်မှတွေ့တာပေါ့ နော်"

ကိုကို့ကို ကမန်းကတန်းနှုတ်ဆက်ပြီး ဘေဘီ ရဲသျှိုးကို ကားထဲသို့ထိုးထည့်ရပါ၏။ တံခါးကို လျှင်မြန်စွာပိတ်ပြီး သူမ လည်း တစ်ဖက်မှတက်လိုက်၏။

"မောင်း. . မောင်းတော့"

ကားဆောင့်အထွက်မှာ ဘေဘီ ကိုကို့ကိုလည်ပြန်ငေးကြည့်တော့ လွမ်းမောတွေဝေစွာကျန်ရစ်ခဲ့သည့်ကိုကို့အသွင်က မီးရောင်အောက်မှာငေါင်စင်းစင်း။

ဘေဘီ့ရင်ထဲ နင့်ကနဲဖြစ်သွား၏။ သူမအတွက် ကိုကို တကယ်ပဲစိတ်ရှုပ်ထွေးသွားသလား။ ခံစားသွားရသလား။

ကိုကို့လိုရွှေမင်းသားရဲ့ရင်ထဲမှာ သူမ ရှိနေဖို့ဆိုတာ မမျှော်မှန်းရဲအောင်ဖြစ်ရသည်။

လမင်းကို မြေပြင်မှမော့ငေးနေရသည့်နှယ်သာ။

"အရှက်ကိုမရှိဘူး၊ မိန်းမတွေများ တစ်ယောက်ယောက် နာမည်ကြီးပြီဆိုရင် ဖက်တက်နေတော့တာပဲ"

ဘေဘီ့ရင်ထဲမှာ ဆွေးနေတာတွေပျောက်ပျက်လွင့်စင်သွား၏။ ရဲသျှိုးအသံက နားထဲ သံရည်ပူတွေလောင်းချလိုက်သည့်နှယ်။

"ဘာ. . ဘာပြောတယ်ရဲသျှိုး"

"နင့်အကောင်နဲ့ငါနဲ့ အသက်တူတူလောက်ပဲ၊ သူ့ကျကိုကိုခေါ်ပြီး ငါ့ကျမှ နာမည်ခေါ်တာ နင်မိုက်ရိုင်းတာပဲ"

"အိုး. . ငါ နင့်ကို ငယ်ငယ်လေးတည်းက ဒီလိုခေါ်လာခဲ့တာပဲ၊ မကျေနပ်ရင် လဲသေလိုက်"

"ဟိုးတုန်းက နှိုင်းယှဉ်စရာမရှိတော့ မသိဘူးလေ၊ ခုမှ နင်မိုက်ရိုင်းမှန်းသိရတယ်၊ ငါ့ကို ရဲသျှိုးလို့မခေါ်နဲ့တော့၊ ငါ နင့်ထက်လေးနှစ်ကြီးတယ်၊ နင့်အကောင်လည်း လေးနှစ်ပဲကြီးမှာ"

"ဩ. . ငါက ကိုယ့်ထက်လေးနှစ်ကြီးတဲ့လူတိုင်းကို ကိုကိုလို့ခေါ်ရမယ်ပေါ့၊ ဟုတ်လား၊ သေတောင်မခေါ်ဘူး"

"လူတိုင်းကိုမခေါ်ပေမယ့် ငါ့ကိုတော့ လေးလေးစားစား ရှိသင့်တာပေါ့၊ နင် ကိုကိုခေါ်လည်း ငါမထူးချင်တော့ပါဘူး၊ လူတစ်ယောက်ကိုခေါ်ပြီးတဲ့နာမ်စား ငါကလည်းမလိုချင်ပါဘူး၊ အရှက်မရှိတဲ့သူဆီက ကိုကိုခေါ်မှာလည်းမကြားချင်ပါဘူး"

ယောက်ျားကြီးတန်မဲ့ ဒေါသတွေထွက်၊ ရန်ရှာနေသော ရဲသျှိုး၏စကားများကို ဘေဘီ မခံရပ်နိုင်လွန်းသဖြင့် သူ့ကို အရမ်းမုန်းတီးမိတော့သည်။

ဟိုးစတွေ့ကတည်းက ဖက်သတ်ရန်ဖြစ်ခဲ့ရသည့်ရဲသျှိုး၊ သူမနှင့် ဘဝဆက်တိုင်း၊ ဆက်တိုင်း ရန်သူတော်ကြီးဖြစ်ပါစေလို့များ ဆုတောင်းခဲ့လေသလားပင်မသိ။



မခံချင်စိတ်တွေများလွန်းသည့်အခါ သူ့ကို ဘာမှပြန်မပြောနိုင်တော့ဘဲ ကားထဲမှာ ဘေဘီအသက်ရှူကျပ်လာ၏။ သူမက စိတ်အရမ်းကြီးလျှင် ထိုသို့ဖြစ်တတ်စမြဲ။

ကားနောက်ကိုမှီရင်း လူက ချွေးများစို့ထွက်ပြီး ရင်ထဲမှာလည်း တလှပ်လှပ်နှင့်၊ သို့သော် ဘေဘီမသည်းတွား။

မိန်းမတွေ အရှက်မရှိဘူးလို့ ပြောသည့်လူတစ်ယောက်ရှေ့မှာ မိန်းမတွေမူယာမာယာများတယ်လို့ထပ်အပြောမခံနိုင်တော့။

သေရင်သေပစေ၊

"အင်း. . အင်း. ."

ဘေဘီ့အသက်ရှူသံတွေ မူမမှန်တော့ပြီ၊ လူတစ်ကိုယ်လုံး ပျော့ခွေကျလုလု၊

"ဟင်. . ဘေဘီ. . ဘေဘီ. . ဘာဖြစ်တာလဲ"

သည်တော့မှ ကားမှန်ချပေးပြီး ကားကိုလမ်းဘေးထိုးရပ်၊ သူမကိုနဖူးစမ်း၊ ပါးစမ်းနှင့် ရဲသျှိုးပျာယာခတ်သွားလေသည်၊

ဘေဘီ သူ့ကို အကြီးအကျယ်မုန်းသွားမိ၏၊ ပြောရက်လိုက်တာ၊ အရှက်မရှိဘူး. . တဲ့၊

ကိုကို့ကိုမြင်မြင်ချင်းဖက်တက်တာမဟုတ်ကြောင်း၊ ဟိုးငယ်ငယ်လေးကတည်းက စွဲလမ်းစွာ သတိရနေခဲ့မိကြောင်း၊ အရှက်ရှိသူမို့ ဘေဘီ သူ့ကိုရှင်းမပြလိုတော့ပါ၊

ရဲသျှိုးရယ်. .

ကိုကို့ကို ငါချစ်တာ ရင်ထဲကပါ၊

Book Sharing

Scanned by CamScanner

ငါ ဘယ်တော့မှ သုတ်ဖော်ဖွင့်ဟမပြောပါဘူး။ အရှက်မရှိဘူးလို့တော့ မပြောလိုက်ပါနဲ့နော်။

"ဘေဘီ. . ဘေဘီ. . နေသာရဲ့လား၊ ဒေါက်တာလွင်ဦးဆေးခန်းကို သွားလိုက်မယ်နော်"

"ဟင့်အင်း. . ငါ အရမ်းစိတ်ဆိုးသွားလို့ပါ အိမ်ပဲပြန်ပို့၊ အိမ်မှာပဲနားလိုက်မယ်"

ဘေဘီမျက်စိမှိတ်ထားပြီး ရဲသျှုးချွေးသုတ်ပေးသည်ကို ခေါင်းခါလွှဲဖယ်ငြင်းဆန်ရင်း စကားကိုအနိုင်နိုင်ပြောရသည်။

"ဟင်. . ငါ့ကိုအရမ်းစိတ်ဆိုးသွားလား၊ နင်လုပ်ပုံကရောဟုတ်လို့လား၊ ဘေဘီရယ်. . နင်အရင်က ဒီလိုမဟုတ်ပါဘူး၊ ဒီအဆိုတော်မှာ ဘာအရည်အချင်းတွေရှိလို့လဲ၊ အများအမြင်မှာငါဆိုးသလိုဖြစ်ပေမယ့် ငါမခံစားနိုင်လွန်းလို့ပါ၊ အခုရော နင်ကြည့်စမ်း၊ အေးစက်မိုးရဲ့ပတ်ဝန်းကျင်မှာ မိန်းကလေးတွေချည်းပဲ၊ အဲဒီအထဲ နင်ပါနေတာ ငါရင်အနာဆုံးပဲ"

ဘေဘီ သူ့စကားတွေကို ပြန်ရှင်းဖို့ခွန်အားမရှိသေးပါ။ မျက်ရည်တွေသာ ပိုးပိုးပေါက်ပေါက်စီးကျလာသည်။

သွားဟာ. . ။ နင် ငါ့ကိုသဘောမပေါက်ဘူး။ ငါ့ကို အထင်သေးလွန်းတယ်။ ဒီလောက်နှိပ်စက်ရရင် တော်ပါတော့။

အတန်ကြာလျှင် သူတို့ကားလေး ဘေဘီတို့တိုက်ခန်းရှေ့သို့ရောက်လာသည်။

"ငါလိုက်ပို့မယ်၊ နင်အားနည်းနေတုန်းပဲ"

"ရတယ်. . မပို့နဲ့၊ ငါ့လိုအရှက်မရှိတဲ့၊ မူယာမာယာများ





တဲ့မိန်းမကို နင်မခေါ်နဲ့တော့၊ ဘာပဲဖြစ်ဖြစ် ခုလိုလိုက်ပို့ပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်"

"ဘေဘီ. ."

သူမ ကားပေါ်မှဆင်းပြီး သူ့ကားတံခါးကိုပြန်ပိတ်ပေးလိုက်သည်။ ရိုက်ခတ်လာသည့်ဆောင်းလေနုနုကြောင့် ဘေဘီအနည်းငယ်နေသာထိုင်သာရှိလာသည်။ မိမိတို့အခန်းကိုမော့ကြည့်တော့ မီးရောင်မမြင်ရသေး။

နောက်သို့လှည့်မကြည့်ဘဲ လှေကားပေါ်သို့အပြေးတက်ခဲ့သည်။ ပြန်ပေတော့ရဲသျှုးရေ. . ။ ငါက အမှတ်ရှိတဲ့မိန်းကလေးမို့ နင်ပြောခဲ့တဲ့စကားတွေကို အမြဲသတိရနေမှာပါ။

ဘဝမှာ အရှက်ရှိတဲ့၊ အမှတ်ရှိတဲ့မိန်းကလေးတစ်ယောက်ဖြစ်ရစေ့မယ်။ နင်မပါဘဲနဲ့ ဘဝကို မတ်မတ်လျှောက်နိုင်ဖို့လည်း ငါကြိုးစားတော့မယ်။

အခန်းဖွင့်ပြီးလျှင် ပြတင်းပေါက်မှအောက်သို့ငုံ့ကြည့်လိုက်တော့ ရဲသျှုးကို ကားဘေးမှာ မတ်တပ်ရပ်လျက်ကြီးတွေ့လိုက်ရသည်။ ငူငူငေါင်ငေါင်ကြီးနှင့်။

သူမ နှုတ်ဆက်လိုက်ပါသည်။

"ကျေးဇူးတင်ပါတယ်ရဲသျှုး"

ငါ့ဆင်ခြင်တုံတရားတွေကို နှိုးဆွပေးခဲ့တဲ့အတွက် တကယ်ပဲကျေးဇူးတင်ပါတယ်။



Scanned by CamScanner

## အခန်း(၄)

ညက ဖေဖေပြန်လာတာနောက်ကျသဖြင့် ယခုထိအိပ်နေတုန်းဖြစ်သည်။ ကြီးမေတို့ပွဲရုံက ဆယ့်နှစ်ရာသီမအားလပ်ရသည်မို့ ဖေဖေလည်း တစ်ခါတစ်လေပေတောအိပ်နေချေပြီထင့်၊

မနက်(၇)နာရီဆိုတာ ခါတိုင်း ဖေဖေအလုပ်သွားချိန်မဟုတ်ပါလား။ ဖေဖေနိုးလျှင်စားဖို့ရာ ထမင်းနှင့်ပဲပြုတ်ကိုကြော်ပြီး ကော်ဖီခါးခါးတစ်ခွက်နှင့် ဘောဘီစောင့်ကြည့်နေမိသည်။

ဖေဖေ့အဘားအသောက်ကိစ္စများကို ကြီးမေက အားလုံးတာဝန်ယူသည်မှန်ပေမယ့် ဘောဘီ ကိုယ့်ဖေဖေကိုပြုစုချင်ပါသေးသည်။

ကြီးမေက မနက်စာ၊ ညစာနှင့် လက်ဖက်ရည်၊ ကော်ဖီများပါတာဝန်ယူတော့ ဘောဘီ့ခမျှာ ဖေဖေနေမကောင်းသော



အခါများနှင့် အနားယူချိန်များမှာသာ ပြုစုခွင့်ရပါသည်။

ကြီးမေမှာ ဘောဘီတို့သားအဖကို အိမ်မခွဲစေချင်ပါ။ သို့ပေမယ့် အရှည်ကိုမျှော်တွေးပြီး ဖေဖေကသာ တိုက်ခန်းဝယ်၊ ဘာဝယ်နှင့် အတင်းခွဲဆင်းခဲ့ခြင်းဖြစ်သည်။

အရာရာမှာ ဆရာကြီးလုပ်ပြီး စီမံအုပ်ချုပ်တတ်သည့် ရဲသျှိုးနှင့်လည်း နေ့တိုင်းမြင်မနေရတော့ဘူးပေါ့။ ကြီးမေနှင့် ရဲသျှိုးတို့အိမ်က နီးနီးလေး။

ရယ်ဖို့တော့ကောင်းသည်။ ရဲသျှိုးကို ကြည့်မရဘူးဆိုမှ ဘောဘီ့အလုပ်က သူ့ကျူရှင်၊ သူ့နေ့ကျောင်းမှာ တစ်ဘာသာဝင်ပြရခြင်းဖြစ်သည်။ ဒီမျက်နှာကို အမြဲမြင်နေရပြန်တာပေါ့။

ယခုတော့ ဘောဘီ ရဲသျှိုးကို စိတ်ကုန်ပါပြီ။ သူဟာ ဘောဘီ့အပေါ် အမြဲနိုင်စားလှသည့်အပြင် ဖေဖေ့ကိုလည်း အထင်သေးလှပေသည်။

သူက ဖေဖေ့ကို ပွေသတဲ့။ အရက်သောက်သတဲ့။ နေချင်သလိုနေသတဲ့။ ဖေဖေ ဒီလောက်မဆိုးဘဲနှင့် သူ လူဆိုးတံဆိပ်ကပ်တာကို ဘောဘီမခံနိုင်ပါ။

ယခုတော့ ဖေဖေသာမက သူ့မကိုပါ အထင်သေးလာချေပြီကော။ အင်းလေ. . သူ့အမြင်မှာ အဆိုတော်တစ်ယောက်ရဲ့မွေးနေ့ပွဲကိုသွား၊ မနက်ကလည်း ဘုရားဖို့ဆိုပြီး ပန်းကိုညာပေး၊ နောက်ပြီး အဲဒီအဆိုတော်က သူ့မကို ထိလား၊ ကိုင်လားလည်းလုပ်နေတယ်ဆိုတော့ ပွဲချင်းပြီး ရင်းနှီးရောဝင်လှတယ်ဆိုပြီး သူ့အထင်သေးတာလည်းသေးစရာပေါ့။

သို့သော် ဘေဘီတို့က ယခုမှသိကျွမ်းတာမှမဟုတ်ဘဲ၊ လွန်ခဲ့သည့်ငါးနှစ်ကတည်းက ကိုကို့ကိုသိကျွမ်းခင်မင်ခဲ့တာပါ။

အို . . ဘာပဲဖြစ်ဖြစ် သူမကိုအထင်သေးလွန်းလှသည့် ရဲသျှိုးထံမှာ အလုပ်မလုပ်လိုတော့ပါ။ တော်ပြီ။ တစ်ခြားမှာပဲ အလုပ်ရှာတော့မည်။

"ကလင် . . ကလင်"

ထိုစဉ် ဧည့်ခန်းမှဖုန်းမြည်လာသဖြင့် ဘေဘီသွားကိုင်လိုက်သည်။

"ဟဲလို . . ဩော် . . ကြီးမေ . . ဖေဖေအိပ်တုန်းကြီးမေရဲ့ ညက ညဥ့်နက်မှပြန်ရောက်လို့လေ၊ သမီးတောင် ဖေဖေ့ကို စောင့်ရင်း တီဗွီကြည့်နေသေးတယ်"

"ဘယ်လို . . သမီး . . ညဥ့်နက်တယ်ဟုတ်လား၊ အလိုတော် . . မနေ့ကကီစ္စရှိလို့ဆိုပြီး ညနေလေးနာရီလောက်ကတည်းက ပြန်သွားတာပါတော်၊ ညက ညည်းဖေဖေမူးလာသလား"

ကြီးမေစကားကြောင့် ဘေဘီ့ရင်ထဲ ဒိန်းကနဲဖြစ်သွား၏။ ဖေဖေ ညက မူးတော့မလာပါ။ ဒါဖြင့် ဖေဖေ ဘယ်သွားနေခဲ့တာလဲ။

ဘုရားရေ . . ဖေဖေ့မှာ မိန်းမတွေ၊ဘာတွေများ . . .

ဘေဘီ အရမ်းစိုးရိမ်သွားမိသည်။ မေမေ့မျက်နှာလေးကိုပြန်မြင်ယောင်မိရင်း သူမငိုချင်သွား၏။ ဘေဘီ ဖေဖေ့နောက်လိုက်လာတာ ဖေဖေနောက်မိန်းမယူမှာစိုးလို့ပါ။ ဖေဖေ့ကိုစောင့်ရှောက်ရအောင်လို့ပါ။



သူမအသံတိတ်သွားလျှင် တစ်ဖက်မှ ကြီးမေစိုးရိမ်သွားပြန်သည်။

"သမီး . . ဘာဖြစ်သွားတာလဲ၊ ဒီလောက်လည်းမစိုးရိမ်ပါနဲ့သမီးရယ်၊ ကြီးမေလည်းရှိပါတယ်၊ ကဲ . . ကဲ . . ဖေဖေ့ကိုသာ နှိုးလွှတ်လိုက်၊ ဒီမှာ အလုပ်တွေမနိုင်တော့လို့၊ သမီးကရော ဘာလို့ကျောင်းမသွားသေးတာလဲ၊ ရဲသျှိုးနဲ့ရန်ဖြစ်ပြန်ပြီလား။ သားက ဘေဘီ့ကို အရမ်းခင်ပါတယ်ကွယ်"

အင်း . . ကြီးမေကတော့ ရဲသျှိုးဘက်တော်သားပဲ။ ရဲသျှိုး ဘာပဲလုပ်လုပ်၊ ဘာပဲကိုင်ကိုင် သူတို့မှာ သဘောကျနေသည်ချည်း။

ငယ်ငယ်လေးနှင့် လုပ်ငန်းတစ်ခု၊ နေ့ကျောင်းတစ်ခု အောင်မြင်စွာဖွင့်နိုင်တာလည်း သူတို့ဂုဏ်ယူသည်။ ယောကျ်ားတန်မယ့် ထမင်းဟင်းချက်တတ်တာလည်း ဂုဏ်ယူသည်။ အမေနှစ်ယောက်ကြားမှာ အခြောက်ဖြစ်မသွားတာဘဲ ကံကောင်း။

"သမီး . . ဘာတွေစဉ်းစားနေသလဲ၊ ဖေဖေ့ကိုနှိုး၊ သမီးလည်း စာသွားသင်တော့လေ၊ ထမင်းမချက်ရသေးလည်း ဟိုမှာပဲ စားလိုက်ပေါ့"

"ဟုတ်ကဲ့ပါကြီးမေ၊ ဒါပဲနော်"

"အေး . . အေး . . ဩော် . . သမီးရေ . . ညနေကျရင် အိမ်ကိုလာခဲ့ဦး၊ သမီးဖို့ ဂါဝန်အဝါကွက်လှလှလေးတစ်ထည် ဝယ်ထားတယ်၊ ၎င်းသျှိုးရှေ့လည်းမဝတ်နဲ့ဦး၊ ကြီးမေကလည်း ကိုယ့်ခေတ်ကမဝတ်ခဲ့ရတိုင်း သမီးကိုပဲလှိမ့်ဝတ်စေချင်နေမိ

တော့တယ်၊ အိမ်နေရင်းဝတ်ရတာပေါ့၊ ကြီးမေ့ဂါဝန်လေးက လုံလုံခြုံခြုံလှလှပပလေးပါ၊ ခြေသလုံးတောင်မပေါ်ဘူး၊ ကြီးမေကတော့လေ ကိုယ်လုံးပေါ်စကတ်တွေ၊ ကိုယ်ကျပ်တွေထက်စာရင် ဂါဝန်ဖားဖားလေးတွေကိုပဲ ကြိုက်သေးတယ်၊ ကျောင်းသွားလိုက်ဦးနော်သမီး"

"ဟုတ်ကဲ့ပါ"

ဘေဘီနှင့်ရဲသျှီး စိတ်ကောက်နေမှန်းရိပ်မိသဖြင့် ကြီးမေချော့ပြောနေလေသလားပဲ။ ဘေဘီ ဖုန်းချပြီးလျှင် ပေပေ့အခန်းသို့ဝင်ခဲ့၏။

"ပေပေ. . ထတော့လေ၊ ကြီးမေဖုန်းဆက်တယ်၊ ပေပေမနေ့က အစောကြီးအိမ်ပြန်သွားတာဆို၊ ဘယ်တွေလျှောက်သွားနေသလဲ၊ ပြော. . ပြော. . ပေပေတော့ လွှတ်ထားလို့မရတော့ဘူးနော်၊ ပေပေ. . ထ. . ရေချိုး၊ ဒီမှာ. . သွားပွတ်တံ၊ ဆေးညှစ်ပေးထားတယ်"

"ဩော်. . ပေပေ. . မနေ့က မောင်လေးဆုယူတဲ့ပုံလှမ်းပို့သေးတယ်၊ မေမေက မောင်လေးဘေးမှာ ပုဝါစုံချလို့၊ လှလိုက်ပ. . . မေပေရယ်၊ မေမေက ခုထိလှတုန်းပဲသိလား၊ မေသန်းနုထက်တောင်လှသေးတယ်"

ဘေဘီ ပေပေ့ကိုဆွဲထူပြီး ပေပေ့ကျောနဲ့ရင်ကို လက်သီးနှစ်ဆုပ်နှင့် ပတ်မကြီးထုသလို ဖွဖွထုနှက်ရင်း ပေပေ့ပခုံးပေါ် မေးတင်ချွဲနွဲ့နေမိပါ၏။

တကယ်ပါပဲ။ ဘေဘီက ပေပေနဲ့မေမေမှာ ပေပေ့ကိုပို ချစ်တဲ့သူပါ။ မေမေ့ကိုတော့ သနားချစ်ကလေးပေါ့။





ပေပေသည် အသက်လေးဆယ်ကျော်ပေမယ့် ဂျင်းဘောင်းဘီတွေ၊ တီရှပ်တွေ၊ စပို့ရှပ်တွေဝတ်တုန်းဖြစ်သည်။ မေမေ့တုန်းကလည်း ဒီအချိုးတွေကြောင့် တကျက်ကျက်ရန်ဖြစ်ရတာဖြစ်မည်။

"ဟုတ်လားပေပေ၊ ညနေနှစ်နာရီလောက်ကပြန်သွားတာဆို၊ ပေပေဘယ်တွေလျှောက်သွားနေသလဲ. . ပြော. . "

ပေပေ့ကျောမှာ တောက်တဲ့လေးလိုကပ်ရင်း ဖားကလေးလိုအော်နေတော့ ပေပေပြုံးသွားသည်။ အို. . ကော။

"သမီး. . ဘယ်သူပြောလဲ၊ ပေပေပြန်လာတာ လေးနာရီပါ၊ မိတ်ဆွေတစ်ယောက်ဆေးရုံတက်နေလို့ ဝင်မေးတာပါကွယ်၊ မမကလည်းလေ ကလေးကိုချွန်လိုက်ပြန်ပြီ၊ နေပါဦး. . ပေပေ့ကိုသာ ပုလိပ်စစ်စစ်နေတယ်၊ သမီးကရော ကျောင်းမသွားသေးပါလား၊ ပြီးတော့ ညဦးပိုင်းကရော လှလှပပဝတ်စားပြီး ဘယ်ကိုသွားတာလဲ၊ ပေပေ့မှာ နားတွေ၊မျက်စိတွေအများကြီးရှိတယ်နော်၊ ပေပေဘာမှမသိဘူး၊ နေချင်ရာနေတယ်ဆိုပြီး လျှော့မတွက်နဲ့၊ ကဲ. . ပြော. . သမီးရော မနေ့ညက ဘယ်ကိုသွားတာလဲ"

ဘေဘီမှာ ကိုယ့်အတတ်နှင့်ကိုယ်စူးရချေပြီတည်း။ ပေပေ လုပ်ပုံကြောင့် ကိုယ်ပဲတရားခံဖြစ်ရပေတော့မည်။ ပေပေက လူလည်ကြီးပါ။ သူ့အက်လှည့်နေသည့်မြားကို ဘေဘီ့အက် လှည့်တတ်ပါပေသည်။

ဘေဘီမှာ ချစ်စဖွယ် နှာခေါင်းလေးရှုံ့ပြလိုက်သည်။

"ကဲ. . ကဲ. . တော်ပြီ၊ ကျေပြီဖေဖေ၊ ဖေဖေ့ကိုလည်း ဒီအမှုမှလွတ်ငြိမ်းချမ်းသာခွင့်ပေးလိုက်ပြီ၊ ဘေဘီလည်းမမေး တော့ဘူး၊ ဖေဖေလူလည်ကြီး၊ ဘေဘီက ရဲသျှိုးကိုလိုက်ပိုခိုင်း တာသိလား၊ ဖေဖေ့ကွယ်ရာမှာ ဘေဘီ မဟုတ်တာမလုပ်ဘူး၊ ဖေဖေသာ လူကြီးဆိုပြီး မဟုတ်တာတွေလျှောက်လုပ်နေတာ"

"အံမယ်. . ဖေဖေက လူကြီး၊ ဘာမှဖြစ်မသွားဘူး၊ သမီး သာကျပ်ကျပ်သတိထား၊ အဲဒီရဲသျှိုးဆိုတဲ့ကောင်လေးကိုလည်း သိပ်မကြိုက်ပါဘူး၊ လူတွင်ကျယ်လုပ်လွန်းတယ်၊ ဘဝင်မြင့်နေ တဲ့ကောင်လေးပဲ၊ ဖေဖေကတော့ ဘယ်ယောကျ်ားလေးဖြစ်ဖြစ် သိပ်အရောမဝင်စေချင်ဘူး၊ တလုံးစုံမယုံရဘူးဘေဘီ၊ ကဲ. . ကဲ. . အိပ်ယာသိမ်း၊ ဖေဖေအလုပ်သွားဖို့ ဟိုပုဆိုးအပြာစင်းနဲ့ စပို့ရှပ်အပြာနုလေးထုတ်ထားလိုက်"

ဖေဖေရေချိုးခန်းထဲဝင်သွားလျှင် ဘေဘီအိပ်ယာသိမ်း လိုက်သည်။ ဖေဖေကလည်း နုချင်နေလိုက်တာ၊ ခုထိ ဆံပင် ရှည်ထားတုန်း၊ ငယ်ငယ်တည်းက တီးဝိုင်းများမှာသီချင်းဆိုသည်၊ ဂစ်တာတီးသည်ဖေဖေသည် ယခုတိုင် ဂီတကိုနှစ်လိုတုန်း၊ ထို့ ပြင် ဆံပင်ရှည်လည်းထားတုန်း။

ဖေဖေရေချိုးခန်းမှထွက်လာသည်။ တို. . ခေါင်းတွေ လျှော်လာပြန်ပါပြီ၊ ဘေဘီ ဖေဖေ့ထံသွားပြီး ခေါင်းကို ဒရိုင်ရာ နှင့်မှုတ်ပေးလိုက်သည်။

"ဖေဖေကလည်း အရမ်းလှချင်တာပဲ၊ ဆောင်းတွင်းကြီး၊ တော်ကြာ လေဖြတ်နေဦးမယ်၊ ကိုယ့်ကိုယ်ကိုလည်း ကလေး မှတ်မနေနဲ့"



"ကောင်မလေးနဲ့ချိန်းထားလို့သမီးရဲ့"

ဖေဖေ့အသွင်က ပြုံးတုံ့တုံ့။

"ဖေဖေနော်. . အဲဒါဆို ဒီနေ့တစ်နေ့လုံး ဘေဘီ ဖေဖေ့ နောက်လျှောက်လိုက်နေမှာသိလား"

"လိုက်လေ. . ကောင်းတာပေါ့၊ သမီးနဲ့မိတ်ဆက်ပေးရ မယ်"

"ဖေဖေ. . ဖေဖေတကယ်ပြောနေတာလား"

ဘေဘီ အလန့်တကြားအော်လိုက်လျှင် ဖေဖေက အဝတ် အစားကပျာကသီလဲကာ ဘေဘီ့ခေါင်းကိုဖျတ်ကနဲရိုက်ရင်း တဟားဟားနှင့်အော်ရယ်ကာ အောက်သို့ဆင်းသွားသည်။

ဖေဖေ ဘေဘီ့ကိုအဖြေမပေးခဲ့ပါလား။ ဟား. . စိတ်ညစ် ရပါလားဖေဖေရယ်၊ ဘေဘီ ဝရန်တာသို့ပြေးထွက်ရင်း ဖေဖေ့ ကိုငုံ့ကြည့်စူးစမ်းလျှင် ဖေဖေက သတိတရလက်ပြလေသည်၊ နောက် ကြီးမေ့ဆိုင်ကယ်ကြီးကို ခန့်ခန့်ညားညားစီးရင်း ထွက် သွားလေတော့သည်။

ဆံပင်ရှည်ကိုစုစည်းထားသောဒီဇိုင်းနှင့် ကြေးနီရောင် အသားရည်နှင့်ဖေဖေ့ရုပ်သွင်သည် လတ်ဆတ်ဆဲ၊ ဖေဖေ မအို သေး၊ ထို့ကြောင့် ဘေဘီ ဖေဖေ့အတွက် ရင်ပူနေရဦးမည်။

မေမေရယ်. . မာနတွေလျှော့ပြီး ဖေဖေနဲ့သမီးကို ပြန် ခေါ်လိုက်ပါတော့နော်။

BookSharing

Scanned by CamScanner

# အခန်း(၁၀)

"ကလင်. . ကလင်. . "

မြည်ပြန်ပြီ။ ဒီတစ်ခါတော့ ရဲသျှိုးဆီကပဲဖြစ်စရာရှိသည်။ ကောင်းတယ်။ ငါမှငါ ထင်တစ်လုံးနဲ့နေနေသူကြီးတော့ ဒေါသတွေတစ်ချောင်းချောင်းထွက်နေရောပေါ့။ ရှစ်နာရီထိုးတော့မည်လေ။ သူမကိုကျိန်ဆဲနေရောပေါ့။

"အရှက်မရှိတဲ့သူက ကိုကိုခေါ်မှာလည်းမလိုလားပါဘူး"

ရဲသျှိုး၏စကားများကို ကြားယောင်မိပြန်တော့ ဘေဘီ ရင်ထဲမှာ ဆစ်ကနဲနာ၏။ သူ့ကိုမခေါ်ချင်တော့ပါ။ ကလေးစိတ်မကုန်သေးဘူးလို့ပဲပြောပြော သူ့ဆီမှာ အလုပ်လုပ်တာမေမေ့ဆီ တစ်လသုံးသောင်းတော့ပို့နိုင်ပါရဲ့။ သို့သော် သူဗိုလ်ကျတာ၊ ကြီးကျယ်တာတွေ ဘေဘီမခံနိုင်တော့ပါ။

ဖုန်းမကိုင်ဘဲပေကတ်နေသော်လည်း ဖုန်းကထပ်မြည်လာပြန်၏။ သူမ အသံမပေးဘဲ ဖုန်းကိုအသာ မ,ယူဦးနားထောင်ကြည့်လိုက်လျှင်. . .



"ဟဲလို. . ကျွန်တော်အေးစက်မိုးပါ၊ ဘေဘီနဲ့တွေ့ချင်လို့"

"ကိုကို. . "

သူမ အံ့အားသင့်စွာဖြင့် လွတ်ကနဲအော်မိတော့ တစ်ဖက်မှရယ်သံချိုချိုကိုကြားလိုက်ရပါ၏။

အဆိုတော်တွေများ ရယ်တာတောင် နားထောင်လို့ကောင်းလိုက်တာနော်။

"ဟိတ်. . ဒါ အံ့ဩစရာလားဘေဘီလေးရဲ့၊ မင်းကကိုယ်ယောင်ဖျောက်သွားရက်ပေမယ့် ကိုကိုကမှမနေနိုင်တော့တာ၊ ပုံပြင်ထဲကမင်းသားလေးလို မင်းသမီးလေးဆီ ဆိုက်ဆိုက်မြိုက်မြိုက်ရှာရ၊ ဖွေရ၊ ရောက်လာရတော့မှာပေါ့"

"အာ. . မလာနဲ့ကိုကို၊ မလာနဲ့. . မဖြစ်ဘူး"

ရယ်သံချိုချိုထပ်မံကြားရပြန်သည်။ ကိုကိုအရွှင်နေသလောက် ဘေဘီစိတ်ညစ်သွားရတာ ဘာကြောင့်မသိ။ နားထဲမှာတော့ ရဲသျှိုး၏ 'အရှက်မရှိတဲ့မိန်းမ'ဆိုသည့်အသံက ပဲ့တင်ထပ်နေဆဲ။

ကိုကိုဟာ အိပ်ယာထက်မှစကားပြောနေလေသလား။ အိပ်ချင်မူးတူးအသံကပင် ရီဝေဝေဖြင့်ညို့ဝင်နေသလိုလို။ ဒုက္ခပါပဲ။ တယ်လီဖုန်းထဲမှာတောင် ဒီလောက်စွဲအားတွေပြင်းနေသည့်ကိုကို့ကို ဘေဘီ မတွေ့ချင်။ မတွေ့ရဲတော့ပါ။

မဆွတ်ခင်ကတည်းက ညွတ်ချင်နေသည့်သူမသည် ကိုယ့်အိမ်ခြေ၊ သိက္ခာတွေ၊ ဘဝတွေကို အပွန်းပဲ့မခံလိုဘူးဆိုလျှင်ဖြင့် ကိုကို့ကို ဝေးဝေးမှရှောင်ရှုံပဲရှိပါတော့သည်။

"ဘောဘီ. . ညက ကိုကိုနည်းနည်းမှားသွားတယ်သိလား၊ အိပ်မက်ထဲမှာ စင်ဒရဲလားလေးနဲ့တွေ့ကပြီး တစ်ညလုံးအိပ်ရေး ပျက်လိုက်တာကွာ၊ အခု အိပ်ယာထဲမှာ၊ ဘောဘီ့လိပ်စာနဲ့ဖုန်း ညကတည်းက ကိုကိုစုံစမ်းလိုက်တယ်၊ ဟေး. . အထင်လည်း မကြီးနဲ့ဦးနော်၊ ကိုကို့ကိုလာကူတဲ့ ဆယ်တန်းတုန်းက ကလေး တစ်ယောက်ဆီကရတာပါ၊ ကိုကို ဒီလောက်လည်းမစွမ်းပါဘူး ကွာ၊ ကောင်မလေးတစ်ယောက် ကိုယ်ယောင်ဖျောက်ပြေးတာ နဲ့ အရူးအမူးဖြစ်ကျန်ခဲ့တော့မလို့ပေါ့"

ကိုကို့စကားတွေကိုနားထောင်ရင်း ဘောဘီ ချွေးပြန်လာ သည်။ ကိုကို့အသံက အပိုင်ပါပဲလား။ သူမကို ကိုကိုဘယ်လို ထားလိုက်ပါလိမ့်။ ခပ်လွယ်လွယ်၊ ခပ်ပေါပေါကောင်မလေး တစ်ယောက်လို့ပင် သဘောထားသည်ထင်ပါသည်။ ကိုကို့စကား တွေက မလေးနက်။

ဘောဘီ့မျက်ရည်တွေ တယ်လီဖုန်းပေါ် သို့ တပေါက်ပေါက် စီးကျလာသည်။ ရဲသျှိုးပြောတာမှန်တာပေါ့။ ငါ အရှက်မရှိတဲ့ မိန်းမဖြစ်သွားပြီ။ ကိုကို့လက်ကို တုံ့ပြန်ဆုပ်ကိုင်ခဲ့တဲ့၊ မျက်ဝန်း မှ အရူးအမူးတိမ်းမူးမှုကိုမြင်တွေ့သွားတဲ့နောက် အရာရာ အကောင်းပကတိပြန်ဖြစ်နိုင်ပါဦးမည်လား။

ဘောဘီ ခြေလှမ်းမှားခဲ့ပြီထင်ပါသည်။ မိန်းမလှလေးတွေ ပတ်ချာလည်ဝိုင်းနေသည့်ကိုကိုသည် သူမကို ဘယ်လိုအကြံ အစည်နဲ့ ချဉ်းကပ်နေသလဲ။

သူမကရော ကိုကို့ကို ဘယ်လိုအကြံအစည်နဲ့ချဉ်းကပ် ခဲ့တာလဲ။ ဟင့်အင်း. . ကိုကို၊ ဘောဘီ ကိုကို့ကို သန့်သန့်ရှင်းရှင်း ပဲသဘောထားခဲ့တာပါ။



သေသေချာချာတွေးကြည့်တော့မှ ဘောဘီ့လုပ်ရပ်တွေ အဓိပ္ပာယ်မရှိကြောင်း သိမြင်လာရသည်။ တရဲရဲတောက်လောင် တော့မည့်နေလုံးကြီးကို ရင်ခွင်မှာပိုက်ထွေးလိုသူဟာ မိုက်မဲလား။ သူမက ကိုကို့ကို ဘယ်လိုအချစ်မျိုးနှင့်ချစ်တာတဲ့လဲ။

မြန်မာမိန်းကလေးတစ်ယောက်အဖို့ အချစ်သည် လက် ထပ်ဖို့နှင့်ပါဆက်နွယ်စဉ်းစားရပေလိမ့်မည်။

လက်ထပ်ဖို့ဘယ်လိုမှမဖြစ်နိုင်သည့်၊ အလွှာချင်းမတူသည့် ဘဝ၊ ပုံသဏ္ဍာန်ချင်းမတူညီသည့်ဘဝမှာ တစ်ခါကပုံပြင်လေး ဟာ ပုံပြင်အတိုင်းပဲရှိပါစေလေတော့။

"ဘောဘီ. . ကိုကို့ကို စကားတွေပြောဦးလေ၊ ကိုကိုကတော့ လွမ်းလိုက်ရတာ၊ ကိုကို့ကိုမလှည့်စားပါနဲ့ကလေးရယ်၊ ညက ဘောဘီအပြေးဦးသွားပေလို့သိလား၊ နို့မို့ ကိုကိုက ဘောဘီ့ကို တွဲကမှာ၊ ဒီယာအတင်းတိုက်မှာ"

"ဟင်. . "

ဘောဘီ့မျက်ရည်တွေ အဆက်မပြတ်ကျလာသည်။ ဘောဘီ ဟာ အရက်သောက်တတ်တဲ့မိန်းမစားမဟုတ်ပါဘူးကိုကို။ သူတို့ စရိုက်အတိုင်း ပေါ့ပေါ့လေးပြောနေသလား။ ကိုယ့်ကိုတန်ဖိုး မထားသလိုအပြောကြောင့် ဘောဘီ ဝမ်းနည်းပက်လက်ဖြစ်ရ သည်။

သူမက အရာရာတည်တံ့သည့် ရဲသျှိုးရဲ့ဆရာကြီးလုပ်မှု အောက်မှာ အသားကျသူဖြစ်နေပြီ။

Scanned by CamScanner

"ဘာဖြစ်နေတာလဲကွာ၊ အခုည ကိုကိုတို့တီးဝိုင်း စမ်းချောင်းမှာရှိတယ်။ ဘေဘီ လာပြီးအားပေးရမယ်၊ ဒါပဲ၊ ကိုကို မျှော်နေမှာနော်၊ လာခဲ့ကွာ"

"ဘေဘီ့မှာအပေါ်မရှိဘူးကိုကို"

သူမ ကမန်းကတန်းဖြေရှင်းဆဲ ကိုကို့ဘက်မှ ခေတ္တအသံတိတ်သွားသည်။

"ညကလိုက်ပို့တဲ့ကောင်လေးရော၊ သူက ဘေဘီ့ရည်းစားတော့မဟုတ်ပါဘူးနော်"

"အာ. . မဟုတ်ပါဘူးကိုကို၊ ရည်းစားဆိုရင် ဘေဘီ့ကိုနားရင်းပိတ်တီးမှာပေါ့၊ ဘယ်လိုက်ပို့နေမလဲ"

ကိုကို့ရယ်သံကြားရပြန်၏။ သူကရယ်လေ သူမကငိုချင်လေပါပဲ။

"ဘေဘီက ရည်းစားရှိက်ရင်ခံမှာလား၊ ဒါဆို ကိုကိုရိုက်ဖို့ပြင်ထားပြီသိလား၊ ညကျရင် လာဖြစ်အောင်လာ၊ အပြန်ကျ ကိုကိုလိုက်ပို့မှာပေါ့၊ ကိုကို့ကိုယုံကြည်ပါကွာ"

ဆွေးဆွေးမြည့်မြည့်စကားကြောင့် ဘေဘီယုံဖို့ပြင်စဉ် အခန်းထဲသို့ဝုန်းဗိုင်းကျဲဝင်လာသည့်အသံကြောင့် သူမ လန့်ဖျန့်သွားရသည်။

ရဲသျှိုး. . ။

ကိုကို့ကို ဘေဘီ ကပျာကယာနှုတ်ဆက်လိုက်၏။

"ဖေဖေထွက်လာလို့ကိုကို၊ မင်္ဂလာနေ့ပါရှင်"



# အခန်း(၁၁)

ဖုန်းကို ဖြည်းညင်းစွာချပြီး ဘေဘီ သူ့ကိုလှည့်မကြည့်ဘဲ နေရာမှခွာလိုက်သည်။ အေးအေးဆေးဆေးပဲ ထမင်းချက်ဖို့ မီးဖိုဘက်သို့ခြေလှမ်းလိုက်သည်။

"ဘေဘီ. . သွားမယ်. . လာ. . အချိန်မရှိတော့ဘူး"

ဘေဘီစိတ်ကောက်နေသည်ထင်လို့ ရန်စကားလည်း မပြော၊ ဖျောင်းဖျစကားလည်းမဆိုဘဲ ရဲသျှိုးကခေါ်လိုက်သည်။

ရဲသျှိုးပုံစံက စတစ်ကော်လာအဖြူလက်ရှည်၊ ပုဆိုးကွက်စိတ်မရမ်းစေ့ရောင်နှင့် တကယ့်ရည်မွန်ယဉ်ကျေးလှသည်။

"ငါမလိုက်တော့ဘူး၊ ငါ့နေရာမှာ တစ်ယောက်ယောက်သွင်းလိုက်၊ နင့်ဆီမှာ အလုပ်လုပ်ချင်တဲ့သူတွေပေါပါတယ်"

"ဒါကဘာစကားလဲဘေဘီ၊ လာပါဦး၊ ထိုင်ပါဦး၊ ငါ့ကိုသေသေချာချာမျက်နှာချင်းဆိုင်ပြီး လာစကားပြောစမ်းပါဦး"

သူ့ကိုကျောခိုင်းထားသည့်ဘေဘီ့ကို ရဲသျှိုးက သူထိုင်ရာစည့်ခန်းသို့ခေါ်သည်။ သူမ ရှောင်လွှဲလို့မရ၊ သူနှင့်မျက်နှာချင်းဆိုင်မှာဝင်ထိုင်လိုက်ရသည်။



Scanned by CamScanner

ဘေဘီမျက်ဝန်းမှာ မျက်ရည်များက ရွှန်းပြည့်လှလှ၊ သူမ ခေါင်းငုံ့ထားမိသည်။ ကိုကို့ကြောင့် ခံစားနေရသည့်ရင်ဘတ်တစ်ပြင်လုံးကလည်း ကွဲကြေလုလု။

"ခေါင်းမော့ပါဦးဘေဘီ၊ နင့်မျက်ရည်တွေဟာ ငါ့အတွက်မဟုတ်မှန်းသိပါတယ်၊ ဒါပေမယ့် နင်ငိုတာ ငါမကြည့်ရက်ဘူး။ နင့်မျက်ရည်တွေ ငါ့ကိုသုတ်ခွင့်ပေးပါဘေဘီ"

ညင်သာတုန်ယင်သောသူ့လက်သွယ်များက သူမဆီလှမ်းလင့်လာတော့ ဘေဘီခေါင်းခါလိုက်သည်။

"ရတယ်. . ငါ့မျက်ရည်ကို ငါ့ဘာသာသုတ်မယ်"

မထူးတော့ပြီမို့ သူ့ရှေ့မှာပဲ နုတ်ခမ်းကိုတင်းတင်းကိုက်ရင်း လျှံကျလာသည့်မျက်ရည်များကို ဘေဘီ လက်ဖမိုးဖြင့် ခပ်ကြမ်းကြမ်းပွတ်သုတ်ပစ်လိုက်သည်။ ပါးပြင်နုနုတို့ ပဲ့ကျလုလု။

ရဲသျှိုးမှာ နာကျင်စွာပဲကြည့်နေရသည်။

"ဘဝကို ကလေးကစားသလိုမလုပ်ပါနဲ့ဘေဘီ၊ ငါ့အပေါ် စိတ်ဆိုးတာနဲ့ ဘာဖြစ်လို့စာလာမသင်ရမှာလဲ၊ နင့်ရဲ့ လေလွင့်နေတဲ့စိတ်တွေကို ပြင်ပါ။ ငါ နင့်အပေါ်ထားတဲ့စေတနာတွေသာ သေချာသိရင် ဒီလိုမလုပ်ဘူး"

"မလိုပါဘူး၊ ရတယ်၊ ငါ့ဘာသာငါ ကိုယ့်လမ်းကိုယ် လျှောက်မယ်"

"ရယ်တော့ရယ်ရတယ်၊ နင်ကလည်း ဘဝမှာ လူတွဲမခံချင်ဘူး၊ ငါကလည်း နင်လဲကျသွားမှာစိုးလို့ အနားကအမြဲမခွာချင်ဘူး။ နင့်အတွက်ဆို ရေကန်အသင့်၊ ကြာအသင့် အမြဲဖန်ဆင်းပေးနေချင်တယ်"





"ဥယျာဉ်မှူးတွေဘာတွေ ငါမခံယူလိုပါဘူး ဒါပေမယ့် နင် လမ်းမှားသွားမှာ၊ နင် တစ်ခုခုဖြစ်သွားမှာ ငါစိုးတယ်၊ အဲဒါ နင့်အပေါ်ထားရှိတဲ့ ငါ့ရဲ့ရိုးသားတဲ့အတ္တပဲ"

"မလိုဘူး၊ ငါက ဖျက်စီးလေလွင့်နေတဲ့မိန်းမမဟုတ်ဘူး၊ ပေါ့ရှုပ်သောသွမ်းနေတဲ့မိန်းမလည်းမဟုတ်ဘူး၊ နင် အနေသာကြီးပါ"

"ဘာပဲဖြစ်ဖြစ် နင့်ကိုငါ့မျက်စိရှေ့မှာပဲ အန္တရာယ်ကင်း၊ ဘေးကင်းရှိနေစေချင်တယ်၊ ငါ့အတ္တဟာ ဖြူစင်သန့်ရှင်းပါတယ် ဘေဘီ၊ စိတ်ချ၊ တစ်နေ့ကျ နင့်ချစ်သူလက်ထဲကိုပဲ ငါက သန့်သန့်စင်စင်လေးထည့်ပေးလိုက်မှာပါ။ ငါ့ရှေ့မှာ နင်အနာတရဖြစ်သွားမှာ၊ စွန်းထင်းသွားမှာ မကြည့်ရက်ဘူး"

ဘေဘီ ရဲသျှိုးကိုအံ့ဩစွာမော့ကြည့်လိုက်တော့ ဖျက်ယွင်းနေသည့်မျက်နှာက လေးနက်တည်ကြည်နေ၏။

"နင်ရူးနေသလားရဲသျှိုး၊ အဲဒါ နင့်အလုပ်မဟုတ်ဘူး၊ ဖေဖေ့အလုပ်၊ ငါ့ကိုစောင့်ရှောက်ရမှာ ငါကိုယ်တိုင်နဲ့ ငါ့ဖေဖေရဲ့အလုပ်၊ ငါက နင့်သမီးလေးမဟုတ်ဘူး၊ နင်စိုက်ထားတဲ့ သစ်တစ်ပင်မဟုတ်ဘူး"

ရဲသျှိုးထံမှ ရယ်သံခပ်အက်အက်ထွက်လာ၏။

"ဒါပေမယ့် ငါ့စိတ်ထဲမှာ နင်ဟာ ငါစိုက်ထားတဲ့ပန်းတစ်ပင်ပါပဲ၊ နင်အခြေတကျမဖြစ်မချင်း ငါ့မှာတာဝန်ရှိသလိုခံစားရတယ်၊ စိတ်ချပါဘေဘီ၊ ငါ့မှာ ကိုယ့်ဖို့ဆိုတဲ့အတ္တမရှိပါဘူး၊ နင်မဖြစ်သင့်တာဖြစ်သွားမှာ၊ နင့်ဘဝနွမ်းကြေသွားမှာကိုပဲ ငါ

စိုးရိမ်တယ်၊ ငါ့ကိုနားလည်ပါဘေဘီ၊ ငါ့စေတနာကိုအသိအမှတ်ပြုပါ၊ ဖြစ်သင့်တာဆိုရင် နင့်ဘဝမှာ နင်ဖြစ်ချင်တာအကုန်ဖြစ်ရပါ့စေမယ်"

"နင်ဟာ ငါ့မေမေကမမွေးပေမယ့် ငါကိုယ်တိုင် ငါးနှစ်လုံးလုံး ရင်နဲ့လွယ်ပြီးမွေးခဲ့ရတဲ့ ငါ့ညီမလေးပါပဲ၊ ထ. . သွားစို့စာသင်ကြရအောင်"

ဆယ့်နှစ်ရာသီစုပုပ်ထန်တင်းသူကြီးက ညင်သာညွတ်ပျောင်းစွာ စကားတွေရှည်ရှည်ဝေးဝေးပြောပြီး ဘေဘီ့လက်ဖျားလေးကိုဆွဲဆုပ်တွဲထူနေတော့ သူမမျက်ရည်ဖြိုင်ဖြိုင်ကျရသည်။

"တိတ်ပါညီမလေးရယ်၊ ဒီတစ်ခါငိုတာတော့ ငါ့အတွက်မဟုတ်လားဟင်၊ နောက် ဘယ်တော့မှ ငါ့အတွက်နင်မငိုစေရတော့ပါဘူး"

"ငါ့ကို လူရှေ့သူရှေ့လည်းမမာန်နဲ့နော်၊ မျက်ထောင့်နီကြီးနဲ့လည်းမကြည့်နဲ့နော်"

မျက်ရည်များနှင့်ရှိုက်ရင်း ဘေဘီပြောလျှင် သူက ခေါင်းကိုဖြည်းညင်းစွာညိတ်သည်။

"စိတ်ချဘေဘီ၊ ငါ နင့်ကိုမမာန်တော့ပါဘူး၊ ဒါပေမယ့် နင်ကလည်း မဟုတ်တာတွေမလုပ်နဲ့ပေါ့ကွာ"

မိန်းမဆိုတာ ချော့ရင်ပျော့သတဲ့လား။ လေ့နဲ့မြင်းလို မဲ့ကိုင်သူရဲ့လက်ထဲမှာ ညွတ်ပျောင်းရတာပဲလားလေ။

# အခန်း(၁၂)

စစ်ပွဲအထောင်၊ အသောင်းကိုအောင်မြင်နိုင်သည်ထက် မိမိစိတ်ကို အောင်မြင်နိုင်ခြင်းသည် ပိုမိုခဲယဉ်းပင်ပန်းလှပေ၏။

လူတို့၏အတွင်းစိတ်သည် အတော်ပင်လောင်မြိုက်ပင်ပန်းချေ၏တကား၊ လူသားတွေဒုက္ခရောက်နေကြရတာ ဒီအတွင်းစိတ်ကိုမနိုင်လို့သာဖြစ်သည်။

'စိတ်သာရှင်စော ဘုရားဟော'ဆိုပြီး ပြောလို့သာနေကြသည်။ ဘုရား၊ ရဟန္တာတွေကလွဲလို့ မိမိစိတ်ကို အဘယ်သူထိန်းချုပ်အောင်မြင်နိုင်ပေသလဲ။ စိတ်ကိုချုပ်ထိန်းပြီး လိုရာခရီးကိုမောင်းနှင်နိုင်သူတွေကတော့ လိုရာခရီးပန်းတိုင်ကို ရကြပေလိမ့်မည်။

တစ်နေ့လုံး အချိန်ဇယားအလိုက် လှုပ်ရှားနေရပေမယ့် ဘေဘီ့နားထဲမှာ ကြားယောင်နေသည်က 'အခုည ကိုကိုတို့တီးဝိုင်းရှိတယ်၊ ဘေဘီလာပြီးအားပေးရမယ်'ဆိုတာသာဖြစ်သည်။ စိတ်ထဲမှာ မေ့မရ၊ ဖျောက်မရ။

Book Sharing

Scanned by CamScanner

ဘောဘီသွားချင်တာပေါ့။ ၁၃-၁၄နှစ်ကတည်းက တိတ်တခိုးစွဲလမ်းအထင်ကြီးခဲ့ရသည့်ကိုကို့ကို အရှင်လတ်လတ် စင်ပေါ်မှာသီချင်းဆိုနေတာ မြင်ဖူးချင်သည်။ ကိုကိုကရော ဘောဘီကိုတွေ့ရင်ပျော်သွားမှာလား။

ဒွိဟစိတ်များဖြင့် ဘောဘီဦးနှောက်တွေ ဝေဝါးနောက်ကျိနေရသည်။ ယောကျ်ားရင့်မကြီးတွေတောင် ထိန်းသိမ်းနိုင်ခဲ့သည့်စိတ်ကို ဘောဘီလိုမိန်းမငယ်လေးက နိုင်အောင်ပဲ့ကိုင်နေရတာ ပင်ပန်းလှပါသည်။

ယောကျ်ားတို့စိတ်မထိန်းနိုင်တာ ကိစ္စမရှိ။ မိန်းမသားတို့ ကိုယ့်စိတ်ကိုမနိုင်ပါက ဘဝနှင့်ချီပြီး ဒုက္ခရောက်ကုန်ကြပေလိမ့်မည်။

ည စတိတ်ရှိုးပွဲသွားဖို့ ဘယ်လိုမှစိတ်ကူးလို့မရ၊ ရဲသျှိုးကိုလိုက်ပို့ခိုင်းရဖို့ကလည်း ဘောဘီ ကျားမြီးသာပြေးဆွဲလိုက်ချင်ပါသည်။

နာရီထိုးသံကြားသဖြင့် ဘောဘီလန့်ဖျန့်သွား၏။ ညနေလေးနာရီ။

သူ့စတိတ်ရှိုးကိုသွားရမှာလား။ မသွားရဘူးလား။

ဧည့်ခန်းထဲမှာ ဖုန်းသံမြည်လာ၏။ ရဲသျှိုးမရှိ။ သူလည်းသူ့အချိန်ဇယားနှင့်သူ။ ဘောဘီသွားကိုင်လိုက်ရသည်။

"ဟဲလို. . ဘောဘီနဲ့တွေ့ချင်လို့ပါ"

"ဟင်. ."

ကိုကို့အသံ။ ကိုကို့ခြေလှမ်းတွေ သွက်လှချည်လား။





ဘောဘီ ကိုကို့ကိုလန့်သွားမိသည်။ အိုလေ. . သူ ငါ့ကိုအရမ်းစွဲလမ်းနေလို့ဟုတ်မှာပါ။

"ဘောဘီ. . ကိုယ် ဘောဘီ့အိမ်ဖုန်းလှမ်းဆက်တယ်၊ ကိုင်မယ့်သူမရှိလို့ ဒီကိုဆက်ရတာပါ၊ ဒီလိုလုပ်ကွာ၊ ဘောဘီ့အချိန်ဇယားတွေ ကိုကို့ကိုပေးထားနော်၊ ကိုကိုကလည်းအားတာမဟုတ်ဘူး၊ အမြဲအလုပ်ရှုပ်နေတာ၊ ကိုကိုအားတဲ့အချိန်မှာ ဘောဘီနဲ့ဆက်သွယ်ချင်လို့ပါ"

ကိုကို့စကားကြောင့် ဘောဘီကြည်နူးရသည်။ သို့သော်မယုံရဲ။ ဘဝပေးအသိက အမြဲသတိရှိစေသည်။

"ညကျ လာဖြစ်အောင်လာခဲ့ပါ၊ ကိုကိုအဖြူရောင်ဝတ်မယ်၊ ဘောဘီလည်း အဖြူရောင်ဝတ်ခဲ့ကွာ၊ စကတ်တွေ၊ ကိုယ်ကျပ်တွေမဝတ်နဲ့၊ ကိုကိုမကြိုက်ဘူး၊ လုံလုံခြုံခြုံဝတ် သိလား၊ ဟိုကောင်လေးကိုလည်းအဖော်ခေါ်ခဲ့၊ ကိုကိုစောင့်နေမယ်၊ ကိုကို့ကိုချစ်ရင် ဆက်ဆက်လာရမယ်၊ ဒါပဲ"

တစ်ဖက်မှဖုန်းချသွားလျှင် သူမ ရင်ခုန်လွန်းရပါသည်။ ကိုကို့ကိုချစ်ရင် ဆက်ဆက်လာတဲ့။ ဘယ်လိုလဲ၊ သွားရမှာလား။ မသွားရဘူးလား။ ရဲသျှိုးကိုလည်း ခုထိမပြောရသေး။ ဘောဘီမသွားလျှင် ကိုကိုရှက်စိတ်နာသွားမှာလား။

ဘောဘီ စိတ်အညစ်ကြီးညစ်နေမိပါသည်။

## အခန်း(၁၃)

ဘေဘီ့စာသင်ချိန်တွေပြီးလျှင် ညနေ(၅)နာရီ၊ ဆောင်းအခါပေမယ့် မြို့ပြဆောင်းက မိးခိုးတွေလား၊ နှင်းတွေလား ဝိုးတဝါးမပီ။

ဘေဘီ့မှာ မပြန်နိုင်သေး၊ ရဲသျှိုးကိုစောင့်နေမိသည်၊ အချိန်က နီးနေပြီမဟုတ်လား။ ကိုကိုကလည်း ဝတ်ကျေ၊ တမ်းမကျဖိတ်တာမဟုတ်၊ ဖုန်းနှစ်ခါတောင်ဆက်ရှာတာ၊ သူ့မှာ အလုပ်တွေအရမ်းများနေသည့်ကြားမှ ဆက်ရရှာတာဖြစ်သည်၊

"အဲ. ."

နာရီဝက်လောက်ကြာမှ ကိုယ်တော့်ချောကပြန်ရောက်လာသည်၊ သူ့ကားလေးမဆိုက်မီ ဘေဘီ တံခါးပြေးဖွင့်ပေးလိုက်၏၊ မျက်မှန်မည်းလေးကိုပင့်ကြည့်ရင်း သူက အူကြောင်ကြောင်ကြည့်၏၊



လူလည်ကြီးပီပီ ရဲသျှိုးရင်တုန်သွားသည်၊ ဝေါ်မလေးဘာပူဆာဦးမလို့လဲ၊ သူမက ရဲသျှိုးထံမှပစ္စည်းများကိုလည်း ကူယူလိုက်သေးသည်၊

"တယ်ထူးခြားပါလားဟေ့၊ ပြော. . ငါဘာလုပ်ပေးရမလဲ"

"အဟဲ. . နင်သိပ်တော်တာပဲ၊ အကြားအမြင်ဆရာကြီးကျနေတာပဲ၊ နှုတ်ခမ်းမွှေးသာတပ်ထားလိုက်၊ လုပ်စားလို့ရပြီ"

"အပိုတွေပြောမနေနဲ့၊ ပြောစရာရှိတာပြော၊ ငါမအားဘူး၊ စာသင်ဝိုင်းတစ်ခု ထပ်လက်ခံထားတယ်"

"ဟင်. ."

နေ့ရော၊ ညရော အတော်အလုပ်လုပ်နိုင်သည့်ရဲသျှိုးပါပဲ၊ ဘေဘီစိတ်ပျက်သွားသည်၊ အီလည်လည်ရုပ်ဖြင့်သာ သူ့ကိုငေးကြည့်ပြီး စိတ်ညစ်နေမိ၏၊

"ပြောလေ. . စတီတ်ရှိုးသွားမလို့မဟုတ်လား၊ ငါလိုက်မပို့ရင် နင့်ဘာသာနင်လစ်ထွက်မလို့မဟုတ်လား၊ နင်တော်တော်ပျက်စီးနေပြီဘေဘီ၊ နင့်ကိုငါ ဘယ်လိုမှသွန်သင်ဆုံးမလို့မရတော့ဘူး"

ခေါင်းတခါခါ၊ လည်တခါခါဖြင့် စိတ်ပျက်လက်ပျက်ရှုံ့ရှုံ့ချချပြောနေလျှင် ဘေဘီမခံနိုင်ဖြစ်ရသည်၊

"နင် စကားကိုအရမ်းမပြောနဲ့၊ ကိုယ်ချင်းမစာမပြောနဲ့၊ ကိုကို့ကို ခုမှသိ၊ ခုမှစွဲလန်းတာမဟုတ်ဘူး၊ ဟိုငယ်ငယ်ကတည်းက သိကျွမ်းလာခဲ့တာ"

"ဒါပေမယ့် နင့်အကောင်က အဲဒါကိုသိလို့လား၊ သူ့

တမြင်မှာ နင်ဟာ ခုမှပေါ်လာတဲ့ရွှေနှင်းဆီပဲ၊ အသွေးလှတယ်၊ ရနံ့မွှေးတယ်၊ မြင့်ရှုံနဲ့သိလိမ့်မပေါ့၊ နင့်အကောင်က လူလည် ကြီးပဲ၊ နင်ဘယ်လောက်တုံးတယ်၊ အ,တယ်ဆိုတာ သူသိတယ်"

"ဒီလိုမပြောနဲ့၊ ကိုကို့ကို နင့်အကောင်၊ နင့်အကောင်လို့ မပြောနဲ့"

"ဒါဖြင့် နင့်အကောင်မဟုတ်လို့ ငါ့အကောင်လား၊ ငါ့ အကောင်သာဆိုရင် နားရင်းပိတ်တီးပစ်တယ်"

"လိုက်လည်းမပို့ဘဲနဲ့ မတရားတွေပြောမနေနဲ့၊ တလကား၊ ငါ့ဘာသာသွားမယ်၊ ဘာဖြစ်သေးလဲ၊ ငါက နင့်ကိုအားကိုးတကြီး နဲ့ အကူအညီတောင်းသားပဲ၊ မပို့လည်းနေပေါ့၊ အသွားကရ တယ်၊ အပြန်ကျတော့ ကိုကိုပြန်လိုက်ပို့လိမ့်မယ်"

"ဘာ. . ခွေးမ"

"ဖြန်း. . "

ပူထူသွားသည့်နားတစ်ဖက်ကိုအုပ်ကိုင်ရင်း ဘေဘီ တစ် ဖက်သို့လှည့်ကပ်သွား၏။

ရဲသျှိုး. . သူမကိုရိုက်တယ်။ သူမ အံ့အားဟသင့်မော့ ကြည့်နေမိစဉ် ရဲသျှိုးမျက်နှာက ပြုံးတော့မည့်မိုးနှယ်. . .

"ငါဘယ်လောက်ပဲထိန်းသိမ်း၊ ထိန်းသိမ်း နင်ဟာ ပိုးဖလံ ပဲ၊ မီးရောင်မြင်ရာသွားချင်တဲ့ ပိုးဖလံပဲ၊ နင့်အကောင်ရဲ့စတိတ် နှိုးကို အဖော်မပါဘဲ နင်တစ်ယောက်တည်းသွားမယ်ပေါ့ ဟုတ် လား၊ မှန်မှန်ပြောစမ်းဘေဘီ၊ နင် အဲဒီကောင်ကို ချစ်နေပြီ မဟုတ်လား၊ အပြင်လောကအကြောင်း၊ လူတွေရဲ့အကြောင်း ကို နင်ဘယ်လောက်သိလို့လဲဘေဘီ"





သူမ စကားပြန်မပြောနိုင်။ တစစ်စစ်နာကျင်နေသည့် နေရာက နားတစ်ခုထဲတင်လား။ နှလုံးသားကလည်း နာကျင် နေခဲ့ပါသည်။ တကယ်က ဘေဘီတမင်ပြောလိုက်ခြင်းသာဖြစ် ပါသည်။ ကိုကို့ကို ဘယ်လောက်ပဲစွဲလန်း၊ စွဲလန်း ရဲသျှိုးစေတနာ တွေကိုလည်း သူမခံစားလို့ရပါသည်။

သို့သော် ပေပေတောင်မရိုက်ရက်သည့်ဘေဘီ့ကို သူက ရိုက်သတဲ့လား။ ဘေဘီ သူ့ကိုအရမ်းရွံမုန်းမိ၏။

"ဟုတ်တယ်၊ ချစ်တယ်၊ ကိုကို့ကို ငါချစ်တယ်"

ပြောပြီး သူ့ရုပ်ကို ဘေဘီမကြည့်တော့။ လူဆိုတာ ကိုယ့် ခံစားချက်နဲ့ကိုယ်ပဲ၊ ဆိုဖာလက်တန်းပေါ် မျက်နှာအပ်ပြီး ဘေဘီ နာကျည်းနေမိသည်။

"ဘေဘီ. . "

ညင်သာသောအသံနှင့် သူမမျက်နှာကိုဆွဲယူမော့ခံရ သဖြင့် ကြည့်လိုက်လျှင် မျက်ရည်များနှင့်ညင်သာညွတ်ပျောင်း နေသောရဲသျှိုးကိုမြင်ရ၏။

"နင့်နားရွက်ဖျားလေးကွဲသွားတယ်၊ ငါ့ကိုခွင့်လွှတ်ပါညီမ လေးရယ်၊ ငါ ဆန္ဒစောသွားတယ်၊ နင်ဖြစ်ချင်တာတွေအားလုံး ဖြစ်ရပါစေမယ်၊ ငါ နင့်ကိုအမြဲစောင့်ရှောက်ပေးနေမယ်၊ ငါ့ တသင်ဝိုင်းကို နောက်တစ်ရက်ရက်နဲ့ညှိပေးလိုက်ပါ့မယ်၊ နင့် ထက် ဘယ်အရာကမှ ပိုပြီးအရေးမကြီးနိုင်ပါဘူးကွယ်၊ ငါ နင့် ကိုလိုက်ပို့ပါ့မယ်၊ ခဏနေဦး၊ နင့်နားလေး ဆေးထည့်ရအောင်"

နားဆီက စပ်ဖျင်းဖျင်းဒဏ်ရာကို ရဲသျှိုးကဆေးထည့်ပေး

နေသည်၊ အသိဉာဏ်နည်းပါးသည့်မိန်းကလေးမဟုတ်ပေမယ့် ကိုကို့ဆီသွားရတော့မှာမို့ ဘေဘီပျော်ရွှင်သွားသည်။ လမင်းကြီးရဲ့သီချင်းဆိုဟန်ကို မြင်ရတော့မည်။

ကြီးမေဆင်ထားသည့်စိန်နားပွင့်ချွန်ချွန်လေးက တိမ်းချော်ပြီး ဘေဘို့နားစုတ်သွားသည်ထင်ပါသည်။ ရဲသျှိုးက သနားသွားပြီး ကိုကို့ထံလိုက်ပို့တော့မည်လေ။

"ငါပြန်နှင့်မယ်နော်၊ စတိတ်ရှိုးက (၈)နာရီစမှာ၊ မှီအောင်လာခေါ်နော်"

မသိတတ်သည့်ကလေးဆိုးကြီးလို ရဲသျှိုးဆီလှမ်းအော်ရင်း ဘေဘီပြန်လာခဲ့ပါသည်။



## အခန်း(၁၄)

အဖြူရောင်တဲ့၊ စကတ်တွေ၊ ကိုယ်ကျပ်တွေဝတ်တာမကြိုက်ပါတဲ့၊ ကိုကိုကလည်း သူကျတော့ ခေတ်ရှေ့ပြေးနေပြီးတော့။

အချိန်မရှိတော့သည်မို့ ရေချိုးအဝတ်အစားလဲဖို့လုပ်ရသည်။ ဆေးဆိုးပန်းရိုက်တွေတော့ ဘေဘီမကြိုက်ပါ၊ မိတ်ကပ်ပါးပါးလိမ်းရုံပဲ၊ ဘေဘို့မှာ သဘာဝအလှတွေရှိပြီးသားမို့ နည်းနည်းပါးပါးပြင်လိုက်သည်နှင့် အလှတွေဝင်းပပြီးသားဖြစ်နေလေ၏။

ဆံပင်ကလည်း ပုံချစရာမလို၊ ဖြောင့်စင်းလှပသည့်ဆံပင်များကို နောက်မှာစည်းချထားရုံပါပဲ၊

စတိုင်ဘောင်းဘီမီးခိုးဖျော့နှင့် ဆွယ်တာအဖြူဝတ်ပြီး ဖိနပ်တော့ အပါးပန်းရောင်လေးပဲစီးလိုက်သည်။

ဖေဖေပြန်လာလျှင်သိဖို့လည်း ဘေဘီ စာတိုလေးရေးပြီး ဖေဖေ့ဆေးလိပ်ခွက်အောက်မှာ ဖိထားခဲ့ရသေးသည်။

မေမေ..

ဘေဘီ စတိတ်ရှိုးပွဲတစ်ခုသွားတယ်၊ ရဲသျှီးကိုလိုက်ပို့နိုင်ဘူး၊ ဒီတစ်ခါတော့ [illegible] မေမေ၊ [illegible] မေမေ့ဆီကို [illegible] ပျော်သွားခဲ့တယ်

မေမေ့ရဲ့ ဘေဘီလေး

(၈)နာရီထိုးသော်လည်း ရဲသျှီးမလာသေးပါလား။ နာရီတကြည့်ကြည့်ဖြင့် ဘေဘီ သူ့ကိုမျှော်နေမိသည်။ စတိတ်ရှိုးကို (၈)နာရီအမီသွားရမည်။ သူလာလျှင် အဆင်သင့်ဖြစ်နေအောင် တိုက်ခန်းတံခါးပိတ်ပြီး ဘေဘီအောက်သို့ဆင်းစောင့်နေလိုက်သည်။

ရုပ်ရှင်တွေ၊ ဗွီဒီယိုတွေထဲမှာတော့ သီချင်းဆိုပြီးတဲ့ချစ်သူကို ချီချဉ်တွေ၊ လိမ္မော်သီးတွေကျွေးတာပဲ။ ဘေဘီကတော့ ဘာကျွေးရမှာလဲ။ သူနှင့်ကိုယ်ဟာ ဘာမှလည်းမဟုတ်။

ညနေကတော့ နှင်းဆီနီလေးတစ်ပွင့်ဝယ်လာမိသည်။ ကိုကိုက အနီရောင်နှင်းဆီကိုကြိုက်ပုံရသည်။ နှင်းဆီနီလေးကို ပလတ်စတစ်အိတ်လေးထဲထည့်ပြီး ရဲသျှီးမမြင်အောင် ခပ်ကွယ်ကွယ်ကိုင်ထားမိသည်။

ဘေဘီ့တစ်ကိုယ်လုံးဖြူနေပေမယ့် လည်စည်းကတော့ အနီ။

မကြာမီ ရဲသျှီးရောက်လာသည်၊ ကားထိုးဆိုက်ဆိုက်ချင်း ဘေဘီ ကားတံခါးဖွင့်ကာ ရဲသျှီးဘေးသို့ဇွတ်ကနဲရောက်ရှိသွားလျှင် တစ်ကားလုံးမွှေးကြိုင်လင်းချင်းသွားသည်။



တစ်ခါမှ စိတ်လိုလက်ရပြင်ဆင်ခြင်းမရှိခဲ့သည့်ဘေဘီ့ကို ရဲသျှီးက မျက်မှောင်ကုတ်ကြည့်နေလေသည်။

"မောင်းလေ.. ဘာဖြစ်နေတာလဲ"

"နှင့်နှားရွက်လေး နာသေးလား"

"မနာတော့ဘူး၊ မောင်းတော့ဟာ"

ရဲသျှီးထံမှသက်ပြင်းချသံနှင့်အတူ ကားကိုမောင်းလိုက်သည်။ တစ်လမ်းလုံး စကားမပြောမိကြ။ ဘေဘီကလည်း ကိုယ့်အတွေးနှင့်ကိုယ် ရင်ဖိုနေလေသည်။

ကမ္ဘာဦးသူတို့ နေနှင့်လကိုစတင်တွေ့ရှိသလိုပါပဲ။

နှင်းဆီပန်းလေးကို ဘယ်လိုပေးမလဲ။ ကိုကိုကရော တကယ်မှစောင့်ကြိုနေပါ့မလား။ သူ့အနားမှာ ကောင်မလေးတွေတစ်ပုံကြီးနေမှာပါ။ ဒီလိုတွေးမိတော့ ဘေဘီ့ရင်ထဲမှာ နင့်ကနဲ။

"ဘေဘီ"

"ဟင်.."

"ဟိုကျရင် သိပ်မကဲနဲ့ဟာ၊ ငါရှက်တယ်"

"အေးပါ၊ နင်ကလည်း ငါ့ဆို သိပ်အထင်သေးတာပဲ"

"မဟုတ်ဘူးလေ၊ နင်က ငါ့ကို အစ်ကိုတစ်ဝမ်းကွဲဆို၊ နှမဆိုတာ အစ်ကို့ရှေ့မှာ ရိုကျိုးရတယ်"

"အင်းပါ"

ဘေဘီ ရဲသျှီးကို မျက်စောင်းထိုးချင်ချင်။ ရောင်စုံညရဲ့ ကားတန်းထဲမှ သူမတို့ကားလေးသည် ကိုကိုတို့တီးဝိုင်းရှိရာ စမ်းချောင်းသို့ ရောက်ရှိလာခဲ့သည်။ (၈)နာရီလည်းကျော်နေပြီ။

ကိုကို့ကိုအသင့်၊၊ငဘွ့ရ၊ အေးလေ. . သူလည်း အလုပ်များနေမှာပေါ့၊ သို့သော် ရဲသျှီးနှင့်ဘေဘီမှာ ယောင်ချာချာ၊ ဘယ်ကိုသွားရမှာလဲ။ လက်မှတ်လည်းမရသေး။

"နောက်ကော ဒီလိုပဲ ဒီအဆိုတော်နောက် တကောက်ကောက်လျှောက်လိုက်ကြည့်နေဦးမှာလား"

အရေးထဲ ရဲသျှီးကလည်း တဖျစ်တောက်တောက်၊ ကိုကို့ကို ချက်ချင်းမတွေ့ရလို့ စိတ်ဆင်းရဲနေသည် ကြားထဲ သူကလည်း တဂျီဂျီ။

နှစ်ယောက်သား ပွဲဈေးတန်းတွေမှာလျှောက်သွားနေကြဆဲ. . .

"ဘေဘီ. ."

အနားသို့ရောက်လာပြီး ဘေဘီ့လက်ကိုဆွဲယူလိုက်သည့် ကိုကို့ကြောင့် သူမ အလွန်ပျော်ရွှင်သွားမိသည်။

ကိုကိုက ဂရုစိုက်သားပဲနော်။

"လာ. . နောက်ဘက်ကဝင်မယ်၊ ကိုကို လက်မှတ်နှစ်စောင် ယူထားတယ်၊ လာ. . ညီ. . လာ"

ရဲသျှီးက မကဲ့နဲ့ဆိုပေမယ့် ကိုကိုကဆွဲခေါ်သွားတာတော့ ဘေဘီမတတ်နိုင်။

"လာလေရဲသျှီး"

တစ်ခွန်းသာလှည့်ပြောပြီး ဘေဘီ ကိုကို့နောက်သို့ကောက်ကောက်ပါသွား၏။ ရဲသျှီးကတော့ ဆန္ဒပြသည့်အနေဖြင့် ခပ်နှေးနှေး။



"ရော့. . ကိုကို. ."

နှင်းဆီပန်းဖူးလေးကို တိတ်တခိုးပေးမိလျှင် ကိုကို့အသွင်က မြတ်မြတ်နိုးနိုးရှိ၏။

"ကျေးဇူး. . ဘေဘီ၊ ဒါထက် လာမယ့်ဆန်းဒေးမှာ ဘေဘီအားလား"

"ဘာဖြစ်လို့လဲကိုကို"

"ကိုကို့နောက်ဆုံးအခွေ အခြေအနေကောင်းတယ်၊ နောက်ထပ်လုပ်ဖို့လည်း ဆင်းလှမ်းထားကြတယ်၊ ကိုကိုအောင်မြင်ပြီလို့ ပြောလို့ရပြီ၊ အထိမ်းအမှတ်တစ်ခုအဖြစ် ဘေဘီ့ကိုတစ်ခုခုဝယ်ပေးချင်တယ်၊ ပြုစုချင်တယ်"

"ဝမ်းသာလိုက်တာကိုကိုရယ်၊ ဒါပေမယ့် နေပါစေ၊ ဘေဘီ ဘာမှမလိုချင်ပါဘူး၊ ကိုကိုအောင်မြင်သွားရင် ဘေဘီ စိတ်ချမ်းသာပါတယ်"

"မရဘူးကွာ၊ ဒါပဲ၊ ကိုကို မနက်(၈)နာရီလာခေါ်မယ်"

"မအားဘူးကိုကို၊ ဟိုလေ. ."

"အားအောင်လုပ်ထားကွာ၊ ကိုကိုက မင်းထက်အလုပ်များတယ်၊ ဒါ အမိန့်ပဲ"

ဒုက္ခပါပဲ၊ နေရင်းထိုင်ရင်း ကပ်ကြီးသုံးပါးနှင့်တိုးနေပါချေပြီ။ ကိုကို့ကိုစွဲလန်းနှစ်လိုပေမယ့် ဒီလိုမျိုးကြီးတော့ ဘေဘီမလိုက်ချင်။ ကိုကို့နှင့်ဘေဘီဟာ ချစ်သူတွေလည်းမဟုတ်ဘဲနှင့်။

"အဟမ်း. ."

အနားသို့ရောက်လာသည့်ရဲသျှီးကြောင့် သူမတို့စကား

ပြတ်သွားရသည်။ ကို◌ို◌ဆုပ်ထားသောလက်ကို ဘေဘီရုန်းပေဖယ် သူကမလွှတ်ပါ၊ သူမ စိတ်ညစ်ရပါသည်။

ကိုကိုနှင့်တွေ့တိုင်း ရင်မှာပျော်တာတစ်ဝက်၊ စိတ်ညစ်တာကတစ်ဝက်၊ သူ့ကိုမယုံ၊ သံသယတွေရင်မှာအပြည့်၊

ကိုကိုက သူမ၏လက်ကလေးကို ဆုပ်ရုံတင်မက ဖျစ်ညစ်နေလျှင် ဘေဘီငိုချင်နေမိသည်။

မကျီစားပါနဲ့ကိုကိုရယ်၊ ဘေဘီက ဆိတ်ကလေးပါ၊

ဆင်ကျီစားရာ ဆိတ်မခံနိုင်တဲ့၊ ကိုကိုက ခုံနံပါတ်အတိုင်းနေရာချပေးလျှင် ဘေဘီက ရှေ့ဆုံးအစွန်မှာထိုင်ရသည်၊ ရဲသိန်းက သူမ၏ဘေးမှာဖြစ်သည်၊

"ကိုကိုဆိုပြီးရင် လာနှုတ်ဆက်နော်"

"ဟင့်အင်း . . ရှက်တယ်"

"ရှက်လို့သာပဲ"

ဒါကတော့ ရဲသိန်း၏ဝင်ရောက်ထိုးနှက်ချက်ဖြစ်သည်၊ သူ့ရုပ်က စူပုပ်ထန်တင်းနေ၏။ ကိုကို စင်နောက်ဘက်သို့ဝင်သွားလျှင် ရဲသိန်းက ဘေဘီနှင့်နေရာပြောင်းထိုင်သည်၊

"သိပ်ကဲမနေနဲ့ နင့်ကို လူတိုင်းမှာစိုးလို့သိလား၊ နင့်အကောင်ဆံပင်ဘယ်နှစ်ချောင်းကအစ မြင်ရတယ်"

ဘေဘီငြိမ်နေလိုက်ရသည်၊ ဇာတ်လမ်းအရဆို သူကအစ်ကိုတစ်ဝမ်းကွဲကြီးလေ။

သူမနှင့်ရဲသိန်းတို့ တစ်ယောက်နှင့်တစ်ယောက် စကားမပြောကြဘဲ ရန်စောင်နေကြစဉ် တီးဝိုင်းစတင်သည်၊





စတိတ်ရှိုးပရိသတ်ကလည်း လှုပ်လှုပ်ခတ်ခတ်၊ သွေးဆူလွယ်ကြသည်၊ စင်ပေါ်နှင့်စင်အောက် သံပြိုင်ဆိုကြ၊ ကကြ။

နာမည်ကြီးအဆိုတော်တွေများသည်မို့ အားပေးလိုက်ကြတာလည်း ဝက်ဝက်ကွဲ၊

ကိုကို့အလှည့်ကျတော့ ဘေဘီ့ရင်ခုန်သံတွေက ဒိုင်းဒိုင်း၊ လူငယ်တော်တော်များများလည်း ခရေစီဖြစ်ပုံရပါသည်၊ အားလုံးပဲလှုပ်လှုပ်ခတ်ခတ်။

အို . . ကိုကို တော်တော်ချောင်မြင်ပြီပဲနော်၊ ဂစ်တာကိုကိုယ်တိုင်လွယ်ပြီး တီးခတ်ရင်း သူ၏နာမည်ကျော်သီချင်းများကို သီဆိုလျှင် ဘေဘီ၏ရှေ့နောက်ဝဲယာမှကောင်လေး၊ ကောင်မလေးများပါ မတ်တပ်ရပ်လက်မြှောက်ပြီး လိုက်ဆော်ဆိုကြသည်။

ဘေဘီ့မှာ ကြည်နူးရှက်ရွံ့အပြုံးနှင့် ကိုကို့အတွက် ဝမ်းသာမိ၏။

"အား . ."

အရေးထဲ ရဲသိန်းဆွဲဆိတ်သဖြင့် အော်ရသေး၏။

"မျက်နှာပိုးသတ်စမ်းပါ၊ ပါးစပ်ကိုပြနေတာပဲ"

သူ့အပြောကြောင့် စိတ်မဆိုးနိုင်ဘဲ ဘေဘီမှာ ပါးစပ်ကိုလက်နှင့်ပိတ်ပြီး တခစ်ခစ်ရယ်မိ၏။

ငါပျော်လွန်းလို့ပါရဲသိန်းရယ်၊ မိုးကောင်းကင်မှာ နေတစ်စင်းထွန်းလင်းတောက်ပသလို သူတောက်ပပါစေ။

ငါဝမ်းသာလို့ပါ၊ စင်အောက်မှ ပွဲတောင်းမှုကြောင့် ကိုကို

ခမျာ တစ်ပုဒ်ပြီးတစ်ပုဒ် ဆက်ဆက်သီဆိုရသည်။ တို့. . အဖြူရောင်ဝတ်စုံတစ်ခုလုံး ချွေးများရွှဲလျက်ပါလား။

ကိုကို့မျက်ဝန်းတွေ ဘောဘီ့ကိုချည်းရှာဖွေတွယ်ငြိနေလျှင် သူမမှာ ရှက်လည်းရှက်၊ ကြည်နူးလိုက်တာလည်း ပြောမပြတတ်အောင်ပင်။

တို့. . ကြံကြံဖန်ဖန်။ ဘောဘီပေးသည့်နှင်းဆီလေးကို သူ့ညာဘက်ရင်ဘတ်နားမှာ ထိုးစိုက်ထားလို့ပါလား။

ကိုကို့ကိုကြည့်ပြီး ဘောဘီ ပေါ့ပါးရွှင်မြူးနေမိသည်မှာ လူတစ်ကိုယ်လုံး တိမ်ဂွမ်းစိုင်နှယ်။

ကိုကိုဟာ သိပ်ချစ်ဖို့ကောင်းတာပဲ။

ကိုကို့အလှည့်ပြီးလျှင် ရဲသျှိုးက ပြန်ဖို့ပြင်သည်။

"ကိုကို့ကိုနှုတ်ဆက်ချင်သေးတယ်"

"မကဲနဲ့ဘောဘီ၊ တော်ပြီ၊ အချိန်မရှိတော့ဘူး"

ရဲသျှိုး၏မျက်နှာက အလွန်အမင်းလေးနက်တည်ကြည်နေလျှင် ဘောဘီ စောဒကမတက်ရဲတော့ပါ။

ဘောဘီ ကိုယ့်အပျော်တွေကိုအရိုက်အုပ်ပြီး ရဲသျှိုးဆွဲခေါ်ရာနောက်သို့ သမင်လည်ပြန်ပါလာခဲ့ရသည်။

ကိုကို့ကို နှုတ်မဆက်ခဲ့ရဘူး။ သူ ဘောဘီ့ကိုများရှာဖွေနေသလား။ အိုလေ. . သူ့အနားမှာ ကောင်မလေးတွေလည်းဝိုင်းလို့ပါ။

မတင်မကျ၊ မကျေမနပ်အတွေးများဖြင့် ရင်ထဲမှာလွမ်းလည်းလွမ်းပါသည်။



အိမ်ရောက်တော့ ဖေဖေက တံခါးစောင့်ဖွင့်ပေးပြီး ရှုတည်တည်မျက်နှာထားကြီးဖြင့် ဘောဘီ့ကိုကြည့်သည်။

ဟုတ်တာပေါ့။ ဘယ်လိုအဖေမျိုးပဲဖြစ်ဖြစ် ကိုယ့်သားသမီးကိုတော့ ဝိုင်းကောင်းကျောက်ဖိ၊ စင်းလုံးချောလေးဖြစ်နေစေချင်မှာ အမှန်။

# အခန်း(၁၅)

မြို့ထဲ နေရာတော်တော်များများမှာ ကိုကို့သီချင်းသံလေးတွေကြားနေရတော့ ဘေဘီအလွန်ပျော်ပါသည်။

မဂ္ဂဇင်းတွေ၊ ဂျာနယ်တွေထဲမှာ သူ့အင်တာဗျူး၊ သူ့သတင်းလေးတွေ တွေ့နေရတော့လည်း ဘေဘီမှာ ကိုယ်တောင်မြင်နေသည့်နှယ်။

သို့သော် ကိုကိုက မိုးတိမ်တစ်ခုလို အမြင့်သို့တက်သွားလေလေ မြေပြင်မှသူမနှင့် ဝေးကွာသွားလေလေဆိုတာကိုတွေးမိပြန်တော့ အလွန်အမင်းဆွေးလျသွားမိပြန်သည်။

အောင်မြင်သူအတော်များများဟာ ဘဝမေ့ကြ၊ သူငယ်ချင်းတွေကိုမေ့ကြ၊ ချစ်သူတွေကိုမေ့တတ်ကြပါသည်။

သည်ကြားထဲ ကိုကိုနှင့်သူမက ဘာမှလည်းမဟုတ်သေး။ သူငယ်ချင်းတွေပြောကြသည့် အိစီကလီ။





ချစ်သူဆိုတာဘာလဲ။

ထိုသို့တွေးမိလျှင် ဘေဘီဝမ်းနည်းရှက်ရွံ့ရပြန်သည်။ သူမနှင့်ကိုကိုသည် ဘာဆိုဘာမှလည်း မဟုတ်သေးပါ၊

ချစ်သူတော်ခွင့်ရအောင်လည်း ဘေဘီမကြိုးစားလိုပါ။ မိုးပေါ်ကလမင်းကို ရင်ခွင်ထဲဘယ်လိုပိုက်တွေးထားလို့ရမည်တဲ့လဲ။

ပြီးတော့ ဖန်တီးရယူသည့်ကြိုးထက် အလိုအလျောက်ဖြစ်တည်သည့်ကြိုးကသာ ပိုပြီးခိုင်မြဲတော့မှာပေါ့။

ဘေဘီ မပိုက်ပဲလိုပါ။ လူတကာ တမ်းတ၊ လိုချင်တပ်မက်သည့်ငွေလကို ကိုယ်ကလိုချင်လျှင် မိုက်မဲသူပဲဖြစ်မှာပေါ့။

မဆုံစည်းနိုင်သည့်အကြောင်းကို နားလည်နေကာမျှနှင့် ဘေဘီ့ရင်ဘတ်တစ်ခုလုံး အဆက်မပြတ်နာကျင်စူးရှနေရတာကလည်း ရင်ကွဲနာကျတော့မည်မတတ်။

စိုးမိုးလိုက်တာကိုကိုရယ်။

"လာမယ့်ဆန်းဒေးမှာ မနက်(၈)နာရီလာခေါ်မယ်"တဲ့၊ ကိုကို့စကားသံလေးကို ကြားယောင်ရင်း ဘေဘီ့မှာ မျက်ရည်ရိပ်တို့ပြည့်သိပ်နေရမြဲ။

ပြန်မတွေ့ဖြစ်ကြရင်အကောင်းသားကိုကိုရယ်။ တင်တာဗျူးတစ်ခုမှာ ကိုကို့အကြောင်းဖတ်ရတော့ ဖျတ်ကနဲတုန်လှုပ်ဝမ်းသာမှုဟာ ဘေဘီ့ကို ကျဆုံးမှုတစ်ခုသို့ပဲ ဦးတည်သွားခဲ့ပေပြီ၊

ယခုတော့ ဆုပ်လည်းစူး၊ စားလည်းရှူးပါပဲ၊ အိုလေ. .

သူက နိုင်ငံကျော်ကြီးပါ၊ မတွေ့တာကြာရင် သူမေ့သွားတော့မှာပါ၊ တွေးမိပြန်တော့ မျက်ရည်စမ်းက မခမ်းနိုင်အောင်၊ သူမေ့သွားမှာလည်း ဘောဘီမခံနိုင်ပါ၊

ဒီမနက် ဘောဘီ စာနှစ်ချိန်သင်ရသည်၊ နေ့လည်မှာ ကွန်ပျူတာသင်တန်းရှိသည်၊ အင်္ဂလိပ်စကားပြောသင်တန်းကတော့ တစ်ပတ်မှာ(၄)ရက်၊ ဘောဘီ့အချိန်ဇယားအားလုံးကို ရဲသျှိုးက သေသေချာချာစီစဉ်ပေးထားသည်၊

အနားရသည့်အချိန်ကလေးမှာ ဘယ်မှမသွားတော့ဘဲ အပေါ်ထပ်ရှိစာသင်ခန်းများဘေး နားနေခန်းမှာပဲ ထမင်းစားဖို့ပြင်လိုက်သည်၊

စတိတ်ရှိုးမှပြန်လာကတည်းက ဘောဘီ ရဲသျှိုးတို့အိမ်မှာ ထမင်းမစားတော့ပါ၊ ကိုယ့်ထမင်းချိုင့်နှင့်ကိုယ် ကြိုးစားပြီးယူလာသည်၊

လူတစ်ယောက်ဟာ လူတစ်ယောက်အပေါ် ကိုယ့်ရဲ့ဝန်တာတွေခွဲဝေပေးသင့်သလား၊ ရဲသျှိုးမျက်နှာမကောင်းပေမယ့် ဘောဘီကတော့ ယခုချိန်မှစပြီး တတ်နိုင်သရွေ့ ကိုယ့်အားကိုယ်ကိုးတော့မည်၊

ကိုကို့ထံမှ အဆက်အသွယ်မှမရတာလည်း (၄)ရက်ရှိပေပြီ၊ ကိုကို သူမကိုမေ့သွားပြီလား၊

ဟို. . ကိုကို့အနားမှာ ဘောဘီတွေ၊ ကောင်မလေးတွေအများကြီးရှိနေတာပါလေ၊

ကိုကိုသီချင်းဆိုပြီး စင်အောက်ဆင်းလာတော့ ကောင်



မလေးတွေဝိုင်းနေတာ၊ နှုတ်ဆက်ကြတာ၊ အားပေးကြတာတွေ ဘောဘီမြင်ယောင်နေမိပြန်သည်၊

ဝမ်းသာပေမယ့် ရင်နင့်ရတာလည်းအမှန်၊ နှစ်ဆင့်ချိုင့်လေးကို ဘောဘီဖြုတ်ချလိုက်သည်၊ စားပွဲပေါ်မှာ ထမင်းတစ်ချိုင့်၊ ငါးခူကုလားဟင်းကတစ်ချိုင့်နှင့် ဝေါင်စင်းစင်း၊

ထမင်းစားဖို့ ဇွန်းနှင့်စတင်ခပ်လိုက်လျှင် ဘောဘီ့မျက်ရည်တစ်ပေါက်က ထမင်းပေါ်သို့ တောက်ကနဲပြုတ်ကျသွားတော့သည်၊

ဘောဘီ ယခုလို တစ်ခါမှမခံစားဖူးပါ၊ ရွာတော့မည့်ကောင်းကင်ကြီးလို ရာသီတိုင်း အုံ့မှိုင်းကြေကွဲနေရတာ အချစ်တဲ့လား၊

မျက်ရည်ဆမ်းသောထမင်းကို သူမငေးကြည့်နေစဉ်. .

"ဘောဘီ. ."

ရှပ်ကနဲဝင်လာသည့်အရိပ်၊ ရဲသျှိုးနှင့်မဆုံဖြစ်တာလည်း (၄)ရက်ပါပဲ၊ သူကလည်း အလုပ်များသည်လေ၊

"ဆောရီးကွာ. . ဘောဘီ့ကိုပစ်ထားသလိုဖြစ်နေတယ်၊ ကိုယ့်ကို လောဘကြီးလိုက်တာလို့မထင်ဘူးလားဟင်၊ တကယ်က ကိုယ့်ကိုယ်ကို ညည်းဆဲနေတာ၊ စာသင်ဝိုင်းတွေ၊ ကျူရှင်တွေနဲ့ အချိန်ပြည့်မအားရအောင် စီစဉ်ထားတာ"

"ကိုယ်ဟာ အပြစ်သားတစ်ယောက်ပဲ၊ ကိုယ့်ကိုယ်ကိုဒဏ်ခတ်နေတာ၊ ကိုယ့်ကိုယ်ကို ကျိန်စာတိုက်နေတာ၊ ကိုယ့်ကိုခွင့်လွှတ်နော်ဘောဘီ"

Book Sharing

Scanned by CamScanner

စိတ်သဘောထားဖြူစင်လှသည့် ရဲသျှိုးပါပင်။ သူ့ကို အတိုက်အခံပြုပြီး ဘေဘီရှောင်နေတာကိုမသိ။ သူကပင် ဦးဆောင်တောင်းပန်နေသည်။

အင်းလေ. . သူဒီလိုတွေးတော့လည်း ကောင်းတာပါပဲ၊

"လာ. . ဘေဘီ. . ငါ ဒီနေ့ နာရီဝက်အချိန်ရသေးတယ်၊ တို့ ထမင်းအတူစားရအောင်နော်"

"ကျွန်မမှာ ထမင်းပါပါတယ်၊ ကိုယ့်ထမင်းပဲ ကိုယ်စားမယ်"

"ကိုယ်မြင်ပါတယ်ညီမလေးရယ်၊ မင်းထမင်းကို ကိုယ်စားမယ်လေ၊ ဒါမှ ဘဝမှာ ဘယ်တော့မှအသည်းမကွဲရတော့အောင်"

ဘုရားရေ. . ဘေဘီ့ထမင်းထဲ မျက်ရည်တောက်ကနဲကျသွားတာ သူမြင်သွားသလား။ ဘေဘီ ငြင်းဆိုဖို့စိတ်ကူးစဉ်. .

"လာပါဘေဘီ၊ ကိုယ် ဆွဲလား၊ လွဲလားတွေမလုပ်ချင်ဘူး၊ အသာတကြည်ပဲလိုက်ခဲ့ပါ၊ ဒီရက်အတွင်း ဘေဘီပိန်သွားတယ် ဘာလဲ. . ရည်းစားက ပစ်ထားလို့လား၊ သူ့ခမျာ စာတွေမနားမနေသင်နေရလို့ပါကွယ်၊ ခွင့်လွှတ်လိုက်ပါ"

သူ့စကားက အတည်လား၊ နောက်နေတာလား။ ရဲသျှိုးက ဒီလိုပဲ ဗလွတ်ရွတ်တပြောနေကျမို့ ခွဲယူလို့မရပါ။ သို့သော် ခုလိုအချိန်မှာ ဘေဘီကလည်း ယင်နားတာတောင်ခံချင်တာ မဟုတ်။





လှေကားအဆင်းမှာ သူကစောင့်ခေါ်နေသည်။ သူ့လက်ထဲမှာလည်း ဘေဘီ့ထမင်းချိုင့်။

"ခုခေတ်ကောင်မလေးတွေက ယုံရတာမဟုတ်ဘူး၊ မီးဝေးချိတ်လိုပဲ၊ (၄)ရက်လောက်ပစ်ထားမိရင် နောက်တစ်ယောက်ကို စိတ်ကူးတော့တာ"

ရဲသျှိုးစကားက ဘယ်လိုကြီးလဲ။ သူ့မှာ တစ်ခြားကောင်မလေးတွေရှိသလား။ ဘေဘီစိတ်မဝင်စားလို့မသိပါ။

နှုတ်ခမ်းမွှေးရေးရေး၊ နှုတ်ခမ်းတင်းတင်း၊ မျက်နှာခပ်ထန်ထန်၊ ခပ်မိမိနှင့် မွန်ရည်သောလူငယ်တစ်ယောက်မို့ ရဲသျှိုးသည် ကောင်မလေးတွေစိတ်ကူးယဉ်စရာ။ သို့သော် ထိုအထဲမှာ ဘေဘီမပါ။ လူဆိုတာ ကိုယ့်ရောဂါနှင့်ကိုယ်။

ထမင်းစားခန်းထဲရောက်တော့ သူနှင့်မျက်နှာချင်းဆိုင်မှာ ထိုင်ရသည်။

"ကိုယ် ဒီနေ့ ဘေဘီ့အတွက်ဆိုပြီး ပုဇွန်ထုပ်မီးဖုတ်ထားတယ်၊ နေဦး. . သံပုရာရည်ဆမ်းပေးမယ်"

အရင်နေ့များက သူပြန်လာလျှင် ဘေဘီက ထမင်းစားပြီး ကိုယ့်အခန်းထဲမှာအိပ်ချင်ယောင်ဆောင်နေမြဲ။

"စား. . ပုဇွန်ထုပ်မီးဖုတ်နဲ့၊ ခရမ်းချဉ်သီးသုပ်ကို များများစား၊ အားရှိတယ်၊ ကြက်သားကြော်လည်းစားဦး"

ဘေဘီ့ပန်းကန်ထဲသို့ ဟင်းများခပ်ထည့်ပေးပြီးလျှင် သူကတော့ ဘေဘီချက်သည့်ငါးခူကုလားဟင်းကိုသာ စားလေ၏။

"အား. . ဘေဘီ့ဟင်းက ကောင်းလိုက်တာကွာ၊ ဒါကြောင့် တစ်ယောက်တည်းကြိတ်စားနေတာမဟုတ်လား၊ အကြောပေါင်း

တစ်ထောင်ကို စိမ့်သွားတာပဲ၊ ဒီလိုသာစားနေရလို့ကတော့ တစ်သက်မကဘူး၊ ဆယ်သက်၊ ဆယ်ကမ္ဘာ၊ ဆယ်သံသရာတောင် စားလိုက်ဦးမယ်"

ဘေဘီမျက်စောင်းထိုးတော့ ရဲသျှိုးက ပြုံးပြုံးပါပင်။

"ဟင်းတွေများများစား၊ ဘေဘီ့ကြည့်ရတာ အားနည်းနေတယ်၊ စိတ်တွေမရှုပ်ထွေးနဲ့နော်ညီမလေး၊ ယောကျ်ားဆိုတာ အချိန်တန်ရင် တစ်ယောက်တော့ရပါတယ်ကွာ၊ ဘေဘီ့အနားမှာ အမြဲအဆင်သင့်ပါ၊ ရည်းစားတွေဘာတွေထားမနေနဲ့၊ ဦးနှောက်စားတယ်၊ လူကြီးပေးစားတာပဲယူ"

ပြောရင်း သူဖောက်လာပြန်တော့ ဘေဘီ သူ့ကိုမော့ကြည့်မနေတော့ပါ။ ဘာပဲပြောပြော ရဲသျှိုးချက်သည့်ဟင်းတွေ၊ ထမင်းတွေကလည်း စားလို့ကောင်းပါသည်။ သူကလည်း ဘေဘီ့ငါးဟင်းကို ချိုင့်ပါမကျန် အကုန်စားလေ၏။

"ထမင်းစားပြီးရင် ရွှေငှက်ပျောသီးတစ်လုံးစား၊ ပန်းသီးတော့ ကိုယ့်ဖို့တစ်ဝက်ချန်ထားနော်"

"ကိုယ်. . "

သူတဖွဖွပြောနေသည့် ကိုယ်ဆိုသည့်နာမ်စားကြောင့် ဘေဘီ သတိထားမိသွားသည်။

"ညီမလေးရယ်. . မင်းထက် (၄)နှစ်ကြီးများတောင်ကြီးတာပါကွာ၊ နည်းနည်းပြစ်ပြစ် ရှိသေစမ်းပါဦး"

မည်သို့ပင်ဆိုစေ ရဲသျှိုးသည် ဘေဘီ့အပေါ်မှာ ထာဝစဉ်စေတနာထားခဲ့သူပါပင်။

# အခန်း(၁၆)

ဝီနေ့ တနင်္ဂနွေနေ့။

ကိုကိုချိန်းတဲ့တနင်္ဂနွေ။ ညကတည်းက ဒွိဟစိတ်များဖြင့် ဘေဘီ တစ်ညလုံးအိပ်မရခဲ့။ ကိုကိုဟာ ဘေဘီ့ကို ဘယ်လိုသဘောထားသလဲ။ ကိုကို ဘေဘီ့ကို တစားနေတာပါ။

နာမည်ကျော်အဆိုတော်တစ်ယောက်ရဲ့ ပတ်ဝန်းကျင်မှာ ဝိုင်းဝိုင်းလည်နေသည့်လိပ်ပြာမယ်လေးတစ်ယောက်လို့ ကိုကို သဘောထားမှာပါ။

ရင်ထဲမှာနာကျင်ကြေမြည်ရပေမယ့် ဘေဘီ ကိုကို့ကို ရှောင်နေလိုက်တော့မည်။

ကိုကိုလမင်းကြီးရေ. . ငွေလကို ရင်မှာပွေ့ပိုက်လိုတဲ့အရှုံအမိုက်တစ်ယောက်ဘဝနဲ့ ဘေဘီ ကြိုတင်ပြီးအသည်းကွဲနေပါပြီ၊ ဘယ်တော့မှ မဆုံကြရတော့မှာကို ကြိုတင်သိပြီး ဘေဘီ အသည်းကွဲနေရပါပြီ။

ဒါပေမယ့်လေ. . ဘေဘီ အသည်းပဲကွဲပါရစေ၊

ဘဝတွေ၊ အရှက်တွေ မကွဲပါရစေနဲ့တော့။

ဘေဘီ ကိုကို့ကို အတွေ့မခံလိုတော့ပါ။ တိုင်ပင်စရာ မိခင်၊ ညီအစ်မမရှိပေမယ့် ဘေဘီ ကိုယ့်ဦးနှောက်ကလေးဖြင့် စဉ်းစားကျားကန်နေရပါသည်။

မနက်(၈)နာရီမှာလာခေါ်မယ်. . တဲ့။ ကိုကို့မှာခြွေစကား လေးတွေက ဘေဘီ့နားထဲမှာတရစ်ဝဲဝဲ။

ဘေဘီ ဒီနေ့ ဘာမှလုပ်လို့ရမည်မဟုတ်တော့။ ရဲသျှိုးထဲ ခွင့်တောင်းပြီး အိမ်ထဲမှာပဲပုန်းအောင်းနေတော့မည်။

ကိုယ့်ကိုယ့်ကြည်စိတ်ချသည့်ဖခင်ရဲ့မေတ္တာကို ဘေဘီ အလွဲသုံးစားမလုပ်တော့ပါ။ လက်ရဲဇက်ရဲနိုင်သည့်ကိုကို့ကိုလည်း ဘယ်လောက်ပင်ချစ်ချစ် ဘေဘီ ပုံမအပ်နိုင်ပါ။

ကိုကိုနဲ့လိုက်မသွားတော့ဖို့ သူမ ကြေကွဲစွာဆုံးဖြတ်မိ သည်။ ကိုကို့အကြောင်းကို ဘေဘီသေသေချာချာမသိ၊ ကိုကို ဟာ လူလည်ကြီးလား၊ မိန်းကလေးငယ်တို့ကို ဖျက်ဆီးတတ် သလား၊ သူမ ကိုကို့ကိုကြောက်ပါသည်။ ချစ်တာလည်း အရမ်း ချစ်ပါသည်လေ။

ဖေဖေထွက်သွားပြီးတော့ ဘေဘီ နာရီကြည့်လိုက်သည်။ (၈)နာရီထိုးတော့မည်။

တံခါးကို အပြင်မှသော့ခတ်ပိတ်ပြီး ဖွင့်ထားသောပြတင်း မှ အခန်းထဲသို့ပြန်ဝင်ရသည်။

နှလုံးသား၏အလိုကို ဆန့်ကျင်ရခြင်းသည် လွန်စွာပင်ပန်း





လှပေသည်။ တံခါးတွေအားလုံးပိတ်ပြီး လူမရှိသည့်ပုံစံမျိုးဖန်တီး ထားပေမယ့် ကိုကိုဘယ်လိုဖြစ်သွားမလဲဆိုတာတော့ ဘေဘီ သိချင်ပါသည်။

မှန်အနောက်တပ်ထားသည့်ပြတင်းမှ ဘေဘီချောင်းကြည့် မည်။ ပြတင်းတံခါးမှာ အိမ်မြှောင်လိုကပ်နေမိရင်း ဘေဘီ မျက် ရည်တွေကျနေမိသည်။ ကိုကိုကတော့ အလကားတောင်မလေး လို့ ထင်သွားမှာပဲ၊ မုန်းသွားမှာပဲ။

ကိုကိုမုန်းမှာ ဘေဘီခံနိုင်လို့လား။ အတွေးထဲမှာ ခေါင်းခါ နေမိပေမယ့် သူမ ခေါင်းမာနေလိုက်သည်။

သူ့ခမျာ အလုပ်တွေအရမ်းများနေသည့်ကြားက လာ ခေါ်ရရှာတာ။ အတွေးများဖြင့် ဘေဘီ့ရင်တွေဗလောင်ဆူနေဆဲ။

နာရီထိုးသံကြောင့် လိပ်ပြာလွင့်စင်မတတ်ခံစားရလေ သည်။ ဘေဘီ့တစ်ကိုယ်လုံး တုန်တုန်ခိုက်ခိုက်၊ သူမလုပ်တာ သင့်တော်ရဲ့လား၊ ကိုကိုမုန်းမှာ ခံနိုင်ရည်ရှိပါ့မလား။

မျက်ရည်များဖြင့် ပြတင်းအနားမှာစောင့်ရင်း တံခါးဝဆီ ရောက်လာမည့်ခြေသံကို ဘေဘီစောင့်မျှော်နေမိသည်။

သည်စဉ် အခန်းတံခါးမှတက်လာသည့်ခြေသံကို သူမ ကြားလိုက်ရသည်။ ဘေဘီ့ရင်ခုန်သံတွေ ပရမ်းပတာ၊ နှလုံးသား တစ်ခုလုံး ပွင့်ထွက်ရှန်းကန်နေပြီထင်ပါသည်။

ပြတင်းမှန်မှကြည့်လိုက်လျှင် မမြင်ရတာကြာသည့်ကိုကို့ ရုပ်သွင်က ရှင်လန်းနုပျိုလန်းဆတ်လှ၏။ တက်ကြွသောခြေလှမ်း များနှင့် ကိုကို့ချောမောလှပမှုကို မျက်ရည်များကြားမှ ဘေဘီ



Scanned by CamScanner

ငေးကြည့်နေမိသည်။ သူမမှာ စိုးရိမ်ထိတ်လန့်လျက်။ ကိုကို ဘယ်လိုဖြစ်သွားမလဲ။ တခဏ်ပင် အသက်ရှုရပ်တော့မတတ်။

ပိတ်ထားသောတံခါးကြီးကို မြင်လိုက်သည့်တခဏ ကိုကို့ ရင်သွင်က ရုတ်ချည်းတိုစာသွားခဲ့သည်။

သဲကန္တာရအထပ်ထပ်ကို ဖြတ်ကျော်လာခဲ့ရသည့်လူတစ်ဦးနှယ်၊ ညိုးနွမ်းပျက်ယွင်း၊ ပြိုကျသွားသည့်ကိုကို့အသွင်က လေးနက်တည်ကြည်နေလျှင် ဘေဘီ ဆောက်တည်ရာမရဖြစ် သွားရ၏။

ကိုကိုကတော့ အောက်သို့ပြန်ဆင်းသွားချေပြီ။

"ကိုကို. . "

ရင်ထဲမှာပဲ့တင်သံတွေ ဆူညံတုန်ဟည်းသွားသော်လည်း ဘေဘီ ဇာကိုသာတင်းတင်းကြိတ်ထားခဲ့ပါသည်။

ထွက်ခွာသွားသည့်ကိုကို့ကားသံကိုနားထောင်ပြီး နေရာမှာပင် ဘေဘီအရုပ်ကြိုးပြတ်ဖြစ်သွားမိပါသည်။



# အခန်း(၁၇)

ဘဝဆိုး၊၊ အချစ်တစ်ခုတည်းနဲ့ တည်ဆောက်ထားသည့် နန်းတော်ကြီးမဟုတ်ပါ။ လူဆိုတာလည်း နှလုံးသားသက်သက် နှင့်သာ ဖွဲ့စည်းတည်ထောင်ထားသည်မဟုတ်။

ဆင်ခြင်တုံတရားတွေ၊ ဥပေက္ခာတရားတွေ၊ မေတ္တာ၊ ဂရုဏာ၊ မုဒိတာတွေ အချိုးညီမှ၊ လူမှ လူ။

မင်းကို ကိုယ်ချစ်တာမသိဘူးလားဘေဘီရယ်။ ရဲသိုးဟာ ဘေဘီ့ကို ကလေးအရွယ်ထဲက အရိပ်တကြည့်ကြည့်နဲ့ မြူစင်ခွာကြင်နာခဲ့သူပါ။

ယခုတော့ သူ့အကြင်နာတွေသည် မိုးကိုပင် ထိလုမတတ် ဖြစ်နေရပေပြီ။ နေ့ရောညပါ စာသင်ဝိုင်းတွေ၊ ကျူရှင်တွေနှင့် မအားလပ်ရသည့်သူ့ကို ဘေဘီကတော့ လောဘတိုးကြီးရယ်လို့ ကွယ်ရာမှာပြုံးချင်၊ လှောင်ချင်နေလိမ့်မည်။

တကယ်တော့ သူ့ရင်ထဲမှအချစ်စိတ်တွေကို သူတတ်နိုင်သလို အလုပ်နှင့်ကုစားနေခြင်းပါပဲ။ သူ့ကို ဘေဘီ ခုတလော ရှောင်ဖယ်စိမ်းကားလှသည်။

ဘောဘီ သူ့ကိုစိတ်ကောက်နေတာမဟုတ်။ ဘောဘီက ရဲသျှိုးဆိုတာကို ဘယ်တုန်းကမှစာရင်းသွင်းသူမဟုတ်။

ဘောဘီခံစားနေရတာ 'ဓားစက်မိုး'ဆိုသည့်အဆိုတော် ကြောင့်ဖြစ်ကြောင်း ရဲသျှိုးကောင်းကောင်းသိပါသည်။

ဲဘောဘီရယ်. .

နင့်ကိုငါလိုက်ပြီးစောင့်ရှောက်နေရတာ ပွဲဖျက်ချင်လို့ မဟုတ်ပါဘူး။ ငါ့စိတ်ဓာတ်ဟာ ဒီလောက်အောက်တန်းမကျ ပါဘူး။ ဒါပေမယ့် နာမည်ကြီးတွေနောက်ကို တရုန်းရုန်းလိုက်အုံ တတ်တဲ့ 'ယင်'မလေးတစ်ကောင်အဖြစ် နင်အကောင်ကမြင်သွား မှာစိုးလို့ ငါလိုက်စောင့်ရှောက်ပေးနေတာပါ။

တကယ်လို့ မင်း သူ့ကို သိပ်ချစ်တယ်ဆိုရင်လည်း သိက္ခာ ရှိရှိချစ်စမ်းပါ။ ကိုယ်တားဆီးနေတာ ဘောဘီ နည်းလမ်းငွေ့ကွဲ ချော်သွားမှာစိုးလို့ပါ။

ကိုယ်သိပ်ချစ်မိနေတဲ့ချစ်သူလေးက အခြားသူကိုတန်းတန်း စွဲနေတာမြင်ရတော့ ကိုယ့်နှလုံးသားတွေ ကွဲကြေခံစားရပါတယ်။

အပြစ်မတင်ပါ၊ ငြိုးမာန်မဖွဲ့ပါဘောဘီ။ နှလုံးသားဆိုတာ ကျက်စားချင်တဲ့အရပ်မှာ ကျက်စားတတ်တဲ့အရာပါ။

ဒါပေမယ့် နှလုံးသားဆိုတာ လွှတ်မပေးလိုက်ရဘူးဘောဘီ။ မြင်းဆိုးတစ်ကောင်ကို ဇက်နိုင်အောင်ကိုင်သလိုပဲ ကိုယ့်ဘာဝကိုယ် ထိန်းချုပ်၊ ဖန်တီးနိုင်စွမ်းရှိရမယ်။

မင်းကိုပြောပြချင်လိုက်တာဘောဘီရယ်။ မင်းကတော့ ကိုယ် ကလီကမာတွေများနေတာလို့ပဲ ထင်လိုက်မှာပါ။



ယခုထိ ရဲသျှိုး တစ်မှေးမှအိပ်လို့မရသေးပါ။ မိုးလင်းတော့ မှာပါလား။ ညဆယ်နာရီထိ ကားတစ်စင်းနှင့် စာသင်ဝိုင်းတွေ မှာ လှည့်ပတ်တာဝန်ယူနေခဲ့ရသည်။

ယခုအချိန်ဆိုရင် ဘောဘီဘာလုပ်နေမလဲ။ သူကလေး အိပ်ပျော်နေပြီလား။ မျက်နှာချင်းမဆိုင်ရတာလည်း ကြာပေါ့။

သူကလေး ခြေလှမ်းတွေမှန်ရဲ့လား။ ဘာတွေများလုပ်နေ သလဲ။ တကယ်က မိန်းကလေးတစ်ယောက်ကို ပြုပြင်ထိန်းသိမ်း ရတာ လွယ်ကူသည်တော့မဟုတ်ပါ။ သူတို့မှာ ထွက်ပေါက်တွေ အများကြီး။ ရှေးရှေးတုန်းကလို အိမ်ထဲမှာသိမ်းဆည်းထားလို့ မရပါ။

ကိုယ်တိုင်ထိန်းမှသာရပေမည်။ ဘာပဲဖြစ်ဖြစ် သူ့ဘောဘီ လေးသည် အသိဉာဏ်ရှိသည်ဟု သူကောင်းစွာယုံကြည်ပါသည်။

အိပ်မပျော်လွန်းသည်မို့ ရဲသျှိုး အိပ်ယာမှထပြီး ရေတစ် ခွက်ငှဲ့သောက်လိုက်သည်။ သူ့စားပွဲပေါ်မှာ မုန့်တွေရှိသည်။ ညလယ်မှာဆာတတ်သည့်သူ့အတွက် မေမေ့အစီအစဉ်။

"သားလေး. . အလုပ်တွေလျှော့ဦးနော်၊ သားအရမ်းပိန် သွားတယ်၊ မေမေတို့ရှာထားတာပဲ သားလေးတစ်သက်စားမကုန် ပါဘူးကွယ်၊ ကြေနွ ငါ့သားလေး မိန်းမယူတော့မလို့ထင်တယ်၊ ဒီလောက်အပင်ပန်းမခံပါနဲ့ကွယ်၊ ပုံမှန်ပဲလုပ်ပါ"

သူပိန်သွားတယ်တဲ့။ မေမေက စိုးရိမ်စွာပြောတော့ ရဲသျှိုး ရင်ထဲ နင့်ကနဲဖြစ်ရသည်။ ဘောဘီရယ်. . မင်းကတော့ ကိုယ့်ကို သတိထားမိမှာမဟုတ်ဘူးနော်။

Book Sharing

Scanned by CamScanner

ညဦးပိုင်းကတော့ မေမေ သူ့အခန်းထဲသို့ဝင်လာသေးသည်။ ရဲသျှုံးမှာ အိပ်ယာပေါ်ပိုးလိုးပက်လက်မို့ မေမေ့ကို ထထိုင်ကြိုဆိုဖို့ဖြင်သည်။

"နေ. . နေ. . သားကြီး၊ ငါ့သားလည်းပင်ပန်းလိုက်တာ၊ လှဲနေပါ၊ သားကိုမေမေပြောစရာရှိလို့"

အိပ်ယာပေါ်သို့ မေမေကပြန်အိပ်စေသည်။ တစ်ဦးတည်းသောသားမို့ တယုတယနှင့် မေမေ့ပုံစံက ယခုအချိန်ထိ ကလေးလေးလို ရင်ခွင်ထဲပွေ့သိပ်ချင်နေသည့်ပုံစံ။

"မနက်က ဘေဘီလေး မေမေတို့ဆိုင်လာတယ်"

"ဗျာ. ."

သူထိတ်ပျာသွားသည်။ ဘေဘီ ဘာဖြစ်လို့ပါလိမ့်။ ရဲသျှုံးမှာ မည်မျှပင် ပင်ပန်းနွမ်းနယ်နေသည်ဖြစ်စေ ဘေဘီလို့ဆိုလိုက်တာနှင့် သူ့နှလုံးသွေးတို့က နိုးကြားဖျတ်လတ်နေစမြဲ။

"သူ့မိတ်ဆွေမလေးတစ်ယောက် နားကပ်ဝယ်လို့လိုက်လာတာပါ၊ သားကလည်း ဖြစ်နေလိုက်တာ၊ အဲဒါ မေမေ့ကို လာနှုတ်ဆက်တယ်၊ ဘေဘီလေးက အရမ်းချစ်ဖို့ကောင်းတာပဲကွယ်၊ မွန်မွန်ရည်ရည်လည်းရှိတယ်၊ ဥစ္စာပစ္စည်းလည်းမမက်မောတတ်ဘူး၊ သား သူ့ကိုမချစ်ဘူးလား၊ အေးဆေးတည်ငြိမ်တဲ့ပုံစံလေးကို မေမေသဘောကျတယ်"

မေးရက်လိုက်တာမေမေရယ်၊ သူဘယ်လိုဖြေရမှာတဲ့လဲ၊ ငယ်ငယ်ကလို မေမေ့ထံမှာ ခြေဆောင့်ငိုယိုပြီး တောင်းလို့ရရင်လည်းအကောင်းသား၊ ခုတော့ သူ သိပ်သည်းစွာပဲ မချိ





ပြုံးပြုံးရသည်။ ယောကျ်ားကောင်းတို့၏ မြင့်မြတ်သောအလုပ်တစ်ခုသည် မြိုသိပ်ခြင်းလည်းဖြစ်သည်။ ယောကျ်ားဖြစ်ပြီး ဟောင်ဖွာ၊ ဟောင်ဖွာသူလောက် အမြင်ကတ်တာမရှိ။

"သားတို့ချင်း ခင်ကြပါတယ်မေမေ"

"အေးကွယ်. . သားကလည်း တပိန်ပိန်၊ ကလိမ်လိမ်နဲ့ ဘေဘီလေးကြည့်တော့လည်း ခပ်ညှိုးညှိုးဆိုတော့ သားတို့ချင်းများစိတ်ကောက်နေကြသလားလို့ပါ၊ မေမေကြားဝင်ပေးရမယ်ဆိုရင်လည်းပြော"

"ဒါထက် သူ့နားလေးတစ်ဖက်အနာဖြစ်နေတာ သားကြောင့်ဆို၊ မေမေမေးတော့ ကိုရဲသျှုံးရိုက်ထားတာတဲ့၊ သူများသားသမီးကို ခြေပါလက်ပါမလုပ်ပါနဲ့သားရယ်၊ မိန်းမဘဝဆိုတာ ဒီလိုပဲ အနိုင်ကျင့်ခံရတဲ့ဘဝပါ"

"ဟာ. . မေမေ. . မဟုတ်ဘူး. . မဟုတ်ဘူး"

မေမေအထင်မှားမှာစိုးသဖြင့် ရဲသျှုံးငြင်းသော်လည်း မေမေကတော့ မရပါချေ။

"ဘာလို့မဟုတ်ရမှာလဲ၊ သားရိုက်တာမဟုတ်လား၊ နောက်မလုပ်ပါနဲ့ကွာ၊ ဘေဘီ့ခမျာ သနားစရာပါ၊ သားရဲ့အလုပ်တွေလည်း သူ့ကိုခွဲပေးလေ၊ သားလည်း သက်သာတာပေါ့၊ သူက သူ့မေမေကိုငွေပြန်ထောက်ပေးနေတာသားရဲ့၊ အရမ်းလိမ္မာတာ၊ တခြားမိန်းကလေးတွေလို အဝတ်အစားဝါသနာမပါလှဘူး"

"ဒါပေမယ့် ကြီးမေလည်းဝယ်ပေးနေတာပဲ"

သူဆင်ခြေပေးတော့ မေမေကမျက်စောင်းထိုးသည်။

"ဟဲ့. . ဝယ်ပေးလည်း မတင်းတိမ်နိုင်တဲ့မိန်းကလေးတွေ အများကြီးပါ၊ မိန်းမတွေအကြောင်း သားမသိပါဘူး"

"အဲဒါ သားတို့ချင်းများစိတ်ကောက်နေကြသလားလို့ မေမေလာမေးတာ၊ ကဲ. . ကဲ. . အိပ်၊ မေမေ စားပွဲပေါ်မှာ မုန့်တွေတင်ထားတယ်၊ ဪ. . ဒါထက် သားလေးအသက်(၂၄)နှစ် ပြည့်ပြီးပြီနော်၊ မငယ်တော့ဘူး။ မေမေ့မျက်စိထဲမှာတော့ ကလေးလေးပါပဲ၊ ဒါပေမယ့် ကိုယ့်ရင်ခွင်ထဲချည်းဆွဲသွင်းနေလို့လည်း မဖြစ်သေးဘူး၊ ကိုယ့်သားလေးစိတ်ချမ်းသာရေးလည်း ကြည့်ရဦးမယ်၊ ဘာဖြစ်ဖြစ် ပြောစရာရှိရင်ပြောပါကွယ်၊ မေမေ့ကို အားမနာနဲ့နော်သား"

ရဲသို့နဖူးလေးကိုငုံ့မွှေးပြီး မေမေက သူ့အခန်းထဲမှထွက်သွားသည်၊ မေမေ့အထင်မှာ သူတို့နှစ်ယောက်စိတ်ကောက်နေကြသည်ပေါ့။

ဘာပဲဖြစ်ဖြစ် ရဲသို့ ဘေဘီ့ကိုအရမ်းလွမ်းဆွတ်သွားမိသည်။ တစ်ဖက်သတ်အချစ်ဟာ ဆိုးဝါးလှပါတယ်ဘေဘီရယ်၊

မနက်ကျရင်တော့ ဘေဘီ့ကို တမင်တွေ့လိုက်ပါဦးမည်၊

# အခန်း(၁၈)

ရဲသို့ရဲ့ပုံမှန်အလုပ်ချိန်က မနက်(၇)နာရီမှာစတင်သည်။ သူက ဘာသာတိုင်းကို ကျွမ်းကျင်အောင်ကြိုးစားသည်။ ကလေးများဆီမှပိုက်ဆံကို ညာဝါးဖြီးဖြန်းပြီးမယူလိုဘဲ ထိုက်ထိုက်တန်တန်ပြန်ပေးလိုသူမို့ ဓားများလို ထက်သထက်ထက်အောင် သူကြိုးစားသည်။

ညက ဘယ်လောက်ပဲအိပ်ရေးပျက်ပျက် နံနက်(၆)နာရီမှာ သူထသည်။ ရေချိုးပြီး မြန်မာဝတ်စုံကိုအမြဲဝတ်သည်။ စတစ်ကော်လာအဖြူနှင့် ရခိုင်ပုဆိုးခရမ်းပြာ။

ဘေဘီပြောဖူးတာကို ရဲသို့သတိရလိုက်၏။

"နံ့ငွေ့ရုပ်က မြန်မာဆန်တာလည်းမဟုတ်ဘူး၊ နိုင်ငံခြားရုပ်နဲ့ မြန်မာဝတ်စုံဝတ်ထားသလိုကြီး"

"ငါနဲ့မလိုက်ဘူးလား၊ ကလေးတွေရဲ့ရှေ့မှာ မြန်မာပီပီ ယဉ်ကျေးစွာဝတ်ဆင်ရမယ်လေ"

"လိုက်ပါတယ်၊ နင့်ရုပ်က ခပ်ထန်ထန်ဆိုတော့ မြန်မာဝတ်စုံနဲ့မို့သာဟော်တော့တယ်၊ နိုင်ငံခြားဝတ်စုံသာဝတ်လိုက်ရင် ဂေါ်ဝိဖားသားရုပ်ထွက်သွားမယ်"

ဩော်. . ဘေဘီရယ်၊ တစ်ခါတုန်းကလို ရယ်စရာစကားလေးတွေနဲ့ ကိုယ့်ရင်ကိုငြိမ်းချမ်းအေးမြပါစေဦးလားကွယ်၊

စာသင်ချိန်ကို (၅)မိနစ်စောစောဖြတ်လိုက်ပြီးလျှင် ရဲသျှိုးအောက်ထပ်သို့ဆင်းခဲ့သည်၊ ဒီမနက် ဘေဘီကိုစောင့်တွေ့မည်၊ ဘေဘီကို သူအရမ်းလွမ်းနေမိသည်လေ၊

စောစောတည်းကပြင်ဆင်ထားခဲ့သည့် ကော်ဖီကရားနှင့် မုန့်များက ညှော်ခန်းစားပွဲမှာအဆင်သင့်၊ သူမက ညှော်ခန်းမှဖြတ်ပြီး စာသင်ရန် အပေါ်ထပ်သို့သွားမည်လေ၊

"ဟော. ."

ဆိုင်ကယ်အပြုလေးထိုးဆိုက်လာပြီ၊ ရဲသျှိုး ဘေဘီကိုကြိုဆိုပြီး သူမ၏ကျောပိုးအိတ်လေးကိုဆီးယူလိုက်သည်၊ တိုက်ဆိုင်စွာပင် သူမဝတ်ထားတာလည်း အကျီအဖြူရင်စေ့လက်စကနှင့် ရခိုင်လုံချည်ခရမ်းပြာ၊ စကြာပွင့်လေးတွေကအစ အတူတူ၊

"လာ. . ဘေဘီ. . ကော်ဖီအသင့်ပြင်ထားတယ်၊ လာ. . ထိုင်. ."

ရဲသျှိုး၏ဖိတ်ကြားချက်မှန်သမျှသည် ပဋိသန္ဓာရတွေ၊ သောကွတ်တွေမဟုတ်၊ အမိန့်တွေသာဖြစ်သည်၊ သူ့နှုတ်ထွက်စကားမှန်သမျှ မလိုက်နာလို့မရကြောင်း (၅)နှစ်ကျော်နေလာခဲ့ရသည်မို့ ဘေဘီကောင်းကောင်းသိသော်လည်း. . .





"ဟင့်အင်း. . ဘေဘီ. . မစား. ."

စကားမှမဆုံးသေး ဖိုးကနဲ၊ ဇတ်ကနဲ ဘေဘီ့လက်ကိုဆွဲကာ ဆိုဖာတစ်ခုမှာထိုင်စေသည်၊

"ကိုယ်ရန်မဖြစ်ချင်ဘူးဘေဘီ၊ မင်းကိုအရမ်းလွမ်းနေတာလည်း မညာချင်ဘူး၊ တို့တွေ (၅)မိနစ်လောက်တောင်မတွေ့ကြရတော့ဘူးလား"

အဆိုအငေါ်မတည့်လှသည့် ရဲသျှိုးစကားများကိုနားထောင်ရင်း ဘေဘီ သူ့အမိန့်အတိုင်း ကော်ဖီသောက်ဖို့ပြင်ရသည်၊ မဟုတ်လျှင် ပါးစပ်ထဲထိ အတင်းလောင်းချမလားပဲ၊

"မုန့်လည်းစား. . ရော့. . ဒီနေ့ဘာချက်ခဲ့လဲ"

"ဘဲဥ"

"ကိုယ့်ဖို့ထားလိုက်ဘေဘီ၊ ကိုယ်ချက်တဲ့ဟင်းတွေစား"

"မဖြစ်ဘူး၊ ဒီနေ့ အင်္ဂလိပ်စာသင်တန်းရှိတယ်၊ အဲဒီကျမှစားရမှာ"

"မလိုချင်ဘူး၊ ဘေဘီ့အချိန်ဇယားတွေ ကိုယ်အလွတ်ရတယ်၊ ဘာလဲ. . ဘေဘီ့ကမ္ဘာကြီး ကမောက်ကမဖြစ်သွားပြီလား"

ဘေဘီ သူနှင့်ဖက်ပြီး မငြင်းခုန်ချင်တော့ပါ၊ မုန့်မြန်မြန်စား၊ ကော်ဖီမြန်မြန်သောက်နေသည်မှာ တာဝန်တစ်ရပ်ထမ်းဆောင်နေရသည့်နှယ်၊

"ဘေဘီ. . မေမေ့ကို ဟိုကိစ္စ ဘာလို့ပြန်တိုင်ရတာလဲ၊ မကျေနပ်လို့သားကွာ၊ ကိုယ့်ရင်ထဲမှာ ခံစားရလွန်းလို့ပါ"

"ဘာကိစ္စလဲ"

သူက အရိပ်တကြည့်ကြည့်နှင့်လွမ်းနေသလောက် ဘေဘီကတော့ ခေါင်းတငံ့ငံ့နှင့် ရှောင်ဖယ်စိမ်းကားနေ၏။ ကိစ္စမရှိ၊ ဘေဘီခေါင်းမာတာသူသိသည်။ ဘေဘီ့ကို ရဲသျှိုးနားလည်ပါသည်။

"နားစုတ်သွားတဲ့ကိစ္စလေ၊ မေမေ့ကို ဘာလို့သွားပြောတာလဲကွာ"

"ဒေါ်ဒေါ်ကမေးလို့ပါ၊ ငါညာမပြောတတ်ဘူး"

ဘေဘီ့ထံမှ ကြေကွဲနူးညံ့သည့်အသံတိုးတိုးလေးက သူ့ရင်ကို ဆူပွက်နာကျင်စေသည်။ နှုတ်ခမ်းကိုတင်းတင်းစေ့ရင်း ကိုယ့်ဝေဒနာကိုယ် ပြန်သုံးသပ်နေရသည်။

ပုံစံပျက်နေသည့်ဘေဘီ၊ မည်သူ့အတွက် ခံစားနေရတယ်ဆိုတာ ရဲသျှိုးအသိဆုံး။ သူတို့ဘယ်လိုဖြစ်နေကြသလဲ၊ ဘာတွေဖြစ်နေကြသလဲ၊ သူမစွက်ဖက်သာ။

သို့သော် ဘေဘီ့ကို စိတ်ချမ်းသာစေချင်တာ၊ ဘေဘီမျက်နှာလေးရွှင်ပျနေစေချင်တာ ရဲသျှိုးရဲ့အဆုံးစွန်သောဆန္ဒ။

"ဘေဘီ. . ဘာဖြစ်နေတာလဲဟင်၊ ကိုယ့်ကိုယုံကြည်ပါ၊ ဘေဘီအကူအညီလိုသမျှ ကိုယ့်ကိုပြောပါ၊ စကားကုန်ပြောမယ် ဘေဘီ၊ အေးစက်မိုးရဲ့စတိတ်ရှိုးပွဲတွေသွားချင်ရင်လည်း ပြောပါ၊ ကိုယ်လိုက်ပို့ပါ့မယ်၊ ငပေါကြီးတော့မဟုတ်ဘူးပေါ့ဘေဘီ၊ ဒါပေမယ့် မင်းမှာ အစ်ကိုမရှိဘူး၊ အဖော်မရှိဘူးလေ၊ ဘေဘီ့လိုအပ်ချက်မှန်သမျှ ကိုယ်ဖြည့်ဆည်းပေးမယ်၊ စောင့်ရှောက်ပေးမယ်"





မျက်ရည်ဝေ့သောမျက်လုံးများဖြင့် ဘေဘီမော့ကြည့်လျှင် ရဲသျှိုးရင်နာရပါသည်။ ဘေဘီ့မျက်လုံးတွေက အသေ။

ဘာတွေခံစားနေရလဲ ကိုယ့်ဘေဘီလေးရယ်။ သို့ပေမယ့် သူမမေးတော့ပါ။" စိုးရိမ်စရာမရှိသေးသမျှ ဒီအတိုင်းပဲစောင့်ကြည့်နေလိုက်တာအကောင်းဆုံး။

"ရပါတယ်၊ ဘာအကူအညီမှမလိုတော့ပါဘူး၊ အားလုံးပြီးဆုံးသွားပါပြီ"

ပြီးဆုံးသွားပါပြီ. . တဲ့။ ဘာကိုဆိုလိုတာလဲ။ ရဲသျှိုးကြိုတင်မှန်းဆထားသလိုပါပဲလား။ အောင်မြင်ကျော်ကြားသူတစ်ဦးရဲ့အနားမှာ ဘယ်မိန်းကလေးက အချိန်ကြာကြာအရေးပါနိုင်မှာတဲ့လဲ။

"ကျွန်မမှားတယ်၊ ကျွန်မဟာ ပိုးဖလံလို မီးကိုဝင်တိုးချင်တဲ့မိန်းမပဲ၊ ရှင်လည်း ကျွန်မကိုပစ်ထားလိုက်ပါ"

ညှို့မှိုင်းသောကောင်းကင်လို သိပ်သည်းလှစွာသူမထွက်သွားတော့ သူ့ရင်မှာ တစစ်စစ်နာကျင်ကျန်ခဲ့သည်။

သူ စာသင်ဝိုင်းတွေဆီထွက်ခွာလာခဲ့လျှင် ဘေဘီလည်း သူ့တာဝန်များကို ထမ်းဆောင်နေတာတွေ့ရသည်။

လေးစားပါတယ်ဘေဘီ။

## အခန်း(၁၉)

အာဒမ်ရဲ့နံရိုး. . တဲ့။

ဧဝဟာ အာဒမ်ရဲ့နံရိုးတစ်ချောင်း။

ထို့အတူပဲ မိန်းမဆိုတာ ယောကျ်ားတစ်ယောက်အတွက် နံရိုးတစ်ချောင်းမျှသာ။

ချစ်သူမိန်းကလေးတစ်ယောက်ဆုံးရှုံးလို့ သူတို့ဘာမှမဖြစ်လောက်ပါ။ အချစ်ဆိုတာ အပြင်လောကမှာ တကယ်ရောတည်ရှိပါရဲ့လား။

လက်နဲ့ကိုင်တွယ်လို့မရတဲ့၊ အကောင်အထည်မဲ့စိတ္တဇနာမ်သက်သက်လား။

မဂ္ဂဇင်းတစ်ခုမှာပါသည့် ကိုကို့အင်တာဗျူးကိုဖတ်ရင်း၊ ကိုကို့အလှဓာတ်ပုံတွေကိုကြည့်ရင်း ဘေဘီခံစားနေရပါသည်။

တစ်နေ့လုံး စက်ရုပ်တစ်ရုပ်လိုလှုပ်ရှားနေခဲ့ရပေမယ့် အိမ်ပြန်ရောက်လျှင်တော့ ဘေဘီ လွတ်လပ်စွာကြေကွဲခံစားလို့ရပါသည်။





ဖေဖေက ညဥ့်နက်မှအိမ်ပြန်တတ်သူမို့ ဘေဘီ လွတ်လပ်စွာခံစားလို့ရသည်။ ကိုကို့အဖြေတွေကို ကြည့်ပါဦး။

"အချစ်ဆိုတာကို လုံးဝမယုံကြည်ဘူး"

"ချစ်ရတဲ့သူလည်းမရှိ၊ ဖေဖေနဲ့မေမေကိုသာအချစ်ဆုံး" တဲ့။ 'အသံတွေကြားနေရပါလား'ဆိုတော့လည်း. . .

"ဒါကတော့ဗျာ နာမည်လေးနည်းနည်းရှိလာရင် ယင်အုံတတ်ကြတာပဲ၊ အဲ. . . ကျွန်တော်က အညှီမဟုတ်ဘူးနော်၊ ပရိသတ်ကို လေးစားစွာဆက်ဆံပါတယ်" တဲ့။

မိန်းမတွေနဲ့ပတ်သက်လို့ ကိုကို့ခံယူချက်က ပစ်စလက်ခတ်ပါလား။ ဒါနဲ့များတောင် ကျွန်မကို ကြွေပြခဲ့သေးတယ်နော်။

ခုတော့ ဆင်ကျီစားရာဆိတ်မခံနိုင်ဖြစ်ခဲ့ရပြီ။ ကိုကို့ကို ရှောင်ပုန်းမိလို့ ကိုကိုဇက်ခတ်သည်က ဘေဘီ့အတွက် သေလုမတတ်ခံစားစေခဲ့ရပါပြီ။

ဖုန်းဆက်တော့လည်း မကိုင်ပါ။ အိမ်ထိသွားတွေ့ဖို့တော့ ဘေဘီစိတ်မကူးတော့ပါ။ ဘေဘီ အရှက်ရှိသည့်မိန်းမပဲဖြစ်ချင်ပါသည်။ ကိုကို့ကိုလွမ်းလို့ သေရင်သေသွားပါစေတော့။

ကိုကို့ရုပ်လွှာနှင့် အင်တာဗျူးပါသည့်စာအုပ်လေးကို အပိုင်ဝယ်သိမ်းထားခဲ့ပြီး သတိရတိုင်း တမ်းတမ်းတတကြည့်မိသည်။

ယင်မလေးတစ်ကောင်ရဲ့ကျဆုံးခန်းကို ကိုကိုသိရင် ပိုပြီးရယ်မောနိုင်မှာပါ။

"ဘေဘီ. . ဘေဘီ. . "

အခန်းတံခါးမှခေါ်သံကြောင့် သူမထွက်ကြည့်တော့ တစ်ဖက်ခန်းမှမမမြိုင်ရဲ့အသံ။



Scanned by CamScanner

"နေ့လည်က စာပို့သမားလာတယ်၊ ဘေဘီ့မေမေဆီက ကြေးနန်းလာတယ်၊ မမမြိုင်လည်း မေမေနေမကောင်းတာသွား မေးနေတာနဲ့ ခုမှပြန်ရောက်တယ်၊ ရော့. . ရော့. . "

ဘေဘီ မမမြိုင်ပေးသည့်ကြေးနန်းကိုင့်ဖတ်စဉ် သူမပြန် သွားလေ၏။

ဟဟ. .

***မေမေနေမကောင်းပါ၊ အမြန်လာပါ. . .***

***မင်းထက်မြင့်***

ဘုရား. . ဘုရား. .

မောင်လေးရဲ့ကြေးနန်းကိုဖတ်ပြီး ဘေဘီ မျက်လုံးတွေ ပြာသွားသည်၊ နေ့လည်ကတည်းကရောက်နေရဲ့နဲ့ ယခုမှပေး ဖော်ရသည့်မမမြိုင်ကို ဒေါသဖြစ်ရမလား၊ ကိုယ့်ကိုယ်ကိုပဲဒေါသ ဖြစ်ရမလား။ ဘေဘီထူပူနေ၏။

လောလောဆယ် ဘေဘီ့ဦးနှောက်ထဲမှာ မေမေ။ ဘယ် လိုလုပ်ရပါ့မလဲ၊ ဖေဖေကလွှတ်ပါ့မလား၊ ဖေဖေ့နောက်ပါလာ ကတည်းက မေမေ့ထံ တစ်ခါမှလည်းပြန်ခွင့်မရပါ။ ငွေပို့တာ ကတော့ ဖေဖေက ဘေဘီ့ကိုမစစ်ဆေးလို့ ပို့ခွင့်ရခြင်းဖြစ်သည်၊

အို. . ဒါကတော့ မေမေ့သေရေးရှင်ရေးကိစ္စ၊ မောင်လေး ကလည်း အရေးမကြီးဘဲနှင့်တော့ ကြေးနန်းရိုက်မှာမဟုတ်၊ ဖေဖေလွှတ်လွှတ်၊ မလွှတ်လွှတ်သွားရမည်။

ရဲသျှိုးကိုလည်း ခွင့်တိုင်ရပေမည်၊ ကိုယ်က သူ့ကျူရှင် မှာ အလုပ်ဝင်နေသူ၊ ကိုကို့ကိုလည်း ဘေဘီသတိရပါသည်၊





နှစ်လတိတိပြည့်အောင် ဒဏ်ခတ်ထားရက်သည့်ကိုကိုသည် ဘေဘီဆိုသည့်ယင်မလေးတစ်ကောင်ကို အပြီးတိုင်မေ့သွားခဲ့ ပြီတဲ့လား။

မိခင်စိတ်နှင့် သောကဖြစ်နေရပေမယ့် ဖျတ်ကနဲ၊ ဖျတ် ကနဲရောက်ရှိသွားရသည့်စိတ်တို့ကို ဘေဘီအရှုံးပေးလိုက်သည်၊ ရဲသျှိုးနှင့်ကိုကို့ထံ ဖုန်းဆက်မည်၊ ကိုကို့ထံအရင်ဆက်လိုပေ ငယ့် အဆင်မပြေလျှင် ဘေဘီခံစားရဦးမည်၊ ဘေဘီခံနိုင်ရည် ရှိမှာမဟုတ်၊

ဒီတော့ အလုပ်ကိစ္စဖြစ်သည့်ရဲသျှိုးထံပဲ ဖုန်းအရင်ဆက် ဖို့စိတ်ကူးရသည်၊ ဒီအချိန် သူဘယ်မှာရှိနေမလဲ၊ သေချာအောင် သူ့ဟမ်းဖုန်းဆီပဲ လှမ်းဆက်လိုက်သည်၊ တစ်ခါမှ သူ့ဟမ်းဖုန်း ဆီမဆက်ဖူးသည့်မို့ ဘေဘီ့မှာ ရွံ့တွန့်တွန့်။

"ဟဲလို. . ပြောပါ. . ရဲသျှိုးပါ"

"ရဲသျှိုး. . "

"ဟင်. . ဘေဘီ. . ဘာ. . ဘာဖြစ်လို့လဲ၊ ကိုယ်ဘာလုပ် ပေးရမလဲ၊ ခု ဘယ်ကဆက်တာလဲ"

ရဲသျှိုးကတော့ ဘေဘီ့အရေးကိစ္စမှန်သမျှ အစဉ်နိုးကြား ပူပန်လေ့ရှိပါသည်၊ သို့သော် ဘေဘီမယုံကြည်ပါ။ ဒါ အတု တွေပါ။

"ခွင့်တင်မလို့ပါ၊ မေမေအရမ်းနေမကောင်းဖြစ်နေလို့တဲ့၊ မောင်လေး ကြေးနန်းရိုက်တယ်၊ အဲဒါ ဘေဘီလိုက်သွားမလို့"

"ဟင်. . ဘေဘီ. . ကိုယ်စိတ်မကောင်းလိုက်တာ၊ ခုပဲ လာခဲ့မယ်၊ လိုတာလုပ်ပေးမယ်နော်"



Scanned by CamScanner

"မလာနဲ့၊ မလာနဲ့. . ကိစ္စမရှိဘူး၊ ဟဲလို. . ရဲသျှိုး. . ဟဲလို. . "

တစ်ဖက်မှ လျင်မြန်စွာဖုန်းပိတ်သွားခဲ့ပေပြီ။ ခဏကြာရင် သူရောက်လာတော့မှာပေါ့။ ဘေဘီစိတ်ညစ်သွားသည်။ ဖေဖေလည်း ဒီမိမ်မှာမရှိ။

ကြီးမေက ရဲသျှိုးကိုချစ်သော်လည်း ဖေဖေကတော့ ရဲသျှိုးကိုသိပ်ကြည့်ရတာမဟုတ်ပါ။ ဘေဘီ ဖေဖေ့ထံဖုန်းဆက်ရပြန်သည်။ ဖေဖေ ခုချိန်ဆို ဘယ်ရောက်နေမှာပါလိမ့်။

ပထမ ပွဲရုံဆီ ဘေဘီဖုန်းဆက်လိုက်သည်။ ဖေဖေ့ကို မတွေ့ဘဲ ဘဘအောင်ကိုသာတွေ့ရသည်။

"ပြန်သွားပြီသမီး၊ အိမ်မှာရှိမယ်၊ အိမ်ကိုဆက်လိုက်"

ဘဘအောင်က ခပ်အေးအေးမို့ ဘေဘီ့ကို အကျိုးအကြောင်းမမေးပါ။ ကြီးမေထံဖုန်းဆက်ကြည့်ရပြန်သည်။

"သမီးရေ. . ခုပဲပြန်သွားပြီ၊ ရောက်လာပေါ့မယ်၊ ဘာဖြစ်လို့လဲသမီး၊ ကြီးမေကိုပြောပါဦး"

ကြီးမေက စိတ်ပူတတ်သည်မို့ ဘေဘီ ခပ်ဖော့ဖော့ပြောရသည်။

"ဟိုလေ. . ကြီးမေ တအားတော့စိတ်မပူနဲ့၊ မောင်လေးက မေမေနေမကောင်းလို့ အိမ်ပြန်ခဲ့ပါတဲ့၊ အဲဒါ. . "

"အဲလိုတော်. . ကိုဇင်က ဘယ်ပြန်လွှတ်ပါ့မလဲ၊ မလုပ်နဲ့၊ မလုပ်နဲ့၊ တော်ကြာ သမီးတို့သားအဖပြဿနာတက်နေပါဦးမယ်၊ ကိုယ့်ဖေဖေကို စိတ်ဆင်းရဲအောင်မလုပ်ပါနဲ့ကွယ်"



"မဟုတ်ဘူးကြီးမေ၊ မေမေတော်တော်နေမကောင်းဖြစ်လို့သာ မောင်လေးကမှာတာပါ၊ သမီး သွားရမှဖြစ်မယ်၊ ခုချိန်မှာ ဖေဖေက ကိစ္စမရှိဘူး၊ မေမေက အရေးကြီးဆုံးအချိန်ဖြစ်နေပြီ၊ သမီးကတော့ အရေးကြီးဆုံး၊ အလိုအပ်ဆုံးဘက်က ရပ်တည်ချင်တယ်၊ ကြီးမေကူပြောပေးပါဦးနော်"

သည်တော့မှ ကြီးမေမျက်လုံးပြူးတော့သည်။

"ဟယ်. . တော်တော်နေမကောင်းဖြစ်နေတာလား၊ ဘာရောဂါပါလိမ့်ကွယ်၊ ကြီးမေစိတ်မကောင်းလိုက်ပါ၊ အေး. . အေး. . ကြီးမေ သမီးဘဘပြန်ရောက်ရောက်ချင်းလာခဲ့မယ်၊ မောင်လေးကိုကူပြောပေးမယ်၊ နို့. . သမီးတစ်ယောက်တည်း မုံရွာထိပြန်ရမှာ ဘယ်ဖြစ်မလဲ၊ ရဲသျှိုးကိုပြောဦးမှပါပဲ၊ ငွေတွေဘာတွေရောလိုမှာပဲသမီး၊ နေဦး. . နေဦး. . ကြီးမေတို့မကြာခင်လာခဲ့မယ်"

"ဟို. . ကြီးမေ. . ရဲသျှိုးကိုမပို့ခိုင်းပါနဲ့၊ သူက တကယ့်ပုဂ္ဂိုလ်ကြီး၊ သူ့အလုပ်တွေနဲ့သူ အသက်တောင်ရှူအားတာမဟုတ်ဘူး၊ ဘေဘီပြန်ရဲပါတယ်"

"အေး. . ဒါဆိုလည်းပြီးရော၊ ဒါပေမယ့် ရဲသျှိုးကိုပြောသွားဦးနော်၊ တော်ကြာ အိမ်မြောင်အမြီးပြတ်သလိုဖြစ်နေဦးမယ်"

ဘေဘီ ကပျာကယာဖုန်းချလိုက်သည်။ ရဲသျှိုးအိုးမွမ်းခန်းတွေမကြားချင်ပါ။ ဒီတစ်ခါတော့ ကိုကို့ထံဖုန်းဆက်မည်။ ကိုကို စကားမှပြန်ပြောပါ့မလား။ ရက်စက်လိုက်တာကိုကိုရယ်။

Scanned by CamScanner

သူ့ဟမ်းဖုန်းနံပါတ် မဂ္ဂဇင်းထဲမှရလိုက်ပြီမို့ ဘေဘီ စတင်ဆက်သွယ်လိုက်သည်။ ခါတိုင်းက အိမ်ဖုန်းသို့ဆက်ခြင်းဖြစ်သည်။

စကားလေးတော့ပြန်ပြောပါကိုကိုရယ်။ ဘေဘီ အငွေ့ပေးပါပြီ၊ သို့သော် ဘေဘီ့ဆုတောင်းမပြည့်ခဲ့ပါ။ ကိုကို့ဟမ်းဖုန်းက ပိတ်ထားပါသည်။ မျက်ရည်စက်လက်ဖြင့် ဘေဘီ ကြေးနန်းကိုပြန်ငုံ့ဖတ်ပြန်သည်။

မေမေ. .

မေမေကတော့ ဘေဘီ့ကို ကောင်းကောင်းအထင်လွဲနေတော့မှာပဲ။ ဆင်းရဲသည့်မိခင်နှင့် ချမ်းသာသည့်အသိုင်းအဝိုင်းမှဖခင်တို့ ကွဲကွာခန်းမှာ သူမက ချမ်းသာသူဘက်ပါသည်လို့ မေမေစွပ်စွဲခဲ့ဖူးပါသည်။

သူမပို့သည့်ငွေကိုလည်း မေမေကလက်မခံပါ။ နားလည်မှုနှင့် မောင်လေးက အိမ်အတွက်လက်ခံသုံးစွဲပေးနေလို့သာ တော်သေးသည်။

ဘေဘီ့အစ်ကိုနှစ်ယောက်ကရော ဘေဘီ့အပေါ် ဘယ်လိုတွေသဘောထားမှာပါလိမ့်။ မုံရွာမှထွက်လာကတည်းက အဆက်အသွယ်မရခဲ့သည်မို့ အခြေအနေတွေကို ဘေဘီမမှန်းဆရဲပါ။

မေမေစိတ်နာနေလေမလား။ အတွေးဖြင့် ဘေဘီ ရင်နင့်ရပါသည်။ သမီး မေမေ့ကိုလွမ်းပါတယ်မေမေ။ မိသားစုအတွက် ဖေဖေ့ကို တစ်ချိန်မှာပြန်ခေါ်လာခဲ့ချင်လို့သာ သမီး ဖေဖေ့နောက်ကိုလိုက်ခဲ့တာပါ။





မိခင်သောက၊ ချစ်သူသောကတို့ဖြင့် ဘေဘီ့ရင်တစ်ပြင်လုံး နာကျင်စူးရှနေရသော် ကားရပ်သံကြားလိုက်ရသည်။

ဖေဖေလား. . ရဲသျှုံးလား။

ခုတိ ခရီးထွက်ဖို့ ဘေဘီ ဘာမှမပြင်ဆင်ရသေးပါ။ ဘေဘီ့စိတ်တွေ ပူလောင်ညှိုးနွမ်းနေရပါသည်။

ဘယ်အချိန်၊ ဘယ်နေရာမှာ ဘယ်လိုသွားရမည်ကအစ ဘေဘီမသိ။ တစ်ခါမှလည်း ခရီးမထွက်ဖူးပါ။ ဆရာကြီးရဲသျှုံးတော့ အရာရာသိပေလိမ့်မည်။

ဖေဖေ့ကိုတော့ အားကိုးလို့မရ။ မေမေ့ထံလွှတ်ဖို့တောင် ဘယ်လိုစစ်ပွဲဝင်ရဦးမည်မသိ။ မျှော်လင့်တကြီးဖြင့် ဘေဘီ တံခါးကိုဖွင့်ပေးမိသည်။

"ဘေဘီ. ."

ရဲသျှုံး။ သူ အဝတ်အစားမလဲရသေး။ မနက်ကတည်းက ဝတ်ထားသည့်ယူနီဖောင်းပါပဲ။ ဆောင်းညချမ်းက အေးမြမြ။

ဘေဘီက ချည်ဘောင်းဘီပွပွနှင့် အနွေးထည်ခေါင်းစွပ်အဝါလေးဝတ်ထားသည်။ မေမေ့အတွက်ငိုထားည်မို့ မျက်နှာကလည်း မို့မို့ဖောင်းဖောင်း။

ရဲသျှုံးက ဘေဘီ့မျက်နှာလေးကို ကြင်နာသနားစွာငေးကြည့်နေတော့သည်။

"ကိုယ်စိတ်မကောင်းလိုက်တာဘေဘီရယ်၊ ဘေဘီ့မေမေဖို့ လက်လှမ်းမှီရာမုန့်တွေဝယ်လာခဲ့တယ်၊ ဒီမှာ. . ပန်းသီး၊ ကိတ်နဲ့ လိမ္မော်သီးတွေ၊ ဘာဖြစ်တာတဲ့လဲဟင်၊ မှန်းစမ်း. .



Scanned by CamScanner

ပြစမ်း. . ကြေးနန်း၊ ဒီကိုသာခေါ်ခဲ့ပါ၊ ဒီမှာကကွာ"

တကယ့်ကိုလှိုက်လှိုက်လှဲလှဲရှိလှသည့်ရဲသျှိုးကို ကြည့်ပြီး ဘေဘီဖုံးသြရသည်။ ဒါဟာ မာယာတွေလား။ ကိုကိုနှင့်မတွေ့ပြီးကတည်းက ဘေဘီ ယောက်ျားလေးတွေကို သံသယဖြင့်ကြည့်တတ်မြဲ။

သူတို့ရင်ထဲမှာ ဗလာလား။ တကယ်လား။

"ခေါ်လာလို့ဘယ်ရမလဲရဲသျှိုးရယ်၊ ဖေဖေနဲ့မေမေက ကွဲနေကြတာလေ၊ တစ်ယောက်နဲ့တစ်ယောက်မုန်းနေကြတာ"

ဘေဘီ့အသံက အားလျော့လှသည်။

"ကိုယ်မယုံဘူးဘေဘီ၊ သိပ်ချစ်ခဲ့ကြသူနှစ်ဦးဟာ တစ်ချိန်ချိန်မှာမုန်းသွားတတ်ကြသတဲ့လား၊ ကိုယ်မယုံဘူး၊ ကိုယ်သာဆိုသူဘယ်လောက်ပဲဆိုးဆိုး သေတဲ့အထိ သည်းညည်းခံပြီးချစ်သွားမှာပဲ၊ ကိုယ်တို့မြန်မာလူမျိုးတွေဆိုတာ တစ်လင်တစ်မယားစနစ်ကိုသာ ကျင့်သုံးကြတာ"

"အရေးထဲနော်၊ ဘေဘီအရမ်းစိတ်ညစ်နေတုန်း ဘာတွေလျှောက်ပြောနေမှန်းလည်းမသိဘူး၊ ကဲ. . မြန်. . ဖေဖေလည်း အိမ်မှာမရှိဘူး၊ ဖေဖေက သူ့ကိုသဘောမကျဘူး"

တကယ်လည်း ဖေဖေက ရဲသျှိုးကိုမကြည်ပါ။ အကောင်ငယ်သလောက် လူတွင်ကျယ်လုပ်လွန်းသည်တဲ့၊

"ဒါတော့မတရားပါဘူးကွာ၊ ကိုယ်က အချိန်ကို အကျိုးရှိစွာအသုံးချတတ်သူပါ၊ လူငယ်ဖြစ်ပေမယ့် ငွေသုံးမကြမ်းဘူး၊ အချိန်သုံးမကြမ်းဘူး"





ရဲသျှိုးပြောလိုက်မှဖြင့် အထူးအဆန်းပါပဲ။

"ကဲ. . မနက် ဘယ်လိုသွားမှာလဲ၊ ကားလက်မှတ်ဖြတ်ရတာ လွယ်ပါတယ်၊ ခုရာသီက ကားမကျပ်ဘူး၊ နေဦး. . အဖော်မပါဘဲတော့ မဖြစ်ဘူးနော်၊ ဟုတ်တယ်၊ ကိုယ်လိုက်ပို့မယ်၊ အလွန်ဆုံးနှစ်ရက်ပေါ့၊ ဖြစ်တယ်. . ဖြစ်တယ်၊ ကိုယ့်ကိစ္စတွေ စီစဉ်လိုက်ဦးမယ်"

ရဲသျှိုးစီစဉ်၊ စီမံနေပုံမှာ ပိုင်ပိုင်နိုင်နိုင်။ ဘေဘီ့ကိုများသူ့သမီးလေးမှတ်နေသလားမသိ။ ဖေဖေလုပ်စရာအလုပ်မရှိတော့အောင်ကို အကွက်စေ့နေသည်။

"ဟာ. . မဖြစ်ဘူး၊ မဖြစ်ဘူး၊ ရဲသျှိုးလိုက်လို့မဖြစ်ပါဘူး၊ ဘေဘီ့ဘာသာသွားမယ်"

ဘေဘီအလန့်တကြားငြင်းရသည်။ ဒီလောက်ခရီးရှည်ကြီးကို သူနဲ့သွားလို့ဘယ်ဖြစ်မလဲ။ ဘာမှလည်းမတော်ဘဲနှင့်လေ။

"ဘာလို့မဖြစ်ရမှာလဲ၊ မုံရွာဆိုတာ အဝေးကြီး၊ ဒီကြားထဲဘေဘီက ရှေ့ဆက်ရသေးတယ်ဆို၊ လိုင်းကားနဲ့သွားမှာပဲ၊ ဘာဖြစ်နေတာလဲ၊ ကိုယ့်ကားနဲ့ နှစ်ယောက်ထဲသွားမှာကျနေတာပဲ၊ ဘေဘီ့ကိုစိတ်မချနိုင်ပါဘူး၊ ကိုယ့်ကိုယ်ကိုလည်း မိန်းကလေးဆိုတာ သတိရဦး"

"မိန်းကလေးမို့ သူနဲ့မသွားချင်တာပေါ့၊ ဖြန်တော့. . ဖေဖေလည်းမရှိဘူး"

ဘေဘီနှင်သော်လည်း သူကမပြန်။

"ကိုယ့်စိတ်ထဲမှာ ဘေဘီအဆင်ပြေဖို့ အဆင်ပြေအောင်

ကူညီဖို့ပဲရှိတယ်၊ ကိုယ့်စိတ်တွေဖြူစင်သန့်ရှင်းတာ ဘုရားသိတယ်၊ နတ်သိကြားတွေသိပါတယ်၊ ကဲ. . ထည့်စရာရှိတာတွေ ထည့်တော့ ပိုက်ဆံလည်းယူလာတယ်၊ လောလောဆယ် (၂)သိန်းပါတယ်၊ ရော့. . စိတ်အေးအေးထား၊ ကိုယ်ပြန်မယ်၊ မနက်ကို (၄)နာရီအရောက်လာခဲ့မယ်"

သူ့အစီအစဉ်၊ သူ့စေတနာတွေက ဘေဘီ့အတွက် အားတက်စရာ၊ သို့သော် ယောကျ်ားလေးတစ်ယောက်၊ အထူးသဖြင့် ကိုယ့်ကိုအရမ်းစေတနာရှိသည့်သူနှင့် ခရီးရှည်ကြီးကို အတူမသွားရဲပါ။

"ရဲသျှိုး. . မလိုက်နဲ့ဟာ"

သို့သော် သူက ဘာမှပြန်မပြောခဲ့ချေ၊ အမိန့်ချမှတ်ပြီးသည့်တရားသူကြီးတစ်ဦးလို ရဲရင့်စွာထွက်သွားသည်၊ ဘေဘီ စိတ်ရှုပ်ထွေးစွာကျန်ခဲ့၏။

ရဲသျှိုး. . အရူး၊ သူ့မှာ ဘေဘီ့ကိုစိတ်မချသည့်စေတနာတွေသာရှိသည်၊ မိန်းမပျိုတစ်ယောက်နှင့် ယောကျ်ားပျိုတစ်ယောက်တို့ ခရီးရှည်ကြီးကို အတူမသွားအပ်တာ သူမသိ၊

ဘိုလေ. . ကားပေါ်မှာ လူတွေအများကြီးနဲ့ပါ၊ ဘာမှ မဖြစ်လောက်ပါဘူး၊ ဘေဘီ စိတ်ဒုန်းဒုန်းချလိုက်ရပါသည်။

Book Sharing

# အခန်း(၂၀)

ရဲသျှိုးပြန်သွားပြီး မကြာမီ ဖေဖေပြန်ရောက်လာသည်။ လေကလေးတချွန်ချွန်နှင့် ပေါ့ပါးသွက်လက်နေပုံက ရဲသျှိုးထက်ပင် နုပျိုလန်းဆန်းနေတော့သည်။

ထုံးစံအတိုင်း ဖေဖေ့ပါးစပ်မှ အရက်နံ့ရသည်၊ အရက်မသောက်ပါနဲ့ဖေဖေရယ်။ အရက်သောက်လို့ မေမေနဲ့ကွဲခဲ့တယ်၊ အရက်ကြောင့် မဖြစ်သင့်တာတွေဖြစ်ခဲ့ရတယ်။ အရက်ဟာ ဖေဖေ့ကိုကောင်းကျိုးမပေးသလို ဘယ်သူ့ကိုမှလည်း ကောင်းကျိုးမပေးပါဘူးဖေဖေ။

အရက်ကြောင့် ဖေဖေသေသွားခဲ့ရင် ဒုက္ခရောက်ကျန်မယ့် ဘေဘီတို့မောင်နှမတွေကိုသနားပါ။

ဘေဘီ ဖေဖေ့အရိပ်အကဲကိုကြည့်ရင်း ဖေဖေ့ပစ္စည်း၊ ပစ္စယတို့ကို ကြိုးညှိလိုက်သည်။ ဖေဖေညည်ခန်းမှာထိုင်လျှင်. .

"မနက်ကဝယ်လာတဲ့ စပျစ်သီးတွေယူခဲ့မယ်ဖေဖေ"

Scanned by CamScanner

"အေး. . ယူခဲ့၊ ဒါထက် နေပါဦးသမီး၊ ဒီအထုပ်တွေက ဘာတွေလဲ"

ရဲသျှိုးတင်ထားခဲ့သည့် စားပွဲပေါ်ကမုန့်များ၊ သစ်သီးများကိုပြပြီး ဖေဖေကမေးလိုက်သည်။

ဖေဖေ့ဖို့ စပျစ်သီးတွေယူလာခဲ့ပြီးလျှင် ဘေဘီ ဖေဖေ့ခြေရင်းကြမ်းပြင်ပေါ်မှာထိုင်လိုက်သည်။

ဘေဘီ့ရင်ထဲမှာ ဆို့နင့်နင့်။ မေမေ့ထံပြန်ရေးသည့် ဖေဖေ့ဆန္ဒနှင့်ဆန့်ကျင်နေမည်ဖြစ်ကြောင်း ဘေဘီကြိုသိနေပါသည်။

ဖေဖေမကြိုက်သည့်အလုပ်ကို မလုပ်ချင်၊ မပြောချင်ပေမယ့် မေမေ့အတွက် ဘေဘီဦးစားပေးရမည့်အချိန်။

ဖေဖေနားလည်နိုင်ပါ့မလား။

စပျစ်သီးစားရင်း ဖေဖေက ဘေဘီ့ကိုငုံ့ကြည့်သည်။ အချွဲကိုးမလေး၊ ဘာများပူဆာဦးမှာလဲဆိုသည့်အကြည့်မျိုးနှင့် ဘေဘီ့ဆံပင်များကို သပ်တင်ပေးနေသည်။

"ဖေဖေ. ."

အင်္ကျီအိတ်ထဲမှ ကြေးနန်းစာကို တင်းတင်းဖိရင်း ဘေဘီ ဖေဖေ့ကိုမော့ကြည့်အားတင်းရသည်။

"ဖေဖေ. ."

ယခုထိ ကြေးနန်းစာကိုမထုတ်ရက်သေး။ ဘေဘီတုန်လှုပ်နေတာ၊ ဖေဖေအထင်လွဲမှာ၊ နာကျည်းမှာစိုးလို့ဖြစ်ပါသည်။

"ပြောလေဘေဘီ. . ဘာဖြစ်နေတာလဲ၊ ဖေဖေ့ကိုဘာပူဆာမလို့လဲ"



ဖေဖေ့အသွင်က သမီးအပေါ် ချစ်ခြင်းများဖြင့် ပြုံးရွှင်ရွှင်။

ဘေဘီ စိတ်ကိုတင်းပြီး ကြေးနန်းစာရွက်ကို ဖေဖေ့လက်ထဲထည့်လိုက်ရသည်။ မနေ့ကရက်စွဲနှင့် ကြေးနန်းစာကို ဖေဖေဖတ်ချေပြီ။

ဘေဘီကတော့ ဖေဖေ့မျက်နှာကိုသာ အရိပ်လိုကြည့်နေမိ၏။ ကြေးနန်းစာကိုဖတ်ပြီး ဖေဖေ့မျက်နှာ ဖျတ်ကနဲကြေကွဲသွားလေသလား။ ဘေဘီဝေခွဲလို့မရခင် ဖေဖေက မျက်နှာချက်ချင်းပြင်လိုက်သည်။ ဖေဖေ ဟန်ဆောင်ကောင်းပါသည်။

"အဲဒါ. . ဖေဖေဘာလုပ်ရမှာလဲ"

ဖေဖေ့မျက်နှာက တင်းမာခက်ထန်လျက် ဘယ်လိုရည်ရွယ်ချက်ဖြင့် ဘေဘီပြသလဲဆိုတာသိရက်နှင့် ဖေဖေပြောရက်သည်။

ဘေဘီ့မျက်ရည်တွေ တပေါက်ပေါက်စီးကျလာသည်။

"ဘေဘီ. . မနက်ကို လိုက်သွားပါရစေ၊ တကယ်ဆို ဖေဖေပါလိုက်သင့်တာပါ"

"ဘာပြောတယ်ဘေဘီ၊ နင်က ငါ့သမီးလား၊ နင့်အမေသမီးလား၊ သူ့မှာ သားတွေသုံးယောက်တောင်ရှိသေးတယ်လေ၊ မီးတုတ်ကို နှစ်ဖက်ရှို့ချင်လို့မရဘူးဘေဘီ၊ ငါ့မှာ သမီးတစ်ယောက်တည်းရှိတာ၊ မပေးနိုင်ဘူး၊ ပြန်ခွင့်မပြုနိုင်ဘူး"

ဘေဘီထင်ထားသည့်အတိုင်း ဖေဖေစတင်ပေါက်ကွဲလေတော့သည်။ ဘေဘီ့ကိုတွန်းထုတ်ပြီး ဖေဖေမတ်တပ်ရပ်တော့ ဖေဖေ့တစ်ကိုယ်လုံး တုန်တုန်ယင်ယင်။

Scanned by CamScanner

"မဟုတ်ပါဘူးဖေဖေရယ်၊ မေမေ့မှာ သားသုံးယောက် ကျန်ခဲ့ပေမယ့် မမှာမကျန်းဖြစ်တဲ့အခါ ဘယ်ပြုစုတတ်မှာလဲ၊ ဘေဘီ ဖေဖေ့ကိုပိုချစ်တာပါ၊ ဒါပေမယ့် မေမေကလည်း ဘေဘီ့ရဲ့မေမေပဲ၊ မေမေအရမ်းနေမကောင်းလို့သာ မောင်လေးက အကြောင်းကြားတာပါ၊ တော်ရုံတန်ရုံဆိုရင် အကြောင်းမကြားပါဘူးဖေဖေရယ်"

ဘေဘီ့မှာ ဖေဖေ့ကို ငိုရင်းရှိုက်ရင်းရှင်းပြရသည်။ သို့သော် ဖေဖေလက်မခံပါ။

"မလိုဘူးဘေဘီ၊ နင်က ဘာမို့လို့လဲ၊ ဆရာဝန်လည်း မဟုတ်ဘူး၊ သူ့သားတွေ သူ့ကိုပြုစုလိမ့်မယ်၊ နင် လူလည်မလုပ်နဲ့မိဘေဘီ၊ ငါ သွားခွင့်မပြုနိုင်ဘူး"

ပြဿနာကတော့ လွယ်မယောင်နှင့်ခက်ချေပြီ။ ဘေဘီ့ရင်ထဲမှာ ခံစားမှုတို့ဖြင့် ပွင့်ထွက်လုမတတ်။ မေမေ့ကိုဆုံးရှုံးရမှာလား။ မေမေ့ကိုမတွေ့ရတော့ဘူးလား။ ဟင့်အင်း. . ။

"မဟုတ်ဘူးဖေဖေ၊ ဖေဖေထင်သလိုမဟုတ်ဘူး၊ အစ်ကို နှ[illegible]ယောက်က မလိမ္မာဘူးဖေဖေ၊ သူတို့ရှာတာနဲ့ သူတို့သုံးတာနဲ့ လောက်တောင်မလောက်ဘူး၊ မေမေ့မှာ တစ်ယောက်ကည်း ရုန်းကန်နေရရှာတာပါ"

"နင်ကရော မပို့လို့လား၊ ငါ့ကို ဘာမှမသိဘူးလို့မမှတ်နဲ့၊ အကုန်သိတယ်"

"ဘေဘီပို့နိုင်တာ နှစ်နှစ်လောက်ပဲရှိသေးတယ်ဖေဖေရယ်၊ မေမေခံစားရတဲ့ဒုက္ခနဲ့စာရင် ဘာမှမပြောပလောက်ပါဘူး"



"ဒါပေမယ့် သူက ငါ့ကိုစွန့်ပစ်ခဲ့တာလေမိဘေဘီ၊ နင့်အမေထက် ငါက ဆယ်ခါပြန်မာနရှိတယ်၊ ငါ့ကိုအပြစ်ရှာပြီး သူ့ငယ်ရည်းစားရှိတဲ့မြို့က မခွာနိုင်တဲ့မိန်းမ"

"မေမေ့ကိုဒီလိုမပြောပါနဲ့ဖေဖေရယ်၊ ဖေဖေတို့ကိစ္စကို ဘေဘီ ဘာမှအဆိုးအကောင်းဝင်မပြောတတ်ပါဘူး၊ ဒါပေမယ့် မေမေ့ကို ဘေဘီသွားပြုစုချင်တယ်၊ ဖြစ်နိုင်ရင် ဒီကိုခေါ်လာခဲ့ချင်ပါတယ်ဖေဖေ၊ မေမေ့ကို ဒီမှာကုပေးချင်ပါတယ်"

ဖေဖေ ဘယ်လောက်ပင်စိတ်ဆိုးနေနေ၊ အမေချစ်သမီးမို့ ဘေဘီကလည်း ကိုယ်ဖြစ်ချင်တာပြောချသည်။

"နင့်အမေလား လိုက်မှာ၊ အေး. . သူအရှက်မရှိလို့ လိုက်ခဲ့ရင်လည်း ခေါ်ခဲ့၊ ငါ့အိမ် လေးဖက်ထောက်ပြီးတက်ခဲ့ပစေ"

ဖေဖေ့စကားကြောင့် ဘေဘီ အရမ်းဝမ်းသာသွားသည်။ ကုန်လုပ်ပြီး ဒေါသကြီးပြနေသည့်ဖေဖေ့လက်ကို ဘေဘီဆွဲလှုပ်ရင်း. . .

"တကယ်နော်ဖေဖေ၊ တကယ်နော်. . ဘေဘီ မေမေ့ကို ခေါ်လာခဲ့မယ်၊ ဒီမှာဆေးကုမယ်၊ (၅)နှစ်ကျော်ကြီးပစ်ထားခဲ့တာဖေဖေရယ်၊ မေမေ နောင်ကျဉ်နေရောပေါ့"

"နေဦးဘေဘီ၊ ကိုယ်လိုရာဆွဲမပြောနဲ့၊ ငါ နင့်ကိုမလွှတ်လိုက်နိုင်ဘူး၊ တော်ကြာ ငါ့ဆီပြန်မလာခဲ့ရင်. . "

ဖေဖေ့အသံက တုန်တုန်ယင်ယင်နှင့် နစ်ဝင်သွားလျှင် ဘေဘီ ဖေဖေ့အပေါ် နားလည်မိပါသည်။ ဖေဖေ့ကို သူမ မျှောင်းဖျရသည်။

Scanned by CamScanner

"မစိုးရိမ်ပါနဲ့ဖေဖေရယ်၊ ဘေဘီက ဖေဖေ့သမီးပါ၊ ဘယ်လိုသိကြားမင်းကြီးကပဲ ဆင်းတားတား ဘေဘီ အသက်နဲ့ကိုယ်ရှိနေသရွေ့တော့ ဖေဖေ့ဆီမရောက်ရောက်အောင်ပြန်လာခဲ့မှာပါ၊ သေလို့ရှိရင်သာ ဘေဘီပြန်မလာမှာ"

ဘေဘီ့ထံမှ အဆုံးစွန်သောစကားကြောင့် ဖေဖေက သူမကို ထွေးပိုက်ထားသည်။ မျက်ရည်ဝဲနေသောဖေဖေ့အသွင်က မချိတင်ကဲ။

"သမီးရယ်. . ဖေဖေ့ဘဝက ရင်ခွဲခံထားခဲ့ရတဲ့ ကမာကောင်လို အနှုတ်ခံထားရတဲ့ ပုဇဉ်းရင်ကွဲလိုပါ၊ မျှော်ချင်ရာမျှော်ဖို့ လွှင့်ချင်ရာလွှင့်လိုက်ဖို့ ဘဝမှာ သမီးဆိုတဲ့ကြိုးလေးတစ်ချောင်းကြောင့်သာ တဲတဲလေးရှင်သန်နေရတာ"

ဖေဖေ့စကားကြောင့် ဘေဘီ ဝမ်းနည်းကြေကွဲစွာငိုကြွေးမိတော့သည်။ ဖြစ်မှဖြစ်ရလေဖေဖေရယ်။ တစ်အိမ်လုံးနဲ့ဆန့်ကျင်ပြီး ဖေဖေ့နောက်လိုက်ခဲ့တာ ဘေဘီမှန်သွားခဲ့ပြီပေါ့နော်။

ဖေဖေ့ကြည်တော့ မချစ်တတ်သလိုလိုနှင့် မိုးလင်း၊ မိုးချုပ် အလုပ်လုပ်နေရသော်လည်း သမီးရှိရာအသိုက်ကလေးမှာ ပြန်လည်အိပ်စက်တတ်သည့်ဖေဖေသည် ဘေဘီ့အချစ်ဆုံးဖေဖေပဲဖြစ်ပါသည်။

ဖေဖေက ဆက်တီတစ်ခုပေါ်မှာ အရုပ်ကြိုးပြတ်၊ ငူငူကြီးထိုင်နေသလို ဘေဘီကလည်း ဖေဖေ့ခြေရင်းမှာထိုင်ပြီး ဖေဖေ့ပေါင်ပေါ်မှာ မျက်နှာအပ်ပြီးငိုရှိုက်နေမိသည်။

ဘေဘီ့ရှိုက်သံမှအပ တစ်ခန်းလုံး တိတ်ဆိတ်လျက်ရှိစဉ်



"ဟဲ့. . ဟဲ့. . အလို. . ကိုဇင်. . ကလေးကိုရိုက်သလား၊ မင်း အဲဒီလိုတစ်ကိုယ်ကောင်းမဆန်ပါနဲ့ကွယ်၊ ဘေဘီ့မှာ တစ်ဖက်ကလည်း အမေ၊ တစ်ဖက်ကလည်း အဖေ၊ မင်းတို့လင်မယားချင်းအဆင်မပြေတာနဲ့ ကြားထဲက ကလေးတွေဒုက္ခရောက်ရရှာတယ်၊ မသွားလို့ဘယ်ဖြစ်မလဲ၊ မလွှတ်လို့ဘယ်ဖြစ်မလဲကွယ့်၊ မင်းကိုက အတ္တကြီးလွန်းတယ်၊ သမီးကလည်း မေမေ့ကို အခြေအနေကြည့်ပြီး ခေါ်သင့်ရင်ခေါ်ခဲ့၊ ဒီအကောင်လက်မခံရင်နေ၊ ကြီးမေလက်ခံမယ်၊ သမီးသာမြန်မြန်ပြန်လာခဲ့၊ ကြားလား. . "

ကြီးမေဝင်ရောက်ဖျန်ဖြေဆူညံသံက မေတ္တာ၊ ဂရုဏာတွေနှင့် အပြည့်။ ဘဘအောင်ကတော့ စိတ်မော၊ လူမောဟန်ဖြင့် ထိုင်နေလေသည်။

"မမကလည်း ကိုကြီးအောင်ကဖြင့် မျက်စိခပ်ပြာပြာ၊ ညကြီးမင်းကြီး ဘာလို့လာခဲ့ရတာလဲ၊ ဖုန်းဆက်လိုက်လည်း ပြီးတာပဲကို၊ အရေးမကြီးပါဘူး"

"ဟဲ့. . အရေးမကြီးရမလား၊ ဒီလောက်သေရေး ရှင်ရေးကိစ္စကြီးကို၊ ကဲ. . ကလေးကို လွှတ်သာလွှတ်လိုက်၊ သမီးကလည်း မြန်မြန်ပြန်ခဲ့၊ အခြေအနေအရ ဒီကိုသာခေါ်ခဲ့၊ ပုလဲမှာ မိဘတွေလည်းမရှိဘူး၊ လိုက်ရင်လည်းလိုက်မှာပေါ့"

"မိဘတွေမရှိတော့ပေမယ့် သူ့မောင်အရူးကရှိသေးတယ်"

"ဟဲ့. . ကိုဇင်. . ဒီလိုမပြောနဲ့လေ၊ ကိုယ်ချင်းစာကြည့်မှပေါ့၊ မောင်နှမဆိုတာ ဘယ်လိုလုပ်ပစ်ထားလို့ရမလဲကွယ့်၊ ဥပမာ. . မင်းရူးလည်း ငါကတော့ ပစ်မထားနိုင်ဘူးလေ၊ ကို

Scanned by CamScanner

အောင်စိတ်ဆိုးခါမှဆိုး၊ မပေါင်းချင်လည်း မပေါင်းနဲ့"

"ဘေဘီဆိုလည်း မောင်လေးရှုးသွားရင် ပစ်မထားဘူး၊ ဘေဘီယူမယ့်ယောကျ်ားက ပစ်လိုက်ခါမှပစ်လိုက်ရော"

"မင်းတို့စကားတွေကလည်းကွာ. ."

ဟု ဘဘအောင်ကညည်းတွားသည်။

စိတ်ညစ်သည့်ကြားမှ ဘေဘီလှစ်ကနဲတွေးလိုက်သည်။ အာပဲဖြစ်ဖြစ် ဖေဖေ ကိုယ်ချင်းစာတတ်သွားအောင်ပါ။ နှမချင်း၊ သမီးချင်း စာနာတတ်သွားအောင်ပါ။

သို့သော် ဖေဖေက တွေဝေငေးငိုင်နေဆဲ။ တစ်ချောင်းတည်းသောကြိုးကလေးကို ဖေဖေလွှတ်ချင်ပုံမရ။

ကြီးမေကမူ မေမေ့အပေါ် မိန်းမချင်းစာနာတတ်ပါသည်။ ဖေဖေ့ကို ဖိအားတွေလှိမ့်ပေးနေသည်။

"ကဲ. . ကိုဇင်. . ကလေးသွားဖို့အစီအစဉ်လုပ်ဦး၊ မုံရွာထိဆိုတော့ တစ်ယောက်တည်းလွှတ်ရမှာစိတ်မချဘူး၊ ဒီကနေ မန္တလေးထိ ကားနဲ့သွား၊ ဟိုဖက်ရော ဘယ်လိုသွားရသလဲ၊ လမ်းမှာ ညအိပ်ရသေးလား"

"ကားနဲ့ပဲ ဆက်သွားရပါတယ်ကြီးမေ၊ နေ့ချင်းတော့ မရောက်ဘူး၊ မန္တလေးမှာညအိပ်ပြီးမှ မနက်စောစော မုံရွာကို ဆက်ရပါတယ်၊ ဘေဘီ့မှာ မန္တလေးကသူငယ်ချင်းတွေရှိပါတယ်၊ တည်းခိုလို့ရပါတယ်"

လူကြီးတွေစိတ်ချလက်ချရှိစေရန် ဘေဘီ အားတက်သရောပြောပေမယ့် ဖေဖေကဝင်ရောက်ကန့်ကွက်ပြန်သည်။





"ဘယ်ဖြစ်မလဲဘေဘီ၊ တစ်ခါမှခရီးရှည်မသွားဖူးသေးဘူး၊ ဖေဖေစိတ်မချဘူး"

"ဒါဆို ဖေဖေပါလိုက်ခဲ့လေ၊ ဖေဖေပါတော့ ပိုကောင်းတာပေါ့၊ မေမေ့အိမ်ထိမလိုက်ချင်လည်း တစ်အိမ်အိမ်မှာဝင်ကျန်ခဲ့ပေါ့"

"ဟုတ်သားပဲကိုဇင်၊ မင်းမြင်လိုက်ရရင် ရောဂါသည်တက်ပြီးသေမှာပဲ"

ဘဘအောင်စကားကြောင့် ကြီးမေက လှည့်ပြီးမျက်စောင်းထိုး၏။

"ရှင်တို့ယောကျ်ားတွေဟာလေ နည်းနည်းမှအနစ်နာမခံချင်ကြဘူး၊ ကိုယ်ချင်းလည်းမစာကြဘူး၊ မိန်းမဆိုတာ အပြင်ကသာ မာနထားနေတာရှင့်၊ ရင်ထဲကတော့ ချစ်သူချော့ရင် ပျော့မယ့်သူချည်းပဲ"

"သိပါတယ်ကွာ၊ ဒါကြောင့် ကိုယ်မဟုတ်တာတစ်ခုခုလုပ်ပြီးတိုင်း မင်းကိုချော့ချော့နေတာပေါ့"

"ဘာပြောတယ်"

"အမယ်လေး. ."

ကြီးမေက သူ့ခန္ဓာကိုယ် ဝဝလှလှကြီးနှင့်မှမလိုက် စွေ့ကနဲ ဘဘအောင်အနားသို့ကပ်သွားပုံက အသားပါလှသဖြင့် ဘေဘီမှာ စိတ်ညစ်သည့်ကြားမှ ရယ်ချင်သွားမိသည်။ ခုထိ ချစ်ကြတုန်းပဲ။ အင်းလေ. . လင်မယားဆိုတာလည်း ဘဘအောင်နဲ့ကြီးမေလို အသက်ကြီးတဲ့အထိ သေတပန်သက်တစ်ဆုံး ရှိုးမြေကျချစ်သွားရမှာမဟုတ်လား။



Scanned by CamScanner

ကြီးမေက ဖြူဖြူဝဝ၊ လှလှ၊ ဘာဘာအောင်က အသားမည်းမည်း ပိန်ပိန်။ ဖျတ်ကနဲကြည့်လျှင် မလိုက်သလိုထင်ရပေမယ့် ချစ်ရည်ချစ်ရိပ်များဖြင့် ပြည့်ရွှန်းနေတတ်သောထိုစုံတွဲသည် ကြည့်လို့တင့်တယ်ပါသည်။

ဘာဘာအောင်မှာ အသားမည်းပေမယ့် စိတ်ထားဖြူစင်သည်၊ ငယ်ငယ်ကတော့ ကြည့်ကောင်းပါလိမ့်မည်။ နှာတံပေါ်ပေါ်၊ မျက်ခုံး၊ မျက်လုံးထင်းထင်းနှင့်။

"ကဲ. . တို့လင်မယားက အိမ်ကျမှရန်ဆက်ဖြစ်လို့ရပါတယ်၊ ဒီသားအဖကိစ္စကို စီမံပေးခဲ့ပါဦး"

"တိုဇင်. . သမီးကို မင်းလိုက်ပို့မလား"

ကြီးမေမေးလျှင် ဖေဖေငေးငိုင်သွားသည်။ ဘေဘီကတော့ မေမေ့ကို မျှော်လင့်တကြီးစောင့်ကြည့်နေမိသည်၊ အတန်ကြာလျှင် ဖေဖေ သက်ပြင်းငွေ့ငွေ့ချသည်။

"မဖြစ်ပါဘူးမမရယ်၊ ထွက်ပြီးသားဆင်စွယ် ပြန်ဝင်ရိုးထုံးစံမရှိပါဘူး၊ သူ့ဘက်က ဝန်မချသရွေ့ ကျွန်မတော် အောက်ကျို့မပေးနိုင်ဘူး၊ သူ့ဆီသွားရင် သူ့ကို လက်နက်ချရာ၊ အညံ့ခံရာကျသွားလိမ့်မယ်၊ ကျွန်မတော်မမှားဘူး၊ ကျွန်တော် ဝန်မချနိုင်ဘူး"

"အရေးထဲမှားဖေဖေရယ်၊ မေမေ့ရဲ့နောက်ဆုံးအချိန်ဖြစ်သွားချင်လည်းဖြစ်သွားနိုင်တဲ့ကိစ္စမှာ ဖေဖေမာနထားမနေပါနဲ့၊ မေမေ့ကို ဖေဖေ တစ်ခါမှမချစ်ခဲ့ဖူးဘူးလားဟင်"

ဘေဘီ့မေးခွန်းကြောင့် အားလုံးတိတ်ဆိတ်သွားကြသည်၊ အဖြေက ထွက်မလာ။ ဖေဖေမဖြေချင်သောမေးခွန်းတစ်ခုသာ ဖြစ်ပေမည်။



"သမီးတစ်ယောက်တည်းလွှတ်ရမှာတော့ စိတ်မချဘူး"

ကြီးမေအသံက လေးတွဲ့တွဲ့။

"ကိစ္စမရှိပါဘူးကြီးမေ၊ ရိုးမကိုဖြတ်ရတာလည်းမဟုတ်ဘူး၊ သမုဒ္ဒရာကိုကျော်ရတာလည်းမဟုတ်ပါဘူး၊ မိန်းကလေးတွေ နိုင်ငံခြားကိုအလုပ်သွားလုပ်နေကြတဲ့ခေတ်မှာ ဘေဘီက မုံရွာကိုကောင်းကောင်းသွားနိုင်ပါတယ်"

"မန္တလေးမှာ မေမေ့မိတ်ဆွေရှိတယ်၊ ကားဂိတ်နဲ့မဝေးဘူး၊ ဖေဖေ စာရေးပေးလိုက်မယ်"

"ရပါတယ်ဖေဖေ၊ ဘေဘီသွားရဲပါတယ်၊ စိတ်ချပါ"

ဖေဖေနှင့်သူမ စကားအချီအချဆိုနေဆဲ ကြီးမေကတော့ ရင်ဘတ်စည်တီးဖြစ်နေလေသည်။ နောက်ဆုံး ဘေဘီ့ကိုမုန့်ဖိုးပေးပြီး တဖွဖွမှာကြားရင်း ကြီးမေတို့ပြန်သွားကြသည်။

ရှေးဟောင်းနှောင်းဖြစ် အချီအချပြောဆိုဆွေးနွေးမှာကြားရင်း ဘေဘီတို့သားအဖ ညသန်းခေါင်တိုင်မှ အိပ်ယာဝင်ဖြစ်ကြ၏။

"ဖေဖေရေ. . မနက်ကျ ဘေဘီ့ကို ကားဂိတ်ထိလိုက်ပို့ဦးမလား"

"မုံရွာထိတောင်သွားဦးမှာပဲ၊ ခုကတည်းက ကိုယ့်အားကိုယ်ကိုးပေတော့"

ဖေဖေအကောင်းပြောတာလား၊ ထေ့သလားပင် ဘေဘီ မသိတော့ပါ။ သို့သော် ယခုကတည်းက ဖေဖေ့ကို ဘေဘီဦးချကန်တော့ပြီး ကြိုတင်နှုတ်ဆက်ခဲ့ပါသည်။

Book Sharing

Scanned by CamScanner

## အခန်း(၂၁)

လမ်းမပေါ်မှာ လူတွေမများလှသေး။ အလင်းရောင်က လည်း သဲသဲကွဲကွဲမရှိသေးပါ။ အရာရာသည် နှင်းမှုန်မှုန်အောက် မှာ ဝိုးတဝါး။

ကျောပိုးအိတ်တစ်လုံး၊ ဆွဲခြင်းလေးတစ်ခုနှင့်မို့ နံနက် စောစောစီးစီး လိုင်းကားပဲစီးလိုက်သည်။ တက်စီတွေ၊ ဘာတွေ လည်း စောသေးလို့မတွေ့ရသလားမသိပါချေ။

အဝေးပြေးကားဂိတ်သို့ရောက်လျှင် နှင်းတွေပင်ကောင်း ကောင်းမကွဲသေး။ ဘေဘီမှာ ခပ်တည်တည်ပဲ လက်မှတ်ရောင်း သည့်နေရာသို့ ချီတက်ရသည်။ ဒီရာသီက ကားကျပ်သည့်ရာသီ မဟုတ်သေးပါ။ ဘယ်အချိန်ဝယ်ဝယ် ကားလက်မှတ်လွယ်ပါ သည်။

သည်စဉ် ဘေဘီ့ပခုံးကို တစ်စုံတစ်ယောက်ကလှမ်းပုတ် လိုက်သဖြင့် သူမ ထိတ်လန့်သွားလေ၏။



"ဘေဘီ. . ငါဖြတ်ပြီးပြီ. . လာ"

"ရဲသျှိုး. ."

ညက ဘယ်အချိန်ထိ ဘာတွေစီစဉ်ခဲ့ရလေသည်မသိ။ သူ့မျက်လုံးတွေက ဟောက်ပက်ဖြစ်နေသည်။ ဘေဘီလည်း ညကအိပ်ရေးပျက်ခဲ့သည်မို့ နှစ်ယောက်စလုံး မျက်ဆံချောင်။

ရဲသျှိုးမှာ ကျောပိုးအိတ်သေးသေးလေးတစ်ခုနှင့် ကားဂိတ် ထိပဲလိုက်ပို့သည်ထင်ပါသည်။

ရဲသျှိုးဆွဲခေါ်ရာသို့ ဘေဘီလိုက်သွားလျှင် မန္တလေးသို့ သွားမည့်ကားများအနားသို့ရောက်ရှိသွားသည်။ ကားကြီးတစ်စင်း အပေါ်သို့ သူမတို့တက်လိုက်ကြရသည်။

"လာ. . ဒီမှာ. . ဘေဘီ့နေရာ"

ကားရှေ့ပိုင်းပြတင်းပေါက်ဘေးမှာ ဘေဘီထိုင်ရသည်။ ရဲသျှိုးက နှုတ်တောင်မဆက်ဘဲ အောက်သို့စွေ့ကနဲပြန်ဆင်း သွားလျှင် သူမမှာ ဒေါသတွေထွက်ရပြန်သည်။

ဒါနဲ့များ ညကတော့ မုံရွာထိလိုက်ပို့မလေး၊ ဘာလေးနှင့် တော်တော်အပိုပြောသည့်ရဲသျှိုးပါပင်။

နှုတ်ခမ်းကိုတင်းတင်းစေ့၊ မျက်စိမှိတ်ရင်း ဘေဘီ စိတ် ရှော၊ ကိုယ်ပါလျှော့ပြီး ဆိုဖာနောက်သို့မှီလိုက်သည်။ ကျောပိုး အိတ်ကိုရင်ခွင်မှာပိုက်၊ ဆွဲခြင်းကိုခြေရင်းမှာထားလိုက်သည်။

ဖေဖေနှင့်ရဲသျှိုးရှေ့မှာ ဒေါင်းတိမောင်းတိနှင့်ထွက်ခွာ လာခဲ့ပေမယ့် သူမတစ်ယောက်တည်း မိုင်ပေါင်းများစွာခရီးကို သွားရမည်ဆိုတော့လည်း ဘေဘီအားငယ်ချင်ပါသည်။

ရက်စက်လိုက်ကြတာနော်။ အကုန်လုံးအပြောသမားတွေချည်းပဲ၊ ဘေဘီ ကိုကို့သတိရနေမိပြန်သည်။ အိုလေ. . သူကတော့ ငါ့ကိုမေ့သွားမှာပါလေ။

ကားစတင်ထွက်လျှင် နံနက်(၄)နာရီခွဲ၊ သူမနံဘေးသို့ ဘယ်သူမှလည်းရောက်မလာသေးပါလား။ ရဲသို့ူမျှားလိုက်မလို့လား။

အိုလေ. . ကားတောင်မှထွက်နေမှပဲ၊ သို့သော် ဘေဘီ သူ့ကိုမျှော်မိ၊ ရှာမိသည်မှာ ကိုယ့်လည်ပင်းလေး ချာလပတ်လည်သွားသည်အထိ။ ထိုစဉ်. .

"ဟိတ်ကောင်မလေး. . "

အသံနှင့်အတူ သူမဘေးသို့ ရဲသို့ူးစွေ့ကနဲရောက်လာတော့ ဘေဘီပျော်သွားတာ သူ ကောင်းကောင်းမြင်သွားသည်။

"အလကား. . ဟန်တွေများနေတယ်၊ တစ်ယောက်တည်းလည်းမသွားရဲဘဲနဲ့"

"အံမယ်. . ဘာလို့မသွားရဲရမှာလဲ၊ သွားရဲလို့ပဲ ထွက်လာခဲ့ပြီနော်၊ ဒါထက် နေစမ်းပါဦး၊ စောစောက ဘယ်ချောင်မှာကပ်နေတာလဲ"

"သူခိုးဖမ်းချင်လို့၊ ဟိုးနောက်မှာကပ်နေတာ၊ ကားထွက်တာလည်းကြာရော ဘေဘီငိုတော့မှာလေ"

ရဲသို့ူးမှာ အနိုင်ရနေလေတော့သည်။ သည်လိုတော့လည်း ဘေဘီမခံနိုင်ပြန်။ သူ့ကိုပြဿနာရှာရမည်။

"အိမ်ကိုဘယ်လိုပြောခဲ့လဲ၊ တော်ကြာ. . "



"ဘာလဲ. . ဘေဘီနဲ့ခိုးရာလိုက်သွားပြီလို့ ထင်ကြမှာစိုးလို့လား၊ ရှက်စရာကြီးနော်"

"သေလိုက်ပါလား. . သွား. . "

"ကြည့်စမ်း၊ သူလည်းလိုက်ပို့ရသေးတယ်၊ လူကိုလည်းသေခိုင်းနေသေးတယ်"

သူက မြူးရွှင်နေပေမယ့် ဘေဘီ့မှာ အားရှိတာက တစ်ဝက်၊ စိတ်ညစ်ရတာကတစ်ဝက်။ ယောကျ်ားလေးတစ်ယောက်နှင့် မုံရွာထိအတူသွားရလျှင် ဘေဘီ့အစ်ကိုတွေက ဘယ်လိုထင်ကြမည်မသိ။ အတွေးနှင့်ပင် သူမရှက်သွေးဖြန်းနေခဲ့လျှင် ရဲသို့ူးကလည်း ရိပ်မိတာပါပင်။

"ဟေ့ကောင်မလေး. . ဘာတွေ မကောင်းကြံစည်နေသလဲ၊ သိတယ်နော်၊ ဘေဘီအူပုပ်နေတာ မျက်နှာမှာပေါ်နေတယ်"

သူ့ကိုမျက်စောင်းထိုးပြီး ဘေဘီသက်ပြင်းချမိသည်။ ကိုယ်ပူသမျှ သူ့ကိုပြောနေလို့လည်း ကိုယ်ချင်းစာတတ်မည်မထင်။ မီးစင်ကြည့်၍သာ ကရတော့မည်။

"ကောင်းကောင်းနေစမ်းပါရဲသို့ူးရယ်၊ ဘေဘီ စိတ်မချမ်းသာဘူးနော်၊ သူများတွေအထင်မမှားအောင်နေ၊ ဘေဘီ့ကိုစောင့်ရှောက်ရအောင်လိုက်တယ်ဆိုရင်လည်း စောင့်ရှောက်တာနဲ့ညီပါစေ"

ဘေဘီ အစိုးရိမ်လွန်ပြီး သူ့ကိုကပ်ညပ်နေလျှင် ရဲသို့ူးမှာ တရှူးရှူးနှင့်ဒေါပွနေလေတော့သည်။

Scanned by CamScanner

"ဘာပြောတယ်ဘေဘီ၊ မင်းက ကိုယ့်ကို ဘယ်လိုမှတ်လို့လဲ၊ မင်းဟာ အမြဲတမ်း ကိုယ့်စေတနာတွေကိုစော်ကားရမှ စားဝင်အိပ်ပျော်တဲ့မိန်းမ"

"ရဲသျှိုးနော်. . လူကို မိန်းမလေး၊ဘာလေးနဲ့ တော်ပြီ. . ရှင်နဲ့မခေါ်တော့ဘူး၊ စကားလာမပြောနဲ့"

ဒေါသတွေထွက်နေသည့်ရဲသျှိုးကို အနိုင်နှင့်ပိုင်းပြီး ကျောခိုင်းလိုက်သည်။

# အခန်း(၂၂)

ရဲသျှိုးလိုက်ပို့တာ ဖေဖေမသိပါ။ သိလျှင်လည်း ခွင့်ပြုမည်မထင်။ ဒါပြင့် ယခုလို ရဲသျှိုးနှင့်နှစ်ယောက်အတူခရီးသွားမိတာ အပြစ်ပေါ့။

ဆိုဖာနောက်မှီမှာမှီရင်း ဘေဘီ စိတ်တွေဆင်းရဲနေသော်လည်း သူကတော့ အပူအပင်ကင်းစွာနှင့် အိပ်လိုက်လာခဲ့သည်၊

ဘေဘီမှာ သူ့ကိုကြည့်ပြီး မနာလိုမရှုစိမ့်သည့်စိတ်တွေက တလိပ်လိပ်၊ နံနက်ဆယ်နာရီကျော်တော့ ကားနားသည့်နေရာမှာ ထမင်းစားဖို့ဆင်းကြမှ သူ့ကိုမနည်းနှိုးရသည်။

"ရဲသျှိုး. . ရဲသျှိုး. . သူ့ကိုယ်သူများ တပန်းခြေခရီးထွက်လာတယ်များမှတ်နေလားမသိဘူး၊ ဒီမှာ. . ဒီမှာ. . "

သူ့ကို ခပ်ဆတ်ဆတ်ရိုက်ပုတ်မှ ငိုးသွားသည်။

"အင်း. . အဲ. . ဘယ်ကိုရောက်နေတာလဲ ဆောရီးကွာ ဘေဘီ၊ ညကအိပ်မပျော်လို့ပါ၊ ကဲ. . ထလေ. . ထမင်းသွားစားကြမယ်လေ၊ လာ. . "

ရဲသျှိုးပုံစံက စတိုင်ဘောင်းဘီအနက်ရောင်ပွပွ၊ လှလှနှင့် အပေါ်က စပို့ရှပ်လက်ရှည်အဖြူ။ သူ့ပုံစံက မင်းသားတစ်ယောက်လို မှန်ရည်လှပနေသော်လည်း ဘေဘီ သူ့ကိုမတွဲချင်။

ထို့ကြောင့် သူဆွဲသည့်လက်ကိုပြန်ရုန်းယူပြီး ဘေဘီ နှုတ်ခမ်းစူမိသည်။

"ရဲသျှိုးနဲ့ဘေဘီနဲ့ အတူတွဲမသွားချင်ပါဘူး၊ သူများတွေ အထင်လွဲမှာမခံနိုင်ဘူး၊ သွား. . ကိုယ့်ဘာသာသွားစား၊ အပြန် ကျရင်သာ တစ်ခုခုဝယ်ခဲ့"

"ဟာကွာ. . ဘေဘီကလည်း အစိုးရိမ်ကြီးလိုက်တာ၊ ဘာတစ်မျိုးထင်စရာရှိလို့လဲ၊ ဘေဘီ့ကို ကိုယ်လေးလေးစားစားနဲ့ ယုယုယယဆက်ဆံနေတာပဲ၊ ဘာတွေအကြောက်လွန်နေသလဲကွာ၊ လာပါ. . မင်းပါတစ်ခါတည်းလိုက်စား"

"သွားဆိုသွားနော်၊ ဘေဘီ့ကို ဆွဲလား၊ လွဲလားလည်း မလုပ်ပါနဲ့၊ အပြန်ကျရင်သာ ခေါက်ဆွဲကြော်လေးတစ်ထုပ် လောက်ဝယ်ခဲ့"

"ဒါဆို ဘေဘီမစားရင် ကိုယ်လည်းမစားဘူး၊ မင်းပုံစံက မိုးပြို့မှာကြောက်တဲ့ တစ်တီတူးဖြစ်နေပြီကွ၊ ကိုယ့်ဘာသာရိုးရိုးသားသားထမင်းဆင်းစားတာကိုပဲ ကြောက်လန့်နေလိုက်တာ၊ ဘေဘီ. . မင်း ငါ့ကိုမစော်ကားနဲ့နော်၊ မင်း ငါ့သိက္ခာကိုမစော်ကားနဲ့၊ စိတ်ချ. . မင်းကို ကိုယ်လုံးဝတာဝန်ယူတယ်"

သူ့စကားတွေက တစ်ရစ်ချင်းကျွဲမြီးတိုလာခဲ့လျှင် ဘေဘီ မြုံ့ရပါသည်၊ ဘယ်လိုလူကြီးမှန်းလည်းမသိဘူး။





နောက်ဆုံး သူ့ဆန္ဒအတိုင်း ဧဘေဘီပါ ထမင်းဆင်းစားဖြစ်ပါသည်။ လူတွေအများကြီးကြားမှာ ဘေဘီရှက်ပြီး မစားရဲဖြစ်နေခဲ့လျှင် သူ ယုယနေလိုက်ပုံမှာ ပါးစပ်ထဲသို့ပင်ခွံ့ကျွေးနေတော့မတတ်။

အရိုးထွင်ပေးခြင်း၊ ဟင်းများထည့်ပေးခြင်းတို့အပြင် ဘေဘီ့ကိုသာ အရိပ်တကြည့်ကြည့်။

ဘေဘီကတော့ သူ့အပြုအမူအတွက် စိတ်ဆိုး၊ စိတ်တိုနေတာပဲရှိသည်။

"ဘာဖြစ်နေတာလဲ၊ ရှင့်ဘာသာစားပါလား၊ ကျွန်မ တော်ပြီ"

"မရဘူး. . ဒီထမင်းလေးတော့ကုန်အောင်စားရမယ်၊ အဲဒီပန်းကန်ထဲကထမင်းနဲ့ဟင်းကို ကုန်အောင်စား၊ ဒါအမိန့်ပဲ၊ ဒါ တာဝန်. ."

"သေလိုက်ပါလား၊ တော်ပြီ. . မစားဘူး"

နောက်ဆုံး ရဲသျှိုး၏ ချော့တစ်ခါ၊ ချောက်တစ်လှည့် အောက်မှာပင် ဘေဘီ ထမင်းတစ်ပန်းကန်ကုန်သွားရပါတော့သည်။

ကားက မန္တလေးသို့ ညဆယ်နာရီကျော်မှဝင်သည်။

ဘေဘီ စိတ်ရှုပ်နေရပါ၏။ ဖေဖေက စာရေးပေးလိုက်ပေမယ့် ရဲသျှိုးပါနေသဖြင့် ဖေဖေ့မိတ်ဆွေထံသွားလို့ရမည်

ခဲ့ထင်တော့။ တော်ကြာ ထိုမိတ်ဆွေက ဘေဘီ့ကို တစ်မျိုးထင်လိမ့်မည်။

ကားဂိတ်မှာ မတ်တပ်ရပ်ပြီး ဘေဘီငိုတော့မလိုတွေဝေနေလျှင် ရဲသျှိုးက. . .

"ဘေဘီ့အတွက် ကိုယ်လိုက်လာခဲ့တာပါ၊ ဘေဘီအဆင်ပြေဖို့က အဓိကပါ၊ မင်းဖေဖေပြောလိုက်တဲ့မိတ်ဆွေဆီ ကိုယ်လိုက်ပို့ပေးမယ်၊ အခြေအနေကောင်းရင် အဲဒီမှာတည်းလိုက်၊ ကိုယ်က ယောကျာ်းလေးပါ၊ ကိစ္စမရှိဘူး၊ ကိုယ့်မှာ အသိမိတ်ဆွေတွေရှိတယ်"

"ဘာလဲ. . တည်းခိုခန်းတွေလား"

ဘေဘီပြောလျှင် ရဲသျှိုးက မချိပြုံးပြုံးသည်။

"အစစ်ပေါ့၊ အဲဒါ ကိုယ့်မိတ်ဆွေတွေပဲ"

မန္တလေးညက အသက်ဝင်နေပါသေးသည်။ ညလုံးပေါက်တော့ ရှင်သန်မှုရှိမည်မထင်။

ရဲသျှိုးအစီအစဉ်အတိုင်းပဲ ဖေဖေ့မိတ်ဆွေရဲ့အိမ်ကို ဘေဘီတို့လိုက်ရှာကြသည်။ အရက်ဆိုင်တွဲဖွင့်ထားသောထိုအိမ်ကို အဝေးမှပင်လှမ်းကြည့်ပြီး ဘေဘီခေါင်းခါလိုက်သည်။ ဖေဖေ့မိတ်ဆွေသည် ဖေဖေသိတုန်းကတော့ အရက်ဆိုင်ဖွင့်မည်မထင်။

"အဲဒီအိမ်မှာ ဘေဘီမတည်းချင်ဘူး၊ ဖေဖေကလည်း ဒီပုံစံကိုမသိလို့ တည်းခိုင်းတာနေမှာပါ"

"ဘေဘီတည်းမယ်ဆိုလည်း ကိုယ်စိတ်မချနိုင်ပါဘူး၊ ညလုံးပေါက်ဖွင့်တဲ့အရက်ဆိုင်ကြီးလားမသိဘူး၊ ကဲ. . လာ. .

Book Sharing



ရဲသျှိုးဆွဲခေါ်ရာနောက်သို့ ဘေဘီ အားငယ်စွာလိုက်ရပြန်ပါသည်။ မန္တလေးလမ်းမပေါ်မှာ လူသွားလူလာကလည်း ပါးပါးကျဲကျဲ။

ဘေဘီ့မှာ မန္တလေးမိတ်ဆွေမရှိပါ။ ဖေဖေတို့၊ ကြီးမေတို့စိတ်အေးစေရန်သာ ပြောရခြင်းဖြစ်သည်။ ယခုည ဘယ်နေရာမှာတည်းရမလဲ။ တည်းခိုခန်းလား။ တည်းခိုခန်းတွေကရောသန့်ရဲ့လား။ သည်စဉ်. . .

"ဘေဘီ. ."

ရဲသျှိုး၏ ချိုတုံ၊ ချွတုံအသံကြောင့် ဘေဘီမော့ကြည့်မိသည်။

"ကိုယ့်မိတ်ဆွေ၊ ကိုယ့်သူငယ်ချင်းတွေတော့ရှိတယ်"

"မိန်းကလေးမိတ်ဆွေမရှိဘူးလား၊ ရှိရင် ပို့ပေး၊ ရှင်လည်း မနက်ကျ ပြန်တော့၊ မုံရွာကို ဘေဘီ့ဘာသာဆက်သွားမယ်၊ အရေးကြီးတာ အလင်းရောင်ပဲ၊ အလင်းရောင်အောက်မှာဆို ဘေဘီ ရဲရင့်ပါတယ်၊ ဘေဘီကြောက်တာ အမှောင်ပဲ၊ ဟောဒီ အမှောင်ညကိုပဲကြောက်တယ်"

နိုဝင်ဘာညက မန္တလေးမှာ ပိုမိုပီပြင်နေသည်။ အနွေးထည်ကိုယ်စီနှင့်ပေမယ့် သူမတို့ခိုက်ခိုက်တုန်နေကြသည်။

"မိန်းကလေးမိတ်ဆွေရဲ့အိမ်က တော်တော်ဝေးတယ်၊ ကိုယ်တို့ ဒီညမိုးလင်းသွားလိမ့်မယ်"

သူ ကလိကမာတွေများနေတာလား။ ဘေဘီ ယခုည သွေးလန့်နေမိသည်။ ဟော. . နာရီသံချောင်းခေါက်သံ။ (၁၂)

ချက်တီတီပါလား။ လမ်းမပေါ်မှာတော့ လူသွားလူလာတွေ ခပ်ဖျောက်ဖျောက်ရှိနေဆဲ၊

ဘေဘီ. . တော်ငိုပစ်လိုက်ချင်ပါပြီ။

"မုံရွာကားဂိတ်မှာသွားပြီး ငုတ်တုတ်ထိုင်နေရင်ကောင်းမလား"

"မဟုတ်တာဘေဘီရယ်၊ ကိုယ့်ကိုယုံကြည်စမ်းပါ၊ ကိုယ့်စေတနာကို ယုံတယ်မဟုတ်လားဘေဘီ၊ ယောကျ်ားလေး သူငယ်ချင်းဆီပဲသွားကြမယ်၊ တို့ကျောင်းတက်တုန်းက သူငယ်ချင်း။ သူ့အိမ်က ခပ်သေးသေးပေမယ့် သူ့မေမေနဲ့ သူ့နှမလေးက သဘောကောင်းတယ်၊ မတွေ့ကြတာတော့ နှစ်နှစ်ရှိပြီ၊ အခြေအနေတွေ မပြောင်းလဲတန်ကောင်းပါဘူး"

သူနှင့်ဘေဘီတို့ လမ်းဆက်လျှောက်ကြပြန်သည်။ ဘေဘီ့ရင်ထဲမှာ စိုးရိမ်ပူပန်မှုတို့က အပြည့်။

"နေစမ်းပါဦးဘေဘီ၊ ကိုယ်မပါရင် မင်းဘယ်လိုလုပ်မလဲ ပြောပါဦး"

ရဲသိုးက ဘေဘီ့ကို စာမေးပွဲစစ်သလိုစစ်လျှင် သူမစိတ်တိုရသည်။

"တိုး. . ကျွန်မတစ်ယောက်တည်းဆို ဖေဖေ့မိတ်ဆွေရဲ့ အရက်ဆိုင်ထဲမှာ မအိပ်ဘဲငုတ်တုတ်ထိုင်နေလိုက်မှာပေါ့"

သူမ၏အဖြေကြောင့် ရဲသိုးက ခေါင်းပေါ်လက်သီးနှင့် ထုချလိုက်လေသည်။ အတန်ကြာသွားရပြီးလျှင် ဘေဘီတို့ ရဲသိုး မိတ်ဆွေအိမ်သို့ ရောက်သွားကြသည်။ ညကြီးမင်းကြီးပေမယ့် သူမတို့နိုးကြရသည်။

•





အတန်ကြာလျှင် အိမ်ကလေးထဲမှ အညာသားရုပ်နှင့် လူရွယ်တစ်ဦးထွက်လာသည်။ ရဲသိုးကိုမြင်လျှင် သူ့အသွင်က ဝမ်းပန်းတသာ။

"ဟာ. . ကိုသိုး. . ဒါနဲ့လူပျိုကြီးလုပ်မလို့ဆို၊ လာ. . လာ မင်္ဂလာပါဗျာ၊ မင်္ဂလာပါ။ ခင်ဗျားဟာလေးက တော်တော်လှတာပဲနော်"

သူ့သူငယ်ချင်းက အိပ်စုန်မွှန်ဝါးနှင့်ရမ်းပြောနေလျှင် ရဲသိုးမှာ အရမ်းအားနာနေမိသည်။

"ဟာ. . နေမင်းရဲ့. . ရမ်းမပြောနဲ့ကွ၊ ဒါ ကိုယ့်ညီမဝမ်းကွဲလေး။ မနက်ကျရင် မုံရွာထိသွားမှာ၊ ခုညတော့ ဒီမှာခဏတည်းမယ်"

"အင်း. . ညီမဆိုလည်းကောင်းတာပဲ"

သူငယ်ချင်းနှစ်ယောက် ပြောမနာဆိုမနာဖြင့် ပွင့်လင်းစွာစကားထိုင်ပြောနေကြလျှင် ဘေဘီကတော့ အိပ်ချင်လှပေပြီ။

အတန်ကြာမှ ရဲသိုး ဘေဘီ့ကို သတိရသွားလေ၏။

"ကဲ. . နေမင်းရေ. . မင်းအမေနဲ့ညီမလေးရော ကိုယ့်ညီမလေးကို သူတို့နဲ့အတူအိပ်ပါစေ"

အားနာသော်လည်း တစ်အိမ်သားလုံးကိုနိုးရသည်။ ဘေဘီမှာ ကိုနေမင်း၏ညီမနှင့်အိပ်ရပြီး ရဲသိုးတို့ကတော့ အိမ်ရှေ့ဧည့်ခန်းမှာအိပ်ကြသည်။

အခြေအနေအားလုံးအတွက် ထိတ်လန့်စိုးရိမ်နေလျက်နှင့်ပင် ဘေဘီ ပင်ပန်းစွာအိပ်ပျော်သွားလေသည်။

*



Scanned by CamScanner

# အခန်း(၂၃)

"ဘောဘီ. . ဘောဘီ. . ထ. . ထတော့၊ လေးနာရီထိုးပြီ"

သူမ၏အခန်းတံခါးကိုပုတ်ကာနှိုးမှ ဘောဘီအလန့်တကြား အိပ်ယာမှနိုးလေသည်။ မေမေ့ကိုစိတ်မပူလို့တော့မဟုတ်ပါ။ တစ်ညလုံး တလူးလူး၊ တလိမ့်လိမ့်နှင့် ပူပင်သောကတွေကိုခံစားနေရပြီး ယခုလေးမှ ဘောဘီအိပ်ပျော်သွားခြင်းဖြစ်သည်။

"ဟင်. . အင်. ."

ကျောပိုးအိတ်လေးဆွဲပြီး အခန်းပြင်သို့ထွက်လာခဲ့လျှင် ရဲသျှိုးအသွင်အပြင်က အဆင်သင့်။ သူလည်း အိပ်မပျော်တူးထင်ပါသည်။

"လာ. . အိမ်ရှေ့မှာမျက်နှာသစ်ရအောင်"

ကလေးလေးတစ်ယောက်လို ဘောဘီ့ကို သူကပြုစုနေလေသည်။ တစ်အိမ်လုံးလည်း မည်သူမှမနိုးကြသေးဘူးလားမသိ။



သူပေးသည့်သွားပွတ်တံယူပြီး မျက်နှာသစ်နေစဉ် သူက မျက်နှာသုတ်ပဝါလေးနှင့် အသင့်စောင့်နေသည်။ ဘောဘီ သူ့ကိုတမော့မော့နှင့်အားနာနေလျှင် ရဲသျှိုးက ကြင်နာစွာပြုံးပြသည်။

"အဝတ်အစားလဲလိုက်ဦး၊ အဝတ်တွေကြေနေတယ်"

"အင်းပါ. ."

သူက ဘောဘီ့ကို ညွှန်ကြားချက်တွေပေးပြီး ဧည့်ခန်းမှာထိုင်စောင့်နေလျှင် ဘောဘီ အဝတ်အစားလဲဖို့ပြင်ရသည်။

"ရဲသျှိုး. . ဟိုအက်ခဏလှည့်၊ ဒီနေရာမှာပဲ ကျွန်မအဝတ်လဲရမှာ"

"ကိုယ့်များ ရှက်နေရသေးတယ်၊ ငယ်ငယ်တည်းက အတူနေလာတာများ"

"နေတာက နေတာပဲ၊ ရှက်တာက ရှက်တာပဲ"

သူ အိမ်ရှေ့သို့ ခေတ္တဆင်းနေပေးလျှင် ဘောဘီ လျင်မြန်စွာအဝတ်လဲရသည်။ သူမမှာ အလှအပတွေဂရုစိုက်မနေအားပါ၊ ကြုံသလိုဆွဲဝတ်လိုက်ရုံသာ။

ဘောဘီအဝတ်လဲပြီးချိန်တွင် ရဲသျှိုး ဧည့်ခန်းထဲသို့ပြန်ဝင်လာသည်။ ထိုအချိန်တွင် အိမ်ရှင်ကိုနေမင်းနိုးလာပေပြီ။

နံနက်စောစောစီးစီး လက်ဖက်ရည်ပူပူနှင့် မုန့်များအတင်းကျွေးနေချေသဖြင့် ဘောဘီတို့ လျင်မြန်စွာစားကြရပြန်သည်။

"အချိန်မရှိတော့ဘူး၊ ကားမမှီဘဲနေဦးမယ်၊ သွားကြစို့ ဘောဘီ၊ ကဲ. . နေမင်းရေ. . အစစအရာရာအတွက် ကျေးဇူးပါပဲကွာ၊ ရန်ကုန်လည်းလာလည်ဦး"

ရဲသျှိုးက အိမ်ရှင်ကိုနေမင်းကို အားပါးတရနှုတ်ဆက်လိုက်သည်။ အိမ်ရှေ့မှာလည်း ကိုနေမင်းခေါ်ပေးသည့်ဆိုက်ကားက အဆင်သင့်စောင့်နေပေပြီ။

ဘေဘီ ကိုနေမင်းကိုနှုတ်ဆက်လိုက်သည်။

"ကိုနေမင်းတို့မိသားစုကို ကျေးဇူးတင်ပါတယ်၊ ရန်ကုန်ရောက်ရင် ကျွန်မဆီကိုလည်းဝင်ပါရှင်"

"ဟုတ်ကဲ့ခင်ဗျာ၊ ကျွန်တော်တို့ဆုံကြဦးမှာပါ၊ ကြာကြာမနေလို့ ဘာမှဧည့်ဝတ်မကျေလိုက်ရ၊ မပြုစုလိုက်ရတာကို စိတ်မကောင်းပါဘူး"

"ကိစ္စမရှိပါဘူးရှင်၊ မိတ်ဆွေဆိုတာ လိုအပ်တဲ့အချိန်မှာ လိုအပ်သလိုကူညီရင် ဝတ္တရားကျေပါတယ်ရှင်၊ ကျွန်မ တကယ်ပဲကျေးဇူးတင်ပါတယ်"

ဆိုက်ကားပေါ်သို့ နှစ်ယောက်သားတက်လိုက်ကြစဉ် မန္တလေးလမ်းမကြီးပေါ်မှာ ဆိုက်ကားဆရာက စတင်နင်းတော့သည်။ ရဲသျှိုးနှင့်သူမ ကျောချင်းကပ်လျက်။

သူ့ခန္ဓာကိုယ်တုန်လှုပ်နေတာ ဘာဖြစ်လို့လဲ။ လမ်းတွေလည်းမကြမ်းဘဲနှင့်။ အလို. . သူ ရင်တွေခုန်နေသလားကွယ်။ ဘေဘီကတော့ ကိုကို့ကိုပဲ သတိရနေမိသည်။

သူမက နေကြာပန်းတစ်ပွင့်မို့ နေ၏အပူရှိန်ကိုပဲ မျှော်လင့်နေလေသလားမသိ။ လရောင်၏အေးမြမှုသည် သူမကို မဆွဲဆောင်နိုင်ပါ။ မတုန်လှုပ်စေပါ။

"ကိုယ် ဘေဘီ့ကို မုံရွာထိလိုက်ပို့မယ်နော်"





ဆိုက်ကားပေါ်မှ ကိုယ်ကိုလှည့်ပြီးပြောရသဖြင့် သူ့မျက်နှာက ဘေဘီ့နားရွက်ကိုထိလုလု။

"မပို့နဲ့တော့၊ မုံရွာကို အစောကြီးရောက်သွားမှာ၊ ရပြီ၊ ဘေဘီသွားရဲပြီ၊ ရဲသျှိုးပြန်တော့"

"တကယ်လား၊ တကယ်သွားရဲပြီလား"

"သွားရဲပါပြီဆို"

ဆိုက်ကားပေါ်မှာ ခေတ္တငြိမ်သက်သွားကြပြန်၏။

"ကိုယ် ဘေဘီ့ကို လိုက်ပို့ရတဲ့အတွက် ဘယ်တော့မှ နောင်တမရဘူးသိလား"

"ဘာလဲ. . ဘာတွေပြောနေတာလဲ၊ ဘာလို့နောင်တရရမှာလဲ"

"ညက ကိုယ်သာမပါခဲ့ရင် ဘေဘီအဆင်မပြေပါဘူး၊ ကိုယ်ဝှတ်လိုက်ခဲ့တဲ့အတွက် ဘေဘီစိတ်မညစ်တော့ဘူးမဟုတ်လား"

"ပြောလို့မရသေးဘူး၊ တုံ့ပြန်မှုတွေကို ကျွန်မ မသိသေးဘူး"

"စိတ်ချပါဘေဘီရယ်၊ မင်း ဘယ်တော့မှနောင်တမရစေရပါဘူး၊ တုံ့ပြန်မှုတွေအားလုံးကို ကိုယ်ရင်ဆိုင်နိုင်ပါတယ်"

သူ ဘာကိုဆိုလိုသလဲ။ ဘေဘီ သူ့ကိုပြန်လည်ဆွေးနွေးမနေတော့ပါ။

"မုံရွာရောက်ရင် ကိုယ့်ဆီဖုန်းဆက်နော်၊ အကျိုးအကြောင်းတွေပြောပြ၊ ဘေဘီ့မေမေကို ရန်ကုန်သာခေါ်ခဲ့ပါ"



Scanned by CamScanner

"မငူပါနဲ့၊ မြန်မာသာပြန်ပါ"

ဆိုက်ကားဆရာကို ရန်ကုန်ကားဂိတ်သို့အရင်ပို့ခိုင်းပေမယ့် ကြံဖန်ပြီးစိုးရိမ်တတ်သည့်ရဲသျှိုးက မုံရွာကားဂိတ်သို့ အရင်ဝင်ပို့စေသည်။

မန္တလေးညရဲ့ နှစ်သက်ဖွယ်ဆောင်းမှာ ဆိုက်ကားတစ်စီးထဲ ကျောချင်းကပ်စီးနေကြရသည်မှာ အိပ်မက်သဖွယ်။

ရဲသျှိုးမှာ ကြည်နူး၊ လွမ်းဆွတ်၊ ရီဝေနေမိသည်။ မန္တလာညရယ်. . မကုန်ဆုံးပါစေနဲ့တော့။ နံနက်မိုးမလင်းပါစေနဲ့တော့။

ကားတွေမိမိ၊ မမိမိ သူ့ဘဝမှာ မလိုအပ်တော့ပါ။ နူးညံ့နွေးထွေးသည့်ကျောပြင်လေးနှင့် တမင်တကာလည်း မထိရက်ပါ။ သို့ပေမယ့် ဘောဘီက အထူးတလည်ရှောင်ကျဉ်မနေသည့်အခါ ထိသည့်အခါထိ၊ မီးပွင့်သည့်အခါမီးပွင့်။

မုံရွာကားဂိတ်ရောက်လျှင် ဘောဘီဆင်းသည်နှင့် ရဲသျှိုးကလည်း လိုက်ဆင်းသည်။

"ရဲသျှိုး ကားမမိလို့ ဒုက္ခရောက်နေဦးမယ်၊ သွား. . သွားတော့. . "

"ရပါတယ်၊ ကားတွေအများကြီးပါ"

ဘောဘီက ပူပင်စွာပြောသော်လည်း ရဲသျှိုးရုပ်က ရီဝေဝေ။

သူမ၏လက်ကလေးတစ်ဖက်ကို ဆတ်ကနဲဆွဲယူပြီး ရဲသျှိုးဖျစ်ညှစ်မိသည်။ ရင်ထဲမှာလှုပ်ဟာနေလိုက်သည်ကလည်း ဗူးတစ်ခွလုံး အရည်တွေပျော်နေလေသလားပင်မသိ။

"ဘောဘီ့မေမေ မြန်မြန်နေကောင်းပါစေ၊ ကိုယ်မျှော်နေမယ်၊ လွမ်းနေမယ်ဆိုတာလည်း သတိရပါ"





သူ ဆိုက်ကားပေါ်သို့ ချက်ချင်းတက်ပြီး ထွက်ခွာသွားလျှင် နွမ်းညှိုးသောမျက်နှာကို ဘောဘီတဲ့ကြည့်နေမိသည်။

ဒီလောက်ဆွေးမြည့်ရအောင် သူမတို့က ဘာတွေမို့လို့လဲ။ ရုပ်ရှင်တွေထဲမှာသာမြင်ဖူးသည့် အလွမ်းအဆွေးရုပ်နှင့်ရဲသျှိုးက သရုပ်ဆောင်ပြသွားခဲ့လေပြီ။

ဘောဘီ မယုံနိုင်ပါ။ ဟုတ်တယ်။ ဒါ သရုပ်ဆောင်တာပဲ။

ခေတ်ဟောင်းအဆိုတော်ကြီးကိုတင်လှိုင်က. . .

ယောကျ်ားမှာလည်းအသည်းနဲ့ပါ၊ ဘာညာဖြင့် ရှေ့နေလိုက်ခဲ့ပေမယ့် ယောကျ်ားတို့မှာ ကုစားစရာတွေများလှပါသည်။

မေမေ့ကြည့်ပါလ်ား၊

အပျော်လွန်ပြီး ပြတောင်နေလိုက်သေးသည်။ မေမေနှင့်ခွဲခွာခဲ့ရလို့လည်း တစ်ခါမှ လွမ်းပုံ၊ ဆွေးပုံမပြ။

မေမေက ဟန်ဆောင်ကောင်းတာလား။ ရဲသျှိုးက ဟန်ဆောင်ကောင်းတာလား။ ဘောဘီကတော့ အညံ့ဆုံးသရုပ်ဆောင်။

ဘောဘီ မုံရွာသို့ အစောကြီးရောက်ပါသည်။ မြင်းလှည်းနှင့် မေမေရှိရာဆင်ခြေဖုံးရပ်ကွက်သို့ သူမ ခရီးဆက်ခဲ့သည်။

ဘောဘီ မေမေ့အိမ်ရှေ့ရောက်တော့ နံနက်(၁၀)နာရီ။

# အခန်း(၂၄)

"မမ.."

ဘောဘီ မြင်းလှည်းပေါ်မှဆင်းသည်နှင့် မောင်လေးမင်းထက်ဖြိုးစင်က အိမ်ပေါ်မှပြေးဆင်းလာပြီး သူမ၏အထုပ်အပိုးများကို ဆွဲယူသည်။

ဘောဘီ မောင်လေးလက်ကိုဆွဲဆုပ်ထားမိသည်။ (၅)နှစ်ကြာအောင်မတွေ့ခဲ့ရသည့်မောင်လေးသည် ထွားကြိုင်းမြင့်မားလွန်းလှပါပကော။

"မမဘယ်လိုနေလဲ၊ မမေ ဘာဖြစ်တာလဲဟင်၊ အခုဘယ်သူနဲ့ကုနေလဲ၊ အစ်ကိုကြီးနဲ့အစ်ကိုငယ်ရော.."

ရင်ထဲမှာစုပြုံထိုးသိပ်ခံထားရသည့် သံယောဇဉ်အပိုင်းအစများက ဘောဘီ့ရင်ထဲမှကွန်းကန်ထွက်လာကြသည်။

"မေမေမှိန်းနေတယ်၊ ကိုကြီးနဲ့ကိုငယ်က အိပ်နေတုန်း။ ကုတာကတော့ ဆရာဝန်နဲ့ပဲ၊ ဒီခြံနဲ့အိမ်ကို ပေါင်ထားရတယ်"



မောင်လေးက ဂျာနယ်လစ်လုပ်စားဖို့ကောင်းသည်။ တစ်ထိုင်တည်းနှင့် စုံစီနဖာစေ့အောင် ပြောလည်းပြောတတ်ပါပေ၏။

"ဒီအချိန်ထိအောင် အိပ်တုန်းလား"

အစ်ကိုကြီးနှင့်အစ်ကိုငယ်အိပ်တုန်းဆိုသဖြင့် ဘောဘီ ထူးဆန်းနေသည်။ နေမြင့်မှပဲဟာ။

"အစ်ကိုကြီးက အလုပ်မှမရှိဘဲ၊ အစ်ကိုငယ်ကတော့ ကားမောင်းပါတယ်၊ အခု သူ့ကားဝပ်ရှော့ထိုးထားလို့ ဒီနေ့နားနေရတာ၊ သူတို့တွေကလည်း မလိမ္မာပါဘူးမမရာ၊ အလကား"

အိမ်ရှိလူများ၏အနေအထားကိုလည်း ဘောဘီရိပ်စားမိလိုက်ရသည်။ မင်းထက်ဖြိုးစင်က ဘောဘီ့အထုပ်အပိုးများကို ဧည့်ခန်းထောင့်တွင်စုပုံထားလိုက်၏။

မောင်လေးလက်ကိုဆွဲကာ အိမ်ကလေးပေါ်သို့တက်ခဲ့ရသည့်ဘောဘီမှာ အဘိုးနှင့်အဘွားမရှိတော့ဟူသည့်အသိကရင်ကိုဆို့နင့်စေပြန်သည်။

ဘောဘီပြန်ခွင့်မရခဲ့ပေမယ့် မောင်လေးနှင့် စာအဆက်အသွယ်ရှိသဖြင့် အိမ်ကအကြောင်းအရာတွေအားလုံးကို သူမသိပါသည်။

"ဦးလေးတိုးရော.."

မေမေက ယောက်ဖကို စိတ်ပျက်သော်လည်း ဘောဘီကကိုယ့်ဦးလေးမို့ သံယောဇဉ်ရှိပါသည်။

"ဦးလေးတိုး ညကပြန်မအိပ်ဘူး၊ ဘယ်မှာခတ်ကျနေတယ်မသိပါဘူးမမရယ်"

BookSharing

ဦးလေးတိုးမှာ စိတ်မကောင်းပေမယ့် အန္တရာယ်မရှိသူမို့ လွတ်လပ်စွာသွားခွင့်၊ နေခွင့်ရသူဖြစ်ပါသည်။ သူစိတ်မကောင်းပုံကလည်း ဆွေမှန်း၊ မျိုးမှန်း၊ နှမမှန်း၊ တူမမှန်းတော့သိပါသည်။

"မေမေ့ရောဂါကဘာတဲ့လဲ၊ ငါ့ပြောစမ်းပါဦး၊ အိမ်ကရော ဘယ်လောက်နဲ့ပေါင်ထားတာလဲ၊ နင်တို့အဆင်မပြေဘူးလား၊ ငါ့ဆီ ဘာလို့အကြောင်းမကြားတာလဲ"

မေမေအိပ်နေသည်မို့ မောင်လေးနှင့် ညှိခန်းထဲမှာ အကြောင်းစုံမေးမြန်းနေရသည်။ ဘောဘီမေးသမျှ မင်းထက်ဖြူစင်ဖြေရသည်။ မေမေ့မှာသားသုံးယောက်ရှိပေမယ့် အငယ်ဆုံးသားလေးမင်းထက်ဖြူစင်တစ်ယောက်ပဲ လိမ္မာလေသည်။

မောင်လေးက စကားတွေပြောနေ၊ သတင်းတွေပေးနေရင်းမှ သူ၏တစ်ဦးတည်းသောအစ်မကို အကဲခတ်နေ၊ အရိပ်ကြည့်နေသေးသည်။

"မမလာခဲ့ရတာ အဆင်ပြေရဲ့လားဟင်၊ ဘယ်သူလိုက်ပို့ပေးလဲ၊ ဖေဖေ ဘယ်အထိလိုက်ပို့လဲ"

မင်းထက်ဖြူစင်၏စကားကြောင့် ဘောဘီ ခေါင်းနပန်းကြီးသွားရသည်။ ကိုယ်က ရိုးရိုးသားသားပေမယ့် ဘောဘီ့ကို ရဲသျှိုးလိုက်ပို့တာ ပြောလို့ဖြစ်ပါ့မလား။

မုသားပြောမှ ချောမည့်ကိစ္စမို့ ဘောဘီ မုသားသုံးရပြန်ပါသည်။

"အဆင်ပြေပါတယ်၊ ကိုယ့်ဘာသာလာတာပေါ့၊ မေမေ ဘာရောဂါလဲဆိုတာသာပြောစမ်းပါ"



"နှလုံးသွေးကြောကျဉ်းတာတဲ့၊ တစ်ခါ တစ်ခါ မောနေ၊ ကျပ်နေတာများ မြင်ရက်စရာကိုမရှိဘူး၊ တစ်ခါတည်း အသက်ထွက်တော့မတတ်ပဲ၊ နင်ပဲအေးပါတယ်မမရယ်၊ အစ်ကိုတွေဆိုးတာလည်း မမြင်ရ၊ အမေရောဂါသည်းတာလည်းမမြင်ရတော့ဘူးပေါ့"

မောင်လေး ဘောဘီ့ကိုအမြင်စောင်းနေလေသလား။ သူမ ပျာပျာသလဲရှင်းလင်းချက်တင်ရပါသည်။

"ဒီလိုမပြောပါနဲ့မောင်လေးရယ်၊ ငါ ကိုယ်လွတ်ရုန်းသွားတာတော့မဟုတ်ပါဘူး၊ ဖေဖေ့ကိုလိုက်စောင့်ရှောက်တာပါ၊ တစ်ချိန်မှာ ငါတို့မိသားစုထဲ ဖေဖေ့ကိုပြန်ခေါ်လာချင်လို့ပါ"

ဝမ်းနည်းကြေကွဲမှုတို့ကြောင့် ပြောရင်းနှင့်ပင် ဘောဘီ မျက်ရည်များကျကာ ရှိုက်ငိုမိရပါသည်။ သည်စဉ် ခေါင်းရင်းဘက်အခန်းထဲမှ အစ်ကိုငယ်ထွက်လာပြီး. . .

"ပြော. . နင်ဘာလုပ်ရအောင်လာတာလဲ၊ ဘာလဲ. . အဖေသူဌေးနောက်လိုက်သွားရုံနဲ့ မလုံလောက်လို့ အမေသေခါနီးမှာ အမွေယူရအောင်လာတာလား"

မေမေ နှလုံးရောဂါစွဲကပ်တာ သင်းတို့ပယောဂကင်းမည် မဟုတ်။ ဘယ်တုန်းကမှ ချစ်ဖို့မကောင်းသည့်အစ်ကိုငယ်ကိုကြည့်ပြီး ဘောဘီမျက်စောင်းထိုးပစ်လိုက်မိသည်။

မကြောက်ပါဘူး။ သူလည်း လက်နှစ်ဖက်၊ ကိုယ်လည်း လက်နှစ်ဖက်ပဲ။

"စကားပြောတာကြည့်ပြော၊ မေမေ့အနားမှာကျန်ခဲ့ပေ

မယ့် မေမေ့ကိုစိတ်ဆင်းရဲအောင်လုပ်နေကြတာမဟုတ်လား။ လူဆိုတာ စေတနာမှန်ဖို့သာအဓိကပဲ၊ အမွေယူရအောင်လေး ဘာလေးနဲ့ နင်တို့အိမ်ပေါင်ထားရတာငါသိတယ်၊ မေမေနေမကောင်းလို့ ပြုစုရအောင်လာတာ၊ ရန်စကားမပြောနဲ့"

ဘေဘီ့စကားကြောင့် အစ်ကိုငယ်တိတ်ဆိတ်သွားသည်။ မေမေနေမကောင်းရသည့်ကြားထဲ အိမ်ပေါ်မှာ ဆူညံဆူညံမဖြစ်သင့်။

သည်စဉ် မေမေ့အခန်းထဲမှ မေမေ့အသံကိုကြားလိုက်ရသည်။

"သား. . သားငယ်. . ဘယ်သူတွေရောက်နေသလဲ"

"သားလာပြီမေမေ"

မင်းထက်ဖြူစင်က မေမေ့ထံသို့ သုတ်ကနဲဝင်သွားမည်ပြင်လျှင် ဘေဘီလည်း နောက်မှလိုက်ဖို့ပြင်၏။

"ငါလည်းလိုက်မယ်မောင်လေး၊ မေမေ ငါ့ကို မြုန်းကနဲမြင်လိုက်ရရင် တစ်ခုခုများဖြစ်သွားမလား"

နှလုံးရောဂါသမားမို့ မေမေ့ကို ဘေဘီစိတ်မလှုပ်ရှားစေလိုပါ။ မေမေ့ကိုသနားလှပါသည်။

သားနှစ်ယောက်ရဲ့ဒဏ်၊ မောင်အရှုံးရဲ့ဒဏ်၊ နောက်ခင်ပွန်းသည်ကို ပြတ်စဲ၊ ခွဲခွာခဲ့ရသည့်ဒဏ်တွေ။ မိဘနှစ်ပါးကလည်း သေဆုံးလိုက်သေးသည်။

ပဋာစာရီလိုပဲ မေမေ့မှာ သောကတွေများပြားလွန်းလှပါသည်လေ။



"မမ. . နေဦး. . ငါ အရင်သတင်းပေးလိုက်ဦးမယ်"

မောင်လေးပြောတာမှန်နေသဖြင့် ဘေဘီ မေမေ့အခန်းအပြင်မှ ရင်တထိတ်ထိတ်နှင့်စောင့်နေရပါသည်။ ကိုယ့်သမီးလေးပဲ။ မေမေတွေ့ချင်ရှာမှာပေါ့။ (၅)နှစ်ကျော်ခွဲနေရသည့် ဘေဘီ့ကို မေမေလွမ်းနေမှာပါလေ။

အတန်ကြာမှ မောင်လေးက အခန်းဝသို့ထွက်လာပြီး ခေါင်းညိတ်ပြလိုက်သည်။ ဘေဘီ မေမေ့အနားသို့ သုတ်ကနဲပြေးဝင်ခဲ့သည်။

"မေမေ. ."

လှိုက်လှဲ့ညင်သာသည့်ဘေဘီ့အသံက မေမေ့ကို ကျန်းမာနိုးကြားစေလိမ့်မည်။

မေမေ့အိပ်ယာဘေးသို့ပြေးကပ်ပြီး မေမေ့ကို ဘေဘီတအားဖက်ထားမိပါသည်။ ခွဲနေရသည့်ရက်ပေါင်း၊ လပေါင်းများစွာမှာ နွေးထွေးတဲ့မေမေ့ရင်ခွင်၊ မေမေ့အကြင်နာတွေကို ဘေဘီ အမြဲတမ်းတ၊ ငိုကြွေးနေခဲ့ရတာပါ။

မေမေက သူမကို ကြောင်ကြောင်ကြီးငေးကြည့်နေသည်။

"မေမေ. ."

ရင်ထဲမှာပဲ တမ်းတရွတ်ဆိုခဲ့ရသည့်ဒီစကားလုံးကို အထပ်ထပ်ရွတ်ဆိုရင်း ဘေဘီ့မှာ မျက်ရည်လည်ရွှဲ၊ မေမေ့ကိုယ်လုံးလေးကိုလည်း သူမ တိုးလို့ဖက်ထားမိပါသည်။

မေမေ့ကိုမခွဲတော့ဘူး။ မေမေ့ကိုသနားလိုက်တာ၊ မေမေ့ဘာသာ နောက်မိန်းမယူချင်လည်းယူပါစေတော့။

ပြောလို့သာပြောရပါသည်။ ဒီလိုတွေးမိတာတောင် ရင်ထဲမှာနင့်ကနဲနာကျင်ရပါသည်။ ဖေဖေ့ကိုလည်း ဘေဘီမခွဲနိုင်ပါလေ။

"မေမေ . . ဘာမှမပူနဲ့တော့နော်၊ မေမေ့တာဝန်တွေအားလုံး သမီးပခုံးပြောင်းယူမယ်"

အို . . မေမေ့မျက်ဝန်းမှာ မျက်ရည်စတို့ပါလား။ ဘေဘီမေမေ့ကိုလွမ်းဆွတ်စွာကြည့်နေမိပါသည်။ (၅)နှစ်ကျော်သွားပေမယ့် မေမေသည် အရင်အတိုင်းပါပဲ။ အိုစာမသွားသေး။

တော်ပါသေးသည်။ ဖေဖေက အလှအလွန်ကြိုက်သူမို့ပဲ။

ဖေဖေ့အကြောင်းတော့ နောက်မှအရိပ်အခြည်ကြည့်ပြီး ပြောရတော့မည်။ ဖေဖေက ဘာမှမပြောလိုက်ပေမယ့် ဘေဘီကြံရ၊ ဖန်ရ၊ လွမ်းပေးရပါဦးမည်။ ဖေဖေ့ကိုယ်စားပေါ့။

ထို့နောက် မေမေနှင့်စကားပြောဆိုရင်း မေမေ့ဆံပင်တို့ကိုဆီလိမ်းပြီး ထုံးဖွဲ့ဖြီးသင်ပေးလိုက်သည်။

စိတ်ထောင်းလို့ကိုယ်ကြေနေရှာသည့်မေမေ့ကို ဘေဘီစိတ်ချမ်းသာအောင် ပြုစုယုယကုသပေးရပါမည်။

ပေါင်ထားသည့်အိမ်ကလေးကို ရွေးမည်။ အားရှိသည့်အစားအစာများကိုလည်းကျွေးမည်။ လောလောဆယ် ဒီမြို့ကဆရာဝန်နှင့်ပင် ဆက်လက်ကုသပြီး နောက်မှပြောင်းပြကာ ဖေဖေ့ထံသို့ ခေါ်ရမည်လေ။

-:-:-

# အခန်း(၂၅)

ဘေဘီရောက်တာ တစ်ပတ်လောက်ကြာလျှင် မေမေ့ကျန်းမာရေး၊ စီးပွားရေးတွေ နေသာထိုင်သာရှိသွားခဲ့ပေပြီ။

နှလုံးရောဂါဆိုတာ စိတ်နှင့်လည်းဆိုင်ပေသည်မို့ ဘေဘီအရိပ်တကြည့်ကြည့်ပြုစုကုသမှုက အရာထင်ခဲ့ပြီဖြစ်မည်။

ဒီလောက်ရက်တွေကြာလာသောအခါ ဘေဘီ့ကို ဖေဖေစိတ်ပူနေတော့မှာသေချာသည်။ ဘေဘီ့အိပ်မက်တွေထဲမှာ ဖေဖေ့အသွင်က ညှိုးညှိုးနွမ်းနွမ်း။

အင်း . . ရှဉ့်လည်းလျှောက်သာ၊ ပျားလည်းစွဲသာဆိုသလို မေမေ့ကိုလည်း ဆေးဆက်ကုရအောင်၊ ဖေဖေနှင့်လည်းမခွဲရအောင် ဘေဘီ ကြံရ၊ ဖန်ရ၊ အောင်သွယ်ရပါတော့မည်။ အချိန်တန်ပြီလေ။

မေမေ့အခန်းကျဉ်းလေးထဲမှာ ဘေဘီပါအတူအိပ်သည်မို့ ညဉ့်ဦးပိုင်း၏နှင်းမှုန်များကို ပြတင်းမှ အတူငေးကြည့်နေမိကြသည်။

Scanned by CamScanner

လကလည်း သာ့နေဆဲပါပဲ။ သို့သော် နှင်းထုကြားထဲ အလင်းက လွမ်းဆွတ်စဖွယ်။

မေမေ ဘယ်သူ့ကိုလွမ်းနေပါလိမ့်။ လူဆိုတာ တစ်ယောက်ယောက်ကိုတော့ လွမ်းတတ်ကြတယ်မဟုတ်လား။

အင်းလေ. . တစ်ခါ တစ်ခါ တစ်ယောက်တောင်မကပါဘူး။ ဘေဘီဆိုရင် ဖေဖေ့ကိုလွမ်းတယ်။ ကိုကို့ကိုလွမ်းတယ်၊ ရဲသျှိုးကိုကျတော့ အမြဲတမ်းကူညီ၊ စောင့်ရှောက်ရန်ဖြစ်နေကြမို့ သတိရနေမိတာပါပဲ။

ဘေဘီ မေမေ့အခြေအနေကိုကဲခတ်ရင်း. . .

"မေမေ. ."

"ပြောလေသမီး"

ယခုအခါ မေမေသည် စကားနည်းလှပါသည်၊ ဘေဘီငယ်ငယ်တုန်းကဆိုရင် ပြုံးရွှင်ချိုသာသောမျက်နှာလေးနှင့် မေမေ့ဆွဲလည်းသံလေးသည် အိမ်၏ကျက်သရေမင်္ဂလာတစ်ပါးပင်။

ဩော်. . အထီးကျန်ခြင်း၏ရလဒ်၊ တွေတွေးရခြင်း၏ရလဒ်တွေကို မေမေလည်း ခါးသီးလှပေတော့မည်။

"ဖေဖေက မေမေ့ကိုရအောင်ခေါ်ခဲ့ပါတဲ့"

ဘေဘီမှာ လက်တစ်ဖက်ဖြင့် မေမေ့ရင်ခုန်သံကိုလည်း စမ်းသပ်ကြည့်ရသေးသည်။ သို့သော် မေမေက စကားပြန်ပြောဖော်မရပါချေ။ ဘေဘီ ဆက်တင်ရသည်။

"ဘေဘီပါလာတဲ့ပိုက်ဆံတွေ ဖေဖေပေးလိုက်တာပါ၊ ဖေဖေကလေ မိသားစုအတူနေဖို့ တိုက်ခန်းဝယ်ထားပြီးပါပြီ၊ ဖေဖေ့အလုပ်ကလည်း ဝင်ငွေကောင်းပါတယ်၊ ဘေဘီ့ဝင်ငွေနဲ့ပေါင်းရင် မိသားစုအဆင်ပြေပါတယ်မေမေ၊ ပြီးတော့ မောင်လေးလည်း ဂုဏ်ထူးတွေနဲ့အောင်ထားတာမို့ ကျောင်းဆက်တက်ဖို့တွေအာတွေ၊ ကျောင်းစရိတ်ရဖို့ကလည်း မပူနဲ့၊ ပိုက်ဆံရှိတဲ့ကလေးနှစ်ယောက်၊ သုံးယောက်လောက်ကို ဂိုက်လိုက်လုပ်ပေးရင်ရပါတယ်၊ ရဲသျှိုးက အဲဒါမျိုးတွေကျွမ်းတယ်၊ အဆက်အသွယ်ကောင်းတယ်"

"ဘယ်သူ. . ရဲသျှိုး. . ဟုတ်လား၊ သူက ဘယ်ကလဲ"

တစ်ချိန်လုံးစကားပြန်ဖော်မရဘဲ ငြိမ်နေသမျှ ရဲသျှိုးဆိုမှ မေမေ ငေါက်ကနဲဖြစ်တော့သည်၊ မိခင်ဆိုတာ အတော်အကင်းပါးတာပဲ။

ဘေဘီ ဖြေရှင်းရပါသည်။

"အလကားပါမေမေရာ၊ ကြီးမေ့ယောက်ျားဘက်က တူလေးပါ၊ ဒါပေမယ့် သူက ဆရာကြီးမေမေရဲ့၊ နာမည်တစ်လုံးနဲ့လူ၊ သူ့နေ့ကျောင်းက တော်တော်အောင်မြင်နေပြီ၊ ဒီကြားထဲဝိုင်းတွေ၊ ဂိုက်လုပ်ပေးတာတွေနဲ့ သူ့ကြည့်ရတာ အလုပ်ကိုရှုပ်နေတာပဲ၊ ကားတစ်စီးနဲ့ ဟမ်းဖုန်းတစ်လုံးနဲ့၊ ဆောဘီတော့ သူ့ကိုကြည့်မရပါဘူး"

"သမီးကောင်လေးက သိပ်ချမ်းသာနေသလား၊ သိပ်ပြီးကြီးကျယ်သလား၊ မာနကြီးသလား"

မေမေ့စိုးရိမ်ရေမှတ်ကမြင့်တက်လာသဖြင့် ဘေဘီမျက်လုံးပြူးရသည်။



Scanned by CamScanner

"ဘယ်တဘောဘီကောင်လေးလဲမေမေရဲ့၊ သူနဲ့ဘောဘီနဲ့ မတည့်ပါဘူးဆိုမှ၊ ဒါပေမယ့် သူ့နေ့ကျောင်းမှာ သမီးကအလုပ်ဝင်ရတာလေ၊ သူ့လက်အောက်မှာ အလုပ်လုပ်ရတာပေါ့၊ သူ့အကြောင်းက ထားစမ်းပါမေမေရယ်၊ ဘောဘီ သူ့ကိုဂရုမစိုက်ပါဘူး၊ ကိုယ့်မိသားစုအကြောင်းပဲဂရုစိုက်တယ်၊ မေမေလိုက်ခဲ့ပါနော်၊ ဘောဘီတို့မှာ မိဘနှစ်ပါးနဲ့အတူမနေရတော့ ဘဝက အဓိပ္ပာယ်မပြည့်စုံပါဘူးမေမေရယ်"

"ဖေဖေက မေမေ့ကိုချစ်ပါတယ်၊ တိုက်ခန်းဝယ်တာလည်း မေမေ့နာမည်နဲ့ဝယ်တာမေမေရဲ့၊ ဖေဖေ့ကိုလျှော့မတွက်နဲ့၊ တစ်နေ့ တစ်နေ့ မေမေ့အကြောင်းမပါရင်မပြီးဘူး"

ဘောဘီ့အပြောတွေကို မေမေက ဗျတ်ကနဲဝင်ပိတ်လိုက်လျှင် ဘောဘီမှာ ဘာဆက်ပြောရမှန်းပင်မသိချေ။

"တော်စမ်းဘောဘီ၊ အပိုတွေပြောမနေနဲ့၊ ညည်းအဖေအကြောင်း ငါအသိဆုံးပါ၊ အလကား. . လူစိတ်မရှိတဲ့သူ၊ အရာရာမှာ အပေါ်စီးကနေချင်တဲ့သူ၊ အနာမခံနိုင်တဲ့ယောက်ျား"

"ငါ့မှာ မောင်လေးကိုတိုးရှိသေးတယ်၊ သားသုံးယောက်ကလည်း ဒီမှာအမြစ်တွယ်တော့မယ်၊ ငါ ဘယ်တော့မှ ညည်းအဖေဆီမလိုက်ဘူး"

"ဟာ. . မေမေကလည်း သူတို့ကိုခေါ်သွားလည်း ရတာပဲဟာ၊ ဟိုမှာလည်း သူတို့နဲ့သင့်တော်တဲ့အလုပ်တွေရှိသားပဲ"

"မောင်လေးကိုတိုးအတွက်ရော. . "

ဒီအမြေအတွက် ဘောဘီ လွယ်လွယ်မပေးနိုင်တော့ချေ။



ဖေဖေဟာ သူ့ယောက်ဖအရှုးကိုတော့ ချစ်နိုင်လိမ့်မည်မထင်။

ဘောဘီ စကားတွေဆွံ့အနေလျှင် မေမေက ဗိနင်းပြောတော့သည်။ ဒီစစ်ပွဲမှာ ဘောဘီရှုံးရတော့မှာလား။

"ဘဝဆိုတာ ညည်းတွက်သလိုမလွယ်ဘူး၊ စင်းလုံးမချောဘူး၊ မဖြောင့်ဖြူးဘူးဘောဘီ၊ ငါ တစ်ခါပဲရှုံးမယ်၊ ဘဝမှာ နှစ်ခါမရှုံးနိုင်ဘူး"

"မဟုတ်သေးပါဘူးမေမေရယ်"

ဘောဘီ [illegible] ညည်းညည်းတွားတွား၊ လူကြီးသူမတွေပြောသလို ဝါးနုက ဝါးရင့်ကိုပတ်လို့လည်းမရ။

မေမေက ဘဝနာပြီးသည့်သူ။ ဖေဖေ့အကြောင်းကို ဘောဘီ့ထက်ပိုသိသူ။

အခန်းထဲမှာ တိတ်ဆိတ်ငြိမ်သက်မှုကသာ ကြီးစိုးလျက်၊ တစ်ဖက်ခန်းမှာတော့ အစ်ကိုနှစ်ယောက်၏ဟောင်ဖွာ၊ ဟောင်ဖွာစကားသံများက ဒီဖက်ခန်းသို့တိုင် လျှံကျနေလေသည်။

သူတို့ပဲအေးတယ်။ ဘာမှလည်းမတွေးကြဘူး။ ရယ်လိုက်သံကြီးများကလည်း ကျယ်ကျယ်လွင့်လွင့်၊

"မေမေ. . "

သည်စဉ် စောင်ကလေးပိုက်ကာ မောင်လေးဝင်လာသဖြင့် ဘောဘီအားတက်ရပါသည်။ မောင်လေးကတော့ ကိုယ့်လူ၊ သူ့ကို ရန်ကုန်တရားဟောပြီး ရန်ကုန်ဇာတ်လည်းသွင်းထားပြီးဖြစ်သည်။

တကယ်လည်း ရန်ကုန်ဆိုတာ နတ်ပြည်ကြီးလိုမခမ်းနား

Book Sharing

Scanned by CamScanner

ဘဲ ဇနပုဒ်လေးပဲဖြစ်ပါစေ ဖေဖေရှိနေတာတစ်ခုထဲနှင့်ပင် အရာရာပြီးပြည့်စုံလုံခြုံသွားပြီမဟုတ်ပါလား။

ဖေဖေ့ကို ဒီကိုဆွဲမရတော့ မေမေ့ကိုပဲ ဟိုသို့အပါခေါ်ရတော့မှာ ဘောဘီတာဝန်ဖြစ်သည်။

"သား. . ဒီမှာအိပ်မလို့လား"

"ဟုတ်တယ်မေမေ၊ ကိုကြီးနဲ့ကိုငယ်တို့နှစ်ယောက်က အရမ်းဆူလွန်းလို့၊ ဦးလေးတိုးလည်း အိပ်လို့ရမှာမဟုတ်ဘူး"

မောင်လေးက မေမေ့ညာဘက်သို့ဝင်အိပ်ရင်း သတင်းပို့သည်။ ဦးလေးတိုးဆိုတော့ ဘောဘီ့ရင်ထဲနင့်သွားရပါသည်။ ဘောဘီ့ကိုလည်း သူမှတ်မိသည်။ စိတ်မနှံ့သူမို့ လွမ်းတာ၊ ဆွေးတာတွေတော့ မရှိတော့ဘူးပေါ့။

"ဟဲ့. . ကောင်မလေး. . နင်ဘယ်ပျောက်နေတာလဲ၊ 'ယောက်ျားရနေတာလား"တဲ့။

ဩော်. . မေမေ့ဒုက္ခတွေကလည်း ကြီးမားလိုက်တာနော်။

ဘောဘီ မေမေ့ကိုဆက်ပြီးနားချရပါသည်။

"ဒါဆိုလည်း ခဏတော့လိုက်ခဲ့ပါမေမေရယ်၊ မေမေ့ရောဂါက ပျောက်အောင်ကုမှဖြစ်မှာ၊ အခုက ရောဂါငြိမ်ရုံလေး တင်ထိန်းထားရတာ၊ ဘယ်စိတ်ချရမလဲ၊ မောင်လေး. . ကူပြောပါဦးမေမေ့ကို"

"ဟုတ်သားပဲမေမေ၊ မေမေ့ရောဂါကို ပျောက်အောင်ကုရမယ်လေ၊ အပြီးမနေချင်လည်း ဆေးတော့လိုက်ကုပါ၊ ရန်ကုန်ကို ကျွန်တော်လည်းရောက်ဖူးချင်လို့ပါ"



မောင်လေးကလည်း အားတက်သရောဝင်ပြော၏။ အပြင်ဘက်မှာ လမင်းကြီးခမျာ နှင်းမြူထဲမှတိုးထွက်နေရရှာတုန်း။

"မဖြစ်ပါဘူး၊ ငါ သူ့အိမ်ပေါ် မတက်ချင်ဘူး၊ ပြီးတော့ မောင်လေးဖိုးတိုးနဲ့ သားနှစ်ယောက်ကို ဘယ်လိုလုပ်ထားခဲ့ရမှာလဲ"

မေမေ့ဝန်ထုပ်ဝန်ပိုးတွေကလည်း လေးလံလှပါသည်။ ဘောဘီနှင့်မောင်လေးမှာ မေမေ့ကို စကားဆက်မပြောတတ်တော့ပါချေ။

အခန်းကျဉ်းလေးထဲမှာ အတွေးကိုယ်စီဖြင့် သားအမိသုံးယောက်သား အိပ်လို့မပျော်နိုင်ကြပါ။

သက်ပြင်းကိုယ်စီချလျက်နေရသည်။ ညကျတော့ ဘောဘီ ဖေဖေ့ကိုအိပ်မက်မက်ပြန်သည်။

## အခန်း(၂၆)

ဒီနေ့တော့ မေမေလန်းလန်းဆန်းဆန်းရှိနေသည်၊ ဘောဘီ ဈေးဝယ်ခဲ့သည့်ဆွဲခြင်းဘေးမှာ ကလေးတစ်ယောက်လို ထိုင်ကြည့်နေသည်။

ဈေးခြင်းထဲမှာ ဘာစားစရာတွေများထွက်ကျလာမလဲဟု မေမေစိတ်ဝင်စားနေ၏။

"ဒါက မေမေ့ဖို့နန်းကြီးသုပ်ပါဆယ်၊ ဟို ငါးတန်းထိပ်ကဒေါ်ကြီးဝဝရောင်းတာလေ၊ အရမ်းစားလို့ကောင်းတယ်မေမေ၊ တန်လည်းတန်တယ်"

နန်းကြီးသုပ်ကို ပန်းကန်ပြားထဲပြောင်းထည့်ပြီး ဘောဘီ နယ်ဖတ်ပေးလိုက်လျှင် ဟင်းရည်သောက်လိုက်၊ အသုပ်စားလိုက်ဖြင့် မေမေအဆင်ပြေနေလေ၏။

"ဒါက ဆိတ်သားမေမေ၊ ညစာတော့ အာလူးနဲ့ရောမယ်၊ မေမေ့ကို ကြက်သားပြုတ်ကြော်လည်းလုပ်ပေးမယ်၊ ဟင်းရွက်





တွေလည်း အရမ်းတန်တာပဲနော်၊ လတ်လည်းလတ်ဆတ်တယ်၊ ဒီမှာကြည့်ပါဦးမေမေ၊ ဆလတ်ရွက်တွေ၊ ဗူးညွန့်တွေ. . "

ထမင်းစားပွဲပေါ်သို့ ဝယ်လာသည့်ပစ္စည်းများကို တစ်ခုစီတင်ပြီး ဘောဘီသဘောကျနေလျှင် မေမေလည်း စိတ်ချမ်းသာနေလေသည်။

"ကဲ. . သမီး. . ချက်တော့၊ တော်ကြာ ညည်းအစ်ကိုတွေ ပြန်လာပြီး ဆာတယ်၊ ဆာတယ်ဖြစ်လာဦးမယ်"

"ဟုတ်ကဲ့ပါမေမေ၊ ထမင်းဟင်းချက်တာမြန်ပါတယ်၊ (၁)နာရီ၊ (၂)နာရီအလွန်ဆုံးပါပဲ"

မေမေက နန်းကြီးသုပ်စားပြီးသော်လည်း မီးဖိုထဲမှာ ဘောဘီ့ကို စကားတွေလှမ်းပြောရင်း ဟင်းရွက်တွေကူသင်ပေးနေ၏။

မေမေ့အနားမှာ နွေးနွေးထွေးထွေးကြင်ကြင်နာနာနေရသည်ကို ဘောဘီစိတ်ချမ်းသာရပါသည်။

ဒီလိုထူထူထောင်ထောင်၊ လှလှပပလေးမြင်ရတာလည်း ဝမ်းသာသည်။ သို့သော် ဘောဘီ့ရင်ထဲ အမြဲနင့်နေရသည်က ဖေဖေ့ကိုသတိရလို့ဖြစ်ပါသည်။

ဖေဖေ့ခမျာ တစ်ယောက်တည်းရယ်။ ဘောဘီ မီးဖိုထဲမှာ ဟင်းတွေချက်ပြုတ်နေစဉ် အိမ်ပေါ်သို့ မင်းထက်မြူစင် ဒရောသောပါးပြေးတက်လာသည်။ သူ့မျက်နှာက မှိုရသည့်မျက်နှာ။

"မေမေရေ. . အစ်ကိုကြီး မိန်းမခိုးပြေးပြီဗျ၊ မိန်းမခိုးပြေးပြီ၊ ပျော်တယ်၊ ပျော်တယ်. . "

ကတော့မလို၊ ခုန်တော့မလိုရုပ်နှင့် မင်းထက်ဖြူစင်ပျော်နေပုံကိုကြည့်ပြီး ဘေဘီနှင့်မေမေတို့ပြုံးရပါသည်။ ကြုံ ကြုံဖူး ပေါင်တော်။

"ဟဲ့. . သားရဲ့. . နင့်အစ်ကိုမိန်းမရတာနဲ့ နင်ကဘာလို့ ဒီလောက်ပျော်နေရတာလဲ၊ နင်ရူးနေသလား"

"ဟာ. . ပျော်တာပေါ့မေမေရဲ့၊ အစ်ကိုရတဲ့မိန်းမက သူဌေးဗျ၊ သူဌေး။ ဈေးထဲမှာကုန်စုံဆိုင်ကြီးနဲ့၊ စီးပွားရေးလည်းကောင်းတယ်၊ ရုပ်လည်းချောတယ်၊ သဘောလည်းကောင်းတယ်၊ ကိုယ့်အစ်ကို တစ်သက်လုံးကောင်းစားမှာလေ၊ အဆင်ပြေလိုက်တာကဲ. . သားပျော်တာ လွန်သလားမေမေရဲ့"

"အေး. . ဒီလိုဆိုတော့လည်း မဆိုးပါဘူး၊ မင်း ပျော်ထိုက်ပါတယ်"

"မေမေရော မပျော်ဘူးလား၊ မမ. . နင်ရော ပျော်လေ၊ အစ်ကို့အတွက် စိတ်ချမ်းသာပေးကြလေ၊ ဒီလောက်ဂဂျီဂဂျောင်များတဲ့အစ်ကိုလည်း တို့အိမ်ကလွတ်ရော၊ သူလည်း ကောင်းစားသွားရောလေ"

"အင်း. . ငါ့သားက အလုပ်သာလက်ကြောမတင်းတာ၊ မိန်းမတော့ ရှာယူတတ်သားပဲ"

မေမေနှင့်မောင်လေးတို့၏စကားများကို နားထောင်ပြီး ဘေဘီ ဝမ်းသာရမှာလား၊ ဝမ်းနည်းရမှာလားပင်မသိတော့ချေ။

အစ်ကိုနှင့်အနေဝေးသဖြင့် ရဲသျှီးလောက်သံယောဇဉ်မရှိရသည့်ကြားထဲ သူတို့ကလည်း ဘေဘီ့ကို အမြင်ကြည်လင်တာမဟုတ်။



မင်းထက်ဖြူစင်ကတော့ အားရဝမ်းသာနှင့် အစ်ကို့ရှိကာကို ဆက်ဖွင့်တုန်း။

"မေမေ့မှာ စက်ချုပ်ပြီး သားတွေနဲ့မောင်ကိုရှာကျွေးနေရတာ၊ အခု ပါးစပ်ပေါက်တစ်ပေါက်လျော့သွားပြီ၊ အစ်ကိုလည်း အဆင်ပြေသွားပြီ၊ သူဌေးရှာယူတာလေ၊ အသက်တော့ အစ်ကို့ထက်နည်းနည်းကြီးတာပေါ့၊ ဟိုအစ်မကြီးဘက်က ကန့်ကွက်မယ့်သူမရှိဘူး၊ အမေတစ်ခု၊ သမီးတစ်ခုပဲရှိတာ၊ ရှင်းတယ်"

"နင်တို့ဟာကလည်း ဈေးတွက်တွက်နေလိုက်ကြတာ၊ သိုက်တူးတာကျနေတာပဲ၊ မိန်းမတစ်ယောက်ယူတာ ချစ်လို့ယူတာမှမဟုတ်ဘဲ၊ ခိုင်းစားဖို့ယူတာကျနေတာပဲ၊ နင်တို့ကြည့်ပြီး စိတ်ပျက်လိုက်တာ၊ ယောကျ်ားလေးတွေအားလုံး ဒီလိုပဲလား"

"အားလုံးတော့ မဟုတ်ဘူးပေါ့၊ ဒါပေမယ့် မမရယ်၊ ရာနှုန်းနဲ့တွက်ရင် သိုက်တူးတဲ့သူကများပါတယ်၊ ယောကျ်ားတို့ရဲ့နှလုံးသားက ကြီးမားတယ်လေ၊ ကြီးတော့ ခံနိုင်ရည်ရှိတယ်၊ ချစ်လို့ရွေးချယ်နေတာထက် ပစ္စည်းရှိတဲ့သူ၊ အခြေအနေကောင်းတဲ့သူကိုရွေးလိုက်တော့ နောင်ရေးစိတ်အေးရတာပေါ့လေ"

"နင်ပြောတာတွေ ငါတော့တစ်ခုမှလက်မခံနိုင်ဘူး၊ ယောကျ်ားယူရမှာ၊ ရည်းစားထားရမှာတောင်ကြောက်လာပြီ"

"ကောင်းတယ်၊ အပျိုကြီးပဲလုပ်၊ မသေချာတဲ့ကိစ္စအတွက် အချိန်ကုန်မခံနဲ့"

ဘေဘီတို့မောင်နှမတွေ စကားများနေကြစဉ် မေမေကသူ့မိတ်ဆွေများနှင့်သွားရောက်တိုင်ပင်ဖို့ နေရာမှထလိုက်သည်။

မမေ့ကြည့်ရတာ ရွှင်ရွှင်လန်းလန်း။ ဘာ့ပဲဖြစ်ဖြစ် သား တစ်ယောက်အတွက် စိတ်အေးသွားရပြီမဟုတ်ပါလားလေ။

"ကဲ. . သမီးရေ. . အဲဒီမှာချက်ပြုတ်ကျန်ခဲ့ဦး၊ မမေ လမ်းထိပ်သွားလိုက်ဦးမယ်"

"မောင်လေး. . မမေ့နောက် အဖော်လိုက်သွားလိုက်၊ မမေက စိတ်သာဆောင်နေတာ၊ ကျန်းမာရေးကောင်းသေး တာမဟုတ်ဘူး၊ ထီးလိုက်မိုးပေးလိုက်"

မမေနှင့်မင်းထက်ဖြူစင်တို့ အိမ်ပေါ်မှဆင်းသွားကြလျှင် ဘေဘီတစ်ယောက်တည်း ကျင်လည်စွာချက်ပြုနေလိုက်သည်။ တစ်ယောက်တည်းရှိလျှင် ဘေဘီ ဖေဖေ့ကိုသတိရနေမိသည်။

ဘေဘီရောက်တာ နှစ်ပတ်ရှိပါပြီ။ ဖေဖေ့ဆီ မကြာမီ ပြန်လာမည့်အကြောင်း စာရေးထားပါ၏။ ဖုန်းလည်းတစ်ခါ ဆက်ထားသည်။

အင်း. . ရဲသျှိုးတော့ ဒေါပွနေမှာပဲ။ သူ့ဆီ စာလည်း မရေး၊ ဖုန်းလည်းမဆက်လို့ စိတ်တိုနေမှာပဲ။

ကိုလေ. . သူနဲ့ဘာဆိုင်လို့လဲ။ ကိုကို့ကိုလည်း သတိရ သည်။ ရင်မှာ တနင့်နင့်နှင့် အမြဲသတိရနေပုံကို လွမ်းတယ်ဟု ပင်ခေါ်လေမလား။ ဘေဘီ ကိုကို့ကိုလွမ်းပါသည်။

သူ့အကြောင်းတွေးလိုက်တိုင်း နှလုံးသားတစ်ခုလုံး နာကျင်ကြေကွဲသွားပြီး မျက်ဝန်းမှာ မျက်ရည်ခိုးတွေဝေ့သွား တတ်သည်မှာ ဘေဘီ့ခံစားချက်ပါ။





ဒါဟာ အချစ်လားကွယ်။ ကိုကိုရယ်. . မိန်းကလေးတစ် ယောက်ကို ဘာအဓိပ္ပာယ်နဲ့ ချဉ်းကပ်ခဲ့တာလဲ။

ကိုကို ဘေဘီ့ကိုမချစ်ပါဘူး။ ချစ်တယ်ဆိုရင် ဒီလိုဘယ် ပစ်ထားမလဲ။ ဒီလို ဘယ်ဒဏ်ခတ်မလဲ။ ဘေဘီကတော့ ကိုကို့ ကိုမေ့လို့မရဘူး။

ချောမောလှပသည့်မျက်နှာ၊ စတိုင်ကျကျကိုယ်ဟန်နှင့် ဝစ်တာကိုခေါင်းငုံ့တီးခတ်နေပုံ၊ လှပတကျွှသည့်သီချင်းဆို ဟန်များက ဘေဘီ့နှလုံးသားထဲမှမထွက်။

ကိုကိုဟာ ဘေဘီ့ရဲ့နတ်ဆိုးတစ်ပါးပါပဲ။ ဘေဘီ့တစ်ဘဝ လုံးကို ယောက်ယက်ခတ်အောင်၊ ပရမ်းပတာဖြစ်အောင်ပြုစား ရက်စက်လှပါသည်။

ဘေဘီ့ရင်ဘတ်ကြီးတစ်ခုလုံး ကြိမ်းမီးအုံးသလို တငွေ့ ငွေ့ပူလောင်ခံစားနေရတာဟာ ကိုကို့ကိုချစ်မိသည့်ရလဒ်ပါပဲ။

မျက်ရည်ဝေ့ရင်း ချက်ပြုတ်နေသည့်ဘေဘီ့မှာ မကြာခင် ချက်ပြုတ်လို့ပြီးသွားသည်။ ဆိတ်သားဆီပြန်နှင့် ဟင်းရွက်ကြော် နောက် ငါးပိရည်၊ တို့စရာပေါ့။ မမေ့ဖို့က ကြက်သားပြုတ် ကြော်။

သည်စဉ် အိမ်ရှေ့လမ်းထဲမှ ဦးလေးဖိုးတိုး၏သီချင်းသံ ကိုကြားလိုက်ရ၏။ သူ လည်ပတ်နေရာမှပြန်လာပေပြီ။

"ဟိုတောင်ဆီက×××ညိုတိုတိုရယ်×××ညိုတိုတိုရယ်×× အလိုလေးဗျာ×××ဟိုတောင်ဆီက×××ညိုတိုတိုပါ×××ညိုတိုတိုပါ"

ဦးလေးတိုးသီချင်းသံက ရှေ့သို့မဆက်။ အသံဝါကြီးနှင့်

ဟဲလိုက်သောဦးလေးသည် ရူးနေလို့ပဲ။ မရူးလျှင် တော်တော် သီချင်းဆိုကောင်းလိမ့်မည်။

ဘေဘီတို့ငယ်ငယ်တုန်းက ဦးလေးတိုးများ သီချင်းဆို သိပ်ခဲ့ဖူးသလား။ ဘေဘို့မှတ်ဉာဏ်များက ဝိုးတဝါး။ အင်း.. ဆိုသိပ်ခဲ့ဖူးမှာပါ။

"ဟိုတောင်ဆီက×××ညိုတိုတိုနော်×××ညိုတိုတိုနော်××"

ဦးလေးကလည်း သီချင်းကို ဒီနေရာမှမတက်။ ဘေဘို့ ရင်ထဲမှာလည်း မိုးတွေညို့နေဆဲ။ သံယောဇဉ်တို့၏ ရစ်ပတ် တုပ်နှောင်မှုမှာ ဘေဘို့နှလုံးသားတွေ မိုးညို့နေခဲ့ပြီထင်ပါသည်။

# အခန်း(၂၇)

အစ်ကိုကြီးသော်ကဖြူစင်၏မင်္ဂလာပွဲမှာ ဖေဖေ့ကိုလည်း မဖိတ်ကြားလိုက်ရပါ။ မေမေက ခါးခါးသီးသီးတားမြစ်သလို ဘေဘီကလည်း ကိုယ့်အဖေအကြောင်းကိုယ်သိသည်။

ဖေဖေမာနတိုးကြီးကလည်း မေမေရှိရာအရပ်ကို လာချင် မှလာမှာပါ။ သူတို့ရင်ထဲမှာ ဘာတွေရှိနေသည်ဆိုတာတော့ ကာယကံရှင်တွေပဲ သိလိမ့်မည်။

အစ်ကို့မင်္ဂလာပွဲမှာတုန်းက မေမေရွှင်လန်းတက်ကြွနေ သော်လည်း မင်္ဂလာပွဲပြီးသည့်အခါမှာတော့ မေမေ့ခမျာ ဇောဝါ ဖြန်ထပေပြီ။

စိတ်လှုပ်ရှားမှုဒဏ်၊ ပင်ပန်းမှုဒဏ်တွေကြောင့် ဖြစ်ပေ မည်။ အစ်ကိုကြီးသော်ကဖြူစင်အတွက်ကတော့ အားလုံး ရေ ကန်အသင့်၊ ကြာအသင့်။

မိန်းမဘက်ပါသို့လိုက်သွားရပြီး မိန်းမ၏ လက်ငုတ်စီးပွားရေး ဖြစ်သည့် ကုန်စုံဆိုင်မှာ ဈေးအတူတူရောင်းရုံပါပဲ။

စိုင်ကော်လို့ခြုံပေါ် ရောက်တာလား၊ အစကတည်းက တွက်ချက်ပြီး ဒီခြုံပေါ် ခုန်တက်လိုက်တာလားဆိုတာတော့ သူပဲ သိလိမ့်မည်။

ဘောဘီ အစ်ကို့အတွက် ဝမ်းသာပေးလိုက်ပါသည်။ မေမေ့ ကျန်းမာရေးအတွက်ကတော့ မုံရွာမှာပင် ရှိသည့်ဆရာဝန်နှင့် သက်သာအောင်မနည်းပဲ ပြုစုကုသကြရပါသည်။

အစ်ကိုငယ်ဒေါနဖြူစင်ကတော့ မုံရွာနှင့်မန္တလေးကို လိုင်းကားမောင်းသည်။ သူကလည်း အကြံကြီးသူပါပဲ။ ကားဖုံနှာ ရဲ့သမီးကို ချိတ်ထားသတဲ့။

ဘောဘီ့အစ်ကိုအားလုံး သိုက်ဆရာတွေချည်းပါပဲ။ ယခု ခေတ်ယောကျ်ားများသည် ချမ်းသာသူ၊ အခြေအနေကောင်းသူ များကိုသာ အမဲလိုက်တတ်ကြသည်ဟု ဘောဘီပြောလျှင် မောင်လေးမင်းထက်ဖြူစင်က ယောကျ်ားထုတစ်ရပ်လုံးအတွက် ပြန်လည်ချေပသည်။

"ခေတ်နဲ့မဆိုင်ဘူး ကျုပ်အစ်မရဲ့၊ ခေတ်အဆက်ဆက် နှလုံးသားကိုဦးစားပေးသူနဲ့ ဦးနှောက်ကိုဦးစားပေးသူဆိုပြီး ရှိခဲ့ကြတာချည်းပဲ၊ ကျွန်တော်တို့ယောကျ်ားတွေချည်းပဲ ကွက်မပြောနဲ့မမရဲ့၊ မမတို့မိန်းမတွေကမှ ပိုဆိုးသေးတယ်၊ မိန်းမတွေကမှ အိမ်ထောင်ရေးကို ပိုပြီးဈေးတွက်တွက်ကြတာ၊ ဘာပဲဖြစ်ဖြစ် ဦးနှောက်နဲ့ရွေးချယ်တော့ လူချမ်းသာတယ်၊ အသည်းနှလုံးနဲ့ရွေးချယ်တော့ စိတ်ချမ်းသာတယ်၊ ဒါပဲပေါ့"

"ငါကတော့ စိတ်ပဲချမ်းသာချင်တယ်"



"တူနှစ်ကိုယ် တဲအိုပျက်မှာနေရလည်း စိတ်မချမ်းသာ ဘူးနော်ကျုပ်အစ်မ"

"ကြိုးကျယ်လိုက်တာ၊ ဒါဆို အသည်းနှလုံးရော၊ ဦးနှောက် ရော မျှသုံးလိုက်မယ်လေ"

"ကောင်းတယ်၊ ကျွန်တော့်ကျရင်တော့ ရန်ကုန်သူကိုယူ မယ်၊ ရန်ကုန်မှာ တိုက်ပိုင်၊ ကားပိုင်ရှိတဲ့သူကိုမှ ယူမယ်"

မောင်လေးစကားကို သူစိတ်ပျက်အောင် ဘောဘီချေပ လိုက်သည်။

"ရပါလိမ့်မယ်အားကြီး၊ မင်းထက် ရန်ကုန်သူတွေက ပို ပြီးလူရည်လည်တယ်၊ နေကြာပန်းလေးတွေကလည်း ကောင်း. ကင်က နေမင်းကြီးကိုပဲမျှော်တာနော်၊ မင်းလိုဖွတ်ကျားကို စိတ် တောင်ကူးမှာမဟုတ်ဘူး"

"မမကြည့်ဦးပေါ့ဗျာ"

"နင်တို့ဥစ္စာတွေကလည်းဟယ်၊ သူများသားသမီးကို အစ်မ ချင်းလည်းစာနာကြပါဦး"

"စာပါတယ်မမရဲ့၊ တစ်နပ်စားကြမှာမဟုတ်ဘူး၊ ထိုးမြေကျ ပျ၊ ရိုးမြေကျ၊ အရိုးပြာ မြေမှာခတဲ့အထိ ချစ်မြတ်နိုးသွားမှာ၊ ဒါပဲ မမလည်း ယောကျ်ားယူရင်ကြည့်ယူ၊ ကိုယ်ရှာကျွေးရမယ့် လူကိုမယူနဲ့၊ သဘောပေါက်. . "

မောင်လေးကို ဘောဘီလက်မြှောက်ပြလိုက်ပါသည်။ အစ်ကိုနှစ်ယောက်၊ မောင်တစ်ယောက်နဲ့တင် သင်ခန်းစာတော် တော်ရသွားလေပြီ။

Scanned by CamScanner

ဖေဖေ့ထံမှ ဘာသတင်းမှပြန်မလာပါလား။ ဘေဘီစာရေးသော်လည်း ဖေဖေက စာပြန်မရေးခဲ့။ ဖုန်းဆက်တော့လည်း ဖေဖေ့ကိုတိုက်ရိုက်မတွေ့ရ။

ဖေဖေတော့ ဘေဘီ့ကို စိတ်နာနေပြီထင်ပါသည်။

မေမေ့ကိုလည်း ရန်ကုန်ခေါ်လို့မရ။ ဖေဖေ့ဆီလည်း မပြန်နိုင်နှင့် ဘေဘီစိတ်ညစ်လှပါသည်။

နှစ်ကိုယ်ခွဲလို့ရလျှင်လည်း ဘေဘီ နှစ်ကိုယ်ခွဲလိုက်ချင်ပါသည်။ မေမေ့ထံမှာ တစ်ကိုယ်၊ ဖေဖေ့ထံမှာ တစ်ကိုယ် နေလိုက်ချင်ပါသည်။

လောလောဆယ် မေမေက ဘေဘီ့ကို ပိုပြီးလိုအပ်နေသည်မို့ ဘေဘီ ဒီမုံရွာမှာပဲ သောင်တင်နေပါချေတော့သည်။

ရောက်တာလည်း ရက်(၂၀)ပြည့်ပြီမို့ ဘေဘီပါလာသမျှ ငွေကြေးလေးတွေလည်း ကုန်ပြီ။ အင်း.. ပိုက်ဆံရအောင် အလုပ်လုပ်ရတော့မှာပဲ။ လောလောဆယ်တော့ ဆွဲကြိုးပဲရောင်းပစ်မှ။ မေမေ့ကျန်းမာရေးကလည်း တစ်နေ့ရွှေ၊ တစ်နေ့ငွေ။

ဒီနေ့တော့ မေမေ ညကထမင်းစောစောစားပြီး အိပ်ယာထဲလှဲနေသည်။ မေမေ့ကြည့်ရတာ ဒီနေ့တော့ ကျန်းမာရေးကောင်းနေလေသည်။

မောင်လေးမင်းထက်ဖြူစင်နှင့် အစ်ကိုဒေါနကတော့ အိပ်တန်းမတက်လာသေး။ အပြင်လောကမှာပဲ ကျက်စားနေကြတုန်းဖြစ်သည်။

ဘေဘီတစ်ယောက်တည်း လောကအပေါ် အလိုမကျ



ဖြစ်နေမိသည်။ ဘယ်လိုဘဝကြီးလဲ။ မိဘနှစ်ပါးကွဲနေရတဲ့အိမ်မှာ သားသမီးလာဖြစ်ရတာ အင်မတန်ဆိုးရွားတာပဲ။

ဘေဘီ့ရင်ထဲမှာ ဖေဖေနှင့်မေမေသည် အမြဲလွှမ်းဆွဲလျက်။ ကိုကိုတစ်ယောက်ပဲ လွှမ်းမဆွဲရသည့်ဗိုလ်။

ခြံထဲကခုံတန်းလေးမှာထိုင်ရင်း ဘေဘီ ကြယ်တွေကိုမော့ကြည့်နေမိသည်။ နေဝင်တော့မည်။ ကောင်းကင်မှာ အိပ်တန်းပျံငှက်တွေလည်း အများအပြား။ ဘေဘီ့မှာသာ ဟိုလိုလို၊ ဒီလိုလို။

ဖေဖေ့ကိုလွမ်းလိုက်၊ မေမေ့ကိုလွမ်းလိုက်၊ ကိုကို့ကိုလည်း လွမ်းပါသည်။ သည်စဉ် အိမ်ရှေ့သို့ အစ်ကိုဒေါနကား ဝင်လာသည်။ လိုင်းကားဆွဲသည့်ဒတ်ဆန်းနှင့်။

သူ အိမ်ပေါ်သို့အပြေးတက်သွားပြီး ပျာယိပျာယာဖြစ်နေလျှင် ဘေဘီလည်း သိလိုစိတ်ဖြင့် အိမ်ပေါ်သို့တက်လာမိသည်။

"ညီလေး.. မေမေရော.. ငါ ဒီည မန္တလေးဆင်းမလို့၊ မန္တလေးမှာ အဆိုတော်တွေအများကြီးနဲ့ ပွဲကြီးရှိတယ်၊ အေးစက်မိုးလည်းပါတယ်၊ နာမည်ကြီးတွေ အများကြီးပဲပါတယ်၊ ငါ ချာတိတ်မ ကြည့်ချင်လို့တဲ့"

"မေမေ.. သား လိုက်ပို့လိုက်ဦးမယ်နော်၊ ညမအိပ်ပါဘူး။ ပြန်လာမှာပါ၊ မန္တလေးနဲ့မုံရွာ နီးနီးလေးပါမေမေရယ်၊ သား လိုက်ပို့လိုက်ဦးမယ်နော်"

အစ်ကိုဒေါနကတော့ ဒီလိုပဲ။ သူလုပ်ချင်တာလုပ်ရအောင် မေမေ့ကို မရအရချွဲနွဲ့ပြီ။

"မနက်ကျတော့လည်း လိုင်းကားဆွဲရဦးမှာမဟုတ်လား

Scanned by CamScanner

သားရဲ့၊ တော်ကြာ အိပ်ရေးပျက်ပြီး ဗိုက်ရောက်နေပါ့မယ်"

"ရပါတယ်မေမေရာ၊ သိပ်ညဉ့်မနက်ပါဘူး၊ ချာတိတ်က ပူဆာလို့မေမေရဲ့ အဟဲ. . သား သွားတော့မယ်နော်၊ ထမင်း မစားတော့ဘူး၊ ဟိုကျမှ တစ်ခုခုဝယ်စားလိုက်တော့မယ်"

အစ်ကိုဒေါနမှာ အဝတ်ကိုလျှင်မြန်စွာလဲပြီး ပြန်ထွက်မှ မြင်လျှင် ဘေဘီအရဲ့ရွှန်ရပါတော့သည်။ ကိုကိုပါတယ်မဟုတ်ပါ လား။ ရက်ပေါင်းများစွာ မမြင်မတွေ့ရသောကိုကို့ကို ဘေဘီ အရမ်းလွမ်းနေရပါသည်။

"အစ်ကို. . ဒါဆို ဘေဘီလည်းလိုက်မယ်၊ မေမေ. . ဘေဘီခဏလိုက်သွားမယ်နော်၊ ဒီနေ့ မေမေနေလို့ရတယ် မဟုတ်လား၊ မောင်လေး. . ဒီနေ့ ဘယ်မှမလည်နဲ့နော်၊ မေမေ့ အနားမှာနေပေးပါဟယ်၊ ငါ စတိတ်ရှိုးလိုက်ကြည့်ချင်လို့ပါ နော် . . နော်. . "

ဘေဘီ့မှာ အစ်ကိုဒေါနကို အရေးဆိုရသလို မောင်လေး မင်းထက်မြူစင်ကိုလည်း တာဝန်ပေးရသည်။

အစ်ကိုဒေါနက ဘေဘီ့ကိုခေါ်ချင်ပုံမရပါချေ။

"ဟေ့. . ငါ မစောင့်နိုင်ဘူးနော်၊ (၆)နာရီကျော်နေပြီ၊ သန္တာက သူ့အိမ်ပေါက်ဝမှာ သူ့သူငယ်ချင်းတွေနဲ့စောင့်နေမှာ၊ အားနာတယ်"

"ဘေဘီ့ကိုမစောင့်ရပါဘူးနော်၊ ပြီးပြီ၊ အဝတ်လဲလိုက် ရုံပဲ၊ ခဏလေး. . ခဏလေး. . "

ပြောပြောဆိုဆိုနှင့်ပင် ဘေဘီ လျှင်မြန်စွာအဝတ်လဲရ





သည်။ ဂျင်းဘောင်းဘီအပြာနှင့် တီရှပ်အဖြူမှာ ယုန်မွေးခေါင်း စွပ်အကျီအဖြူကို ထပ်ဝတ်လိုက်သည်။

ဘာမှထူးထူးထွေထွေပြင်မနေပါ။ ဒါပဲပေါ့။ သနပ်ခါးပါး ပါးက ညနေကတည်းကလိမ်းပြီးသား။

"သွားစို့"

အထူးတလည်ပြင်ဆင်မထားသော်လည်း လှပလင်းလက် နေသည့်ဘေဘီ့ကို အစ်ကိုဒေါနက မျက်မှောင်ကြီးကုတ်ကြည့် နေသည်။

"ဟေ့. . ရှုပ်ရှုပ်ယှက်ယှက်တွေငါမကြားချင်ဘူးနော်၊ နင် တို့ရန်ကုန်သူတွေထိန်းရမှာထက် ကျားပါးစပ်ထဲသာ လက်နှိုက် လိုက်ချင်တယ်"

"ဘာမှမဆိုင်ဘူး။ ဘေဘီက ရန်ကုန်သူလည်းမဟုတ်ဘူး၊ မုံရွာသူ၊ ဘာသူဖြစ်ဖြစ် လူသာအဓိက၊ မြို့နဲ့ဘာမှမဆိုင်ဘူး၊ အစ်ကို့ဟာလေးသာ အစ်ကိုနိုင်အောင်ထိန်း၊ မေမေရေ. . ဒီမှာ အစ်ကိုရယ် မခေါ်ချင်လို့ ဆင်ခြေတွေများနေတယ်"

ဘေဘီလှမ်းတိုင်လိုက်လျှင် မေမေက တပြုံးပြုံးနှင့် သူ့သားကိုလှမ်းပြော၏။

"ခေါ်သွားလိုက်ပါသားရယ်၊ ညီမလေးခမျာ သနားစရာ ပါ၊ သူ ပျင်းနေရှာမှာပေါ့"

သူ ဘာပဲပြောပြော ဘေဘီ ကားပေါ်သို့အပြေးတက်ထိုင် ထားနှင့်သည်။ အစ်ကိုဒေါန ကားစက်နှိုးနေစဉ် အိမ်ရှေ့သို့ ဦးလေးဖိုးတိုးလည်းရောက်လာသည်။

"ဟော့. . ငါလည်းလိုက်မယ်"

ဦးလေးဖိုးတိုး ကားပေါ်သို့ပြေးတက်လိုက်လျှင် ဘေးအိမ်မှလူများ၊ ထွက်ကြည့်နေကြသည့်လူအားလုံး ရယ်ကြရသည်။

"အေးဟော့. . ဒေါ်နုရေ. . ဦးလေးတိုးကိုသာ စင်ပေါ်တင်ပေးလိုက်ပေတော့၊ မင့်မန္တလေးပရိသတ် ဝက်ဝက်ကိုကွဲသွားမှာပဲ"

အစ်ကိုဒေါ်နုက ရှုံ့ရှုံ့မဲ့မဲ့ကြီးနှင့် ဦးလေးတိုးကိုသာ ဆွဲချနိုင်းနေလျှင် ဘဘီတို့မှာ ရယ်နေကြရသည်။

"ခေါ်သွားလို့မဖြစ်ဘူးဗျို့၊ သန္တာက ကျွန်တော့်ကို အမွှေးမျိုးဆိုပြီး နှိမ်နေရတဲ့ကြားထဲ၊ မေမေရေ. . မေမေ့မောင်ကိုခေါ်ပါဦးဗျ၊ ဗိုက်ကွဲပါပဲ၊ ပြဿနာတွေကလည်း တက်လို့မဆုံးတော့ဘူး" ဘဘီကတစ်မျိုး၊ ဦးလေးတိုးကတစ်မျိုးနဲ့. . "

ဘေးအိမ်မှလူများက အစ်ကိုဒေါ်နုကိုဝိုင်းစနေကြ၏။

"ဒေါ်နုရယ်. . ခေါ်သွားလိုက်ပါ၊ သူလည်းကြည့်ချင်ရှာမှာပေါ့၊ အံမယ်. . ဝင့်ဆိုတာ လည်တတ်တယ်နော်၊ ကိုတိုးငယ်ငယ်ကဆို နင်တို့ထက်တောင်မှ စတိုင်ကောင်းသေးတယ်၊ နောက်မှ ရှူးသွားလို့သာ"

သည်စဉ် အိမ်ထဲမှမေမေထွက်လာပြီး သူ့မောင်ကိုချော့ခေါ်နေသည်။ မေမေ့စကားကိုတော့ ဦးလေးတိုးက နားထောင်မြဲ။

"မောင်လေးကိုတိုးရေ. . လာ. . လာ. . ဒီနေ့ မြင်းခွာ



ရွက်သုတ်နဲ့ ကြာဇံဟင်းခါးကွယ်၊ လာ. . လာ. . ထမင်းစားကြရအောင်"

ဦးလေးတိုး ကားပေါ်မှဆင်းလျှင် ဘဘီတို့လည်း ကားကိုအမြန်မောင်းဖို့ပြင်ရသည်။

"သားရေ. . သိပ်လည်းညဥ့်မနက်နဲ့နော်၊ ညီမလေးလည်း ပျောက်ကျန်ခဲ့ဦးမယ်၊ ဂရုစိုက်လိုက်ဦး"

မေမေက မိခင်ပီပီ အစိုးရိမ်ကြီးနေလျှင် အစ်ကိုဒေါ်နုအသံက အောက်သိုးဂိုး

"မေမေ့သမီး ကလေးမဟုတ်ဘူး၊ ရန်ကုန်ကနေတောင် မုံရွာကိုလာတတ်တာပဲ"

သူနှင့်ဘဘီကတော့ အမြဲရန်ဖြစ်နေကျပါပဲ။ ယခုသာ ကိုကို့ကိုမြင်ချင်လို့ မျက်နှာချိုသွေးပြီးလိုက်ခဲ့ရခြင်းဖြစ်သည်။

## အခန်း(၂၈)

စတိတ်စင်မြင့်ပေါ်မှာ မီးဆလိုက်၊ အလင်းအမှောင်များ အကြား အားရပါးရ ကိုကို့သီချင်းဆိုဟန်က ကောင်းကင်မှနတ်သားတစ်ပါးတစ်ဖွယ်။

ကိုကို တော်တော်အောင်မြင်နေပါလား။ အားပေးမှုတွေက ဝက်ဝက်ကွဲမျှ။ ကိုကို့သီချင်းဆိုဟန်၊ ကိုကို့ဂီတာတီးဟန်တို့. . သူ အနုပညာလောကမှာ၊ ဂီတလောကမှာ ကြယ်တစ်ပွင့် ဖြစ်နေပါလား။

ချစ်ရသူအတွက် ဝမ်းသာကြည်နူးရသည်နှင့်အမျှ အားငယ်သိမ်ငယ်ရမှုကလည်း ရင်နှင့်တစ်လုံး။

ကိုကိုက ဟိုးကောင်းကင်ထဲသို့ ထိုးတက်သွားသည့် ကြယ်တံခွန်။ ဘေဘီက မြေကြီးပေါ်မှာကပ်ပြီးပွင့်သည့် မြေစိုက်ပန်းလေးတစ်ပွင့်။

ဘဝချင်းက မိုးနှင့်မြေလို၊ အချစ်ချင်းကရော။ ကိုကို့ ဟချစ်က ဘယ်လိုလဲ။ ပန်းဥယျာဉ်ထဲမှ ပန်းဗာလေးပေါင်းများစွာကို ချစ်မက်တတ်သည့်အချစ်မျိုးလား။



ရင်မှာ တသိမ့်သိမ့်နာကျင်ကြေကွဲရမှုနှင့်အတူ ဘေဘီ့ မျက်ဝန်းမှာ မျက်ရည်ပူများကလည်း တလိမ့်လိမ့်စီးကျလျက်။

စိတ်ဆိုတာ အလင်းရဲ့အမြန်နှုန်းထက်တောင်မှ ပိုပြီး လျှင်မြန်သတဲ့။

ကိုကိုသီချင်းဆိုအပြီး ချွေးများ၊ ပီတိအပြုံးအပျော်များနှင့် စင်အောက်သို့ဆင်းသွားလျှင် ဘေဘီ ဆတ်ကနဲထိုင်ရာမှထလိုက်မိသည်။

အစ်ကိုဒေါနက မျက်မှောင်ကြီးကုတ်လျက်. . .

"ဘေဘီ. . ဘယ်လဲ"

"အစ်ကို. . ဘေဘီ ကိုအေးစက်မိုးကို သွားနှုတ်ဆက်ချင်လို့"

"နင့်ကိုမှတ်မိလို့လား၊ ရှုပ်ရှုပ်ယှက်ယှက်မလုပ်နဲ့၊ ငြိမ်ထိုင်စမ်း"

ကိုကိုသည် မုံရွာမှာ တစ်နှစ်နေခဲ့ဖူးသူ၊ အစ်ကိုသော်ကရဲ့သူငယ်ချင်းလည်းဖြစ်သူမို့ ကိုကို့ကို အစ်ကိုဒေါနလည်းသိပါသည်။

သို့သော် အဆိုတော်တွေဘာတွေကို မိတ်ဆက်သူ၊ နှုတ်ဆက်သူဆိုတာ နည်းနည်းပေါ့ဖြစ်သူတွေ၊ ခေတ်ဆန်သူတွေမှလုပ်တာလို့ ခံယူထားကြသည်မဟုတ်ပါလား။

ဘေဘီ့ကို အစ်ကိုဒေါနမကျေနပ်။ ဘေဘီကလည်း အလျှော့မပေးနိုင်ပါ။ ကိုကိုနှင့်မျက်နှာချင်းဆိုင်တွေ့ရဖို့ဆိုတာ ရှားပါးလှသည့် အခွင့်အရေးတစ်ခုပါပဲ။

ပြီး ကိုကို့ကို ဘေဘီ သေမတတ် လွမ်းဆွတ်နေမိတာ ဘယ်သူကိုယ်ချင်းစာနိုင်မှာလဲ။

"ခဏလေးပါအစ်ကိုရယ်၊ ခဏလေးပါ"

များပြားလှသည့်လူတွေကြားမှ ဖြတ်သန်းပြီး ဘေဘီ ကိုကို့အနားသို့ရောက်ရှိသွားလျှင် သူ့အနားမှာ ဘေဘီ့လိုကောင်မလေးတွေ အများကြီးဝိုင်းနေခဲ့သည်။

လက်ထဲမှာ ဖော်တိုစာအုပ်တွေ၊ ပန်းစည်းတွေ၊ မုန့်တွေနှင့်။ ဘေဘီ့မှာ ကိုကို့ကိုပေးဖို့ ဘာမှပါမလာပါ။

ဘေဘီ့မှာ ကိုကို့ကိုနှင်းအပ်ဖို့ အသည်းနှလုံးတစ်စုံသာပါရှိခဲ့ကြောင်း ကိုကိုကတော့သိမည်မထင်။ လူအုပ်၏နောက်ဆုံးမှ ကိုကို့ကို ဘေဘီ မျက်ရည်များနှင့်ငေးကြည့်နေစဉ်. . .

"ဟင်. . ဘေဘီ"

ဘေဘီဝတ်ထားသည့်အကျႌအဖြူရောင်နှင့် လည်စည်းအနီရောင်ကို ကိုကိုမြင်သွားသည်။

ဘေဘီ့ကို လက်ဆန့်တန်းပြီးသူကြိုဆိုလျှင် ဘေဘီကလည်း သူ့လက်များအတွင်းသို့ အလိုအလျောက်ရောက်ရှိသွားသည်။

သူမ စကားမဆိုနိုင်။ အသည်းနှလုံးတစ်ခွေလုံး အရည်များပျော်ကျသွားခဲ့ပြီလား။

"လာ. . ဘေဘီ"

ကိုကိုက ဘေဘီ့ကို သူ့ကားဆီသို့ဆွဲခေါ်သွားသည်။ ကိုကို့ကားလေး မောင်းနှင်သွားတာ ဘယ်အရပ်ကိုလဲ။ ဘေဘီကလည်း ဘာလို့လိုက်နေမိပါလိမ့်။





အနုပညာသမားအချို့ဟာ ကောင်မလေးတွေကို ဖျက်ဆီးတတ်သတဲ့။ ဟင်. . ကိုကိုရော ဒီလိုအမျိုးအစားလား။ မိန်းကလေးဆိုတာ ပန်းလေးတစ်ပွင့်။ ဒီပန်းလေးကို ကိုကိုချေမွတော့မလို့လား။

ထိတ်လန့်မှုနှင့် အချစ်တို့ရော မွှေချနှောက်နေသည့် ဘေဘီ့နှလုံးသားလေးမှာ ပရမ်းပတာ။

ကားထဲမှာ ဘေဘီ့ရှိုက်သံသာပျံ့လွင့်နေသည်။ တစ်နေရာမှာ ကားလေးထိုးရပ်သွားလျှင် ဘေဘီ အလန့်တကြားကြည့်မိသည်။

ဒါ ဘယ်နေရာလဲ။ ဧရာဝတီမြစ်ကမ်းပါးတစ်နေရာမှာပါလား။ ကိုကို့ကိုကြည့်လိုက်လျှင် မေးကြောကြီးထောင်ထနေသလိုလို။ သူ ဘာတွေခံစားနေရသလဲ။ သူ ဘေဘီ့ကိုချစ်သလား။ ချစ်သည်ဆိုလျှင်လည်း ထိုအချစ်သည် အတုလား၊ အစစ်လား။

"ဘေဘီ ဘယ်ကလာတာလဲ"

"မုံရွာကလာတာပါ၊ အစ်ကိုဒေါနတို့နဲ့"

ကားထဲမှာ အသံများတိတ်ဆိတ်သွားပြန်သည်။ ကိုကိုက သူမထင်သလို သူမကိုဖျက်ဆီးဖို့ဝေးစွ၊ ထိပင်မထိခဲ့ပါချေ။ ကားစတီယာယင်ပေါ်မှာ မျက်နှာမှောက်ပြီး ငြိမ်သက်နေသည်။ သို့သော် အသက်ရှူသံပြင်းလို့လား၊ ရင်ခုန်သံပြင်းလို့လား။ သူ့ကျောကြီးက နိမ့်ချည်မြင့်ချည်။

ဘေဘီ ကိုကို့ကို ကားထောင့်လေးမှာကပ်ပြီး မရွံ့မရဲကြည့်နေမိသည်။ ကိုကိုမုန်းမှာလည်း ကြောက်သည်။ ကိုကိုချစ်မှာလည်း ဘေဘီကြောက်ပါသည်။



Scanned by CamScanner

ဗိုး . . ဘေဘီ့ခံစားချက်တွေလည်း ဦးလေးတိုးလို ဖြစ်သွားပြီထင်ပါသည်။ ထိုစဉ်. . .

"ဘေဘီ. ."

ကြေကွဲဆွေးမြည့်သည့်ကိုကိုအသံနှင့် လက်များအတွင်းမှာ ဘေဘီ လျှပ်တပြက်ကျရောက်သွားသည်။ ကိုကို့ကို အရမ်းချစ်သော်လည်း ဘေဘီ့မှာ မပျော်ရွှင်၊ မသာယာနိုင်ပါ။

ဖြူစင်သောအပျိုစင်လေးပီပီ ဒီအဖြစ်မျိုးကို ဘေဘီကြောက်သည်။ အချစ်ဟာ မီးပဲ။ အချစ်ဟာ ချောက်ကမ်းပါးပဲ။ ဒီအဖြစ်၊ ဒီအချစ်ကြောင့် ဘေဘီ ချောက်ကမ်းပါးထဲ ကျရောက်သွားတော့မှာလား။

ကိုကိုကရော ဘေဘီ့ကို အညီရှိရာလိုက်အုံတတ်တဲ့ အပေါစားယင်မလေးတစ်ကောင်လို သတ်မှတ်ထားသလား။

အရှူးအမူးဆန်သည့်ကိုကို့အနမ်းတွေမှာ ဘေဘီ မသာယာ၊ မယစ်မူးနိုင်ပါ။ မျက်ရည်လည်ရွှဲနှင့် ဘေဘီ သူ့ကိုတွန်းထုတ်ငြင်းပယ်ရသည်မှာ ခက်ခက်ခဲခဲ။

"ဟန်ဆောင်မနေပါနဲ့ဘေဘီရယ်၊ မင်း ကိုကို့ကို အရမ်းချစ်ပါတယ်"

.သူ့အသံက ပိုင်နိုင်မှုအပြည့်။ ဘေဘီ အလွန်ရှက်သွားမိသည်။ သူက ဘေဘီ့ကို ငမ်းငမ်းတက်နေတဲ့ကောင်မလေးလို့ သတ်မှတ်ထားတာပေါ့လေ။

သူ့အသံတွေက တိမ်းမူး၊ ယစ်မူးမှုတို့ဖြင့် ဆွဲဆွဲငင်ငင်၊ ဘေဘီ သူ့ကို အပြီးတိုင်တွန်းထုတ်လိုက်သည်မှာ ခပ်ကြမ်းကြမ်းပင်။



"ကိုကို့ကိုဘေဘီချစ်ပါတယ်၊ ဒါပေမယ့် ဘေဘီ့အချစ်က သန့်ရှင်းတယ်၊ ဒီလိုမျိုးမဟုတ်ဘူး"

"ကိုကိုကတော့ ရက်(၆၀)လုံးလုံး ဘေဘီ့ကိုအရမ်းလွမ်းနေမိတယ်"

ရက်(၆၀)။ ဒါတော့ ဟုတ်ပါသည်။

ကိုကိုနှင့်သူမ မတွေ့မမြင်ကြရတာ ရက်(၆၀)ရှိပါပြီ။ သို့သော် ဘေဘီ ကိုကို့ကိုမယုံကြည်နိုင်သေး။

ကိုကိုက ဘေဘီ့ကို ပြန်လည်ပွေ့ဖက်ဖို့ပြင်လိုက်သည်။ ဘေဘီ သူ့ကို လက်နှစ်ဖက်ဖြင့်တွန်းထုတ်ထားပြီး တောင်းပန်မိသည်။

"ဒီလိုမျိုးတွေ ဘေဘီမကြိုက်ဘူးကိုကို၊ ဒါ အနောက်နိုင်ငံမဟုတ်ဘူး၊ မြန်မာနိုင်ငံပါ၊ ပြီးတော့ ခုလို ဆိတ်ကွယ်ရာအရပ်မှာ ဒီလိုမျိုးတွေလည်းမနေအပ်ပါဘူး၊ ဘေဘီ့ကိုပြန်ပို့ပါတော့ ကိုကို၊ ပွဲခင်းထဲမှာ အစ်ကိုဒေါနတို့ရှိတယ်၊ သူတို့စိတ်ပူနေလောက်ပြီ"

"မရဘူးကွာ၊ ဘေဘီကလည်း ခေတ်လူငယ်ဖြစ်ပြီး တုံးလိုက်တာ၊ စိတ်ချ၊ ကိုကို ဘေဘီ့ကို နစ်နာအောင်မလုပ်ဘူး ကိုကို့တာဝန် ကိုကိုယူတယ်"

ကိုကိုက ဘေဘီ့ကို သိမ်းကြုံးပွေ့ဖက်ဖို့ကြိုးစားပြန်သည်။ ဗိုး. ..သူ့ဆီမှ အရက်နံ့တွေလည်းရသလိုလို။

ဘုရားရေ. . အရက်နှင့်အချစ်မူးနေသည့်ကိုကို့လက်မှ သူမလွတ်နိုင်ပါဦးမည်လား။ မိန်းမသားတို့အတွက် အန္တရာယ်ဆိုတာ ချစ်သူကပေးတာပါပဲ။

"ကိုကို. ."

ဘေဘီ့အလန့်တကြားအသံက သားကောင်တစ်ကောင်၏အသံပေါက်သွားပြီး သူမ ကားတံခါးအတင်းဖွင့်ဆင်းလိုက်မှ ကိုကို အမူးပြေသွားသည်။

"ဆောရီးဘေဘီ. . ကိုကို မင်းကို တရားဝင်ချစ်ခွင့်ရအောင်ကြိုးစားမယ်၊ အဲဒီကျမှ ချစ်တော့မယ်၊ ခုတော့ ကိုယ့်နှလုံးသားကိုယ် ထူးခတ်တုပ်နှောင်ထားလိုက်မယ်၊ ကဲ. . ကိုကိုတို့ပြန်ကြစို့"

လျှောကနဲထွက်သွားသည့်ကားလေးကို ဘာအရောင်မှန်း ဘေဘီမသိ။ အချစ်ကြောင့် ဘာမှန်းညာမှန်းမသိတော့အောင် ပူထူနေပုံက တိမ်တိုက်တွေထဲမှာ လွင့်မျောနေတော့သလိုလို။

ဘေဘီ့မျက်လုံးတွေ အရောင်ကန်းနေခဲ့ပြီထင်ပါသည်။ သို့သော် စုံလုံးမကန်းသေးတာတော့ ဘေဘီ အသေအချာသိပါသည်။

# အပိုင်း(၂)

## အခန်း(၁)

"လာ. . မေမေ. . ဒါ ဖေဖေရယ် မေမေ့နာမည်နဲ့ဝယ်ထားတဲ့တိုက်ခန်းပါ၊ အပေါ်မှာ ဖေဖေရှိတယ်နဲ့တူတယ်၊ ဖေဖေမရှိလည်း ကိစ္စမရှိပါဘူး၊ ဘေဘီ့မှာ သော့ပါတယ်"

မုံရွာမှ ရန်ကုန်အထိ ခရီးပြင်းနှင်လာခဲ့ရသည့်ကားထဲမှ ဝန်စည်စလှယ်တွေက အပြည့်အသိပ်။ မိုင်ပေါင်းကုဋေကုဋာပင်မောင်းနှင်ရပါလေဦး။ ရဲသျှိုးအသွင်က လန်းဆန်းတက်ကြွနေလေဆဲ။

မောင်လေးမင်းထက်ဖြူစင်နှင့်အတူ ကားပေါ်မှပစ္စည်းများကို ကားအောက်သို့ချနေကြ၏။

မင်းထက်ဖြူစင်မှာလည်း ရန်ကုန်မြေသို့ဝင်မိကတည်းက ပျော်တပြုံးပြုံး။ သူက သူ့မဟာအကြံအစည်အတိုင်း ရန်ကုန်သူချောချောလှလှလေး၊ တိုက်ပိုင်၊ ကားပိုင်လေးကို ရှာဖွေပြီး အကောင်အထည်ဖော်မည့်သူ။

ဘောဘီ မေမေ့ကိုဖေးမကာ ကားပေါ်မှဆင်းစေသည်။ ပြီး မေမေ့ကိုတယုတယတွဲပြီး လှေကားမှတက်လာခဲ့၏။ မေမေ့ကိုကြည့်ပြီး ဘောဘီ့မှာ ရင်တွေတဒိန်းဒိန်းခုန်နေ၏။

ဘုရား. . ဘုရား. . ဖေဖေစိတ်ကောင်းဝင်နေပါစေ။ ဖေဖေ မေမေ့အပေါ် ညှာတာနိုင်ပါစေ။ မေမေ့ခမျာ သနားစရာကောင်းလွန်းလှပါသည်။

ဘာပဲဖြစ်ဖြစ် ဖေဖေ့နောက်ကို မာနတွေခဝါချပြီး လိုက်လာခဲ့ပြီမဟုတ်ပါလား။ စိတ်လှုပ်ရှားမှုကြောင့် မေမေ့အသွင်က နွမ်းလျဖျော့တော့လွန်းလှ၏။ သို့ပေမယ့် မီးဖွားပြီးစမိခင်တစ်ဦးလို မေမေသည် အလွန်နုဖတ်ပြီး သနားကြင်နာစရာကောင်းနေလေသည်။

ဘောဘီ မေမေ့ကို ဂရုဏာသက်စွာကြည့်မိပြန်သည်။ ပါတိတ်ဒီဇိုင်းလှလှမီးခိုးရောင်ဝမ်းဆက်နှင့်မေမေသည် အသက်လေးဆယ်ကျော်ပေမယ့် နုပျိုလှပတုန်း။ ရောဂါကြောင့် နွမ်းလျနုနွဲ့နေပုံကိုက သနားကြင်နာစရာ။

အနက်ရောင်ဆွယ်တာပါးပါးလှလှလေးနှင့်မို့ မေမေ့[illegible]ကို ပိုမိုဝင်းပစေပြန်သည်။ ဖေဖေကလည်း နုပျိုလှပသူမို့ ဖေဖေနှင့်မေမေသည် လိုက်ဖက်တင့်တယ်လှပါသည်။

အတွေးနှင့်ပင် ဘောဘီဝမ်းမြောက်ရသော်လည်း ကိုယ့်ဖေဖေက အဆင်မှပြေပါ့မလား။ ကောင်းကောင်းမွန်မွန်မှ ဆက်ဆံပါ့မလားဆိုပြီးတော့ ဘောဘီရင်ပူရပါ၏။

သူမကတော့ ဟုတ်တာတွေရော၊ မဟုတ်တာတွေရော ညာဝါးဖြီးဖြန်းပြီး မေမေ့ကိုရအောင်ခေါ်ခဲ့ပါလေပြီ။



ဟိုဘက်တစ်မျိုး၊ ဒီဘက်တစ်မျိုးပြောပြီး ဗလောင်းဗလဲတွေလုပ်မိသမျှ ဖေဖေနှင့်မေမေ အဆင်ပြေဖို့သာဖြစ်ပါသည်။ ဘောဘီဟာ အောင်သွယ်တော်ဖိုးလမင်းကြီးပါ။

မန္တလေးလွန်လာကတည်းက ရဲသျှီး၏ဟမ်းဖုန်းနှင့် ဖေဖေ့ကိုစည်းဝါးတိုက်ရတာလည်း အခါခါ။

"ဖေဖေရေ. . မေမေပါလာပြီ၊ ဒါပဲနော်ဖေဖေ၊ ကိုယ့်မိန်းမကိုယ် ကြင်နာရမှာပဲ၊ မေမေ့ခမျာ မာနတွေခဝါချပြီး ဖေဖေ့နောက်လိုက်လာရရှာတာ၊ ဖေဖေအိမ်ကစောင့်ကြိုနေရမယ်၊ ဖေဖေနော်. . မေမေ့ကို စိတ်ဆင်းရဲအောင်မလုပ်နဲ့၊ အသာစီးတနေ မဆက်ဆံနဲ့"

"အောင်မယ်. . နင့်အမေကို ငါကကိုးကွယ်ထားရမှာလား"

ဖေဖေ့အသံက အောက်သိုးသိုး။ ဖေဖေ့စိတ်ကို ဘောဘီမခန့်မှန်းနိုင်ပါ။ သည်တော့ ကိုယ့်အဖေကိုယ် ပိုင်အောင်စည်းရုံးရတာပေါ့။

"ဟာ. . ဖေဖေကလည်း. . ကိုးတော့မကွယ်နိုင်ပါဘူး၊ ဒါပေမယ့် ဖေဖေက အိမ်ရှင်လည်းဖြစ်တယ်၊ ပြီးတော့ အနိုင်ရသူလေ၊ မေမေ့ခမျာ ဖေဖေ့ကိုလွမ်းလို့ နှလုံးရောဂါတောင်ရနေရှာတာဖေဖေရဲ့"

"မဆိုင်ပါဘူး၊ လုံးမချနဲ့၊ ငါ့ကိုလွမ်းလို့ ရောဂါရတာမဟုတ်ဘူး၊ သူ့ဘာသာ သားပူ၊ မောင်ပူ၊ မိဘပူတွေကြောင့် ရောဂါရတာ"

Scanned by CamScanner

"အဲဒီဖေဖေတစ်ယောက်ဟာလေ၊ မသိဘူးဖေဖေရာ၊ ဘောဘီတော့ မေမေ့ကို အရမ်းသနားတယ်၊ ဘောဘီမျက်နှာပျက်တောင်၊ အရှက်ရအောင် ဖေဖေမလုပ်ပါနဲ့၊ ဒါပဲ"

ဖေဖေနှင့်ပုန်းပြောခဲ့သည်များကိုပြန်တွေးပြီး ဘောဘီမြူးမိစဉ် အခန်းတံခါးဝသို့ရောက်သွား၏။ ဖေဖေ့အခန်းက တံခါးဖွင့်လျက်သား။

ဖေဖေတံခါးဖွင့်ထားတာပေါ့။ ဖေဖေ ကြိုဆိုနေတယ်ပေါ့။ သို့သော် ဖေမေ့ကို ဧည့်ခန်းထဲမှာမတွေ့ရပါ။

မေမေ့လက်ကလေးတွေ အေးစက်၊ ချွေးစေးတွေပြန်နေသဖြင့် ဘောဘီ ယုယစွာဆုပ်နယ်ပေးနေမိသည်။ မေမေ အရမ်းရှက်နေသည်ထင်ပါသည်။ မျက်နှာဖွေးဖွေးက ရဲလျက်။

မေမေ့ကိုတွဲပြီးရပ်နေရာမှ အခန်းများသို့ ဘောဘီမျှော်ကြည့်လိုက်သည်။ ဖေဖေများပုန်းနေသလား။

"ဖေဖေရေ. . ဖေဖေ. . မေမေရောက်ပြီ"

ဘောဘီ့အော်သံကို ဖေဖေကြားမှာပါ။ တကယ်က ဖေဖေတခါးပေါက်ဝမှာကြိုသင့်တာပေါ့။ အေးလေ. . (၅)နှစ်ကျော်ကြီးကွဲကွာနေခဲ့ရသည့်မိန်းမကို မျက်နှာပူနေလို့လည်း ဖြစ်မှာပေါ့။

ခဏကြာလျှင် အိပ်ခန်းပေါက်ဝမှာ ဖေဖေပေါ်လာသည်။ ဖေဖေက ငူငူငေါင်ငေါင်ကြီးရပ်ကြည့်နေသည်။ ထိုစဉ်မှာပဲ မေမေ့ခမျာ ဒူးတွေတဆတ်ဆတ်တုန်လာပြီး ခွေကနဲ ကြမ်းပြင်ပေါ်သို့လဲကျသွားလေတော့သည်။



"မေမေ. ."

"ပုလဲ. ."

ဘောဘီ့အော်သံနှင့် ဖေဖေ့စိုးရိမ်တကြီးအသံက ထပ်တူထပ်မျှ။ ဖေဖေပြေးလာပြီး မေမေ့ကို လဲမကျခင်ပွေ့ထိန်းထားလိုက်တာကလည်း လျှင်မှလျှင်။ ကမ္ဘာကျော်ဘောလုံးသမားကိုးသွင်းတာကျနေတာပဲ။

သို့သော် ဘောဘီ ရင်ထဲမှအလုံးကြီးကျသွားရပါ၏။ တော်ပါသေးရဲ့။ ဘောဘီဒါရိုက်တာလုပ်သည့်ဇာတ်လမ်းမှာ မင်းသားနဲ့မင်းသမီးက အဆင်ပြေသွားပေလို့။

နောက်မှ အထုပ်အပိုးတွေနှင့်တက်လာသည့်ရဲသျှိုးနှင့်မင်းထက်ပြုစင်တို့မှာ ကြောင်အမ်းအမ်း။ ဘောဘီ သူတို့ကို မျက်စိမှိတ်ပြ၊ လက်မထောင်ပြလိုက်ပါသည်။ ပြီး ကိုယ့်ဇာတ်ကို ကိုယ်ဆက်တွန်းရပြန်ပါသည်။

"ဖေဖေ့အခန်းထဲခေါ်သွားလိုက်ပါ၊ မေမေ့ခမျာ အရမ်းပင်ပန်းခဲ့ရှာတာ၊ လမ်းကလည်းကြမ်း၊ ဝေးကလည်းဝေး၊ မနက်ကျမှ ဆေးခန်းပြတော့မယ်ဖေဖေ၊ သောက်လက်စဆေးတွေလည်းရှိပါသေးတယ်၊ မေမေ့အနားယူပါစေတော့နော်"

ဘောဘီစီစဉ်နေလျှင် ဖေဖေက မေမေ့ကို သူ့အခန်းထဲသို့ မဆိုင်းမရဲပွေ့ချီသွားသည်။ ဖေဖေ့အသွင်က ရှက်ကိုးရှက်ကန်း။ အရေးထဲ မောင်လေးက အမေချစ်သားပီပီ မေမေ့နောက်လိုက်သွားမည်တကဲကဲ။

"ဟဲ့. ကောင်လေး. . မလိုက်နဲ့၊ ရတယ်၊ လာ. . တို့တွေ

Book Sharing

Scanned by CamScanner

လည်း ခဏနားကြရအောင်၊ ရဲသျှိုး. . ထိုင်ပါဦး၊ ဘာလဲ. . ပြန်တော့မလို့လား၊ ထမင်းတော့ကျွေးချင်ပါတယ်၊ လောလောဆယ် ဘာမှမစီစဉ်ရသေးလို့"

ဘေဘီတို့သုံးယောက်သား ဧည့်ခန်းထဲမှာ ခြေပစ်လက်ပစ်ထိုင်ကြသည်။ စားပွဲပေါ်မှာလည်း မြေပဲခွံတွေ၊ စီးကရက်တိုတွေကလည်း ဆေးလိပ်ခွက်နှင့်တစ်လုံး။-

"ဖေဖေကလည်းကွာ. . ရှုပ်ပွနေတာပဲ"

ဘေဘီမရှိသည့်တစ်လလောက်အတွင်း ဖေဖေ့အခန်းကတကယ်လည်းရှုပ်ပွနေခဲ့သည်မို့ မောင်လေးကဲ့ရဲ့တာမဆန်း။

"ဖေဖေက အားမှမအားတာ၊ မိုးလင်းမိုးချုပ် အလုပ်လုပ်နေရတာပဲ၊ ဒီလောက်တော့ရှိမှာပေါ့"

"ကိစ္စမရှိပါဘူးဘေဘီရယ်၊ နောက်မှ ဖြည်းဖြည်းရှင်းပါ၊ ခုလည်း နားလိုက်ဦးနော်၊ ကိုယ် စားစရာတစ်ခုခုပို့လိုက်မယ်"

ရဲသျှိုးက ဘေဘီ့ကို ကြင်နာစွာကြည့်ရင်း စိမ်ပေးနေသည်။

"ဟင့်အင်း. . သူနားပါတော့၊ သူ အရမ်းပင်ပန်းနေပြီ၊ တော်ကြာ ဖျားနေဦးမယ်၊ ခုလို ဘေဘီတို့မိသားစုကိုကူညီတဲ့အတွက်လည်း ကျေးဇူးတင်ပါတယ်၊ နက်ဖြန်မှတွေ့ကြမယ်နော်"

ဘေဘီ ရဲသျှိုးကို လေးလေးစားစားပြောဆိုမိပါသည်။ သူ့စေတနာ၊ သူ့သံယောဇဉ်၊ သူ့အနွံတာခံမှုတွေကို ဘေဘီသိခဲ့လို့ဖြစ်သည်။

"မနက်ဖြန် အလုပ်ဝင်တော့မလို့လားဘေဘီ၊ မနားတော့

ဘူးလား၊ မေမေ့ကိုဆေးခန်းပြဖို့ ကိုယ်စီစဉ်ပါ့မယ်၊ ဖေဖေ့မိတ်ဆွေ နှလုံးအထူးကုဆရာဝန်ကြီးဦးအောင်ဆွေနဲ့ပဲ ကုရအောင်နော်"

ရဲသျှိုးအသံတွေက အလွန်နူးညံ့ညွတ်ပျောင်းနေပြီး မျက်ဝန်းများကလည်း ဘေဘီ့ထံမှမခွာ။ ဘေဘီ မောင်လေးကိုရှက်ရွံ့အားနာနေမိသည်။

ဒုက္ခပါပဲရဲသျှိုးရယ်။ အပျက်အပျက်နဲ့ နှာခေါင်းသွေးထွက်တော့မည်ကင်လာသည်။ ခွဲခွာနေခဲ့ရသည့် ရက်(၂၀)ကျော်ကာလများက သူ့ကို ကောင်းကောင်းနှိုးဆွ၊ မောင်းနှင်ထားခဲ့သည်ဖြစ်မည်။

"အင်းပါ. . ကုပါ့မယ်၊ အဲဒီဆရာဝန်ကြီးနဲ့ပဲကုမယ်လေ၊ ရဲသျှိုးမလိုက်ပါနဲ့တော့၊ သူ့အလုပ်တွေ ပစ်ထားရတာကြာပြီမဟုတ်လား၊ အလုပ်ပြန်လုပ်တော့၊ ဘေဘီလည်း မေမေ့ကိုဆေးခန်းပြပြီးရင် အလုပ်ပြန်ဝင်ပါ့မယ်"

"ရပါတယ်ကွာ၊ မနက်ဖြန်တစ်ရက်တော့ ဘေဘီနားလိုက်ပါဦး၊ ဒါပေမယ့် ညနေ ကိုယ်လာတွေ့ဦးမယ်နော်"

"ဟင်. . မနက်ကော ဆေးခန်းမလိုက်တော့ဘူးလား"

"အင်းလေ. . ပို့မယ်လေ၊ ဒါပေမယ့် ညနေကျလည်းလာ ပါရစေ၊ မေမေ့ကိုစိတ်မချလို့ပါ၊ ပြီးတော့ ဘေဘီ့ကိုလည်း အရမ်း လွမ်းနေတုန်းပဲ၊ အလွမ်းမပြေသေးလို့ပါ"

ဘုရားရေ. . . သူ့စကားကြီးက။ အသံတိုးတိုးပေမယ့် ဘေဘီ အလန့်တကြားဖြင့် မောင်လေးကိုကြည့်မိ၏။ မောင်လေး



Scanned by CamScanner

က မကြားချင်ယောင်ဆောင်နေပြီး အိမ်၏အဆင်အပြင်များကို တစ်ခုချင်းလိုက်ကြည့်နေလေသည်။

မောင်လေးစိတ်ထဲမှာ ရဲသျှိုးနှင့်ဘေဘီကို ထင်ထားပြီးပြီလားမသိချေ။ တိုက်ပိုင်၊ ကားပိုင်၊ လုပ်ငန်းပိုင်နှင့် ရည်မွန်ယဉ်ကျေးသောရဲသျှိုးကို သူ့ဆန္ဒနှင့်ငြင်းစရာမရှိဟုများ တွက်နေလေသလားမသိချေ။

'မေမေ. . မေမေ'နှင့်လိုက်ခေါ်နေသောရဲသျှိုးကိုလည်း ဘေဘီ အမြင်ကပ်လှပါသည်။ သို့ပေမယ့် သူ့ကျေးဇူးတွေက အများကြီးဖြစ်၏။

အို. . အသင်လောကကြီး. . သိပ်မုန်းသည့် လူတစ်ယောက်ကို တစ်ချိန်ချိန်မှာ သိပ်ချစ်တတ်သွားပါသလား။ အို. . မွှ. . မဟုတ်ပါစေနှင့်။ ဘေဘီ့အချစ်ဆုံးက ကိုကိုအေးစက်မိုးပါ။

ဧည့်ခန်းထဲမှာ ဘေဘီနှင့်ရဲသျှိုးပဲကျန်ခဲ့ပြီး မောင်လေးကတော့ မီးဖိုထဲသို့ရောက်ရှိသွားပေပြီ။

ရဲသျှိုး၏တယုတယအကြည့်များမှာ ဘေဘီမနေတတ်တော့ပါ။ သူမ ဖေဖေ့အခန်းထဲသို့ လှမ်းကြည့်မိ၏။ ဘာသံမှထွက်မလာပါလား။ ဖေဖေနဲ့မေမေ ရန်တော့ဖြစ်မနေလောက်ပါဘူး။

မေမေနဲ့ဖေဖေကို ခက်ခက်ခဲခဲပြန်ပေါင်းထုပ်ပေးရမည်လို့ထင်ထားပေမယ့် ယခုတော့ မေမေ့လိမ္မာပါးနပ်မှုကြောင့် အခြေအနေတွေပြောင့်ဖြူးသွားပေပြီ။

ထိုစဉ် မင်းထက်ဖြူစင် မီးဖိုထဲမှငါးကြော်တစ်ကောင်နှိုက်ယူလာလျက် ဧည့်ခန်းထဲသို့ပြန်ဝင်လာပြန်သည်။





အို. . အခြေအနေတွေအားလုံးဟာ မျက်နှာပူစရာတွေချည်းပါပဲ။

"သူ ပြန်တော့လေ၊ နောက်နေ့မှလာ"

သူ့ကို ဘေဘီ တိုးတိုးလေးကပ်ပြီးသတိပေးလိုက်လျှင် ရဲသျှိုးက ပြန်ရန်ပြင်၏။

"ကောင်းပြီဘေဘီ၊ ကိုယ်ပြန်လိုက်ဦးမယ်၊ ညီ. . ကိုကိုပြန်မယ်"

ရဲသျှိုးက ..င်းဘက်ဖြူစင်ကိုသေသေချာချာနှုတ်ဆက်နေလျှင် မောင်လေးမှာ မျက်နှာပိုးသတ်လျက် 'ဟုတ်ကဲ့. . ဟုတ်ကဲ့' လုပ်နေ၏။

ရဲသျှိုးဆင်းသွားလျှင် မင်းထက်ဖြူစင် ပွင့်ပွင့်လင်းလင်း ရယ်မောမိပါတော့၏။ သူရယ်လေ ဘေဘီက တဗုန်းဗုန်းရိုက်လေ။

"ဘာလဲဗျ. . ကျုပ်အစ်မ၊ စိတ်ကူးမလွဲနဲ့နော်၊ တော်ရှာပါတယ်၊ ဒီခေတ်ကြီးထဲမှာ ဒီလောက်တည်ကြည်စူးနစ်တဲ့သူကို မတွေ့ရတော့ဘူးထင်တာ၊ အစ်မကိုလည်း ဂရုစိုက်လိုက်တာနော်၊ ဟျာယာကိုခတ်လို့"

"တော်စမ်းပါ၊ ငါ ထမင်းချက်ခိုင်းလိုက်ဦးမယ်၊ နင် တံမြက်စည်းလှဲ၊ အိမ်ရှင်း"

မောင်နှမနှစ်ယောက် အလုပ်တာဝန်ခွဲဝေလိုက်ကြပြီး လူစုခွဲလိုက်တော့မှ ဘေဘီ နားညည်းသက်သာလေ၏။



Scanned by CamScanner

မီးဖိုထဲမှာ ချက်ပြုတ်စရာများကိုရှာကြည့်တော့ ဘဲဥနှင့် ငါးခြောက်သာတွေ့ရသည်။

ထမင်းတစ်အိုးချက်ပြီးလျှင် ဘဲဥဟင်းချက်၊ ငါးခြောက်ဖုတ်ရမည်လား။ ဟင်..မေမေနဲ့မဖြစ်ပါဘူး၊ မေမေ့ကို ဂရုမစိုက်ရာရောက်မှာပေါ့။ မေမေ ဝမ်းနည်းသွားမှာပေါ့။

"အဲ..အကြံရပြီ"

ဘေဘီ ကြီးမေဆီဖုန်းဆက်လိုက်မည်။ မိုးချုပ်တော့မည်မို့ ကြီးမေတို့အိမ်ပြန်ရောက်နေလိမ့်မည်။

"ကြီးမေရေ..ဘေဘီတို့ပြန်ရောက်ပြီ မေမေနဲ့ မောင်လေး မင်းထက်လည်းပါလာတယ်၊ ကြီးမေဘာချက်လဲ၊ ဘေဘီဟင်းချက်ချိန်မရတော့ဘူး၊ လာယူမယ်နော်"

ဘေဘီ့အသံကြားလျှင် ကြီးမေဝမ်းသာအားရဖြစ်[illegible]။

"အဆင်ပြေရဲ့လားသမီး၊ မေမေနဲ့ဖေဖေ အဆင်ပြေသွားကြပြီလား"

"ပြေသွားပြီကြီးမေ၊ အားလုံးအိုကေပဲ၊ ထင်တောင်မထင်ရဘူး"

"အေး..အေး..ကြီးမေ ဟင်းလာပို့မယ်၊ သမီးတို့ဘာဘာလည်းရှိတယ်၊ စောင့်နေနော်၊ လူမမာမေးရင်း၊ ယောင်းမကိုကြည့်ရင်းလာခဲ့မယ်"

"ကောင်းတယ်ကြီးမေ၊ သမီးတို့စောင့်နေမယ်"

ဘေဘီဖုန်းဆက်ပြီး မကြာခင် ကြီးမေတို့ကားလေးရောက်လာသည်။ လေးဆင့်ချိုင့်ကြီးနှင့် ဟင်းတွေသယ်လာသဖြင့်



ဘေဘီနှင့်မောင်လေးတို့ ပြေးဆင်းကြိုကြသည်မှာ ဝမ်းသာအားရ။

ကြီးမေက ဟင်းချက်ကောင်းသည်လေ။ ညှော်ခန်းထဲမှာ ထိုင်တောင်မထိုင်ရသေး။ ကြီးမေက ဘေဘီ့ကို ပြုံးပြုံးကြီးမေးသည်။

"ဟိုကောင်ရော..အိုက်တင်များတဲ့ကောင်.."

သူ့မောင်ကို ကြီးမေ မချင့်မရဲဖြစ်လည်းဖြစ်စရာ၊ ဒီလိုမှန်းသာသိရင် ဘေဘီ အစောကြီးကတည်းက မေမေ့ကိုသွားခေါ်ပေးပါရဲ့။

သို့သော် လွယ်တော့မလွယ်ကူခဲ့ပါ။ ပန်းလေးတွေလို အချစ်ဆိုတာလည်း ပွင့်ချိန်တန်မှပွင့်၊ သီးချိန်တန်မှသီးသည် ထင်ပါရဲ့လေ။

"ဖေဖေ..ဖေဖေရေ..ကြီးမေတို့ရောက်နေပြီ၊ မေမေ့ခေါ်ခဲ့ပါဦးတဲ့"

ဘေဘီမှာ ရှူးသလိုပေါ်သလိုနှင့်လှမ်းအော်ရပါသည်။ သည်တော့မှ ဖေဖေက ရှက်ကိုးရှက်ကန်းနှင့်ထွက်လာပြီး မေမေကတော့ ချက်ချင်းထွက်မလာရဲ။

"မမ..ဒုက္ခရှာလို့ဗျာ"

"မဒုက္ခပါဘူးကွယ်၊ ကဲ..လာ..လာ..ပျော်ပျော်ပါးပါး တို့မိသားစုတွေ ထမင်းလက်ဆုံစားကြရအောင်၊ ငါတို့ပါ ဒီမှာစားမှာ၊ ဟင်းတွေအကုန်ထည့်လာခဲ့တယ်၊ သူ့မိတို့မောင်နှမက ထမင်းပွဲသွားပြင်ကြ၊ မောင်လေးက ပုလဲကိုသွားခေါ်ခဲ့"

Scanned by CamScanner

ကြီးမေ တက်ကြွစွာစီစဉ်နေလျှင် ဘေဘီတို့အားလုံး ပျော်ရွှင်စွာရယ်မောလိုက်ကြပြီး ထမင်းပွဲပြင်သူပြင်ကြ၊ မေမေ့ကိုသွားခေါ်ကြနှင့် ဆူညံစိုပြည်နေလေသည်။

ညစာထမင်းပွဲမှာ တစ်သက်မမေ့ချင်စဖွယ်။ ထမင်းပူပူနွေးနွေးနှင့် ကြီးမေယူလာသည့်ကြက်သားဟင်း၊ ငါးဆုပ်ချဉ်ရည်၊ ကညွတ်ကြော်နှင့် ငံပြာရည်ချက်၊ ပဲတီချဉ်တို့က ကမ္ဘာပေါ်မှာ အကောင်းဆုံးဟင်းလျာ။

ဖေဖေ၊ မေမေ၊ ကြီးမေ၊ ဘဘနှင့် ဘေဘီတို့မောင်နှမအားလုံး ရင်ထဲမှာဝမ်းသာပီတိဖြစ်သည့်အပြုံးများနှင့် အကြင်နာ၊ မေတ္တာ၊ သံယောဇဉ်တွေယှက်သွယ်နေကြသော ဒီထမင်းဝိုင်းလေးမှာ ပျော်စရာအကောင်းဆုံးထမင်းဝိုင်းလေးပင်ဖြစ်ခဲ့သည်။

## အခန်း(၂)

ဝရန်တာမှမော့ကြည့်တော့ မြို့ပြ၏လခြမ်းကွေးလေးကို ဝိုးတဝါးမြင်ရသည်။ ဘဝဆိုတာ ရှေ့သို့သာ စီးဆင်းစမြဲတဲ့၊ မြစ်ရေတွေလိုပဲပေါ့။

ဘာအခက်အခဲပဲတွေ့တွေ့ ရှေ့သို့ပဲချီတက်ကြရမည်။ ဘဝဆိုတာ နောက်ပြန်ဆုတ်လို့မရ။

အင်း. . ဘဝဆိုတာ အိပ်မက်တွေနဲ့ပြည့်တဲ့အခါလည်းပြည့်ခဲ့တယ်။ မနေ့ကတင် သူမ မုံရွာမှာ။ ဟော. . ဒီကနေ့တော့ ရန်ကုန်ပြန်ရောက်နေပြီ။

လွန်ခဲ့သောနှစ်ရက်၊ သုံးရက်ကပင် ဘေဘီ ကိုကို့ရင်ခွင်မှာ ခိုဝင်ခဲ့ဖူးပြီ။ ယခုတော့ ကိုကိုက ဘယ်ရောက်သွားမှန်းမသိပါတော့ချေ။

ဘဝဆိုတာ သရဲရထားစီးရသလိုပါပဲလား။ တုံ့ဩထိတ်လန့်စဖွယ်။ ကိုကိုနှင့်တွေ့ခဲ့သည့်ညက သူမ ဘာတွေဖြစ်ခဲ့သေးလဲ။ ပြန်တွေးကြည့်တော့လည်း သွေးလန့်စဖွယ်။

ဘေဘီဟာ ဦးနှောက်ကို ပိုပြီးဦးစားပေးတတ်သည်၊ အရာရာမှာ တင်းကျပ်စွာထိန်းချုပ်ဝေ့ရှောက်တတ်သည့် မိန်းမပျိုမို့ အချစ်သည် သူမအတွက် ပျော်ရွှင်ကြည်နူးဖွယ်အရာ တစ်ခုမဟုတ်။

အချစ်သည် သူမအတွက် ထိတ်လန့်ကြောက်ရွံ့စဖွယ်ကွဲရှတတ်သည့်လက်ပစ်ဗုံးတစ်လုံးပါပဲ။

ထိရမှာ၊ ကိုင်ရမှာ၊ ချစ်ရမှာ သူမ အင်မတန်ထိတ်လန့်ကြောက်ရွံ့ရပါသည်၊ ဒီလိုရှေးခေတ်ဟောင်းက မိန်းမပျိုကိုမှ ကိုကိုက ပန်းသီးတစ်လုံးလို တကျွတ်ကျွတ်ကိုက်ဝါးစားတော့မတတ်။

ဒါဟာ အချစ်လား။ နိုင်ငံကျော်အဆိုတော်တစ်ယောက်ရဲ့ မပြီးဆုံးနိုင်သော၊ များပြောင်လှသောအရောင်တူ၊ အဆင်ကွဲ အချစ်တစ်ခုတဲ့လား။

ဘေဘီ ကိုကိုကို ရင်ထဲမှာသိပ်ချစ်မိပေမယ့် ဘေဘီ ကိုကိုကို လုံးဝမယုံ။ အချစ်ကိုယုံပြီး ပုံအပ်ပစ်လိုက်သည့်မိန်းမသားမျိုးထဲမှာ ဘေဘီမပါ၊ ဘေဘီ့အချစ်က တစ်မျိုး။

ဟိုး . . လမင်းကြီးကိုချစ်သလို၊ နတ်မင်းတစ်ပါးကို ကိုးကွယ်သလို ဘေဘီ ကိုကို့ကို တယုတယ တလေးတစားချစ်ချင်၊ ကိုးကွယ်ချင်ပါသည်။

ထိုညက သူ့အချစ်များ၊ သူ့အရှုးအမူးဆန်မှုများ၊ သူ့အနမ်းများမှာ ဘေဘီ သွေးပျက်ခဲ့ရသည်။ ဘေဘီလိုချင်တာ ဒါမျိုးမဟုတ်။ နောက်ဆုံးတော့ ဘေဘီ သူ့ကိုအောင်နိုင်ခဲ့တာပါပဲ။





စတိတ်ရှိုးကျင်းပရာဧနရာသို့ ဘေဘီ့ကို သူပြန်ပို့ပေးခဲ့သည်၊ သူမ၏နေရာအထိ ပြန်ပို့ပေးဖို့ကြိုးစားပေမယ့် ဘေဘီ သူ့ကိုမခေါ်ခဲ့တော့ပါ။

"နေတော့ကိုကို၊ ဘေဘီသွားတော့မယ်၊ ကိုကို့ကို ဘေဘီ နှုတ်ဆက်ပါတယ်"

"အပြီးနှုတ်ဆက်တာလားဘေဘီ"

ကိုကို ဘာကိုစိန်ခေါ်ပြန်တာလဲ။ ဘေဘီ့နှလုံးသားကို သူနားမလည်။ သည်တော့လည်း အငိုမျက်လုံးကို အပြုံးအုပ်ပြီး ဘေဘီဖြေလိုက်သည်။

"ကိုကို့သဘောပါပဲ၊ အပြီးဆိုလည်းအပြီးပေါ့"

"ကောင်းပြီ၊ စိန်ခေါ်တယ်နော်"

ဒီလောက်ဖြူစင်ရိုးသားလှသည့် ကောင်မလေးတစ်ယောက်၏အချစ်တွေကို ကိုကိုစော်ကားရက်လှသည်။

ကိုကို့ကိုကျောခိုင်းပြီး မျက်ရည်များကိုရင်ထဲမှာမြိုချကာ ဘေဘီ အစ်ကိုဒေါနတို့ဆီပြန်ခဲ့သည်။ ဘေဘီဟာ ပေါ့သွမ်းသောမိန်းကလေးတစ်ယောက်မဟုတ်ပါ။

သို့သော် အစ်ကိုတစ်ယောက်၏မျက်ဝန်းရှေ့မှောက်မှာ ဘေဘီ မဖွယ်မရာတွေဖြစ်ခဲ့ပြီ။ ကိုကို့ကိုချစ်လွန်းလို့ပါ။ ဒါတွေကိုကိုသိပါလေစ။ သူကတော့ ဘေဘီ့ကို အပေါစား၊ အပေါ့စားမိန်းကလေးတစ်ယောက်လို့ ထင်ပါလိမ့်မည်၊ ဒါကြောင့် သူဒီလိုမလေးမစားဆက်ဆံခဲ့တာပေါ့။

ဘေဘီ့မျက်ဝန်းထဲမှာ ဖျတ်ကနဲပေါ်လာသည်က ရဲသျှိုး



Book Sharing

Scanned by CamScanner

၏ရုပ်ပုံလွှာ။ အရာရာမှာ ဘေဘီ့အတွက်ဆို စိတ်မချ၊ လက်မချ အရိပ်တကြည့်ကြည့်နှင့် စိုးရိမ်ပူပန်လွန်းသည့်ရဲသျှိုးနှင့် အရာရာမှာပေါ့ပျက်ပျက်၊ သရော်တော်တော်နိုင်လွန်းသည့်ကိုကို။

အို. . အချစ်ဆိုတာ မနှိုင်းယှဉ်အပ်ပါဘူး။ အချစ်ဆိုတာ ရွေးချယ်မှုမဟုတ်ဘူး။ ရင်ထဲမှအလိုအလျောက်ဖြစ်တည်မြတ်နိုးမှုကသာ အချစ်ပါ။

သို့သော် ဘေဘီသည် အသည်းနှလုံးထက် ဦးနှောက်ကို ပိုပြီးဦးစားပေးမိလေသလား။ အလိုမကျသည့်မျက်ဝန်းများနှင့် စွဲမက်ယစ်မူးစဖွယ် ကိုကို့ရုပ်သွင်ကိုပြန်မြင်မိပြန်တော့ ဘေဘီ့ရင်ထဲမှာ အရှုံးတစ်ပိုင်းဖြစ်လုမျှ။

ဘေဘီ့အချစ်တွေကို လုံးဝဥဿုံနားလည်သဘောပေါက်စမ်းပါတော့ကိုကိုရယ်။

ထိုညက အစ်ကိုဒေါနု၏ဆူပူကြိမ်းမောင်းမှုများကို ဘေဘီ အကြာကြီးခံယူခဲ့ရပါသည်။

# အခန်း(၃)

မုံရွာမှာ ဘေဘီရောက်နေခဲ့တာ ရက်(၂၀)ကျော်ခဲ့တုန်းကဖြစ်သည်။ ဘေဘီမှာ လူကမုံရွာမှာရှိနေပေမယ့် စိတ်က မေမေရှိရာရန်ကုန်မှာ။

အဲဒီနေ့က ထုံးစံအတိုင်း ညဆယ်နာရီကျော်လျှင် မေမေက အိပ်ယာဝင်ခဲ့ပေပြီ။ ဆေးရှိန်နှင့် မေမေနှစ်ခြိုက်စွာအိပ်ပျော်နေနိုင်သော်လည်း ဘေဘီ့မှာ အိပ်လို့မပျော်နိုင်ခဲ့ပါ။

မောင်လေးနှင့်ဦးလေးတို့ကလည်း ယခုချိန်ထိ အိမ်ပြန်မရောက်ကြသေး။ ဒါ သူတို့ထုံးစံပါပဲ။ အိပ်ချိန်ရောက်မှ ပြန်လာကြမှာပေါ့။

ဘေဘီတစ်ယောက်တည်း အိမ်ရှေ့ကွပ်ပျစ်မှာထိုင်ပြီး ကိုယ့်မိသားစု၏ရှေ့ရေး၊ နောင်ရေးတွေကို စဉ်းစားနေမိလေသည်။ တကယ့်ကိုရင်လေးစရာပါပဲ။ ဒီပြဿနာကြီးကို ဘယ်လိုကိုင်တွယ်ရမှန်း ဘေဘီ့ဦးနှောက်ကလေးနှင့် ဘယ်လိုမှမစဉ်းစားတတ်ပါတော့ချေ။

Scanned by CamScanner

ဖေဖေပါ ပါဝင်ကူညီပူးပေါင်းပြီး စဉ်းစားပေးမယ်ဆိုရင်တော့ လွယ်ကူချင်ကူမှာပါ။ ယခုတော့ ဘောဘီမှာ ဖေဖေနှင့်မေမေ ပြန်လည်ပေါင်းစည်းရေးအတွက် ဘယ်လိုမှမကြံစည်တတ်ဖြစ်နေရသည်။

ဖေဖေ့ထံသို့ပြန်ချင်ပေမယ့် မေမေ့ကိုထားမပစ်ခဲ့ရက်။ ဗီလိုနှင့် ဘောဘီ လုံးပါးပါးတော့မည်ထင်သည်။ ကိုယ့်အချစ်ရေးကလည်း တစ်မျိုး။ လူတွေမှာ နှလုံးသားသာမပါဘူးဆိုလျှင်သိပ်ကောင်းမှာပဲ။ ဒါဆို လွမ်းတာ၊ ဆွေးတာ၊ ဒေါက်မေ့တာတွေမခံစားရတော့ဘူးပေါ့။

ကွပ်ပျစ်လေးမှာ ငုတ်တုတ်ထိုင်ရင်း ဆောင်းညပန်းရနံ့လေးများ၊ ဆောင်းလေညင်းများကို ဘောဘီ ရှူရှိုက်ခံစားနေမိသည်။ ငွေလမင်းကလည်း သာလွန်းလှပေစွ။ နှင်းမှုန်တွေအောက်မှာပေမယ့် ဘောဘီ့ရင်တွေပူလောင်နေရပါသည်။

သံယောဇဉ်တွေကြောင့်ပေါ့။ မေမေ့ကို ဖေဖေ့ဆီရောက်အောင် ဘယ်လိုခေါ်ရမှာပါလိမ့်။ မေမေကရော ဦးလေးဖိုးတိုးကို ဘယ်လိုထားခဲ့ရမှာလဲ။ အစ်ကိုသော်ကက မိန်းမရနေပြီမို့ထားပါတော့။ အစ်ကိုဒေါနမှာ မိန်းမလည်းမရသေး။ မောင်လေးကတော့ ဘောဘီတို့နှင့်လိုက်နိုင်သည်ထား။

တွေးရင်း၊ တွေးရင်းနှင့် ဦးနှောက်တွေရှုပ်လာခဲ့လျှင် ဘောဘီ သက်ပြင်းချပြီး ကွပ်ပျစ်ပေါ်မှထလိုက်သည်။ တော်ပြီ. . အိပ်တော့မည်။ နေ့တိုင်းနေ့တိုင်း တွေးရတာလည်း ဆံပင်တွေတောင်ဖြူတော့မည်။



ထိုစဉ် ဘောဘီ့ခြံထဲသို့ ကားတစ်စီးထိုးဝင်လာသည်။ အစ်ကိုဒေါန၏ကားလည်းမဟုတ်ပါလား။ ဘယ်သူ့ကားပါလိမ့်။

ဘောဘီငေးကြည့်နေမိစဉ် ကားထဲမှ လူတစ်ယောက် ဖျတ်ကနဲဖွင့်ဆင်းလာသည်။ သူမ လန့်ဖျန့်အံ့ဩထိတ်လန့်ရ၏။

"ဟင်. . ရဲသျှိုး. ."

"ဘောဘီ. ."

သူမ အံ့ဩလွန်းရသည်မှာ ရန်ကုန်ကနေ မုံရွာအထိတစ်ယောက်ထဲကားမောင်းလာခဲ့သည်ကိုပါပဲ။ ရဲသျှိုးဆိုတာ စိတ်ကြမ်းလူကြမ်းကြီးလည်းမဟုတ်ပါဘဲနှင့် ယဉ်ကျေးသိမ်မွေ့သည့် နူးညံ့သည့်သူ။

ဘောဘီ အံ့ဩပြီး ငေးကြောင်ကြည့်နေမိစဉ် ရဲသျှိုးက သူမကို တင်းကျပ်စွာပွေ့ထားလိုက်သည်။ ပြီးတော့ မျက်ရည်တွေနှင့်သူ့အသွင်က မိခင်နှင့်ကွဲကွာနေရသည့် သားငယ်လေးအသွင်။

"ဟယ်. . ရဲသျှိုးရယ်. . လွှတ်ပါ၊ ဘယ်လိုဖြစ်လာရတာလဲ"

ဘောဘီ ငြင်းဆန်တွန်းဖယ်လျှင် သူ သတိဝင်သွားပြီး ဘောဘီ့အနားမှာခေါင်းငုံ့ပြီး ဝမ်းနည်းကြေကွဲနေသည်။

ဘောဘီအံ့ဩတာက သူနှင့်ကိုယ်သည် ချစ်သူတွေမဟုတ်ပါဘဲနှင့်။

"ဆောရီးဘောဘီရယ်. . ငါ အရမ်းလွမ်းနေခဲ့တယ်၊ ငါဘာဖြစ်သွားတာလဲမသိဘူး"

Scanned by CamScanner

"လာ. . လာ. . ထိုင်ပါဦး၊ ဘယ်သူတွေပါသေးလဲ၊ ညကြီးမင်းကြီးဟယ်၊ ဖေဖေရော နေကောင်းလားဟင်၊ ဖေဖေလွှတ်လို့လိုက်လာတာလား"

ဘာပဲဖြစ်ဖြစ် သည်ခရီး၊ သည်လမ်းကို သူတစ်ယောက်တည်း လိုက်လာသည်ဆိုမှတော့ သူ့သံယောဇဉ်ကို ဘေဘီလျှော့မတွက်ရဲတော့ပါ။

သူ့သံယောဇဉ်သည် ရွှေသားသံယောဇဉ်။ ဟိုးအစက သူ့အပေါ် ဂျစ်ကန်ကန်လုပ်ခဲ့မိသမျှ ယခုတော့ ဘေဘီ နူးညံ့ညင်သာနေမိသည်။

သူမက သူ့ကို ကွပ်ပျစ်ပေါ်မှာထိုင်စေသော်လည်း သူက မထိုင်။ သူရပ်နေသည့်နေရာမှ မျက်ရည်ပြည့်သောမျက်ဝန်းများနှင့် ဘေဘီ့ကိုသာ တမ်းတမ်းတတငေးကြည့်နေသည်။

သူ့အကြည့်တွေကိုမခံယူရက်၊ မခံယူလိုသဖြင့် ဘေဘီ မျက်လွှာချလိုက်ရသည်။ ဘေဘီ့စိတ်တွေက သူ့အပေါ် ရိုးသားဖြူစင်လွန်းသဖြင့် ဘယ်လိုမှမခံစားရသော်လည်း သူ့သံယောဇဉ်တွေအတွက် ဘေဘီ စာနာ၊ရင်နာရပါသည်။

"ဘယ်သူမှမပါဘူး၊ ဘယ်သူမှလည်း မသိဘူး၊ ငါ. . ငါလေ. . ဘေဘီ့ကို. ."

"တော်ပါတော့ဟယ်၊ ဗိုကွပါပဲရဲသျှိုးရယ်၊ လူကြီးတွေစိုးရိမ်နေကြတော့မှာပဲ၊ ကလေးလေးကျနေတာပဲ၊ ကြီးမေတို့ကိုတောင် မပြောခဲ့ဘူးလား. . ဟင်. ."

ဘေဘီစိုးရိမ်နေသည်မှာ သူ့မိသားစု၊ သူ့အသိုင်းအဝိုင်းတွင် သူဟာ ရှင်ဘုရင်တစ်ပါးသဖွယ်ဖို့ဖြစ်သည်။



"မန္တလေးရောက်မှ မေမေ့ကိုရော၊ ကြီးမေကိုပါ လှမ်းပြီး ဖုန်းဆက်လိုက်တယ်၊ ရပါတယ်၊ သူတို့နားလည်ပါတယ်၊ ကိုယ်ဘယ်လောက်ခံစားနေရတယ်ဆိုတာ သူတို့သိပါတယ်"

ရဲသျှိုးအသံက တုန်ယင်တိုးညင်းလွန်းလှသဖြင့် ဘေဘီ့မှာ မနည်းနားထောင်နေရ၏။ ယော်စဉ်ကတည်းက အတူနေလာကြသည့်မောင်နှမများသဖွယ်မို့ ဘေဘီ သူ့ကိုစိုးရိမ်မိတာလည်း အမှန်။

"ရဲသျှိုးရယ်. . တစ်ယောက်တည်းလာရသလားဟယ်"

ပြောမိပြောရာပြောနေခြင်းတော့မဟုတ်ပါ။ ဒီခရီး၊ ဒီလမ်းကြီးကို တစ်ယောက်တည်းလာတာတော့ မကောင်း။ သူ့အိမ်က ဘယ်လောက်များစိုးရိမ်လိုက်မလဲ။

"တစ်ခုခုများဖြစ်သွားမှဖြင့်ဟယ်. . အားလုံးရင်ကျိုးကြရမှာ"

"မပူပါနဲ့ကွာ၊ ကိုယ်သေရင်ရော ဘေဘီက ရင်ကျိုးမှာလား၊ ငိုမှာလား"

"တို. . ဖွ. . မပြောကောင်း၊ မဆိုကောင်း၊ ငိုမှာပေါ့ဟယ်၊ ရင်လည်းကျိုးမှာပေါ့၊ ဘေဘီ့ဆီကိုလာလို့ ဘေဘီ့ကြောင့်ဖြစ်သွားမှပဲ ဘေဘီတစ်သက်လုံးယူကြုံးမရဖြစ်ရမှာပေါ့"

"အဲဒီလောက်ဆို ကိုယ်စွန့်စားရကျိုးနပ်ပါပြီဘေဘီရယ်"

ကွပ်ပျစ်ပေါ်မှာ နှစ်ယောက်သား တိတ်ဆိတ်သွားကြပြန်သည်။ လရောင်နှင့် နှင်းမှုန်ခပ်ပါးပါးကြားမှာ အရာရာသည် မသဲကွဲ။

သို့သော် ရဲသိုးမျက်ဝန်းတွေ စိုလက်နေတာ၊ သူ့တစ်ကိုယ်လုံး တုန်ရီလာခဲ့တာတွေတော့ ဘေဘီမြင်နေရသည်။

"ဘေဘီ. . ကိုယ် ဘေဘီ့ကို အရမ်းလွမ်းနေခဲ့တယ်၊ ကိုယ့်ဘဝမှာ ဘေဘီမရှိရင် ဘယ်လိုမှမဖြစ်တော့ဘူး"

သူမကို ညင်သာစွာထွေးဖက်ထားပြီး သူ မျက်ရည်များကျနေလျှင် ဘေဘီ စိတ်မကောင်းဖြစ်ရပြန်သည်။ ညကြီးမင်းကြီးထဲ ဆော်လမွန်ငါးတွေလို အချစ်ရှိရာ မိုင်ပေါင်းများစွာခရီးကို ဆန်တက်ခဲ့သတဲ့လား။

မချစ်နိုင်ပေမယ့် သူမ စာနာပေးနိုင်ပါသည်။ သို့သော် အံမိပွာယ်တွေမလွဲသွားဖို့၊ သံယောဇဉ်တွေတိမ်းစောင်းမသွားဖို့ ဘေဘီဆောင်ရွက်ရပေမည်။

ရှိုက်သံတိုးတိုးလေးနှင့် မိမိကိုယ်ကိုထိန်းချုပ်နေသည့် ရဲသိုးကို သူမ ဆွဲထူလိုက်သည်။

"လေးစားပါတယ်သူငယ်ချင်းရယ်၊ ရဲသိုးရဲ့စေတနာတွေကို ဘေဘီ ကြက်သီးထမိပါတယ်"

"ဟင့်အင်း. . စေတနာတင်မကဘူး၊ မေတ္တာရော၊ ကိုယ် ဘေဘီ့ကိုမခွဲနိုင်တော့ဘူး"

"ဘေဘီတို့ဟာ သူငယ်ချင်းတွေပါ၊ လောလောဆယ် သူ အရမ်းစိတ်လှုပ်ရှားနေတယ်၊ လာ. . နားလိုက်ကြရအောင်၊ ရဲသိုးထမင်းမစားရသေးဘူးမဟုတ်လား၊ ထမင်းစားရအောင်နော်၊ ပြီးရင် သူ အနားယူလိုက်၊ မေမေ့ကိုတော့ မနက်ကျမှ တွေ့တော့၊ အခု မေမေအိပ်နေပြီ"





ဘေဘီ ပြုံးပြုံးလေးနှင့် တည်ငြိမ်နေလျှင် ရဲသိုးလည်း ဆောက်တည်ရာရသွားသည်။ အချစ်ဆိုတာ တစ်ကိုယ်ကောင်းဆန်ရမည်မဟုတ်။ အချစ်ဆိုတာ နှစ်ဦးနှစ်ဖက် စာနာနားလည်မှုတို့နှင့် ရှင်သန်ဖွံ့ဖြိုးနိုင်လိမ့်မည်။

အံကိုတင်းတင်းကြိတ်ရင်း ရဲသိုး ရင်ကိုထိန်းချုပ်သည်။

"ကိုယ့်ကိုခွင့်လွှတ်ပါဘေဘီ၊ ဘေဘီ့ကို စိတ်မဆင်းရဲစေပါဘူးနော်၊ ဘေဘီ့မေမေရော နေသာထိုင်သာရှိရဲ့လား၊ ရန်ကုန်ကိုခေါ်ဖွဲ့သာပြင်ပါ၊ ဟိုမှာကုရအောင်"

အခြေအနေတွေအားလုံးကို ရဲသိုးမြို့သိပ်လိုက်သည်။ ဒါမှ ယောကျ်ားကောင်းတစ်ယောက်ဖြစ်မှာ။ သူ့အချစ်တွေ ပေါက်ကွဲပွင့်ထွက်ခါနီးမှ မသပ်မရပ် ပြန်လည်ဖုံးဖိထိန်းချုပ်ရသည်။ ရင်ဘတ်ဟာကွဲကြီးက မူလအတိုင်းတော့ ပြန်ကောင်းနိုင်မည်မထင်။

ရဲသိုးကို အိမ်ရှေ့ဧည့်ခန်းထဲမှာထားခဲ့ပြီး ဘေဘီ ထမင်းပွဲပြင်လိုက်သည်။ ပြီး သူ့ကိုထမင်းစားဖို့ထွက်ခေါ်လျှင်. . .

"ကိုယ်ရေချိုးချင်သေးတယ်၊ တစ်နေ့လုံးမောပန်းနွမ်းနယ်လာလို့ပါ"

"ဒါဆို နည်းနည်းပဲချိုး၊ ရေနွေးစပ်ပေးမယ်"

သူရေချိုးနေစဉ် ဘေဘီ မျက်နှာသုတ်စောင်နှင့် စောင့်နေမိသည်။ ရေပြောင်း၊ မြေပြောင်းမှာ ဖျားနာနေမှာစိုးလို့ပါပဲ။

သူရေချိုးပြီးလျှင်ဝတ်ဖို့ အဝတ်ကိုလည်း အသင့်ထုတ်

Scanned by CamScanner

ပေးထားလိုက်သည်။ ဘာပဲဖြစ်ဖြစ် သူက ကိုယ့်ကိုစေတနာရှိလို့ လာသည်ချည်သည်။

"ဟင်. . ခေါင်းပါလောင်းချိုးနေပြန်ပြီ၊ ဒီအရွယ်လည်း လေဖြတ်တတ်တာပဲ"

"အကျင့်ပါနေလို့ပါဘေဘီရယ်၊ ဆောရီးနော်. . "

သူရေချိုးပြီး အဝတ်လဲလျှင် သူ့ခေါင်းရေစိုကြီးကို ဘေဘီ မျက်နှာသုတ်စောင်အသေးလေးနှင့် သုတ်ပေးမိပြန်သည်။

မုံရွာဆောင်းမှာ အအေးမိသွားမှာစိုးလို့ဖြစ်ပေမယ့် သူက တော့ တော်တော်ကြည်နူးနှစ်သိမ့်နေလေသလားပင်။

"အဲဒီလိုအမြဲပြုစုခံချင်လိုက်တာဘေဘီရယ်"

"ထင်မနေနဲ့၊ ကိုယ့်ချည်သည်ကို ကိုယ့်နေရပ်မှာဖျားနေမှာစိုးလို့ လုပ်ပေးနေတာ သိလား၊ လုပ်. . မြန်မြန်လုပ်၊ ထမင်းစားရအောင်"

"ဘယ်သူချက်တာလဲ"

"ဘေဘီချက်တာပေါ့၊ ဘယ်သူရှိရဦးမှာလဲ"

"အိုကေ. . ဒါဆို စားလို့ကောင်းမှာပဲ"

အမဲနှပ်နှင့် ပဲတိုးကပ်ချက်၊ မကျည်းရွက်သုပ်တို့ကို သူ ခေါင်းမဖော်တမ်းစားနေသည့်အခါ ဘေဘီ ဝမ်းသာရလေသည်။

"အရမ်းစားလို့ကောင်းတာပဲဘေဘီရယ်"

"ပိုလိုက်တာ ဒါ သာမန်လက်ရာပဲ"

"အင်းလေ . . သာမန်လက်ရာကိုပဲစွဲနေတာ"

ပြောသည့်အတိုင်း အားပါးတရစားပြီး ဘေဘီနှင့်ရဲသျှိုး



တို့ ချည်ခန်းပြန်ရောက်ချိန်တွင် ဦးလေးတိုး၊ အစ်ကိုဒေါနနှင့် မောင်လေးတို့ပြန်ရောက်လာကြသည်။

အားလုံးနှင့်မိတ်ဆက်ပေးလိုက်လျှင် သူ့အသွင်က ရွှင်လန်းအားရနေ၏။ ဦးလေးတိုးကိုလည်း ရဲသျှိုးသနားဂရုကာ သက်နေပုံမှာ အထင်းသား။

ချည်ခန်းထဲမှာ လူစုံတက်စုံဖြင့် အနည်းငယ်ဆူညံစိုပြည်နေခဲ့လျှင် မေမေလည်း အိပ်ယာမှနိုးလာပြီး အပြင်သို့ထွက်လာ၏။

ညလယ်ခေါင်ကြီး စကားတွေပြောကာ ရယ်ကာမောကာဖြစ်နေလိုက်သည်မှာ သူသည် ရှေးနှစ်ပေါင်းများစွာကတည်းက ဒီအိမ်မှာမွေးခဲ့ပြီး ဒီအိမ်သားတွေနှင့် အတူကြီးပြင်းလာခဲ့သည်နှယ်။

ည တစ်ချက်တီးခန့်ကျမှ မနည်းလူစုခွဲပြီး အိပ်ယာဝင်ကြရလေသည်။

Book Sharing

Scanned by CamScanner

## အခန်း(၄)

"ဘေဘီရယ်. . ကိုယ်အရမ်းစိတ်ချမ်းသာတာပဲကွာ၊ ပျော်လည်းပျော်တယ်၊ ဖြစ်နိုင်ရင် ဒီမုံရွာမှာပဲ ဘေဘီနဲ့တစ်သက်လုံးနေလိုက်ချင်တယ်"

မနက်စောစော ဈေးဝယ်သွားတော့လည်း ရဲသျှိုးက ဈေးခြင်းကိုင်၊ ခါတိုင်းလို ဆိုက်ကားတွေ၊ မြင်းလှည်းတွေစီးမနေတော့ဘဲ မနီးမဝေးဈေးကို ခြေလျင်သွားဖြစ်ကြသည်။

ယခုတော့ ရဲသျှိုးသည် ဘေဘီ့ရဲ့အရိပ်သဖွယ်။ သွားသွား၊ စားစား၊ နားနား၊ နေနေပေါ့။ အိပ်ရုံမှလွဲလို့ ဘေဘီ့အနားမှာ အမြဲသူရှိနေခဲ့သည်။

နေမြင့်လေ အရူးရင့်လေဖြစ်တော့မှာပဲရဲသျှိုးရယ်။ နှလုံးသားဆိုတာ ပန်းကလေးတစ်ပွင့်လိုပဲ။ အလိုအလျောက်မှ ဖူးပွင့်တတ်တာပါ။ ငါ့နှလုံးသားဟာ နင့်အတွက်မဟုတ်ပါဘူး ရဲသျှိုးရယ်။



ဘေဘီ သူ့ကို နားလည်မှုတွေရှုပ်ထွေးအောင် ဘာယ်တော့မှမလုပ်ပါ။ ဘေဘီသက်ပြင်းချတာ ရဲသျှိုး သိသိသာသာကြားနိုင်ပါသည်။

"ဘာလဲ. . စိတ်ညစ်သွားပြီလား၊ ကိုယ့်ရင်ထဲမှာ မင်းပါပဲကလေးရယ်၊ မင်းစိတ်ညစ်အောင် ဘာယ်တော့မှမလုပ်ဘူးနော်"

"ပြောရုံတော့ပြောမယ်ပေါ့ဟုတ်လား"

"ဒါလည်း ဘေဘီစိတ်ညစ်စေတော့လို့ တမင်မရည်ရွယ်ပါဘူး၊ ရင်ထဲကမေတ္တာတွေ မထွေးနိုင်၊ မမြိုနိုင်လို့ ကျောက်စက်ရေတွေလို တစိမ့်စိမ့်ထွက်ကျလာရတဲ့စကားတွေပါ"

"ရဲသျှိုး စကားတွေသိပ်တတ်လာတယ်နော်"

"အဲဒါလည်း ဘေဘီ့ကြောင့်တတ်လာရတာပါ၊ စိတ်ချပါကလေးရယ်၊ ကိုယ် မင်းကိုစိတ်ဆင်းရဲအောင် ဘာယ်တော့မှမလုပ်ပါဘူး"

"ဒါဆိုလည်းပြီးရော၊ ဈေးကိုမြန်မြန်သွားကြစို့၊ အိမ်ပြန်ရောက်ရင် မေမေ့ကို ရန်ကုန်လိုက်ချင်အောင် ရဲသျှိုးစည်းရုံးပေးရမယ်၊ ဒါပဲ"

"စိတ်ချပါဘေဘီရယ်၊ အဓိကက ဘေဘီ့မေမေ ရန်ကုန်လိုက်ဖို့ပါပဲ၊ ဒါမှ သားရွှေအိုးထမ်းတဲ့ပုံပြင်လို ဘေဘီပါ ရန်ကုန်ပြန်နိုင်မှာလေ၊ ကိုယ်က ကျူရှင်ဆရာကြီးပဲကွယ်၊ အပြောကောင်းပါတယ်"

"ဟင်. ."

"ဘာတွေအတွေးပေါက်သွားရပြန်တာလဲ၊ ဘေဘီသိပါ

တယ်ကွာ၊ ကိုယ်အပြောကောင်းတယ်ဆိုတာ၊ အလိမ်အညာစကားတွေကို ကလိမ့်စေ့ငြမ်းဆင်တာမျိုးမှမဟုတ်ဘဲ၊ အမှန်တရားတစ်ခုကို လက်ဆုပ်လက်ကိုင်ထားပြီး သူတစ်ပါးနားဝင်အောင် ပြောတတ်တာမျိုးပါ"

"တော်သေးတာပေါ့နော်၊ ကဲ . . ရှေ့မှာ ဈေးရောက်ပြီ၊ ရဲသျှိုးကို မုံရွာမှာနာမည်ကြီးတဲ့ နန်းကြီးလက်သုပ်ဆိုင်မှာ ဝယ်ကျွေးမယ်၊ ပြီးတော့ သူစားချင်တာတွေ ဝယ်ချက်ကျွေးမယ်၊ ဒါမှ မုံရွာကို တစ်သက်မမေ့တော့အောင်"

"ဘေဘီနဲ့ပတ်သက်တာမှန်သမျှ တစ်သက်မဟုတ်ဘူး၊ ဆယ်သက်တောင်မမေ့ဘူးမှတ်"

"မှားပါတယ်နော်၊ ပြောမိတာမှားပါတယ်"

ဘေဘီနှင့်ရဲသျှိုးတို့၏ရယ်သံလေးများ ခပ်အုပ်အုပ်လွင့်ပျံ့သွားလျှင် ငှက်ကလေးများကတောင် စူးစမ်းကြည့်နှင့်ကြည့်သွားကြ၏။

## အခန်း(၅)

ယခုတော့ လောကကြီးက သာယာပျော်ရွှင်စရာ။

ဖေဖေ၊ မေမေ၊ မောင်လေးနှင့် ဘေဘီပါ မိသားစုလေးယောက်မှ ဘဝသည် စိုပြည်ချောမွေ့နေသည်။ မေမေက တစ်ခါတစ်လေ ငိုင်ငိုင်သွားတတ်သဖြင့် မေမေစိတ်ချမ်းသာအောင်၊ နောက်ဆံမတင်းအောင် ဘေဘီနှင့်မောင်လေးမှာ အမြဲဖျောင်းဖျရပါသည်။

ဦးလေးတိုးကို မေမေစိတ်မချဖြစ်နေမှာပေါ့။ ဆေးကုရုံလေးလိုက်ခဲ့ပါဆိုပြီး ရဲသျှိုးနှင့်ဘေဘီတို့ အတင်းအကျပ်ခေါ်ခဲ့ရတာမဟုတ်ပါလား။

မောင်နှမသံယောဇဉ်ဆိုတာလည်း တကယ်တော့ မသေးလှပါ။ အစ်ကိုသော်တက အိမ်ထောင်ကျသွားပြီမို့ သူ့အတွက်တော့ ပူစရာမလို။ သူက အားလုံးအဆင်ပြေချောမွေ့နေသူ။

အစ်ကိုဒေါနမှာလည်း မကြာမီ အိမ်ထောင်ပြုတော့မည်ဖြစ်ပြီး လောလောဆယ် သူ့ယောက္ခမလောင်းများ၏အိမ်မှာ ဒိုင်အိပ်၊ ဒိုင်စား။

မေမေ ရန်ကုန်သို့ ဆေးကုလိုက်ဖို့ရာ အစ်ကိုသော်က တို့လင်မယားက ဦးလေးတိုးကို တာဝန်ယူထားလိုက်သည်။

ဘာပဲဖြစ်ဖြစ် ဦးလေးတိုးမှာ စိတ်မနှံ့သူမို့ ရော်ရွက်ဝါလို လွင့်ချင်ရာလွင့်တယ်ဆိုပေမယ့် အချိန်တန်လျှင် သူ့အိမ်သူ့ယာ သို့သာ ပြန်လာစမြဲ။

အဲဒီလိုပြန်လာသည့်အခါ မလှမ်းမကမ်းမှာနေသည့် အစ်ကိုသော်ကက ထမင်းစောင့်ကျွေးမည်။ မည်သို့ပင်ဖြစ်စေ အစ်ကိုသော်က၊ အစ်ကိုဒေါနတို့သည် ဦးလေးတိုးလက်ပေါ်မှာ ကြီးပြင်းလာခဲ့ကြသူတွေ။

ဦးလေးတိုးကလည်း မုံရွာမှလွဲလို့ ဘယ်နတ်ပြည်ကိုမှ လိုက်ချင်သူမဟုတ်။

"ကိုတိုးတစ်ယောက် ဘယ်လိုများနေပါလိမ့်၊ ကိုတိုး နေလို့မှကောင်းပါ့မလား"

ဟုမေမေပြောလိုက်တိုင်း မင်းထက်ဖြူစင်က ရယ်စရာ လုပ်ပစ်မြဲ။ မေမေစိတ်သက်သာအောင်ပါ။

"ဘယ်လိုနေရမလဲမေမေရယ်၊ ဦးလေးတိုးက လူချစ်လူခင်ပေါတယ်လေ၊ တစ်ရပ်ကွက်လုံး ဘယ်အိမ်တက်စားစားပါ၊ ရပါတယ်၊ သားတောင် ဦးလေးတိုးကိုအားကျတယ်၊ သီချင်းဆိုချင်ဆိုလိုက်၊ ကျွမ်းထိုးချင်ထိုးလိုက်၊ ပြေးချင်ပြေး၊ ကချင်က တကယ်စိတ်ချမ်းသာဖို့ကောင်းတယ်နော်၊ ဘာအန္တရာယ်မှလည်း မရှိဘူး၊ ဦးလေးတိုးရာဇဝင်မှာ ဘယ်တော့မှ ဘာဖြစ်လာတယ် ဆိုတာမရှိဘူး၊ ဦးလေးတန် ဦးလေး၊ ညီလေးတန် ညီလေးနဲ့





စကားပြောကလည်း အင်မတန်ကောင်းပဲ၊ ကေန္တ ဦးလေးတိုး ငယ်ငယ်က ဒေးကာနက်ဂျီရဲ့ မိတ္တဗလဋ္ဌိကာကို ဖတ်ခဲ့ဖူးတယ် ထင်တယ်"

ဒီလိုပြောလျှင် မေမေ စိတ်အနည်းငယ်အေးသွားရသည် သာ။ ဟုတ်ပါတယ်လေ။ ကိုတိုးဟာ လူချစ်လူခင်ပေါများတဲ့ ကောင်လေးပါ။

ယခုဆိုလျှင် ဘေဘီတို့အိမ်သည် အလွန်ကျက်သရေ ရှိသောအိမ်ဖြစ်လို့နေသည်။ မိဘနှစ်ပါးစုံစုံလင်လင်ရှိသောအိမ် ဖြစ်သည့်အပြင် မိဘနှစ်ပါးကလည်း ကောင်းကောင်းအရိပ်ပေး မေတ္တာအကြင်နာတွေပေးနိုင်သည်မဟုတ်ပါလား။

မေမေ့ကျန်းမာရေးအတွက်လည်း စိတ်မပူရ။ တကယ့် နှလုံးအထူးကုဆရာဝန်ကြီးနှင့် ကုသပေးနေသဖြင့် ရောဂါက သက်သာဖို့ပဲရှိသည်။

ဖေဖေကလည်း အချိန်နှင့်သွား၊ အချိန်နှင့်ပြန်ပြီး အိမ်မြဲ နေတော့ရာ ဘာလိုသေးလဲဟုသာမေးရတော့မလို။ နေ့တိုင်း၊ နေ့တိုင်း မောင်လေးကဈေးသွားပေးပြီး ဘေဘီတ ချက်ပြုတ် သည်။

ထို့နောက် မောင်နှမနှစ်ယောက် အလုပ်ဆင်းကြသည်။ ဘေဘီက ရဲသျှိုးရဲ့နေ့ကျောင်းမှာကျောင်းတက်[illegible]မင်းထက်ဖြူစင် က သူဆက်သွယ်ပေးသည့်ကောင်မလေးသုံးယောက်ကို ဂိုက် လုပ်ပေးရသည်။

မင်းထက်ဖြူစင်ဆိုတာလည်း အခြေခံပညာအထက်တန်း ကို သုံးဘာသာဂုဏ်ထူးနှင့်အောင်ခဲ့သူ။

ဆိုင်ကယ်လေးတစ်စီးကို မောင်နှမနှစ်ယောက်အတူစီးပြီး ဘေဘီ့ကို မောင်လေးကပို့ပေးခဲ့စမြဲ။ ပြီးမှ သူသွားလိုရာကို သွားစမြဲ။

လောလောဆယ် မိနှင့်ဖနှင့်၊ မိသားစုနှင့်နေရလို့ စိတ်ချမ်းသာသလိုရှိသော်လည်း ဘေဘီ့ရင်မှာ တစ်ခုခုလိုနေသလို။

ကိုကို. .

အဲဒါဟာ ကိုကိုပါပဲ။

လူတစ်ယောက်ဟာ မိသားစုချစ်ခြင်း၊ သန့်စင်သောချစ်ခြင်းနှင့်ပဲ မလုံလောက်ဖူးတဲ့ဘူးလားကွယ်။

ကိုကို့ကိုအမြဲလွမ်းတနေမိတာ၊ မြင်ယောင်နေမိတာ၊ ရင်နင့်နေမိတာတွေဟာ ဘယ်သာအခါ၊ ဘယ်ကာလမှ ပျောက်ကွယ်သွားမှာလဲကွယ်။

ရင်ထဲမှာ တံကျင်အလျှိုခံထားရသလို တစိမ့်စိမ့်နာကျင်စူးနင့်နေတဲ့အချစ်ကို ဘေဘီမေ့ပျောက်လိုပေမယ့်လည်း သေသည်အထိ လိုက်ပါစူးနစ်နေတော့မည်ထင်ပါသည်။

မနက်ပိုင်းစာသင်ချိန်များပြီးသည့်အခါ ကိုယ့်အတွက်ပေးထားသည့် အောက်ထပ်ကအခန်းထဲမှာ ဘေဘီ အနားယူနေမိသည်။

ထမင်းစားဖို့တော့ စောပါသေးသည်။ ရဲသျှိုးကို စောင့်ချင်လွန်းလို့မဟုတ်ပေမယ့် သူ့ကို သိပ်ပြီးမဆန့်ကျင်ချင်တော့ပါ။ မိုင်ပေါင်းများစွာ ခရီးရှည်ကြီးကို သူတစ်ယောက်တည်းလိုက်လာခဲ့သည့်အဖြစ်က သူ့ရဲ့သံယောဇဉ်ကို ကမ္ဘည်းတင်ခဲ့ပြီမဟုတ်ပါလား။

ဘေဘီ သူ့ကို အားနာမိသည်။ မုန်းလည်းမမုန်းချင်တော့ပါလေ။ ဘေဘီမကြိုက်လို့ ချစ်တယ်မပြောတော့သော်လည်း သည့်ထက်ပိုမိုနက်ရှိုင်းသည့် သူ့အဖြစ်၊ သူ့သဘောထားတွေကိုတော့ ဘေဘီ မသိချင်ယောင်ဆောင်ရလေသည်။

ကိုယ့်ကုတင်ပေါ်မှာ နဖူးပေါ်လက်တင်ရင်း ဘေဘီ့စိတ်တွေလွင့်ပါးနေခိုက် ရဲသျှိုး၏ကားသံကိုကြားလိုက်ရသည်။

"ဘေဘီရေ. . ဒီမှာ ဘေဘီ့ဖို့ မဂ္ဂဇင်းနှစ်အုပ်ဝယ်လာခဲ့တယ်၊ ကြုံတာနဲ့လေ၊ ဟော. . နေမကောင်းဘူးလား. . မှန်း"

Scanned by CamScanner

ပြောပြောဆိုဆိုဖြင့် သူ အခန်းထဲသို့စိုးရိမ်တကြီးဝင်လာ၊ နဖူးကိုစမ်းလာပုံက သူ့စေတနာ၊ မေတ္တာတွေကိုဖော်ပြနေလေ သလား။ ဘေဘီ သူ့လက်များကို ငြင်းဆန်ချိန်မရ၊ ရုတ်ကနဲ ထထိုင်ဖို့သာကြိုးစားရသည်။

"ကောင်းတယ်၊ ကောင်းတယ်၊ ဟိုလေ. . "

"အဖျင်းထူမနေနဲ့ကွာ၊ ထ. . တိပ်လွန်းအားကြီးရင် ဝက် ပုတ်ဖြစ်သွားလိမ့်မယ်၊ ကဲ. . ဘေဘီ. . ကိုယ် အခုရေချိုးမယ်၊ ပြီးရင် ထမင်းအတူစားကြမယ်၊ အချိန်မရှိဘူးကွ ဘေဘီရဲ့၊ တိပ်မနေနဲ့တော့"

ဘုရားရေ. . သူ့စကားတွေကလည်း ဘယ်လိုကြီးပါလိမ့်၊ တစ်လုံးချင်း၊ တစ်ခုချင်းသရုပ်မခွဲတတ်ပေမယ့် သူ့အပြောတွေ က အရမ်းကိုရင်းနှီးကျွမ်းဝင်နေတာအမှန်။

ဖေဖေက မေမေ့ကိုပြောသလို၊ ဘဘက ကြီးမေကိုပြော သလို အပိုင်ပါပဲလားရဲ့ညှိုးရယ်။ ရှင်က ကျွန်မကို ဘယ်လို သဘောထားလိုက်သလဲ။

'သူခိုး ခွေးကိုက် မအော်ဝံ့'ဆိုတာ ဒါမျိုးလား။ ရည်းစား စကားတွေ တရားဝင်ပြော၊ သဘောတူမတူမေးတာမျိုးတွေ မလုပ်တော့ဘဲ ကိုယ့်စိတ်နှင့်ကိုယ် အပိုင်တွက်ထားလိုက်တာ လား။ ဘေဘီမှာ ဘာလုပ်ရမှန်းပင်မသိတော့ချေ။

ရဲသျှိုးဟာ သူ့ပိုက်ဆံတွေလည်းပေးသုံး၊ ဘေဘီ့အရေး ကိစ္စမှန်သမျှလည်း တက်တက်ကြွကြွနှင့် ဦးဆောင်လုပ်ပေးနေ လိုက်သည်မှာ သူ့ကိုယ်သူပင် အိမ်ထောင်ဦးစီးမှတ်ထင်နေ သလားပင်။



ဘေဘီလည်း တစ်ခါမှမီးစိမ်းမပြခဲ့ပါဘဲနှင့်၊ ရေလာ မြောင်းပေးတွေလည်း မလုပ်ခဲ့ပါဘူးနော်။ သေသာသေလိုက် ချင်ပါတော့တယ်။

ယခုအချိန်ထိ အချိန်မရှိဘူးဆိုသူကြီးက ဘေဘီ့အနားမှ မခွာသေးသည့်အခါ ဘေဘီ သူ့ကိုနှင်ထုတ်လိုက်သည်။

"ထွက်. . ထွက်. . သွား. . ရေချိုး၊ ပြီးရင် ထမင်းစား ခန်းကိုလာခဲ့၊ ဘေဘီ အဲဒီမှာစောင့်နေမယ်"

မုံရွာကိုလိုက်လာပြီးကတည်းက ရဲသျှိုး၏နှလုံးသားများ ပေါက်ကွဲပွင့်ထွက်ခဲ့လေပြီထင်ပါသည်။ သူ့မုန်တိုင်းကို ဘယ် သူမှတားလို့ရမည်မထင်တော့။ သူ့ရေစီးကို ဘယ်လိုမှခုတ်ဖြတ် လို့ရမည်မထင်တော့။

ဘေဘီကတော့ စိတ်အလွန်ညစ်သည်။ ဘေဘီ့ရင်ထဲမှာ လွမ်းမိုးသူက ကိုကိုပဲမဟုတ်လား။

"လာလေ. . ဒါဆိုလည်း အတူထွက်ကြစို့"

"နေဦး. . ဘေဘီ အရုပ်ကြည့်လိုက်ဦးမယ်"

ဘေဘီ မဂ္ဂဇင်းစာအုပ်များကိုကြည့်လိုက်သည်၊ ကလျာ နှင့်မဟေသီ။

မဟေသီက အင်တာဗျူးတွေပိုစုံသဖြင့်'မဟေသီကိုအရင် ဖွင့်လိုက်သည်။ ရဲသျှိုး ဘေဘီ့ခေါင်းကိုဖွဖွထုပြီး ထွက်သွားလျှင် မဟေသီမာတိကာမှာ ကိုကို့အင်တာဗျူးကို ရှာတွေ့သွားသည်။

"ဟင်. . "

အင်တာဗျူးကတော့ 'လျှပ်တပြက်'မို့ တိုတို၊ သို့သော် ကိုကို့အိမ်ပြောင်းသည့်သတင်းနှင့် ကိုကို့ပုံက ဘေဘီ့အသည်း နှလုံးတွေကို ဆွဲညှစ်ထားသည်။

Book Sharing

Scanned by CamScanner

လွှမ်းလိုက်တာကိုကိုရယ်။ ဘေဘီ့ဖုန်းနံပါတ်တွေကို ကိုကိုမေ့သွားခဲ့ပြီလားကွယ်။

"ဟာ. ."

ကိုကိုပြောင်းတဲ့အိမ်ဟာ အခု ရဲသျှိုးတို့လမ်းထဲမှာပါလား။ ဒါဆို နီးနီးလေးပေါ့။ ရင်ခုန်သံတွေတဒိုင်းဒိုင်းမို့ ဘေဘီ့ခေါင်းတွေပင် မူးနောက်လာသည်။

ကိုကို သူဌေးကြီးဖြစ်သွားပြီပေါ့။ အိမ်ကောင်းကောင်းဝယ်၊ ကားကောင်းကောင်းစီး၊ စီးရိုးတွေထပ်ထုတ်၊ ပွဲတွေလိုက်ဆို။ ဪ. . ကိုကိုတော်တော်အောင်မြင်သွားပါလား။

ဟိုးမိုးကောင်းကင်မှ ကြယ်တံခွန်လေးဟာ ကိုကို။ မျက်ရည်များဖြင့် ရင်တွေထန်တင်းကြေကွဲနေစဉ် ကိုကို့အသံ၊ ကိုကို့ဟန်များကို မြင်ယောင်လာပြန်သည်။

"အပြီးနှုတ်ဆက်တာလားဘေဘီ"

ဒီကောင်မလေးဟာ သူ့ကို အရမ်းပျော်ဝင်ညွတ်နူးစေပြီး သူသေဆိုသေ၊ သူရှင်ဆိုရှင်ဖြစ်နေလောက်အောင်မှန်းသိရဲ့နှင့် သူစိန်ခေါ်ရက်လှပါသည်။

ဘေဘီ စိတ်တင်းရပါမည်။ သူချစ်ချင်သလို ချစ်ခွင့်မရတာနှင့် ကိုကို ဘေဘီ့ကို ကျွဲမြီးတိုသွားတာလား။ သစ်သီးတစ်လုံးကို အချိန်မတန်မီ စားသုံးခွင့်မပြုနိုင်တာဟာ မိန်းမပျိုတစ်ယောက်၏စောင့်ထိန်းမှု၊ မိန်းမပျိုတစ်ယောက်၏ဣန္ဒြေလို့ ကိုကို နားလည်ခွင့်လွှတ်နိုင်ပါစေ။

မိန်းကလေးဘဝမှာ ဣန္ဒြေ၊ သိက္ခာမရှိရင် ဘာတန်ဖိုးမှ





လည်းရှိတော့မှာမဟုတ်လို့ ကိုကို့ကို ဘေဘီ ဘယ်တော့မှစတင်မဆက်သွယ်တော့ဘူး။ ကိုကို့ကို ဘေဘီသွားတွေ့ဖို့ မကြိုးစားတော့ပါ။

သူမ သံမိဋ္ဌာန်ပြင်းစွာချလိုက်သည်။ ကိုကို့ကို မဆက်သွယ်တော့ဘူး။ ကိုကို့ကို သွားမတွေ့တော့ဘူး။ အဲဒါ မချစ်လို့တော့မဟုတ်ပါဘူးကိုကို။

မဂ္ဂဇင်းထဲမှဓာတ်ပုံလေးကို သည်းကြီးမည်းကြီးကြည့်ရင်း ဘေဘီ့ရင်ထဲမှာ မိုးတွေအုံ့မှိုင်း၊ညို့ဆိုင်းလာခဲ့သည်။ ထိုစဉ်အခန်းထဲသို့ ရဲသျှိုးဝင်လာသည်။

"ဘေဘီ. ."

သူမကြည့်နေသည့်စာမျက်နှာကို ငုံ့ကြည့်လိုက်သည်နှင့် အရာရာကို ရဲသျှိုးသိလိုက်သည်။ သူ ဘေဘီ့ကို မဖျောင်းဖျရက်ပါ။

အချို့သောအရာများသည် ဖွင့်မပြောအပ်သည့်အရာများပင်။ အချို့သောဒဏ်ရာများသည် ဒီအတိုင်းထားလိုက်တာပဲ အကောင်းဆုံး။

အချိန်ဆိုသည့်သမားတော်ကြီးက ကုစားသွားလိမ့်မည်။

"ထမင်းစားကြရအောင်၊ ကိုယ် ပြင်ထားခဲ့ပြီ၊ လာ. ."

စာအုပ်လေးကိုဖြည်းညင်းစွာဆွဲယူလိုက်ပြီး ရဲသျှိုး ဘေဘီ့ကို ညင်သာစွာဆွဲထူလိုက်သည်။ ရင်ထဲမှာဆို့နင့်ပြည့်ကျပ်နေပေမယ့် ဘေဘီ ထမင်းစားခန်းသို့ ရဲသျှိုးနှင့်အတူ လိုက်သွားရပြန်သည်။ သူ့စေတနာတွေကိုလေးစားပြီး အငိုရှုပ်ကိုဖုံးအုပ်ရပေဦးမည်။

"လာ . . ထိုင် . . "

သူ့ထမင်းစား စားပွဲမှာ ဟင်းတွေက အများအပြား။

"စား . . ဘေဘီ၊ ကလေး . . ခုတလောပိန်လာတယ်၊ မေမေ့ကိုပြုစုရတာနဲ့၊ အလုပ်ပင်ပန်းတာနဲ့၊ ချက်ပြုတ်ရတာနဲ့မို့ ဖြစ်မယ်၊ ထမင်းနည်းနည်းစား၊ ဟင်းများများစား"

"ဘေဘီ ဟင်းများများမစားတတ်ဘူး"

ဘေဘီ့ပန်းကန်ထဲမှာ ထမင်းပင်မမြင်ရလောက်အောင် ဟင်းတွေကဖုံးအုပ်နေသည်။

"စားစမ်းပါကွာ၊ ဟင်းတွေက ပေါ့ပေါ့လေးရယ်၊ ဒါက ဆလတ်ရွက်နဲ့ပဲပင်ပေါက်ကြော်၊ ဒါက ကြက်သားအချိုချက်၊ ငါးကင်လည်းစား"

ပါးစပ်မှလည်းပြော တစ်ခုပြီးတစ်ခုထည့်ပေးနေသည့် ရဲသျှိုးပုံစံက ကြင်ကြင်နာနာ။ ဘေဘီ သူ့ကို အားနာလှပါသည်။ ရဲသျှိုးရဲ့အကြင်နာတွေသည် သူမနှင့်မထိုက်တန်ပါ။

သူကတော့ ဘေဘီ့ထမင်းချိုင့်ထဲကငါးမြွေထိုးချက်နှင့် ပဲသီးကြော်ကိုသာ များများထည့်စားနေလေသည်။ ရင်ထဲမှာ တလိုလိုကြေကွဲပြည့်နင့်နေသည့်ဘေဘီ့မှာ သူ့ထမင်းဟင်းတွေ ဘယ်လိုကုန်အောင်စားနိုင်မှာတဲ့လဲ။

မျက်ရည်များကို အံတင်းမြို့ချရင်း ဘယ်လိုမှစားလို့မရသည့်အခါ ထမင်းပွဲကိုထားခဲ့ပြီး ဘေဘီ ထွက်ပြေးခဲ့မိတော့သည်။ သူ ဘယ်လိုကျန်ခဲ့မည်လဲ။ သူမ မသိချင်တော့ပါလေ။



## အခန်း(၆)

မိန်းကလေးရေ . . အိပ်မက်ဆိုတာ အပြင်လောကထဲ သယ်ဆောင်လာလို့မရပါဘူး။ ဘဝဆိုတာလည်း အိပ်မက်ဆန် ချင်လို့မရပါဘူးကွယ်။ လူကြိုက်များတဲ့ရွှေမင်းသားကိုမှ၊ မိုး ကောင်းကင်ထဲကလမင်းကိုမှ မင်းရင်ခွင်ထဲပွေ့ယူထားချင်လို့ ဖြစ်မလားအချစ်ရယ်။

မင်းစိတ်ချမ်းသာမယ်ဆိုရင် ဘာမဆိုလုပ်ပေးလိုက်ချင် ပေမယ့် ဒီတစ်ခုတော့ ခွင့်မပြုပါရစေနဲ့ ကလေးရယ်။ မင်းရင်ကွဲ ရမယ့်အချစ်မို့ပါ။

ဘေဘီရေ . . မင်းဟာ လက်ထဲမှာရှိနေတဲ့ကစားစရာကို ပစ်ချထားပြီး မရနိုင်တဲ့ကစားစရာအသစ်ကိုမှ တငိုငိုတရယ်ရယ် တမ်းတလွမ်းနေတဲ့ ကလေးလေးလိုပါပဲလားကွယ်။

မင်းအနားမှာ မင်းစေခိုင်းသမျှ၊ မင်းလက်ညှိုးညွှန်သမျှ အရာအားလုံးဖြည့်ဆည်းပေးနေချင်တဲ့ လူတစ်ယောက်ရှိနေ တယ်ဆိုတာလည်း မင်းအချိန်မီသတိရနိုင်ပါစေကွယ်။

မင်းရင်ထဲကအမှောင်တွေ အမြန်ဆုံးပယ်ပျောက်ပြီး အလင်းသုခတွေ အမြန်ဆုံးရပါစေတော့အချစ်ရယ်။

# အခန်း(၇)

နံနက်(၈)နာရီအမီ ရဲသျှိုးတို့အိမ်ကို ဘောဘီရောက်အောင် သွားရမြဲ။ သူ့ကို ထိုအချိန်များမှာ ဘယ်တော့မှတွေ့ရလေ့မရှိ။ ကောင်းတယ်။ မဟုတ်လျှင် အမြဲဆရာကြီးလုပ်တတ်တယ်။

"ဟင်. ."

ဧည့်ခန်းထဲသို့လှမ်းကြည့်လျှင် လက်ဖက်ရည်ပွဲနှင့် အသင့်စောင့်နေသည့်ရဲသျှိုးကို ဝတ်စုံပြည့်နှင့်တွေ့လိုက်ရသည်။ ဘောဘီ စိတ်ညစ်သွားသည်။

"ဘာဖြစ်လို့မသွားသေးတာလဲ၊ ဝိုင်းတွေဖျက်ထားလို့လား"

"မဟုတ်ပါဘူး။ ဘောဘီ့ကိုပြောစရာရှိလို့"

"စောစောစီးစီး ကျွန်မရန်မဖြစ်ချင်ဘူးနော်"

"ရန်စကားမဟုတ်ပါဘူးကွာ၊ ဘောဘီက ကိုယ့်ကို အမြဲ လူဆိုးကြီးလို့ပဲထင်နေတော့မှာလား"

သူ့ကို ဘောဘီ စကားမတုံ့ပြန်တော့ပါ။ သူနှင့် မျက်နှာချင်းဆိုင်မှာဝင်ထိုင်လိုက်လျှင် ဘောဘီ့အတွက် လက်ဖက်ရည်ခွက်နှင့်မုန့်များကို ရွှေ့သို့တိုးပေးသည်။

သူ့စေတနာများကို ဘယ်တော့မှ ဘောဘီဆန့်ကျင်လို့မရ၊ သူက တစ်သွေးတစ်သံတစ်မိန့်။



စားဆိုစား၊ သွားဆိုသွား၊ နားဆိုနားမှ ကြိုက်တတ်သူ။ သို့သော် သူ့အမိန့်များသည် သူ့အတ္တအတွက်မဟုတ်ဘဲ ဘောဘီ့ အတွက်သာများပါသည်။

နှစ်ယောက်သားငြိမ်သက်စွာ စားသောက်နေကြစဉ် သူက သတင်းတစ်ခုပေးသည်။

"ကိုယ်တို့လမ်းထဲကို အေးစက်မိုးပြောင်းလာတာ နှစ်ပတ် လောက်ရှိပြီ၊ ဘောဘီ မုံရွာပြန်နေတုန်းကပြောင်းလာတာ"

"ဪ. ."

မနေ့က ဂျာနယ်ထဲမှာသိပြီးဖြစ်ပေမယ့် ဘောဘီ ထပ်မံ အာမေဋိတ်အသံပြုမိသည်။ တကယ်ပါ ဘောဘီ့စိတ်တွေလွင့် မျောနေလို့ သူနှင့်ပတ်သက်လျှင် အရာရာကို အံ့ဩတုန်လှုပ် နေမိ၏။

ရဲသျှိုး ဘာသဘောနဲ့ပြောသလဲ။ ကျောက်ဆစ်ရုပ်နှယ်၊ အေးတိအေးစက်။

ရဲသျှိုး ဘောဘီ့ကို ရင်နင့်စွာငေးကြည့်နေမိသည်။ မင်း ရင်ထဲမှာ ဘာတွေဖြစ်နေသလဲဆိုတာ အရိပ်ကြည့်နေခဲ့သူမို့ ကိုယ်သိပါတယ်မိန်းကလေးရယ်။

"သူရောက်လာကတည်းက ကားတွေဝင်လိုက်၊ ထွက်လိုက် နဲ့ ကိုယ်တို့လမ်းလေးလည်း မျက်စိကိုနောက်လို့"

သူ့စကားကြောင့် ရဲသျှိုးကို ဘောဘီမော့ကြည့်နေအကဲ ခတ်မိသည်။ သူတစ်ပါးကောင်းစားနေတာကို မနာလိုတဲ့စကား လား။ ကိုယ်လည်း ကိုယ့်လိုင်းနှင့်ကိုယ် အဆင်ပြေအောင်မြင် နေရဲ့နှင့်။

Scanned by CamScanner

ရဲသျှီးကလည်း မျက်ရည်ခိုးတို့ဖြင့် အုံ့မှိုင်းနေသည့်ဘေဘီ့ကို ရင်နာစွာငုံ့ကြည့်နေခဲ့သည်။ ကံကြမ္မာကြီးရယ်. . ကျီစားလှချည်လားဗျာ။

ဆုံစည်းခွင့်မပေးနိုင်ရင်လည်း ကြုံဆုံခွင့်တွေမပေးပါနဲ့တော့လား။ ယခုတော့ ကိုယ့်ကိုယ်ကိုဖြေသိမ့်ပြီး အံတင်းမာန်ဆည်နေရရှာသည့်ဘေဘီလေးရဲ့ရှေ့မှောက်သို့ အေးစက်မိုးကို ပို့လွှတ်ရက်သည်။

သက်သက်ဖျက်ရယ်ပြုနေသလိုပါပဲ။ အေးစက်မိုးဆိုသည့် အေးစက်မိုးကလည်း မြင်လိုက်၊ တွေ့လိုက်ရသမျှ မိန်းကလေးများနှင့် ခွေးရောယှက်တင်။

ယောကျ်ားကောင်း၊ မောင်းမတစ်ထောင်ဆိုသည့်ပုံစံမျိုးနှင့်၊ အင်းလေ. . သူ့အလုပ်သဘောအရပါ။ သို့သော် ရဲသျှီးအဖြစ်ကလည်း ဘေဘီ့မျက်နှာညှိုးညှိုးလေးကို ဘယ်လိုမှမကြည့်ရက်။

ဖြစ်နိုင်လျှင် တာနေဒယက္ခကြီးလို ဘေဘီ့ကို အာခံတွင်းထဲငုံထားချင်မိပါ၏။

"သိပ်ရှပ်တဲ့ကောင်"

ရဲသျှီးပါးစပ်မှ လွှတ်ကနဲမှတ်ချက်ချမိလိုက်လျှင် ဘေဘီကလည်း သည်းမခံပါချေ။

"အဲလိုမပြောပါနဲ့၊ သူတစ်ပါးကောင်းစားတာ မနာလိုတာမကောင်းပါဘူး"

ရဲသျှီး အနည်းငယ်ရှက်သွားမိသည်။ ကိုယ်က အေးစက်





မိုးကို သူ့အတွက်စိတ်နာပေးနေပေမယ့် သူမက စိတ်မနာနိုင်ပါလား။ အေးစက်မိုးကြောင့် အသည်းကွဲနေရသည့်ကြားမှ အေးစက်မိုးကိုထိတော့ မခံနိုင်ပါချေ။ မိန်းမတွေများ သနားစရာ။

သို့သော် ဘေဘီ့ကို သူ ဘာမှရှင်းပြမနေချင်တော့ပါလေ။ ကိုယ့်မှာ အလုပ်တွေရှိသေးသည်။ ရဲသျှီးဆိုတာ စိတ်ပုပ်တတ်သူမဟုတ်ပါဘူး။ ဘေဘီ့မှာ စာနာတတ်သည့်နှလုံးသားလေးရှိလျှင် နားလည်ခံစားပေးနိုင်လိမ့်မည်။

"ကိုယ်သွားမယ်ဘေဘီ၊ ကောင်းကောင်းနေနော်"

ကားသော့ကိုကောက်ယူပြီး ရဲသျှီး လျှင်မြန်စွာထွက်ခွာသွားလျှင် ဘေဘီလည်း စာသင်ဖို့အပေါ်ထပ်သို့တက်ခဲ့သည်။

ဘေဘီအပေါ်သို့ရောက်လျှင် စာသင်ခန်းဝရံတာမှာ ကလေးတွေ စုရုံးပိုင်းအုံနေလို့ပါလား။

"ဟဲ့. . ဟဲ့. . ဘာတွေလဲ၊ ဘာတွေကြည့်နေကြတာလဲ"

"တီချယ်ရေ. . မိုက်တယ်ဗျ၊ ဟိုအဆိုတော်အိမ်ကိုကြည့်နေကြတာ၊ ဟော. . လမ်းထိပ်မှာကားရပ်ခဲ့ပြီ၊ ဘာကျန်လို့ပြန်ယူပါလိမ့်"

"ဟယ်. . သူနဲ့ပါလာတာ မော်ဒယ်မလေး(　　)မဟုတ်လား၊ အပြင်မှာပိုချောတယ်"

"ဖယ်ဦးဟာ၊ နင်တို့ချည်းပဲ"

ဝရန်တာမှာ ကလေးတွေတိုးဝှေ့ကြည့်နေကြတုန်း။

Scanned by CamScanner

ဘေဘီ နာကျင်မိသည့်ရင်ကိုဖုံးဖိရင်း တစ်ဝက်တစ်စွန်း မြင်နေရသည့်ကောင်းကင်ကို ငေးကြည့်နေမိသည်။

ကိုကိုရယ်. . ဒီနေရာမှာ ဘေဘီဆိုတဲ့ကောင်မလေး စာသင်နေတယ်ဆိုတာ ကိုကိုသိမှာပါ။ မှတ်မိမှာပါ။

ဘေဘီ့ရင်တွေ မကွဲကွဲအောင် တမင်တွဲပြ ပျောက်ပြနေတာလား။ ဘေဘီ့ရင်က ကိုကို့ကြောင့် ရှေးဦးမဆွကတည်းက ကွဲပြီးသားပါ။

မော်ဒယ်မလေးနှင့် ဖြတ်လျှောက်သွားသည့်ကိုကို့ကို လှမ်းငေးကြည့်နေစဉ် ကိုကိုတို့က သူ့အိမ်ထဲသို့ ခေတ္တပြန်ဝင်သွား၏။

ကံဆိုးလိုက်တာ။ ဒီအိမ်နှင့် ကိုကို့အိမ်ဟာ (၅)အိမ်ပဲခြားသည့် မျက်နှာချင်းဆိုင်မှာဖြစ်သည်။

လူတစ်ယောက်ဟာ မရှုဘဲ၊ မသေဆုံးဘဲနှင့် ချစ်ခင်သူတွေကို မေ့ပစ်လို့ရပါသလားကိုကို။ ဘေဘီဟာ အလွန်ညံ့ပါတယ်။

"ကဲ. . ကဲ. . ဝရန်တာကြီးလည်းပြုတ်ကျသွားပါဦးမယ်၊ စာသင်ခန်းထဲဝင်ကြပါတော့"

ကလေးများကို ဘေဘီဆော်ဩလိုက်လျှင်. . .

"ဆရာမက သူ့ဝရန်တာကြီးပြုတ်ကျသွားမှာကိုတော့ ပူသားပဲ"

"အလိုတော်. . . ကျုပ်ဝရန်တာလည်းမဟုတ်ရပါဘူး၊ တော်တို့ဆရာကြီးရဲ့ ဝရန်တာပါ၊ ပြုတ်ရုံမကလို့ အရည်ပဲပျော်ပျော်ပါ၊ ခုဟာက လူမြင်မကောင်းတော့လို့"



ဘေဘီ့စကားကြောင့် ကလေးများရယ်မောလိုက်ကြသည်မှာ ပျော်ပျော်ရွှင်ရွှင်။ ကလေးဘဝဟာ ပျော်စရာအကောင်းဆုံးပဲ၊ သစ်ရွက်လှုပ်လည်းပျော်၊ ပန်းတွေပွင့်လည်းပျော်တတ်သည့်အရွယ်ကို သူမ ဘယ်လိုအချိန်ကုန်ဆုံးခဲ့ပါလိမ့်။

ကလေးများ စာသင်ခန်းထဲသို့ဝင်လာကြလျှင် ဘေဘီစာစသင်ရသည်။ ဘေဘီတို့ကျောင်းက အွဲ့တွေတသီတတန်းကြီးနှင့် ဆရာကြီးများမရှိပေမယ့် ထက်မြက်သွက်လက်သည့် လူငယ်များ၏ စေတနာ၊ ဝါသနာ၊ ဝရိယာတို့ကြောင့် အောင်မြင်လှပါသည်။

အရေးကြီးတာ ကျွမ်းကျင်မှုပါပဲ။ ချွေးစို့အောင်ပင် စာသင်လို့အပြီးမှာ ဘေဘီ ပြတင်းပေါက်မှ ကိုကို့အိမ်ဘက်သို့ မသိစိတ်ဖြင့်လှမ်းကြည့်လိုက်မိပြန်သည်။

အလို. . ကိုကို ခြံထဲမှာဆင်းထိုင်လို့ပါလား။ သူ့ဘေးမှာလည်း မိန်းမချောလေးတွေ လေးငါးယောက်ဝိုင်းဖွဲ့လျက်။

ဘေဘီ မျက်ရည်ဝဲမိရင်း ဝင်ရိုးစွန်းဖျံများအကြောင်းတွေးမိသွားသည်။ ဒီလိုပဲ ဖျံအထီးတစ်ကောင်မှာ ဖျံအမတွေက ဆယ်ကောင်၊ ဆယ့်ငါးကောင်။ အဲဒီလို မိုးခါးရေသောက်နိုင်မှ၊ အများထဲကတစ်ယောက်အဖြစ်ခံနိုင်မှ ကိုကို့ကိုချစ်ခွင့်ရမယ်ဆိုလျှင်ဖြင့် သံသရာဆုံးချင်ဆုံးပါစေ၊ ကိုကို့ကို ဘယ်သောအခါမှ ဘေဘီမချစ်လိုတော့ပါ။

မိန်းကလေးပီပီသသ၊ မိန်းမကောင်းပန်းပန် တစ်ပွင့်တန်

BookSharing

Scanned by CamScanner

ပဲဖြစ်ချင်ပါသည်။ အချစ်ကို ရင်တထိတ်ထိတ်နှင့် ခွဲတမ်းချပြီးမှ မပိုင်ဆိုင်လိုတော့ပါ။

သူမ၏စာသင်ချိန်ပြီးဆုံးလျှင် ဘေဘီ အောက်ထပ်သို့ပြန်ဆင်းခဲ့သည်။ ဆောင်းနံနက်သော်မှ ဘေဘီ့ရင်ထဲမှာ ပူလောင်ကျွမ်းမြေ့လှပါလား။

ဘယ်အရိပ်ကမှ ဘေဘီ့ကို အေးမြအောင်မစွမ်းဆောင်နိုင်တော့ပြီလားကွယ်။ ကိုကို့ကို မျက်နှာချင်းဆိုင်၊ သေသေချာချာ မတွေ့ရတာ ကြာမြင့်ခဲ့ပါပကော။ ရိုးတိုးရိပ်တိတ်၊ အဝေးမြင်တော့ မြင်နေရပါသည်။ ဒါ အဆိုးဆုံးပါပဲ။

လုံးလုံးမမြင်ရလျှင် အပူသက်သာနိုင်ပေမယ့် အရက်ဖြတ်နေသည့် အရက်သမားကိုမှ အရက်ဘားကြီးတစ်ခုလုံး မျက်စိရှေ့လာထားခံနေရသည့် ကံကြမ္မာကြီးကို ဘေဘီလက်မြှောက်လိုက်ရပါတော့သည်။

## အခန်း(၈)

အချစ်တွေနှင့် နာကျင်ရှုတနေတဲ့မျက်လုံး(သို့မဟုတ်)သားကောင်။ အင်း. . သားကောင်လို့တော့. ဘေဘီ့ကို အေးစက်မိုးမစွပ်စွဲရက်ပါ။

သို့သော်လည်း ဘေဘီ့ကို သူ အပိုင်တွက်ထားမိခဲ့သည်။ ဗီကောင်မလေး သူ့ကို နက်နက်ရှိုင်းရှိုင်းချစ်နေခဲ့သည်လို့။

လွန်ခဲ့သည့်ရက်ပေါင်း တစ်ရာကျော်။ အင်း. . (၁၁၆)ရက်။ ဟုတ်တယ်။

သူ့အိပ်ခန်းထဲမှာ အချစ်ရုပ်ထုလေးတစ်ခု ပျော်ဝင်လက်ခံခဲ့ဖူးပါသည်။ အဲဒီနေ့ကပေါ့။

ချစ်ရည်ချစ်သွေးများနှင့် စိုရွှန်းလင်းလက်နေသည့်အချစ်နတ်သမီးလေးက သူ့ကို နှလုံးသွေးအရောင် နှင်းဆီပွင့်များကို ပေးအပ်ခဲ့သည်။

မြင်မြင်ချင်းပဲ သူ့နှလုံးသားတွေ ဟုန်းကနဲနိုးထ၊ ကြီးပြင်းသွားအောင် သူမက ဆွဲဆောင်နိုင်ခဲ့သည်။

အလှပြင်းလွန်းသည့် သူငယ်မ။

အချစ်ပြင်းလွန်းသည့် သူငယ်မ။

အဆိပ်ပြင်းလွန်းလှသည့် သူငယ်မဟာ သူ့ကို သူမ၏ ဆံနွယ်တွေနှင့် ဖမ်းစားခဲ့သည်။ သူမ၏ မျက်ဝန်းလှလှတွေနှင့် ဖမ်းစားခဲ့သည်။ သူမ၏ရှုပါရုံနှင့် ညို့ငင်ထောင်ချောက်ဆင်ခဲ့သည်။ တစ်သက်လုံးက ကိုယ့်ကိုယ်ကို ဣန္ဒြေရှင်လို့ထင်ခဲ့သမျှ ကိုယ့်အလုပ်ပဲကိုယ်စိတ်ဝင်စားခဲ့သမျှ သူ့နှလုံးသားတွေ အရည်ပျော်ကျသွားခဲ့ရသည်။

ဘေးစက်မိုးရဲ့ဘိပ်မက်ကမ္ဘာဟာ သည်အချိန်မှစ၍ စတင်ခဲ့လေပြီ။ မေမေမသိအောင် သူ့ရင်တွေ ပရမ်းပတာခုန်ခဲ့သည်။

အချစ်ရုပ်ထုလေးက အချစ်တွေနှင့် စိုရွှန်းလင်းလက်ခဲ့ပေမယ့် သူ့ကို ဘာသဲလွန်စမှမပေးခဲ့။

ဘေးစက်မိုးရင်မှာ အရှုးမီးဝိုင်း။ သူလေးကို ဘယ်လိုရှာရမလဲ။ သူကလေးကို ဘယ်လိုဆက်သွယ်မလဲ။ အညတြ တစ်ယောက်ကို လိုက်လံရှာဖွေရမှာ ပင်လယ်ထဲကျပျောက်တဲ့ အပ်ကလေးပေါ့။

သူ့မွေးနေ့ပွဲကိုဖိတ်ကြားခဲ့ပေမယ့် သူကလေးလာပါ့မလား။ သို့သော် သူကလေးက ကိုယ့်ကို 'ကိုကို'လို့ခေါ်ခဲ့တယ်။

လျှပ်ပေါ်လော်လီဟန်လုံးဝကင်းသည့် ကောင်မလေးဟာ သူမရင်ထဲမှာ ရင်းနှီးကျွမ်းဝင်၊နွတ်ကျင့်ရပြီးသည့်ဟန်။

ကိုယ့်ကို ဘယ်အချိန်ကတည်းက ရှူသွပ်စွဲလမ်းခဲ့ပါသလဲ ကောင်မလေးရယ်။ ကိုယ်ကလည်း မင်းကို အရမ်းစွဲလမ်းတယ်။ ဗိုင်းကောင်းကျောက်ဖိမိန်းကလေးတစ်ယောက်လို ဘဝကို အရှည်ကြီးမျှော်တွေးစရာမလိုသည့်ယောကျ်ားဘဝမို့ ဘေဘီကို ဘေးစက်မိုး မြင်မြင်ချင်းတိမ်းမူး၊ တပ်မက်ခဲ့မိပါ၏။



ဆုပ်ကိုင်ခဲ့ရသည့်လက်နုနုလေးကို စွဲလမ်းရင်း မွေးနေ့ပွဲကျင်းပမည့်အချိန်ကိုသာ သူမျှော်လင့်ခဲ့တာ သူကလေးတော့ သိမည်မထင်။

သူကလေး လာမှလာပါ့မလား။ ရင်မှာ မရွံ့မရဲ၊ မယုံမရဲ၊ ပုံပြင်ထဲကစင်ဒရဲလားလို ဇာဂါဝန်ဖွေးဖွေး၊ ဝဲဝဲလေးနှင့် ရုတ်တရက်ပိုစ္စာရောက်လာခဲ့သောဘေဘီလေးသည် ဘေးစက်မိုး၏ အသည်းဆိုင်ကို တအား၊ တအားဆွဲကိုင်လှုပ်ရမ်းနိုင်ခဲ့ပါသည်။

သို့ပေမယ့် ဘေးစက်မိုးမှာ ဆင်ခြင်တုံ့တရားရှိပါသည်။ နာမည်ကျော်လာသည့်လူတစ်ယောက်ကို မိန်းမချောလေးတွေ အရှုးအမူးစွဲလမ်းပြတာ၊ စွဲလမ်းကြတာ ဖြစ်ရိုးဖြစ်စဉ်တစ်ခုပဲ မဟုတ်လား။

သူ့ပတ်ဝန်းကျင်မှမိန်းကလေးများစွာလို ဘေဘီဟာ ကျော်ကြားမှုကိုနှစ်သက်သူလား။ ဒွိဟစိတ်တွေဖြင့် သူ့ဦးနှောက်ကြီးတစ်ခုလုံး ဝေဝေဝါးဝါး။

မည်သို့ပင်ဖြစ်စေ စင်ဒရဲလားလေးကို သူချစ်ခဲ့မိပါသည်။ အရေးထဲ သူမကိုလိုက်ပို့သည့်ကောင်လေးက မိုက်တီ၊ မိုက်ကန်း၊ ဂျစ်ကန်ကန်။

အဲဒီကောင်လေးဟာ ဘေဘီနဲ့ဘာတော်သလဲ။ ဘေဘီ့ကောင်လေးလား။ သို့သော် ကောင်မလေးဆိုလျှင်ဖြင့် သူ့ဆီလိုက်ပို့မည်မထင်။ တစ်ယောက်နှင့်တစ်ယောက် ရန်ဖြစ်၊ စကားများနေပုံကတော့ ကျွမ်းဝင်လွန်းလှ၏။

ဘုရားရေ. . ပြိုင်ဘက်တွေဘာတွေများ ဖြစ်နေဦးမှာလား။ မည်သို့ပင်ဖြစ်စေ ဘေဘီသည် ရှုပ်ထွေးတတ်သည့်မိန်း

ကလေးမဖြစ်နိုင်ဟု အေးစက်မိုး ကိုယ့်ဘက်ကိုယ်ယက်နေမိသည်။

ဘေဘီကို ဘယ်လိုဆက်သွယ်ရမည်လဲ။ ဘေဘီ သူ့ကို ခြေရာဖျောက်သွားတော့မည်လား။ အေးစက်မိုး အကြံအိုက်ပြီး ရင်တွေပူနေခဲ့တာ ဖုံ့ဩစရာ။ ဒီကောင်မလေးဟာ သူ့ကို တော်တော်ကိုင်လှုပ်နိုင်ခဲ့ပါလား။ အေးစက်မိုးဘဝမှာ တည်ငြိမ်စွာနေလို့မရတော့ပါချေ။

အချစ်ဆိုသည့်အရာဟာ ဒါလား။

ရင်ထဲမှာ စပ်ပူစပ်လောင်ကြီးနော်။

ရင်တွေလည်း ခုန်လိုက်တာ။ လမင်းကို လှမ်းခုန်ဖမ်းရသလိုပဲ။ မက်မောတမ်းတမိပါလေ။ ရွှေရောင်ဖိနပ်တစ်ဖက်ချန်ထားခဲ့ပြီး သူ့ရင်ခွင်မှထွက်ပြေးသွားသည့် စင်ဒရဲလားလေးအတွက် တစ်နိုင်ငံလုံးပိုက်စိပ်တိုက်ရှာသည့် မင်းသားလေးလိုပဲ။

သူ့ဘဝလည်း လောင်မြိုက်ရဦးမှာလား။ အချစ်သည် သူ့ကို တော်တော်ဖမ်းစားနှိပ်စက်ခဲ့ချေပြီ။ မွေးနေ့ပွဲမှာ အေးစက်မိုး စိတ်မပါနိုင်တော့။ မပျော်ရွှင်နိုင်တော့။

သူကလေးမရှိတော့သည်နှင့် လောကကြီးသည် ကန္တာရကြီးလို ခြောက်သွေ့ပူလောင်သွားခဲ့ချေပြီ။ ထိုစဉ် သူတို့တီးဝိုင်းမှာ ဒရမ်ဆက်တီးသည့် ကိုနိုင့်ညီလေး သူ့အနားသို့ ပြုံးစေ့စေ့ဖြင့်ကပ်လာသည်။

"အစ်ကိုက တယ်စွံပါလား၊ အဲဒီအစ်မက သိပ်ပြီးတည်ငြိမ်တာ၊ တလောကလုံးကို ဘယ်သူ့မှဂရုမစိုက်တတ်သူဗျ"

ကောင်လေး၏စကားကြောင့် အေးစက်မိုးဝမ်းသာသွား



လိုက်သည်မှာ စောစောကဝေဒနာများအားလုံး ပိန်းကြာဖက်ပေါ် ရေမတင်တော့သကဲ့သို့။

"ဟင်. . ညီလေး သူ့ကိုသိလား၊ သူ့လိပ်စာသိလားဟင်"

"ဟာ. . အစ်ကိုကလည်း. . အစ်ကိုနဲ့ရင်းနှီးလို့လာတာ မဟုတ်လား၊ လိပ်စာတောင်မသိဘူးလား"

အေးစက်မိုး ရှက်ပြုံးပြုံးရပြန်၏။ မလုံမလဲအပြုံးပေါ့။

"ခင်တော့ခင်ပါတယ်ကွာ၊ ဒါပေမယ့် လိပ်စာတွေ၊ ဖုန်းနံပါတ်တွေ မတောင်းရသေးဘူးကွ၊ ကျေးဇူးပြုစမ်းပါညီလေးရယ်၊ ကျေးဇူးမမေ့ပါဘူးကွာ"

အေးစက်မိုးအံ့သနားခံနေလျှင် ကောင်လေးက အားရပါးရရယ်လေ၏။ အချစ်ရယ်. . မင်းကြောင့် ငါလူပေါကြီးဖြစ်သွားပြီကွာ။

"အဲဒါ ကျွန်တော်တက်နေတဲ့ 'လမင်းအိမ်'က ဆရာမ၊ အရမ်းတည်တယ်၊ ဒါပေမယ့်နော် အစ်ကိုနဲ့ကျတော့လည်း ကြွေနေတွေ၊ သိကြွာတွေကုန်ပါရောလား၊ မိန်းမဆိုတာ ဘာလဲဗျာ၊ အမတ်ကြီးဦးပေါ်ဦးရဲ့ကြောင်လို အကြိုက်တွေ့တော့လည်း သွားတာပါပဲဗျာ"

"ကဲပါညီရယ်. . သံဝေဂဒီပနီတွေရွတ်ပြမနေစမ်းပါနဲ့၊ သူ့လိပ်စာလေးသာ မ,စပါ"

ဤသို့ဖြင့် အေးစက်မိုး ဘေဘီ့လိပ်စာ၊ ဖုန်းနံပါတ်တို့ကို အဆင်ပြေစွာသိရှိခဲ့ရပါလေသည်။

Scanned by CamScanner

## အခန်း(၉)

တကယ့်ကို လွမ်းစရာ၊ နာစရာ၊ စိတ်ဆိုးစရာပါပဲ။

ကိုယ်က သူ့အပေါ် အရူးအမူးစွဲလမ်းမြတ်နိုးပြီး မနေနိုင်၊ မထိုင်နိုင်ဖြစ်နေကာမှ ဒါဟာပဲ မိန်းမတစ်ယောက်ရဲ့မာယာလား၊ ဖြူစင်သူလေးရယ်လို့ တန်ဖိုးထားခဲ့မိသမျှ ကသိကအောက်ဖြစ်ရလွန်းပါသည်။

ကိုယ်ကဖြင့် မအားလပ်လွန်းသည့်အလုပ်တွေကို ခေတ္တခွာချပြီး သူကလေးနှင့် တွေ့ဆုံ၊ ချစ်ခွင့်တွေပန်၊ ချစ်ကတိတွေပေးဖို့၊ ဘဝကိုအတူတူတည်ဆောက်ကြဖို့ ရည်ရွယ်ချက်တွေ၊ မျှော်လင့်ချက်တွေဖြင့် သူကလေးထံသွားမိပါသည်။

ယခုတော့ ဘောဘီရက်စက်လှပါသည်။ အောက်ထပ်ကကောင်မလေးကိုမေးပြီးသားပါ။

"မဘောဘီ ဒီနေ့ဘယ်မှမသွားသေးပါဘူး၊ သူ့အဖေကြီးတော့ အလုပ်သွားပါပြီ"

ရင်ထဲမှာ ပီတိတွေဖြင့် အားရဝမ်းသာတက်သွားမိသည့်သူ့မှာ ဝရတ်တောင်ထိပ်မှကန်ချခံရသူလို မောပန်းနွမ်းနယ်ခြေကုန်လက်ပန်းကျသွားရ၏။



တံခါးကို သော့ခလောက်ကြီးပိတ်ပြီး ရှောင်နေခဲ့သည်လေ။ ရက်စက်လိုက်တဲ့ဘောဘီလေးပါပဲ။ မနက်ရှစ်နာရီမှာ အောက်ဖက်မဆင်းဘဲ ပြတင်းပေါက်မှ သူမ ပျံသန်းထွက်ခွာသွားတာတဲ့လား။

သော့ခလောက်ကြီးကိုကိုင်ရင်း သူ့နှလုံးသားတွေ တရိရိလောင်မြိုက်ခံနေရသလို၊ အလွမ်းဆုံးအချိန်မှာမှ ကိုယ့်မျှော်လင့်ချက်တွေ၊ ကိုယ့်အလွမ်းတွေကို မင်း အလွဲသုံးစားလုပ်ရက်လွန်းလှပါတယ်။

သူ့ရုပ်သွင် ရုတ်ချည်းအိုစာသွားခဲ့တာ နှလုံးသားကိုစော်ကားခံလိုက်ရလို့ပါ။ ဘောဘီ့ကို သူဆုံးရှုံးလိုက်ရသလို ခံစားလိုက်ရသည်။

လှည့်စားတတ်သည့်မိန်းကလေး၊ ဘာနှကြောင့်များ သူ့ကိုမုဆိုးတစ်ယောက်လို နည်းပရိယာယ်တွေနှင့် ကျော့ကွင်းဆင်ချင်ရပါသလဲ။

အချစ်ဟာ ရိုးသားသန့်စင်ဖို့ပဲလိုပါတယ်။ နိုင်ငံကျော်တစ်ယောက်မို့ သူ့မာနတွေက ဟုန်းကနဲတက်လာသည်၊ ဘောဘီရေ. . မင်းက သားကောင်လား၊ ငါက သားကောင်လား၊ အေးစက်မိုးဆိုတာ ယောကျ်ားတစ်ယောက်ပါ။

'မိန်းမ'နဲ့'အချစ်'ဆိုတာ ယောကျ်ားတစ်ယောက်ရဲ့ဘဝအစိတ်အပိုင်းတစ်ခုမျှပါ။ စိန်ခေါ်လိုက်ပေါ့အချစ်ရယ်။ ငါ့တို့အတွက် အချစ်ဆိုတာ ဘဝတည်ဆောက်မှုလောက် အရေးမပါပါဘူး။

လွမ်းတော့လွမ်းနေမှာပေါ့လေ။ ဒါပေမယ့် ရပါတယ်။ ရင်ထဲမှာအနာသည်းခဲ့ပြီမို့ အင်တာဗျူးတွေ၊ ဘာတွေမှာလည်း သူ့ အချစ်ကို စိန်ခေါ်ပစ်လိုက်သည်။

"အချစ်ဆိုတာ အလကားပါဗျာ၊ လုံးဝအယုံအကြည်မရှိဘူး၊ ချစ်ရတဲ့သူမရှိဘူး"လို့ဖြေပစ်ခဲ့သည်။ ပစ်လက်ခတ်။

ဟုတ်တယ်။ အချစ်ဆိုတာ ဘာယုံကြည်စရာရှိသေးလို့လဲ။ တစ်ကိုယ်လုံးမှာ အချစ်တွေနှင့်ပြည့်ဝစွာပျော်ဝင်တည်ဆောက်ထားတဲ့မိန်းကလေးတစ်ယောက်ကတောင် သိသိကြီးနှင့် သူ့ကို ရှောင်ထွက်လှည့်စားခဲ့သေးလျှင် သူက ဘာကိုယုံကြည်နေရဦးမှာတဲ့လဲ။

ချစ်သည့်လွမ်းသည့်ထက်သန်သည့်စိတ်များကို နာစရာနှင့်ကုစား၊ ဖြေဖျောက်ပစ်လိုက်သည့်အပြင် အောင်မြင်လာသည့်လုပ်ငန်းခွင်မှာ သူ့စိတ်ကိုနှစ်ထားလိုက်သည်။

လူဆိုတာ တစ်သက်မှာ တစ်ခါ၊ အခွင့်အရေးပေးတုန်း အလုပ်လုပ်ရမည်။

မိုးရွာတုန်းရေခံရပေမည်။ ဖေဖေနှင့်မေမေအတွက် အိမ်လေး၊ ကားလေးလုပ်ပေးပြီး မွေးကျေးဇူးဆပ်ရပေမည်။ စီးရီးသစ်အတွက် ခံစားချက်သီချင်းတွေ ကိုယ်တိုင်လည်းဝင်ရေး၊ ဆိုလည်းဆို။ ပွဲတွေကလည်း ဆက်တိုက်ပါပဲ။

အေးစက်မိုးဆိုတာ စင်ပေါ်ရောက်သွားပြီလား။ အဆင်ပြေနေတာတော့ အမှန်။ တစ်မြို့ပြီးတစ်မြို့ကူးရတိုင်း ပွဲတွေမှာ အကျီမြူမြူလေး၊ လည်စည်းလေးအနီလေးတွေတွေ့တိုင်း





ဘောဂီကို ရှုးသွပ်စွာသတိရမိ၊ လွမ်းဆွတ်မိတာကတော့ သူ့ရဲ့ စိတ္တဇပါပဲ။

ဒါတွေမင်းသိရဲ့လားအချစ်ရယ်။ ရင်ထဲမှာပဲ ခံစားမယ်၊ ရက်ပေါင်းများစွာကြာသည်အထိ သူ ဘောဂီနှင့် မတွေ့ဆုံရတော့ပါ။ ရင်ထဲမှာ စစ်ကန်နာကျင်အောင် သတိရမြဲပေမယ့် သူ တမင်မေ့ထားပစ်ခဲ့သည်။

ပြောခဲ့ပါပကော၊ မိန်းမနှင့်အချစ်ဆိုတာ ယောကျ်ားတစ်ယောက်ရဲ့ ဘဝအစိတ်အပိုင်းတစ်ခုပါလို့၊ ဘောဂီကို သူ မရှိမဖြစ်အောင်လိုအပ်ပေမယ့် ဘဝကိုပဲ ခိုင်မြဲအောင် အေးစက်မိုးတည်ဆောက်နေမိသည်။

ဒါဟာလည်း တစ်ချိန်မှာ ဘောဂီအတွက် ပန်းခင်းလင်းနှင့် အချစ်ရဲတိုက်ကြီးတစ်ခု တည်ဆောက်ပေးဆက်နိုင်ဖို့ပါ။

အေးစက်မိုး ရှုးသွပ်ခဲ့ပါသည်။ ဘောဂီကလည်း သူ့အပိုင်တွက်ရဲလောက်အောင် သူ့ကိုချစ်နေလိမ့်မည်ဟု။

* * *



Scanned by CamScanner

## အခန်း(၁၀)

မန္တလေးပွဲက အုံ့ညြ၊ ကြည်နူးဖွယ်ကောင်းအောင်ပင် အားပေးမှုတွေပြည့်လျှံနေခဲ့သည်။ အေးစက်မိုး ပျော်ရွှင်ပီတိဖြစ်ရပါ၏။ ကိုယ်ပိုင်တိုက်၊ ကိုယ်ပိုင်ကားတွေလည်းဖြစ်လာခဲ့ပြီမို့ သူ့မှာ စွမ်းအားတွေ ဖြိုးဟုန်ဟုန်။

တစ်ပုဒ်ပြီးတစ်ပုဒ် ပရိသတ်တောင်းဆိုသမျှ ရွှင်လန်းတက်ကြွစွာဖျော်ဖြေနိုင်ဖို့ ဝီစကီလေးတစ်ပက်၊ နှစ်ပက်လောက်လည်း သူသုံးတတ်ခဲ့ပြီ။

အင်း. . မေမေသိရင်တော့မလွယ်။ ဘေဘီလေးကရော အရက်နံ့ကိုချစ်နိုင်ပါ့မလား၊ နည်းနည်းပါးပါးပါနော် အချစ်။

တက်ကြွရွှင်လန်းစွာသီချင်းတွေဆိုပြီး စင်အောက်သို့ဆင်းလျှင် သူ့ပရိသတ်များက စောင့်ကြိုနှုတ်ဆက်ကြသည်။

ထုံးစံအတိုင်း အများဆုံးက မိန်းကလေးများပါပဲ။ ညအလင်းရဲ့အော်တိုစာအုပ်လေးတွေထဲ လက်မှတ်တွေအမှတ်တရ ခြစ်ပေးရသည်။ အမှတ်တရပန်းစည်းလေးတွေ၊ အမှတ်တရ မုန့်တွေ။



ပရိသတ်အားလုံးကို သူလေးစားတန်ဖိုးထားပါသည်။ ထိုစဉ် ပရိသတ်နောက်မှာ ငြိမ်ငြိမ်လေးငေးနေသော သူ့ရဲ့အချစ်သခင်။

"ဘေဘီ. ."

တီးတိုးရေရွတ်မိပြီး သူ မျက်စိကိုပွတ်သပ်ကြည့်မိသည်။ လူများမှားသလား။ ငါ မူးများနေသလား။

"ဘေဘီ. ."

ယုန်မွှေးအဖြူလေးနှင့် လည်စည်းအနီ။ အချစ်တွေနှင့်ပြည့်ဝပျော်ဝင်နေသည့်မျက်နှာ။ ဟာ. . ဒီလမင်းဟာ ပုံစံတူမရှိနိုင်ပါဘူး။ ဒီကမ္ဘာမြေမှာ. . .။

သူလက်ဆန့်တန်းလိုက်တော့ ဘေဘီ သူ့လက်များကြားမှာ အရုပ်ကြိုးပြတ်ပါလာသည်။ အချစ်ရယ်. . ဒေါင်ဒေါင်မမြည်တဲ့အသည်းနဲ့များ ကိုယ့်ကိုစိန်ခေါ်ခဲ့သေးတယ်နော်။

"လာ. . ဘေဘီ. ."

မျက်ရည်များနှင့် အချစ်ရုပ်ထုလေးကို မမြင်ရချိန်မှာမေ့ထားနိုင်စွမ်းရှိပေမယ့် ယခုတော့ သူ့နှလုံးသွေးတွေ တအားခုန်ကြွနေလေပြီ။

ကမူးရှူးထိုးမောင်းနှင်နေမိသည့်ကားသစ်ထဲမှာ အေးစက်မိုးစိတ်တွေ လင်းချည်၊ မှောင်ချည်။ အချစ်နတ်သမီးလေးကြောင့် သူ့ဦးနှောက်တွေ၊ သူ့နှလုံးသားတွေ နာဖျားမူးယစ်ကုန်ပြီလား။

ကားလေးကို ရောဝတီကမ်းပါးတစ်နေရာမှာ ထိုးရပ်လိုက်ပြီး သူ ခေတ္တတော့စောင့်ထိန်း၊ ထိန်းချုပ်နိုင်သေးသည်။

သို့သော် သူ့နှလုံးသားတွေ မိုးပျံပူဖောင်းလို ဘောင်းကနဲ ကွဲထွက်သွားခဲ့ပြီ။ ချစ်တယ်ဘောဘီ။ တစ်သက်လုံးပါပဲ။

"ဘောဘီ"

သူ့အသံက နှလုံးသားနှင့်အတူ သူ့လည်ချောင်းဝမှခုန်ထွက်သွားခဲ့သည့်နှယ်။ ဘောဘီ့ကို ဆွဲပွေ့လိုက်မိသလား၊ အချစ်ပြင်းလွန်းသည့်ကောင်မလေးအတွက် သူ့အချစ်တွေပေါက်ကွဲရှူးသွပ်ဆဲ။ ပန်းကလေးလည်း မုန်တိုင်းမိပေါ့။

"ကိုကို . . ဘောဘီကြောက်တယ်၊ ကိုကို . . လွှတ်ပါ၊ ဟင့်အင်း . . "

မျက်ရည်များနှင့် အလှဆုံးဘောဘီ။ သူ့ကို တွန်းထုတ်၊ ထုရိုက်နေသလား။ ဘာတွေလဲကွယ်။ မင်း ကိုကို့ကိုသိပ်ချစ်တာ ကိုကိုသိပါတယ်။

သို့သော် သူမက သူ့ကို တကယ်ပဲတွန်းထုတ်တောင်းပန်ခဲ့ပါသည်။ မိန်းကလေးတွေဟာ လမင်းလိုပဲ။ ရေကန်နှင့်တူသည့်သူ့ဘဝထဲသို့ အပေါ်စားဆန်စွာ ခုန်ဆင်း၊ ဝင်းပခဲ့ပေမယ့် တကယ့်တကယ်ကျတော့လည်း အရိပ်အယောင်မျှသာ။

ဘောဘီ့ကို သူ တကယ်မပိုင်ဆိုင်ခဲ့ရပါ။ ဒါဟာ မာယာတစ်ခုပဲလား။ အချစ်တွေနှင့်ပြည့်ဝနေသည့်အလှရုပ်ထုလေးကို အေးစက်မိုးစိန်ခေါ်ခဲ့သည်။ ကိုယ်ခံစားနေရသလို သူ့ကိုလည်း တန်ပြန်ဒုက္ခတွေပေးချင်လှသည်။

နောက်ဆုံးမှာ သူမက အရှုံးပေးမည်ဆိုလျှင်တော့ဖြင့် ရင်ခွင်မှာချော့ကာ၊ နော့ကာဖြင့် ဘောဘီလေးကို မြတ်နိုးစွာထွေး



ပိုက်လိုက်ပါမည်။ တစ်ခုတော့ သူ့ရင်ထဲမှာမရှင်း။ ဘောဘီဟာ နှာမည်ကြီးတွေကိုလိုက်အုံတတ်တဲ့ သာမန်မိန်းကလေးတစ်ယောက်လား။

ဘောဘီ့အချစ်ဟာ အတုလား၊ အစစ်လား။ အပေါ်ယံလား၊ အသည်းနှလုံးထဲကလား။ မည်သို့ပင်ဖြစ်စေ ဘောဘီ့ကို အေးစက်မိုးအသည်းထဲစွဲအောင်ချစ်မိခဲ့ပါသည်။

## အခန်း(၁၁)

ကံအားလျော်စွာ ဘောဘီစာသင်သည့်'လမင်းအိမ်'နှင့် မလှမ်းမကမ်းမှာ အေးစက်မိုးအိမ်ဝယ်လို့ရခဲ့သည်။ ဘောဘီ့အရိပ်အယောင်လေးများကို ခိုးပြီးမြင်တွေ့ရအောင်ပေါ့။

တကယ်ကျတော့ သူလည်း ကိုယ့်အလုပ်နှင့်ကိုယ်ရှုပ်နေခဲ့သည်မို့ ဘောဘီ့ကို မြင်ခွင့်၊ တွေ့ခွင့်မရသေးပါပေ။ သို့သော် ဘောဘီနှင့်နီးကပ်စွာတည်ရှိနေရသည်ဆိုသည့်အသိနှင့်ပင် အေးစက်မိုး ကျေနပ်၊ ကြည်နူးခဲ့ရသည်။

သည်ကနေ့တော့ သူ မနက်ပိုင်းအားလပ်အောင်လုပ်ထားပြီး ဘောဘီ့ကို လမ်းသွယ်ထိပ်ထိသွားပြီး ရပ်စောင့်ဖို့စိတ်ကူးထားသည်။ ဘောဘီ့ကို သူမြင်ချင်၊ တွေ့ချင်လှပြီ။

သူ့ကိုတွေ့ရင်ရော ဘောဘီခေါ်ပါ့မလား။ စိန်ခေါ်ထားမိသည့်ပါးစပ်ကို ဒဏ်ခတ်သည့်အနေဖြင့် အေးစက်မိုး ခပ်နာနာဖိကိုက်ထားမိသည်။

ငယ်စဉ်ကတည်းက မာနကြီးခဲ့သူမို့ သူကတော့ စတင်မခေါ်လိုပါချေ။ ဘောဘီခေါ်လျှင် စိန်ခေါ်ထားတာရုပ်သိမ်းဖို့ အေးစက်မိုးစိတ်ကူးမိသည်။



ခေါ်လိုက်ပါအချစ်ရယ်။ သံသရာတစ်ခုလုံး ကိုကိုမင်းတို့ အရှုံးပေးသွားလိုက်ပါ့မယ်။ မင်းက အခုတစ်ခါလေးပဲ အရင်ခေါ်လိုက်ပါနော်။

ကိုယ့်လမ်းနှင့်ကိုယ်မို့ ပြီးတော့ သည်လမ်းဟာ သီးသန့်ဆန်နေတတ်သူများသည်မို့ အေးစက်မိုးကို အော်တိုရေးခိုင်းမည့်သူမရှိ။

ဘောဘီလာမည့်အချိန်နှင့်တပ်ပြီး အေးစက်မိုး ခြေလျင်ထွက်လာရတာ နည်းနည်းတော့ကြောင်နေမလား။ အဲဒါ မင်းကို မြင်ချင်လွန်းလို့ပါအချစ်ရယ်။

"ဟော. ."

ဘောဘီ့ဆိုင်ကယ်လေးကိုမြင်ရပြီ။ သူ့မောင်လေးနှင့် ရှေ့မှမောင်းလို့၊ လမ်းသွယ်ထဲသို့မဝင်တော့ဘဲ လမ်းထိပ်မှာကောင်လေးကိုချပေးခဲ့လျှင် အေးစက်မိုးဝမ်းသာရပါ၏။

သူက လမ်းထိပ်မှာရောက်နှင့်နေသည်မို့ ဘောဘီနှင့်မျက်နှာချင်းဆိုင်။ သူ့ကိုတစ်ချက်မှမော့မကြည့်ဘဲ ခေါင်းငုံ့သွားတော့ အေးစက်မိုး ဘောဘီ့ခေါင်းလေးကို မော့ယူချင်စိတ်ပေါက်မိသည်။

မင်းငိုနေပါတယ်အချစ်ရယ်။ အနည်းဆုံး မင်းရင်ထဲမှာငိုနေတယ်။ သို့သော် သူက ဘာများတတ်နိုင်ဦးမှာလဲ။

ရင်ထဲမှာ ဝလောင်ဆူ၊ ကြေကွဲနေမိပြီမို့ လမ်းဆက်လျှောက်ဖို့လည်း သူစိတ်မကူးနိုင်။ ရှက်လည်းမရှက်နိုင်တော့ပါချေ။

ဘောဘီ့နောက်မှ လိုက်လျှောက်ဖို့သူစိတ်ကူးလိုက်စဉ်. .

"ကိုမိုး. ."

အသံနှင့်အတူ သန္တာ့ကားလေးထိုးရပ်လာပြီး သူမ ကား ပေါ်မှဆင်းလာပေပြီ။

"ဘာလုပ်နေတာလဲကိုမိုးရဲ၊ ဘယ်သွားမလို့လဲ၊ ဘာလဲ. . မြေကြီးနင်းဖူးအောင် လျှောက်နင်းနေတာလား၊ အချိန်တွေပို နေတဲ့အတိုင်းပဲ"

သူမ၏ထုံးစံအတိုင်း လူကို ကိုင်ကာ၊ လှုပ်ကာဖြင့် သန္တာ့ အသံက တည်ညံ၊ လမ်းကလေးတလျှောက်၊ သူနှင့်သန္တာတို့ အတူ ယှဉ်တွဲလျက်၊ သူမ၏ကားက အိမ်ဘက်သို့ဆက်မောင်းသွား လေ၏။

အေးစက်မိုးမှာ ဇောချွေးများပြန်နေရပါ၏၊ ဒုက္ခပါပဲ၊ ဘောဘီ ဘယ်လိုထင်သွားမှာလဲ၊ သူမကို တမင်လုပ်ပြနေတယ် လို့များ ထင်သွားမလား။

ဘောဘီနာကျည်းတော့မှာပဲ၊ ဘုရားရေ. . ဒါအဆိုးဆုံးပဲ၊ သူတို့နှစ်ယောက် ဘောဘီ့နောက်မှ ခပ်ဆွဲ့ဆွဲ့လျှောက်နေမိစဉ် ဘောဘီကလည်း 'လမင်းအိမ်'၏အပေါက်ဝမှာရပ်ပြီး သူတို့နှစ် ယောက်ကိုငေးကြည့်နေသည်။

သွားပါပြီ။

ဘောဘီအထင်လွဲသွားပြီ၊ နာကျည်းသွားပြီ၊ သူ ဘောဘီ့ ကို လှမ်းပြီးရင်နာစွာကြည့်လိုက်မိ၏၊ အို. . သနားလိုက်တာ အချစ်ရယ်၊

မျက်ရည်များဖြင့် တောက်ရွှန်းဆွေးမြည်သောမျက်ဝန်း များကို သူလှမ်းမြင်လိုက်ရသည်၊ ရင်ထဲမှာ အဆမတန်နာကျင် ငိုကြွေးနေရှာသည့်ရုပ်ကလေးပေါ့။



အေးစက်မိုး ရင်ထဲမှာဗလောင်ဆူနေရပါသည်၊ သူဘာ လုပ်ရမလဲ၊ အဲဒီအိမ်ထဲ ဝှတ်အတင်းဝင်ပြီး ဘောဘီ့ကိုပွေ့ချီ ကမ္ဘာ့အပြင်ဘက်ကိုသာ ပြေးထွက်ချင်လိုက်တော့၏။

သို့သော် ဒီလိုလုပ်လို့မဖြစ်သေး၊ သူ့ရင်ထဲမှာ ကြိတ်မနိုင်၊ ခဲမရဖြစ်နေဆဲ အိမ်ထဲမှ ရဲသျှိုးထွက်လာပြီး ဘောဘီ့ကို ကြင်နာ စွာဆွဲခေါ်သွားလေသည်။

"တောက်. . "

ရင်ထဲမှတောက်ခေါက်သံက အေးစက်မိုးရဲ့ရင်ဘတ်ကြီး တစ်ခုလုံး ပွင့်ထွက်လုမတတ်၊ သူစုံစမ်းပြီးပါပြီ၊ ရဲသျှိုးနှင့်ဘောဘီ ဘာမှအမျိုးမတော်ပါတဲ့။

တစ်စိမ်းတစ်ယောက်ရဲ့အကြင်နာဟာ ဘာလဲ၊ ဘယ်လို လဲ၊ ဒီအလှမပုရားကို အဘယ်သူကရော မချစ်ဘဲနေနိုင်မလဲ။

သန္တာ့လက်ကို အရွဲ့တိုက်ဆုပ်ကိုင်ရင်း အေးစက်မိုး ကိုယ့် အိမ်ထဲသို့ဝင်ခဲ့သည်၊ အချစ်ဟာ ရင်ကိုပူလောင်လှပါလား။ ဘောဘီ့ကို ပိုင်ပိုင်နိုင်နိုင်မပိုင်ဆိုင်ရသေးသည့်အတွက် သူ့ရင် တွေ မီးလျှံများလို ပူလောင်ကျွမ်းမြိုက်နေရတာ သူမကတော့ သိနားလည်မည်မထင်ပါ။

ယောက်ျားရင့်မကြီးမို့ မငိုလိုပေမယ့် ရင်ထဲမှာ မျက်ရည် မိုးတွေရွာနေခဲ့တာ ကိုယ်တိုင်ပဲအသိဆုံး၊ သို့သော် အပူရုပ်ကို ဖျောက်ပြီး နေ့လည်မှာ မင်္ဂလာပွဲတစ်ပွဲ၊ ညကျတော့ မွေးနေ့ပွဲတစ်ပွဲ သူဆင်နွှဲသီဆိုပေးရပါဦးမည်လေ။

Scanned by CamScanner

## အခန်း(၁၂)

တေးစက်မိုးဆိုတာ မာနဘုရင်ကြီးလား၊ သို့မဟုတ် မာန မဲ့လားကောင်လား၊ မြင်းရိုင်းတစ်ကောင်လို ဇက်ကြိုးတွေဇရမ်း ဇတာပြတ်ထွက်မသွားဖို့ သူ ကိုယ့်ရင်ကိုတင်းတင်းတုပ်နှောင် နေရသည်။

ကိုယ့်နှလုံးသားကို ချိုးချေရတာ ဘနာကျင်ဆုံးပါပဲ။ မိန်းမ တစ်ယောက်ရဲ့ရှေ့မှာ သူ ဘယ်တော့မှမကျဆုံးချင်ပါ။

သွားစမ်းပါ၊ ကလီယိုပါထရာခေတ်တွေ၊ ပန်ထွာခေတ် တွေကုန်သွားခဲ့ပါပြီ။ ဘေဘီရေ. . မင်းဘယ်လောက်စွမ်းလဲ၊ ငါ့ဓာတ်မက်တွေကို စိုးမိုးထားပေမယ့် ငါ ဝန်မခံချင်ပါဘူး။

တို့ဘဝဟာ လမ်းကလေးခြားနေရပါလား။ သို့ပေမယ့် ကံအားလျော်စွာပင် တေးစက်မိုး၏အခန်းမှ ဘေဘီစာသင်နေ သည့်အခန်းသို့ မျက်စိတန်းနေပါသည်၊ ခိုးကြောင်ခိုးဝှက်လို့ပဲ ဆိုဆို သူ ဘေဘီကို မှန်ပြောင်းလေးနှင့်ခိုးကြည့်မိသည်၊

ချစ်သူရေ. . ခွင့်လွှတ်ပါ၊ မင်းရဲ့ကြာခြေနှင့် မင်းရဲ့စာသင် ဟန်လေးကို ကိုယ်ခိုးကြည့်မိပါတယ်၊ သို့သော် အချိန်ကတော့



နည်းပါးလှပါသည်၊ သူကလည်းမအားလပ်၊ သူအားလပ်သည့် အချိန်မှာကျတော့လည်း ဘေဘီစာသင်ချိန်နှင့်တိုက်ဆိုင်ခဲ့လှ ပါသည်၊

တစ်ခါတစ်လေမျှား မှန်ပြောင်းကို ဆယ်ရက်လောက် ဆက်ကိုင်မှ တစ်ခါလောက်သာကြုံရ ဆုံရပါသည်။ သူကလည်း စီးပွားရှာသည်လို့ပင်ပြောပြော အနုပညာသမားဆိုတာ အချိန် ရှိခိုက်၊ ဓာတ်စာစန်းရှိခိုက် အလုပ်လုပ်ရမည်မဟုတ်ပါလား။

နေ့ရော၊ ညရော ရှိုးပွဲတွေ၊ မင်္ဂလာပွဲတွေ၊ စားသောက် ဆိုင်ပွဲတွေနှင့် သူ့မှာ မအားလပ်ခဲ့ရပါ။ အချစ်နာကိုလည်း ကု စားရာရောက်တာပေါ့၊ ဘယ်ထိအောင် မာနတွေပြိုင်နေမလဲ ဘေဘီရယ်၊

မိန်းမဆိုတာ ယောကျ်ားလောက်မှမကြီးမြတ်ဘဲ မာန တံခွန်ထူမနေစမ်းပါနဲ့ကွယ်၊ သည်နေ့ သူ အသံသွင်းဖို့ တစ်ခု ရှိသည်။ သို့ပေမယ့် ဘေဘီ့မျက်နှာလေးကိုမမြင်ရဘာ ကြာ လွန်းနေပြီမို့ သူမ ကျောင်းလာချိန်ကို သူစောင့်ကြည့်ဦးမည်၊

သူကလေးကျောင်းလာချိန်က နံနက်(၈)နာရီဝန်းကျင်၊ ကိုယ်က ညဘက်အိပ်ရေးပျက်သူမို့ (၈)နာရီမှာမနိုးမှာစိုးသဖြင့် တေးစက်မိုး နှိုးစက်ပေးထားရသည်၊

"အဲ. .

နှိုးစက်အသံဆူညံနေလျှင် သူလည်း အိပ်ယာပေါ်နှိုးထပိုင်၊ သူ့ဘဝမှာ ဒါအရေးကြီးဆုံးပဲ၊ ဘေဘီဟာ အရေးကြီးဆုံးပါပဲ၊ ထိုစဉ် မေမေ အခန်းယဲသို့ဝင်လာသည်၊

Book Sharing

Scanned by CamScanner

"သားဘာဖြစ်လို့ နှိုးစက်ပေးထားတာလဲ၊ တော်ပြီလား၊ အိပ်ရေးဝပြီလား၊ ဒါဆိုလည်း ထတော့လေ၊ မေမေ သားစားဖို့ ပြင်ဆင်ထားလိုက်မယ်"

သို့သော် အေးစက်မိုး မေမေ့ကို မချိုမချဉ်လေးပြုံးပြပြီး အခန်းထဲမှတွန်းထုတ်ရသည်။

"ခဏလေးနေပါဦးမေမေ၊ မေမေ အပြင်ခဏထွက်ပါဦး။ သား ယတြာလေးတစ်ခုချေစရာရှိလို့"

မေမေ အူကြောင်ကြောင်ဖြစ်နေဆဲ သူလည်း အခန်းတံခါးကိုပိတ်ရသည်။ ပြီးတော့ ပြတင်းပေါက်ဆီသို့ပြန်ပြေးလာခဲ့သည်။ ဘေဘီလာတော့မည်။ သူ မှန်ပြောင်းကို အသင့်ကိုင်ထားလိုက်၏။

လမ်းကလေးထဲ ပန်းကလေးတစ်ခက်လို ညွတ်ပျောင်းစွာဝင်လာမည်ဘေဘီ့ကို သူလွမ်းဆွတ်တမ်းတမျှော်လင့်နေမိသည်။ ချစ်သူလေး နေလို့ထိုင်လို့ကောင်းပါစေ။

"အလို. ."

အရေးထဲ မှန်ပြောင်းထဲသို့ဝင်လာတာ ရဲသျှိုးဆိုသည့်ကောင်လေး။ သူ့အိမ်ပေါက်ဝမှာ ကားအဆင်သင့်ထုတ်ပြီးပေမယ့် မသွားသေးတာဘာသဘောလဲ။

"တောက်. ."

မြွေမြွေချင်းမို့ ခြေမြင်တာပေါ့။ သူ့ရင်တွေ တုန်လှုပ်ပူလောင်လာသည်။ 'လမင်းအိမ်'ထဲမှာတော့ ကလေးများက ဝင်ချည်၊ ထွက်ချည်။



အေးစက်မိုးမှာ ရဲသျှိုးကို မျက်မှောင်ကြုံ့ပြီး မှန်ပြောင်းနှင့်ဆက်ကြည့်နေမိသည်။ မြန်မာဆန်ဆန် စတစ်ကော်လာအဖြူနှင့် ပိုးတွဲပုဆိုးမရမ်းရောင်ဝတ်ဆင်ထားသဖြင့် ရဲသျှိုးအသွင်က ရှင်းရှင်းသန့်သန့်။

ကိုယ့်မှာတော့ နာမည်ကျော်အနုပညာသမားပီပီ ခေတ်ရှေ့ပြေးဒီဇိုင်းနှင့်။ ဘုရားရေ. . ဘေဘီက ဘယ်လိုဒီဇိုင်းမျိုးကိုမှ နှစ်သက်သတဲ့လဲ။

ရဲသျှိုး၏ ဝင်းပသည့်အသရေကိုကြည့်ပြီး အေးစက်မိုး မတည်ငြိမ်နိုင်တော့ပါ။ စိတ်ချ၊ လက်ချမရှိနိုင်တော့ပါပေ။ ထိုစဉ် တွေ့လိုက်ရသည့်မြင်ကွင်းကြောင့် အေးစက်မိုး မှန်ပြောင်းကို အိပ်ယာပေါ်သို့ပစ်ချလိုက်မိသည်။

ရဲသျှိုးက ဘေဘီ့ထံ ခြေလှမ်းကျဲကြီးများဖြင့်လျှောက်သွားကြို့ဆိုလိုက်လို့ပါပဲ။ သူမက ရင်စေ့လက်စကအင်္ကျီပန်းရောင်လေးနှင့် တစ်ကိုယ်လုံး ပန်းသီးလေးလိုနုရွနေပေမယ့် သူ့ရင်ကို မငြိမ်းချမ်းစေတော့ပါ။

သူတို့နှစ်ယောက်ဟာ ဘာလဲ။ ဘယ်လိုလဲ။ သူ မှန်ပြောင်းကိုပြန်ပြီးကောက်ယူမိပြန်သည်။ နှုတ်ခမ်းကိုတင်းတင်းကိုက်ပြီး သူဗျာယာခတ်နေတာများ ဘေဘီမြင်လျှင် လှောင်မည်လားမသိ။

"တောက်. ."

ရဲသျှိုးက မျက်နှာကြောပျော့ပျောင်းစွာဖြင့် ဘေဘီ့မျက်နှာဆီငုံ့ကြည့်ပြီး တတွတ်တွတ်ပြောနေ၏။ ဘေဘီက ခေါင်းကိုတွင်တွင်ခါနေ၏။ သူတို့ဘာတွေပြောနေကြပါလိမ့်။

Scanned by CamScanner

ခဏကြာလျှင် ရဲသျှိုးက ဘောဘီ့နားသယ်စပ်မှ ကပိုကရို ဆံစလေးများကို လက်ညှိုးဖြင့်သပ်တင်ပေးပြီး ကားထဲဝင်၊ မောင်းထွက်သွား၏။ ဘောဘီကတော့ လက်လည်းမပြ၊ ရပ်လည်း မကြည့်ချေ။ ကောင်းတယ်။

.သို့သော် ဘောဘီနှင့်ရဲသျှိုးဟာ ရင်းနှီးလှချည်လား။ အေးစက်မိုးမှာ ရင်ထဲမှလောင်မြိုက်မှုများကို မခံနိုင်လွန်းသည့်အခါ သူ့ဟမ်းဖုန်းကိုလှမ်းယူပြီး ဖုန်းနံပါတ်တစ်ခုကိုကောက်နှိပ်လိုက်သည်။

အတန်ကြာသည်အထိ တုံ့ပြန်မှုမရ။ အေးစက်မိုး စိတ်တွေလှုပ်ရှားနေမိသည်။ ဘောဘီဟာ အတော်ခေါင်းမာ၊ အသည်းမာတဲ့ကောင်မလေးပဲ။ ထိုစဉ် သူ့နားထဲသို့ အသံလေးတစ်ခု ဝင်လာ၏။

"ဟဲလို. . ပြောပါရှင်"

"ဘောဘီ. . "

စိတ်ဟာ အသံထက်မြန်တယ်၊ ဒီတော့ စိတ်ကမထိန်းနိုင်ခင် အသံက လွှတ်ကနဲဆွေးဆွေးမြည်မြည်ထွက်သွားရသည်။

"ဩော်. . "တဲ့။

ကိုကိုလို့တောင်မခေါ်တော့ဘူးလားကလေးရယ်။ တစ်ဖက်နှင့်တစ်ဖက် မာနတွေပြိုင်နေကြလေသလား။ နှစ်ဖက်စလုံးမှ အသံတွေတိတ်ဆိတ်နေခဲ့ကြသည်။

ကိုကို့ကို မဆက်သွယ်ဘဲ လုံးဝနေနိုင်သွားခဲ့ပြီတဲ့လား အချစ်ရယ်။ လေးလလောက်အတွင်းမှာပဲ အချစ်တစ်ခုကို အနာ ရောဂါတစ်ခုလို မင်းကုစားသွားနိုင်ခဲ့ပြီလား။





အေးစက်မိုး သူ့ဖုန်းကို တစ္ဆေတစ်ကောင်လို ကြောက်ရွံ့တုန်လှုပ်စွာငေးကြည့်နေမိစဉ် တစ်ဖက်မှဖုန်းချသွား၏။

ရက်စက်လိုက်တာဘောဘီရယ်။ ဝေးပြီပေါ့။ မင်းနေနိုင်ရက်တယ်နော်။ တကယ်ဆို မာနဘုရင်ကြီးက စတင်ဆက်သွယ်လိုက်တာပါ။

အတောင်နှစ်ဆယ်ဝတ်မင်းယောကျ်ားကြီးနဲ့ ဖက်ပြိုင်ပြီး ဘာဖြစ်လို့ခေါင်းမာချင်ရတာလဲကွယ်။ မိခင်ဆန်တဲ့မိန်းမသားနှလုံးသားနဲ့ နူးညံ့လွန်းတဲ့မင်းရဲ့ရင်ခွင်မှာ ကိုယ့်ကို ဘယ်တော့မှ မထွေးပွေ့တော့ဘူးလားကွယ်။

သူ ပူလောင်ကြေကွဲစွာ အိပ်ယာထက်မှာ ပိုးလိုးပက်လက်လန်နေဆဲ အခန်းအပြင်ဘက်မှ သန္တာ့အသံကြားလိုက်ရသည်။

"ကိုမိုး. . ထတော့လေ၊ ဒီနေ့ စတူဒီယိုသွားရမယ်လေ၊ ဘာလဲ. . သန္တာဝင်နှိုးရမှာလား"

"မဝင်နဲ့၊ မဝင်နဲ့၊ ဧည့်ခန်းကစောင့်၊ အိမ်ကကားဘယ်သွားလို့လဲ၊ နင်လိုက်ပို့ရမှာလား"

"ဘာဖြစ်နေတာလဲ ဒီလူကြီး၊ ဘယ်မှသွားအိပ်ပျော်နေတာလဲ၊ အန်တီ ဘုရားကိုကားယူသွားတယ်လေ၊ သူတို့ ဒီနေ့ ဓမ္မစကြာရွတ်ဖို့ရှိလို့တဲ့၊ ကဲပါ. . ထပါ၊ သန္တာလာကြိုနေပြီပဲ၊ ဟိုတ်လူကြီး. . သန္တာ့ကို အလုပ်တွေသိပ်နားနေတယ်လို့တော့ မထင်နဲ့နော်၊ စေတနာကို သဘောပေါက်၊ မေမေကဆို အမြဲမှာနေတာပဲ၊ ဆိုင်မကပ်လို့တဲ့၊ သန္တာကလည်း ပြောလိုက်တယ်၊ ကိုမိုးကိစ္စကလွဲရင် ဘယ်အရာမှအရေးမကြီးဘူးလို့"



Scanned by CamScanner

သာလိကာမ. . နားညည်းလိုက်ပါဘိ။ သို့သော် သန္တာသည် ပွင့်ပွင့်လင်းလင်းရှိပြီး ခင်ဖို့တော့ကောင်းပါသည်။

ဓားစက်မိုး ရေချိုးပြင်ဆင်ပြီးထွက်လာလျှင် သန္တာက ဧည့်ခန်းမှဆီးကြိုသည်။

"ဟား. . ရင်ကိုဓားသွားတာပဲ"

"ခွေးမ. . ဒါ မိန်းကလေးပြောရမှာလား"

"တမှန်တတိုင်း၊ ရင်ထဲမှာရှိတဲ့အတိုင်းပြောတာပဲဟာ"

နှုတ်ခမ်းလေးစူရင်း သူမပြောလျှင် သူမ၏ရိုးသားပွင့်လင်းမှုကို သူမသိချင်ယောင်ဆောင်ရ၏။ ဂါဝန်လှလှလေးနှင့်သန္တာသည် လှတော့လှပါသည်။ သို့သော် ဓားစက်မိုး၏ရင်ကိုမူ မတုန်လှုပ်စေနိုင်ပါချေ။

သူမဖွင့်ပေးသောကားတံခါးမှ သူဝင်ထိုင်လိုက်သည်။ သန္တာ့အသွင်က ဇရိုင်ဘာတစ်ယောက်နှယ်။ သူဌေးသမီးတစ်ယောက်က ဘာလို့ဒီလောက်ကျိုးနွံနေရတာလဲ။ အဖြေကို သူမတွေးဝံ့။ သူကလည်း မိဘအလိုကျ လက်ညှိုးထောင်၊ ခေါင်းညိတ်ချင်သည့်သားလိမ္မာလေး မလုပ်ချင်။

"ကားကိုဖြည်းဖြည်းမောင်း"

"ဒါဖြင့် ကိုမိုးမောင်းပါလား"

"ငါက သူများကားမမောင်းချင်ဘူး၊ တိုက်မိ၊ ခိုက်မိရင် အလျော်ပေးရမှာစိုးလို့"

"ဒါဆိုလည်း ကိုးမများနဲ့၊ အလျော်ကတော့ ယူရမှာပဲ၊ ဆဲထုံးလည်း ထုံးရ၊ ဆီလည်းစိုက်ရတော့ လုပ်နိုင်ပါဘူးတော်"





သူတို့ကား 'လမင်းတိမ်'ရှေ့မှဖြတ်လျှင် ဓားစက်မိုး အပေါ်ထပ်သို့မော့ကြည့်မိသည်။ စာသင်ခန်းပြတင်းမှငုံ့ကြည့်နေသောဘောဘိုကို ရင်နာစွာတွေ့လိုက်ရလေသည်။

Scanned by CamScanner

# အခန်း(၁၃)

ဘေးစက်မိုးရင်ထဲမှာ အမြဲတမ်းနွေရာသီ၊ ဘောဘီကို ထပ်မံမတွေ့မြင်ရတာ ကမ္ဘာအသ်ချေကြာပြီလား၊ နယ်ပွဲတွေမှာ လှည့်လည်သီချင်းဆိုနေခဲ့ရသည့်အတွက် ဘေးစက်မိုး ဘောဘီကို မမြင်၊ မတွေ့ရတာ တစ်ပတ်လောက်ရှိပြန်ပြီ။

ညက မိုးလင်းခါနီးမှအိမ်သို့ပြန်ရောက်ပေမယ့် (၈)နာရီ မတ်တင်းမှာ နိုးစက်ပေးထားခဲ့သည်။ သူ ဘယ်လောက်ပင် မောပန်းနွမ်းနယ်နေပါစေ၊ ဘောဘီကိုမြင်လိုက်ရလျှင် အမောပြေသွားမှာပါပဲ။

သူ မနေ့က တော်တော်တရားရခဲ့သည်။ သူတို့တီးဝိုင်းနှင့် အတူပါလာခဲ့သော ဦးလေးကြီးတစ်ယောက်၊ ညနေတုန်းက အကောင်းကြီး၊ ရေမိုးချိုးပြီး ညဦးပိုင်းကျတော့ ခေါက်ကနဲလေ ဖြတ်ပြီး သေသွားသည်။

သည်တော့မှ သူတွေးမိ၏၊ ဘဝဆိုတာ ဘာမှအစိုးမရပါလား၊ ဘယ်အရာမှမမြဲသောတရားတွေထဲမှာ ကံကြမ္မာထဲမှာ ချစ်သူချင်းစိတ်ကောက်၊ မာနတွေပြိုင်နေတာ အချည်းနှီးပါပဲလား။



အချစ်ကြီးသူက အရှုံးပေးလိုက်တော့မည် သုံးတောင်ဝတ်မိန်းမငယ်နှင့် ယှဉ်ပြိုင်စိန်ခေါ်မနေချင်တော့ပါ။ မချစ်တာလည်း မဟုတ်ဘဲနှင့်လေ။

အရမ်းပင်ပန်းနေသည့်ကြားထဲကပင် ဘေးစက်မိုး စိတ်ချ၊ လက်ချအိပ်မပစ်နိုင်ခဲ့ပါ။ မမြင်ရတာကြာသည့်ငွေလကို ခဏလေးဖြစ်ဖြစ် မြင်လိုက်ချင်ပါသည်။ ပြီးရင်တော့ ဘာပဲဖြစ်ဖြစ် 'လမင်းအိမ်'ကိုဝင်တွေ့လိုက်တော့မည်။ ဘာပဲဖြစ်ဖြစ်ပေါ့၊

ထိုစဉ် နိုးစက်သံဆူဆူညံညံကြောင့် ဘေးစက်မိုး အိပ်ချင်စိတ်တွေပြေပျောက်နိုးကြားသွားပြီး ကမန်းကတန်းဖြင့် မှန်ပြောင်းဆွဲကာ ပြတင်းပေါက်မှလှမ်းကြည့်လိုက်သည်။

"ဟင်. ."

ဘောဘီဒီနေ့ဝတ်လာတာ ကျောက်စိမ်းရောင်ဝမ်းဆက်လေးပါလား။ သူ အလံဖြူပြမည့်နေ့မှာ ချစ်သူက မြစိမ်းရောင် မင်းသမီးဖြစ်နေခဲ့သည်၊ အဝိတ်နိမိတ်တွေ မယုံကြည်ပေမယ့် ဘေးစက်မိုးရင်ထဲ ထင့်သွားရတာတော့ ဘာကြောင့်မှန်းမသိ။

ထုံးစံအတိုင်း ရဲသျှိုးဆိုသည့်ကောင်လေးက ဘောဘီကို မျိုချမတတ်အကြည့်များဖြင့် သိမ်းကြုံးနှုတ်ဆက်ပြီးမှ ထွက်သွား၏၊ ဘေးစက်မိုးရင်ထဲ နုံးချည့်ကျန်ခဲ့ရသည်။ သူ ဆက်မအိပ်နိုင်တော့ပါ၊

သူ့ဟမ်းဖုန်းကိုလှမ်းယူပြီး ဘောဘီထံဆက်သွယ်လိုက်၏၊

"ပြောပါရှင်၊ ဘောဘီပါ"

"ဘောဘီ. . ကိုကိုပါ"

"ရှင်. ."

ဘေဘီ့အာမေဋိတ်သံက အေးစက်မိုးရင်သို့ ပြားနှင့်ခွင်းသည့်နှယ်။ ဒါ တဲ့ဩစရာလားဘေဘီရယ်။ တို့တွေဟာ ရင်ထဲမှာသိပ်ချစ်ကြတဲ့ချစ်သူတွေပါ။

"ညဘက်မှာ ကိုကို့ကိုအိပ်မက်မမက်ဘူးလားဟင်"

သူ့ဘာတွေလျှောက်မေးမိမှန်းလည်းမသိ။ တစ်ဖက်မှ တုံ့ပြန်သံမကြားရ။

"ဘေဘီ အမှန်အတိုင်းပြောပါကွယ်၊ ဘေဘီ ကိုကို့ကိုအိပ်မက်မမက်ဘူးလား"

သူ့အဖြစ်က ရယ်စရာလား၊ အရှုံးပေးချင်တာတောင်မှ လှလှပပဖြစ်ချင်ရသေး၏။

"ကိုကို ညက လင်းခါနီးမှ အိပ်ပြန်ရောက်တယ်သိလား၊ အရမ်းပင်ပန်းတာပဲကွာ၊ ဘေဘီနဲ့လက်ထပ်ပြီးရင်တော့ ကိုကို သွားလေရာခေါ်သွားပြီး အမောပြေကြည့်ရမယ်"

"ကြားရဲ့လားဘေဘီ၊ ဟင်. . ဘေဘီ. . ဘာဖြစ်နေသလဲ၊ ငိုနေတယ်ဟုတ်လား၊ ဘေဘီ စာသင်ချိန်ဘယ်တော့ပြီးမလဲ၊ ကိုကိုလာစောင့်နေမယ်၊ ဟိုတစ်ခါလိုတော့ ကိုကို့ကို အရှုံးမလုပ်ပါနဲ့တော့ကွယ်"

"ဟင့်အင်း. . ဟင့်အင်း. . မလာနဲ့ကိုကို"

သူကလေးထံမှ ရှိုက်ငင်သံကြောင့် အေးစက်မိုး အိပ်ယာမှရုတ်ချည်းထမိသည်။ အရမ်းပင်ပန်းနေသည့်ကြားမှပဲ ရေတွေချိုး၊ အဝတ်အစားတွေကို လျှင်မြန်စွာလဲလိုက်သည်။



"သား. . ဘယ်သွားမလို့လဲ၊ အိပ်ဦးလေ"

မေမေ အခန်းထဲသို့ဝင်လာပြီး သူ့ကို စိုးရိမ်တကြီးတားသည်။

"လမင်းအိမ်ကိုပါမေမေ၊ ခဏလေးပါ၊ ပြီးမှပြန်အိပ်မယ်"

"တို့. . သားခေါင်းတွေရေစိုနေပါလား၊ ဖျားဦးမယ်၊ နေဦးမေမေလုပ်ပေးမယ်"

"ပြီးမှလုပ်ပေးပါမေမေ၊ ခဏနော်"

မေမေ သူ့ကိုနားမလည်နိုင်စွာကြည့်ကျန်နေခဲ့စဉ် အေးစက်မိုး လမင်းအိမ်သို့စွတ်ပြီးဝင်ခဲ့သည်။ မတတ်နိုင်၊ အပေါ်ထပ်မှာဆူညံနေပေမယ့် အောက်ထပ်တစ်ခုလုံးမှာ လူရိပ်လူယောင်ပင်မတွေ့ရ။ အေးစက်မိုးမှာ ကိုယ်မရောက်ဖူးသောအိမ်မို့ ဧည့်ခန်းထဲမှာရပ်ပြီး ယောင်ချာချာ။

သူတစ်ပါးအိမ်ထဲမို့ သူ ဆက်မသွားတော့။ ဘေဘီဘယ်မှာလဲ။ သူ့ဘေဘီလေး ဘယ်အရပ်မှာလဲ။ ယခုလေးတင် ငိုညည်းသံလေးကြားလိုက်ရသည်မဟုတ်ပါလား။

"ဘေဘီ. . ဘေဘီ"

သူ့ရင်ထဲမှာ အသံတွေဆူညံပွဲတင်ထပ်နေသည်။ တစ်ခါတုန်းကလို ရှောင်ပုန်းလှည့်စားမပစ်လိုက်ပါနဲ့အချစ်ရယ်။ မင်းမြူစင်တာ ကိုကိုသိပါတယ်။

မာနဘုရင်ကြီးရဲ့ဒူးထောက်ဝန်ချတောင်းပန်ခန်းမှာ မင်းအလိုက်သင့်နေပေးပါ။ ကိုကို့သိက္ခာတွေ၊ အရှက်တွေကို ထပ်ပြီး တိုးမည်းမသုတ်ချင်ပါနဲ့။ မြောင်းထဲပစ်မချလိုက်ပါနဲ့နော်။

"ဘေဘီ"

ဘယ်အခန်းဝမှာ သူကလေးပေါ်လာမလဲ။ ညှော်ခန်းအလယ်မှာမတ်တပ်ရပ်ပြီး အေးစက်မိုး ညည်းညူတမ်းတနေမိသည်။

"ဘေဘီ"

ကိုယ့်ကို မရက်စက်လိုက်ပါနဲ့အချစ်ရယ်။ အေးစက်မိုးရင်ထဲမှာ လောင်မြိုက်ကြေကွဲမှုတွေက အဆမတန်။

ကိုယ်ဟာ မုန်းစရာသရဲတစ္ဆေတစ်ကောင်လား။ ကိုယ်က မင်းကို အနာတရဖြစ်စေမှာတဲ့လား။ ကိုယ်က မင်းကို အရှက်တကွဲအကျိုးနည်းစေမှာတဲ့လား။

ညှော်ခန်းအလယ်မှာ ကျောက်ရုပ်ကြီးလို အေးစက်မိုးငေးငူရပ်နေမိဆဲ. . .

"ကိုကို"

အို. . ဘေဘီ။ အခန်းတစ်ခု၏အဝမှ ငွေလသာသလို ဘေဘီထွက်ပြူလာလျှင် အေးစက်မိုး တုန်လှုပ်ဝမ်းသာသွားသည်။

"ဘေဘီ. ."

"ပြန်ပါတော့နော်၊ သူတစ်ပါးအိမ်ပေါ်မှာ မကောင်းပါဘူး ကိုကိုရယ်၊ ကိုကို့သိက္ခာကိုရော၊ ဘေဘီ့သိက္ခာကိုရော ငဲ့ညှာပါ ကိုကို၊ ပြန်ပါနော်"

မျက်ရည်များနှင့် သူမ၏အဆင်းက ဝင်းဝင်းပပ၊ သွားစမ်းပါ၊ ဒီသိက္ခာတွေ ဘာလုပ်ရမှာလဲ။

သူ ခြေလှမ်းကျဲကြီးများဖြင့်ဘေဘီထံသို့ သွားမည်ပြင်လျှင် သူမက တံခါးကိုဖျတ်ကနဲပိတ်ပစ်လိုက်လေသည်။ သူကြမ်းတာကို သူမ သိနေ၊ လန့်နေလိမ့်မည်။



"ဟင့်အင်း. . ကိုကိုပြန်တော့၊ ပြန်ပါတော့နော်၊ ဘေဘီ ကိုကို့ကိုမတွေ့ချင်တော့ဘူး"

ဘေဘီ့စကားကြောင့် အေးစက်မိုးရင်ထဲမှာ ဗလောင်ဆူသွားသည်။ သူ့ဦးခေါင်းတစ်ခုလုံး မိုးကြိုးပစ်ခံရသည့်နှယ်။

မတွေ့ချင်တော့ဘူးတဲ့လား။ မတွေ့ချင်တော့ဘူးတဲ့လား အချစ်ရယ်။ ကိုကို့မှာ ဘာအပြစ်တွေရှိလို့လဲ။ ယခုမှ သူ့မှာ အရှုံးမီးဝိုင်း၊ ချစ်သူ သူ့ကိုမုန်းပြီ။

"ဘေဘီ ကိုကို့ကိုမုန်းလိုက်ပြီ ဟုတ်လား၊ ငါ မင်းအတွက် ကြိုးစားနေတာပါ၊ ငါ့ဘဝဟာ မင်းအတွက်ပါ၊ မယုံဘူးဘေဘီ၊ မင်းပါးစပ်ကစကားကို ငါမယုံနိုင်ဘူး၊ မင်းမျက်လုံးထဲမှာ ငါ့အပြေကြည့်မယ်၊ အပြင်ထွက်ခဲ့ပါ၊ ကိုကို့ကို မျက်နှာချင်းဆိုင်ပြီး ပြောပါ၊ ကြည့်ပါဦး"

သူ့အသံတွေက ကြေကွဲတိုးအက်လျက်။ သို့သော် ဘေဘီ ကြားနိုင်ပါလိမ့်မည်။ ယခုတော့ အခန်းတံခါး၏အပြင်မှာ သူ၊ အတွင်းမှာ ဘေဘီ။ တံခါးရွက်ခြားလျက်။

အလို. . သူတို့ဘဝတွေ ကမ္ဘာကြီးခြားတော့မှာလား။ အေးစက်မိုးရဲ့ တုန်လှုပ်ယိမ်းယိုင်မှုက တစ်စာဝစာ။

"မင်း ငါ့ကိုမချစ်တော့ဘူးလားဘေဘီ၊ ပြောပါဦး၊ အချစ်ဆိုတာ လိုသလိုချေဖျက်ဖော့ဖိလို့ရသတဲ့လား၊ အပြင်ကိုခဏ ဖြစ်ဖြစ်ထွက်ခဲ့ပါကလေးရယ်၊ ငါဟာ တဏှာရူးကောင်မဟုတ်ပါဘူး၊ မင်းမကြိုက်ရင် လက်ဖျားနဲ့တောင်မထိပါဘူး၊ ငါ့ကို မစော်ကားချင်ပါနဲ့ဘေဘီ၊ တို့တွေ ဒီညှော်ခန်းမှာဖြစ်ဖြစ် စကား

တွေပြောပါရစေ၊ မင်းမျက်နှာလေးကို ခဏဖြစ်ဖြစ်ကြည့်ပါရစေ"

သူ့တောင်းပန်မှုတို့က တစာစာ၊ သို့သော် ဘေဘီ့ရှိုက်သံများကသာ သူမကိုယ်စား သူ့ထံပျံ့လွင့်လာကြသည်။

"ပြန်ပါကိုကိုရယ်၊ ပြန်ပါနော်၊ ဘေဘီ့ကို သတ်သာသွားလိုက်တော့နော်"

သူကလေး အခန်းထဲမှာ အလူးအလဲငိုကြွေးနေလေသလား၊ သူက အခန်းအပြင်ဘက်မှာ၊ ရင်နာစရာဝဋ်ကြွေးတွေပါပဲ။ သူ့လက်လျှော့ရတော့မှာလား၊ အတွေးနှင့်ပင် ဒေါးစက်မိုး ရင်ကွဲနာကျလုလု၊ နှလုံးသားတွေ အသက်ရှူရကျပ်လောက်အောင် တပူမီးတွေက ရှို့မြိုက်လာကြ၏။

ချစ်သူရယ်. . တစ်သံသရာလုံးအတွက် တို့တွေဝေးကွာကြပြီပေါ့၊ ချစ်သူလေးကို အပိုင်တွက်ပြီး ပေါ့ပေါ့သဘောထားမိလေသမျှ ဆုံးရှုံးရတော့မည်ဆိုမှ နောင်တတွေက တစ်ဘဝစာ၊

"ကောင်းပါပြီဘေဘီ၊ မင်းစိတ်ချမ်းသာမယ်ဆိုရင် ကိုကိုပြန်ပါ့မယ်၊ အပိုစကားတွေလို့ မင်းထင်ချင်ထင်ပါ၊ ဒါပေမယ့် မင်းအလိုရှိရင် ကိုကို့နှလုံးသားကို ခွဲနှုတ်၊ ထုတ်ယူပေးနိုင်တဲ့အထိ မင်းကို ကိုကိုချစ်ပါတယ်"

"ရာဇဝင်ထဲကလိုပေါ့ကွယ်၊ မင်းက အစွယ်လိုတဲ့မိဖုရား၊ ငါက ဆဒ္ဒန်ဆင်မင်းကြီးပေါ့၊ မင်းကို လေးငါးလလောက်ပစ်ထားခဲ့မိတာလည်း မင်းအချစ်တွေကိုယုံစားမိလို့ပါ၊ ခုတော့ ငါ့ဘဝတစ်ခုလုံး ဒဏ်ခတ်ခံခဲ့ရပါပြီ"

"တစ်ခါက မင်းကို ကိုကိုစိန်ခေါ်ခဲ့မိတယ်၊ ကိုယ့်ကိုယ်ကိုအသည်းမာ၊ စိတ်မာလှပြီပေါ့လေ၊ တကယ်က မင်းမှ အသည်းမာတာပါ၊ မင်းမှ. . . "

"ပြန်. . ပြန်ပါတော့ကိုကိုရယ်၊ ဘေဘီ့ကို ခွင့်လွှတ်လိုက်ပါတော့၊ ဘေဘီ့ကို စကားလုံးတွေနဲ့ မနှိပ်စက်ပါနဲ့တော့နော်၊ ဘေဘီမခံစားနိုင်တော့လို့ပါ"

မခံစားနိုင်တော့လို့ပါ. . တဲ့၊ သူ့ရင်နာလွန်းရပါသည်၊ အသံသာကြားခွင့်ရှိပြီး ရုပ်ကလေးတောင်မှမမြင်ရသည့်ဘဝဟာ ဘယ်လောက်တောင်ဆိုးရွားလွန်းပါလိမ့်၊

သူကလေး ကိုယ့်ကို ဘယ်လောက်တောင်မုန်းတီး၊ နာကျည်းသွားပါလိမ့်၊ နောက်ဆုံး ချစ်သူထံပါးမှ ဒေါးစက်မိုးဆောက်တည်ရာမရ လွင့်စင်ထွက်ခွာလာခဲ့ရပါသည်၊

သူ့တစ်ကိုယ်လုံး တုန်လှုပ်ယိမ်းယိုင်နေရတာကတော့ ညစဉ်ညတိုင်းနီးပါး အိပ်ရေးပျက်ခဲ့လို့လား၊ နှလုံးသားတွေတအားနာကျင်စူးအောင့်နေတာကတော့ အချစ်ကို မထင်မှတ်ဘဲ လျှပ်တပြက်ဆုံးရှုံးလိုက်ရလို့ပါပဲ၊

အယူခံဝင်ခွင့်လေးမှ မပေးတော့ဘူးလားအချစ်ရယ်၊ မင်းရဲ့ရက်စက်မှုဟာ ကိုယ့်ကို အသည်းတူပြောင်းပြန်၊ ပြောင်းဆန်စေခဲ့ပါတယ်အချစ်ရယ်၊



Scanned by CamScanner

# အခန်း(၁၄)

"ဗီတစ်ခါမျက်ရည်ကျရတာကရော. . ၊ မောင့်အတွက် ဆိုရင်တော့ မင်းဘယ်တော့မှမငိုလိုက်ပါနဲ့ကလေးရယ်"

ဘောဘီ့ဆံထုံးမှကလစ်များကို ကူဖြုတ်ပေးရင်း၊ သူမ၏ ဆံပင်လေးများကို ညင်သာစွာဖြီးသင်ပေးရင်း မျက်ရည်များနှင့် ချစ်ဇနီးကို ရဲသျှိုး တသိမ့်သိမ့်ကြင်နာရပါသည်။

အပြစ်ဆို မြုမှုမတင်ရက်ပါ။ သူ့ကိုရွေးချယ်ခဲ့သည်ကိုပဲ ရဲသျှိုး ကျေးဇူးတွေ တအားတင်ခဲ့ရပါသည်။ ဘောဘီ့သစ္စာ၊ ဘောဘီ့သိက္ခာ၊ ဘောဘီ့ရဲ့ကိုယ်ကျင့်တရားတွေကို သူနားလည် ယုံကြည်ပြီးခဲ့ပြီမို့ ဘယ်တော့မှပြဿနာတက်စရာလည်းမလိုပါ။

အချစ်ဆိုတာလည်း တစ်သက်မှာတစ်ခါပဲဖူးပွင့်မည်ဆို လျှင်တော့ သာ၍သာ၍ကောင်းတာပေါ့။ သို့သော် အချစ်သစ် ပင်တိုင်းသည် နလန်မထူနိုင်အောင် ချိုးဖြတ်ခံရခဲ့လည်း လုံ လောက်သောအချိန်အတိုင်းအတာတစ်ခုခုမှာ အချစ်ရွက်သစ် တို့ဖြင့် ပြန်လည်ဝေဆာဖူးပွင့်နိုင်ကောင်းပါရဲ့။

ပြီးတော့ ဘောဘီ့သံယောဇဉ်၊ ဘောဘီ့ကြင်နာမှုတို့ကို ရဲ



သျှိုးယုံကြည်ပါသည်။ သူမဟာ မိန်းမကောင်း၊ မိန်းမမြတ် ကလေးပါ။

သူ့ကို မိခင်လို၊ နှမလို ကြင်နာချစ်ခင်တတ်မည့်အသည်း နှလုံးဖြူစင်သူလေးပါ။ မြင်လိုက်လျှင် ဂျစ်ကန်ကန်လေးလို့ထင် ရပေမယ့် ဘောဘီ့သံယောဇဉ်၊ ဘောဘီ့ဖြူစင်မှု၊ လိမ္မာမှုကျိုးနွံမှု တို့ကို တွေ့မြင်သိရှိခဲ့ရသည်။

မိခင်က သားငယ်ကိုပြုစုသလို ပြုစုယုယခဲ့သည့်ဘောဘီ့ ကို သူစွဲလမ်း၊ တိမ်းမူးခဲ့တာ သူမလွန်ပါ။ ဘောဘီ့အရည်အချင်း တွေက အများအပြား။

ဘောဘီဟာ မိသားစုအတွက် ငွေလမင်း။ ပြီး သူ့ရဲ့ငွေ လမင်း။

"မောင်နဲ့အတူရေချိုးမယ်နော်"

မဖြစ်နိုင်သေးမှန်းသိရက်နှင့် သူခေါ်မိလျှင် ဘောဘီ့မျက် နှာလေးက ခပ်ရဲရဲ။

"ဟင့်အင်း. . ပြီးမှ. . "

ရဲသျှိုး အော်ရယ်မိသည်။ သူက အူမြူးနေသူကိုး။ ရယ် မှာပေါ့။ ခါတိုင်းလို မျက်စောင်းမထိုး၊ ဂျစ်မကန်၊ ဂျီမကျဘဲ မျက်နှာလေးရဲနေသည့်ဘောဘီ့အသွင်ကလည်း သူ့ရင်ဘတ်ထဲ စွဲထည့်ထားချင်စရာ။

အို. . လက်ထပ်ပြီးစ ဗီအချိန်လေးတွေဟာ စိန်စီထားတဲ့ စက္ကန့်လေးတွေလိုပါပဲ။

မနက်ကလည်း မင်္ဂလာပွဲဆင်နွှဲရင်း ရဲသျှိုးရင်ထဲမှာ

အပျော်တွေ၊ ကြည်နူးဝမ်းမြောက်မှုတွေကြောင့် လူက အိပ်မက်ထဲမှလူနှယ်။ တကယ်ပါပဲ။ ဘေဘီ့အရှက်မျက်နှာ၊ အလှမျက်နှာလေးကို ငုံ့ကြည့်၊ ငုံ့ကြည့်၊ အရိပ်ကြည့်ရင်း သူ့တစ်ကိုယ်လုံး ငှက်နှယ်ပျံကြွမိတော့မတတ်။

မေမေကတောင် တပြုံးပြုံးနှင့်၊ ပျော်တာပေါ့ဗျာ။ မြင်စတတည်းက ကြင်နာခဲ့ရတဲ့မိဆိုးလေးပါပဲ။

"ဒါမြင့် ဘေဘီလေး အရင်ချိုးမလား"

"ဟင့်အင်း. . "

"မောင်အရင်ချိုးရမယ်ပေါ့"

"အင်း. . "

'ဟင့်အင်း'နှင့် 'အင်း'နှစ်ခွန်းပဲတတ်တော့သည့်ဘေဘီ့ကို ကြင်နာစွာပြုံးပြပြီး သူ ရေချိုးခန်းသို့ဝင်ခဲ့သည်။



## အခန်း(၁၅)

ရဲသို့ ရေချိုးခန်းထဲသို့ရောက်သွားတော့မှ တစ်မနက်လုံး သိမ်းဆည်းထားခဲ့ရသည့်ဘေဘီ့မျက်ရည်တွေ ဒလဟောသွန်ကျသွားရသည်။

ခွင့်လွှတ်ပါရဲသို့ရယ်။ ငါ နောက်ဆုံးအဖြစ် ကိုကို့အတွက် ငိုကြွေးပါရစေ။

ဘေဘီ မှန်တင်ခုံလှလှလေးရှေ့မှာလည်း မနေရဲ၊ မင်္ဂလာအိပ်ယာကြီးကိုလည်း မကြည့်ရဲ၊ မထိရဲ။

ဘေဘီ့ကမ္ဘာဟာ ဘယ်နေရာမှာတဲ့လဲ။ ကိုကို့အတွက် တရိရိကျွမ်းလောင်နေရသည့်သူမဟာ တရားမျှတပါရဲ့လား။

ရဲသို့ကိုရွေးချယ်ခဲ့တာ သူမမှားသွားပြီလား။ ဒီလိုလည်း မဟုတ်သေးပါဘူးလေ။ ဒီလမ်းကို သူမကိုယ်တိုင်ပဲ ရွေးချယ်လျှောက်လှမ်းခဲ့တာပါ။

'မင်းက အစွယ်လိုသူမိဖုရား၊ ငါက ဆဒ္ဒန်ဆင်မင်းကြီးပေါ့'တဲ့လားကိုကိုရယ်။ ဘေဘီ အငြိုးမထား၊ ရန်ညိုးမသိုခဲ့ပါ။ နေမင်းကြီးလို ထွန်းလင်းတောက်ပတဲ့ကိုကို့ကောင်းကင်မှာ

ဘယ်နေရာမှ ဆောက်တည်ခိုကပ်ခွင့်မရခဲ့လို့ စကြဝဠာရဲ့အပြင်ကို လွင့်စင်ထွက်ပြေးခဲ့ရတဲ့သူတစ်ယောက်ပါ။

ကိုကို့ကို ဘေဘီဘယ်လောက်ချစ်ခဲ့သလဲ။ ကိုကို့မှာ စာနာတတ်သည့်နှလုံးသားရှိမည်ဆိုလျှင် ဘေဘီ့ကို စာနာနိုင်ပါလိမ့်မည်။

ဘေဘီဟာ သူတစ်ပါးလို ရဲတင်း၊ သွက်လက်တဲ့သူ မဟုတ်ရပါ။ ကိုကို့ကို ဟဲအားချစ်မိလို့ ကိုကို့အနားမှာ တဝဲလည်လည်ရှိနေခဲ့ရသူကို ကိုကိုမစာနာနိုင်ခဲ့ပါပေ။

အခုတစ်ရာလောက်လိုချင်သည့် ကိုကို့အတ္တအတွက် ဘေဘီက တစ်ခုမျှသာပြန်ပေးနိုင်သည့်အခါ မာယာများတဲ့မိန်းမ ရယ်လို့ ရန်ညိုးဖွဲ့စိန်ခေါ်ခဲ့သူက ကိုကိုပါ။

ဘေဘီတအားချစ်မှန်းသိရက်နှင့် ရက်ပေါင်းများစွာ၊ လပေါင်းများစွာ ကိုကိုပုန်းရှောင်နေရက်ခဲ့သည်။ လူတွေဟာ လွမ်းလို့မသေတတ်ဘူးလို့ မထင်ပါနဲ့ကိုကို။

တရိရိကျွမ်းလောင်ခံစားရင်း သေလုမျောပါးအဖြစ်တွေ ကိုကို စာနာနိုင်ပါ့မလား။ သိပ်ပြီး သွက်လက်ဖျတ်လတ်ခဲ့တဲ့ ဘေဘီဟာ ကိုကို့ကောင်းကင်အောက်မှာ ညှိုးနွမ်းပျော့ခွေရတဲ့ကြားထဲ လဲနေသူကို 'မှတ်ပြီလား'လို့ တုတ်နဲ့ထပ်ထိုးသူက ကိုကိုပါ။

ဘေဘီ 'လမင်းအိမ်'မှာစာသင်နေမှန်းသိရဲ့နဲ့ မိန်းကလေးတွေနဲ့တွဲပြတာလည်း ကိုကိုပါပဲ။ စစ်တက်၊ စစ်ထိုး၊ ပရိယာယ်



တွေနဲ့ စစ်ရေးကြွယ်လှတဲ့ကိုကို့ကို ဘေဘီ အရမ်းပဲကြောက်ရွံ့လှပါတယ်။

ကိုကို ရက်စက်လွန်းတယ်။ ကိုကို ဘေဘီ့အပေါ်ကို အဆုံးစွန်ထိ ရန်ညှိုးသိုဖွဲ့နိုင်လွန်းလှပါတယ်။ ဘေဘီ ဘာဆက်လုပ်ရမလဲ။ ကိုကို့ထံပါး၊ ကိုကို့ခြေရင်းမှာ ပုံချပစ်လဲ့ပြီး အရှုံးပေးလိုက်ဖို့တော့ ဘေဘီ့ဦးနှောက်က မည်သည့်အခါမှခွင့်ပြုမည်မဟုတ်ပါ။

ဘဝမှာ ပူလောင်သည့်အချစ်နှင့် ဘေးမြသည့်အချစ်၊ အဆိပ်သည့် အနာရောဂါတစ်မျိုးအတွက် အမြိုက်ဆေးဖြစ်စေဦးတော့၊ အဆိပ်နှင့်တူသည့်ကိုကို့အချစ်များကို ဘေဘီ ကျော်နိုင်း၊ လက်မြှောက်လိုက်တော့မည်။

အတွေးများနှင့် ဘေဘီ မြေမဆည်ဖြစ်နေဆဲ ကိုကို လမင်းအိမ်သို့ဝင်ရောက်လာခဲ့သည့်တစ်မနက်ကို သူမမြင်ယောင်ငိုရှိုက်မိပြန်သည်။ မနက်ဖြန်လက်ထပ်တော့မည့်သတို့သမီးထံ ကိုကို အဘယ်ကြောင့်ရောက်လာခဲ့ရပါသလဲ။

ကိုကို့ထံပါးမှာ အချိန်မရွေး ဝပ်စင်း၊ခံစားလိုတဲ့မိန်းမကို စွန့်ပစ်ပြီးမှ အဘယ်ကြောင့်လှည့်စားလိုပြန်သလဲ။ ကိုကို့အသံကြောင့် အခန်းလေးတစ်ခုမှာ သည်းအူပြတ်မျှငိုကြွေးနေခဲ့ရသည့်သူမထံ ကိုကိုက ပရမ်းပတာရောက်ရှိလာခဲ့ပြန်သည်။

ဘေဘီ ထွက်မတွေ့ခဲ့တာမှားသလား။ သူမ နောင်တမရပါ။ လူဆိုတာ ဆုံးဖြတ်ချက်ချပြီးလျှင် နိုင်မြဲရပေမည်။

ရဲ့သျှိုးကိုလက်ထပ်ဖို့ ကတိပေးခဲ့၊ ဆုံးဖြတ်ခဲ့ပြီမို့ ဘေဘီ

ကိုကို့ကို နောက်ဆံမတင်းလိုတော့ပါ။ မပြတ်မသားစိတ်နှင့် ဗျာများတတ်သည့်မိန်းမဟာ ဘေဘီမဟုတ်ပါ။

သို့သော် စိတ်မများတာက တစ်ခြား၊ ကိုကို့ကိုချစ်မိတာက တစ်ခြား။ ဘေဘီ့အလွမ်းနာ၊ အချစ်နာဟာ ချက်ချင်းတော့ မပျောက်။ ဒါ ဘေဘီ့အပြစ်မဟုတ်နိုင်။

ရဲသျှုံးကလည်း သူ့မအပေါ် နားလည်၊ ခွင့်လွှတ်၊ စာနာခဲ့ပါသည်။ သို့သော် အရှုံးပေးလက်မြှောက်ထားသူကိုမှ တိုက်စစ်တွေဆင်ပြီး အနိုင်ယူလိုသတဲ့လား။

ဒီမနက် ဘေဘီ့လက်ထပ်ပွဲမှာ ကိုကို လာရောက်ဆင်နွှဲခဲ့တာ ဘာသဘောလဲ။ ရှင်းသန့်တဲ့အသရေများနှင့် အနီရဲရဲနှင်းဆီတစ်စည်းကို လက်ဆောင်လာပေးသည့်ကိုကိုသည် ကြေမွနာကျင်နေသည့်ဇာတ်ရုပ်နှင့်။

ကိုကို့လို အနုပညာသမားတစ်ယောက်၏ဟန်ပန်အမူအရာများသည် အတုလား၊ အစစ်လား။ ကိုကို့အချစ်တွေဆိုတာ အတုလား၊ အစစ်လား။

အသည်းမမာသူမို့ ကြေကွဲထိခိုက်ခံစားခဲ့ရပေမယ့် ဘေဘီ ဝေဒနာကို ရှုမှတ်သတိကပ်မိပါသည်။ ဘေဘီ့ကို ခွင့်လွှတ်လိုက်ပါတော့။

"ဟော. . ခုထိ အဝတ်လည်းမလဲရသေးပါလား၊ ဘာလို့ ငိုင်ငိုင်နေရတာလဲကလေးရယ်၊ ခေါင်းတွေကိုက်တော့မှာပဲ၊ နေမကောင်းဖြစ်တော့မှာပဲဘေဘီရယ်၊ ကဲ. ထ. . ရေချိုး၊ မောင်ကူလဲပေးရမလား"



"အာ. . သွားပါ၊ သူ့ အပြင်ခဏထွက်"

"ဗိုလ်မကျနဲ့ကွာ၊ ဒါ နှစ်ဦးနှစ်ဖက်ပိုင်တဲ့အခန်းဗျနော်၊ ဖက်စပ်ခေတ်မှာ တစ်ဦးတည်းပိုင် ဘယ်အရာမှမရှိဘူး၊ ဘေဘီ့ကိုယ်ခန္ဓာလေးကလည်း နှစ်ဦးပိုင်၊ မောင့်ဒီကိုယ်ကြီးကလည်း နှစ်ဦးပိုင်"

"အာ. . သူသိပ်ပါးစပ်ရဲနေတာပဲ၊ တော်ပြီ"

ဘေဘီ ရေချိုးခန်းထဲသို့ပြေးဝင်သွားလျှင် နောက်မှ ရဲသျှုံး၏မေးခွန်းတစ်ခုက ကပ်လိုက်ပါခဲ့သေး၏။

"ဘေဘီရေ. . ဒီနှင်းဆီပန်းတွေကို ရွှေတိဂုံဘုရားမှာလှူလိုက်မယ်နော်၊ ကိုအေးစက်မိုးကြီး ဒီထက်ပိုပြီး တောင်မြင့်ပါစေ၊ ကျော်ကြားပါစေ၊ မိန်းမလှလှလေးရပါစေလို့ ဆုတောင်းပေးလိုက်ကြရအောင်နော်"

Scanned by CamScanner

## အခန်း(၁၆)

သည်ကနေ့ဟာ ကမ္ဘာကြီးမီးလောင်တဲ့နေ့ပဲ။ အေးစက်မိုးရဲ့ရင်ဘတ်ကြီးတစ်ခုလုံး မီးနယ်လောင်မြိုက်နေရပါသည်။ အချစ်ကြောင့် နှလုံးသွေးတွေပွက်ပွက်ဆူနေရတာလား။

မဟုတ်သေးပါဘူး။ ခန္ဓာကိုယ်ကြီးတစ်ခုလုံးပါ ပူလောင်နွမ်းခြောက်နေရတာပါ။ အိပ်ယာထက်မှာ ခန္ဓာကိုယ်ကြီးကလည်း လျောင်းနေရသော်လည်း အေးမက်မိုး၏ဝိညာဉ်၊ လိပ်ပြာကတော့ ချစ်သောဘေဘီကို လိုက်လံရှာဖွေနေမိသည်။

သူ့အဖြစ်က တိမ်တိုက်ပေါ်မှာ လွင့်မျောနေရသူနှယ်။ လူတစ်ကိုယ်လုံး ပေါ့ပါးလန်းရွှင်သွားလိုက်၊ မလှုပ်နိုင်အောင် လေးလံထိုင်းမှိုင်းသွားလိုက်။

သူ့အနားမှာလည်း မေမေနှင့်ဖေဖေတို့ အမြဲရှိနေကြလေသလား။ ဘေဘီရက်စက်တယ်။ ကိုယ်ဒီလောက်ချစ်ခဲ့လွန်းတာ မင်းအာရုံတွေမခံစားရဘူးတဲ့လား။ ထိုနေ့က ဘေဘီ့ထံမှ သူ ပြန်လည်ဆုတ်ခွာခဲ့ရပုံက သူတစ်သက်မမေ့နိုင်စရာ။



ချစ်သူကို ဆုံးရှုံးရတော့မှာလားဟူသည့် ပူပင်သောက စိတ်က သူ့နှလုံးသားများကို ပွက်ပွက်ဆူစေခဲ့သည်။ သူ ဒယီးဒယိုင်ဖြင့် အိမ်သို့ပြန်ရောက်လာတော့ မေမေက အလန့်တကြားဆီးကြိုမေးမခဲ့သည်။

"သား. . သားလေး. . ဘာဖြစ်လာတာလဲကွယ်"

အေးစက်မိုး ဘာမှပြန်မပြောနိုင်ပါချေ။ စိတ်သောကကြောင့် ရုတ်တရက်ပူလောင်လာသည့်ကိုယ်ခန္ဓာကြီးကို အနိုင်နိုင်သယ်ရင်း မေမေ့နောက်သို့သာ သူလိုက်သွားရ၏။

နောက် မေမေတိုက်သည့်ဆေးတစ်ခွက်သောက်ပြီး သူ အိပ်ပျော်သွားလေသလား၊ လွင့်မျောသွားတာလား။

အနားမရနိုင်သည့်သူ့လိပ်ပြာလေးကတော့ ဘေဘီ့ကိုသာ ကမ္ဘာဆုံးအောင်ရှာဖွေနေမိပါသည်။

"ဘေဘီ. . ဘေဘီရေ. . ကိုကို့ဆီပြန်လာပါ၊ ကိုကို့ဆီပြန်လာပါ၊ ငါ မင်းကို သိပ်ချစ်ပါတယ်"

တကြော်ကြော်အော်ရင်း ဘေဘီ့ကိုရှာဖွေနေခဲ့မိပေမယ့် သူကလေး၏အရိပ်အယောင်မျှကိုပင် အေးစက်မိုးမမြင်ခဲ့ရပါချေ။

ကြာတော့ သူ မောပန်းနွမ်းနယ်နေခဲ့ပြီ။

"အား. ."

သူကလေးကို လိုက်လံရှာဖွေရင်းနှင့် အေးစက်မိုး မီးပင်လယ်ကြီးကိုဖြတ်သန်းကျရောက်သွားရပါ၏။

"သား. . သားလေး. ."

သူ့ကို မီးပင်လယ်မှဆွဲယူဆယ်တင်သူဟာ မေမေလား။

နေပါဦးမေမေ။ ချစ်သူကို သံသရာတစ်ပတ်လည်သည်အထိ၊ ကမ္ဘာကြီးတစ်ပတ်ဆုံးသည်အထိ ကျွန်တော်ရှာဖွေပါရစေဦး။

"သား. ."

အိပ်ယာထက်မှ သူနိုးသွားလျှင် မေမေနှင့်ဖေဖေကို အေးစက်မိုး တွေ့မြင်လိုက်ရသည်။ သူ့အတွက် စိုးရိမ်သောကရောက် နေရရှာသည့် အကြင်နာမျက်ဝန်းများနှင့် မိဘနှစ်ပါးကို သူ အားကိုးတကြီးကြည့်လိုက်မိသည်။

ဝါ နေ့လား၊ ညလား၊ ဘေဘီ့ကို သူ တွေ့မြင်ချင်လှပါသည်၊

"ရေ. . ရေပေးပါမေမေ"

ကန္တာရခရီးသည်ကြီးလို မောပန်းနွမ်းခြောက်လွန်းလှသဖြင့် မေမေ့သီတာရေစင်တွေကို သူ အားပါးတရသောက်လိုက်၏။

"သား မနေ့ကတည်းက လူမှန်းသူမှန်းမသိအောင် ဖျားလိုက်တာ၊ ဖေဖေတို့မှာ ဆေးရုံတင်ရတော့မယ်မှတ်တာ"

ဖေဖေ့စကားကြောင့် အေးစက်မိုး ဆတ်ကနဲတုန်လှုပ်သွား၏။

"ဟင်. . ဒါ. . ဒါဖြင့် နောက်တစ်နေ့ရောက်ပြီပေါ့၊ ဟုတ်လားဖေဖေ၊ အခု (၈)နာရီထိုးပြီလားဟင်၊ သားရဲ့မှန်ပြောင်းလေးရော၊ ကျေးဇူးပြုပြီး ဖေဖေနဲ့မေမေ အပြင်ခဏထွက်ပေးပါနော်၊ သားမှာ အရေးကြီးတဲ့ကိစ္စလေးတစ်ခု ရှိသေးလို့ပါ"

မေမေ့အနားမှမှန်ပြောင်းကို လက်လှမ်းယူရင်း ပြတင်းပေါက်ရှိရာသို့ အေးစက်မိုးသွားမည်ဟန်ပြင်လျှင် သူ့တစ်ကိုယ်လုံး တုန်ယင်၊ ယိမ်းထိုးလျက်၊ အဖျားကြီးခဲ့သူမို့ထင့်။



"သားရယ်. ."

မေမေက သူ့ကိုကြည့်ပြီး ဖြေမဆည်နိုင်ပုံစံဖြင့် မျက်ရည်များကျလာလျှင် အေးစက်မိုး နားမလည်နိုင်။

"ဘာဖြစ်လို့လဲမေမေ၊ သားနေကောင်းသွားမှာပါ၊ သားမသေပါဘူး၊ သားလေ ကိုယ်ချစ်တဲ့သူနဲ့အတူလက်တွဲပြီး မေမေတို့နဲ့အတူ ပျော်ရွှင်စွာနေသွားဦးမှာပါ"

မေမေ ကြေကွဲစွာဖြင့် သူ့အခန်းထဲမှခေတ္တထွက်သွားလျှင် အေးစက်မိုး ဖေဖေ့ကိုမော့ကြည့်လိုက်ပြန်သည်။

"ဖေဖေရော. . ဒီနေ့အလုပ်မသွားဘူးလား၊ သားက နေကောင်းပါတယ်၊ ဖေဖေ့လူနာတွေ မျှော်နေကြမှာပေါ့၊ သားကို ထားခဲ့ပါဖေဖေ"

"ရပါတယ်သားရယ်၊ သားအနားယူလိုက်ပါဦး၊ ဖေဖေ့ကို ဒီမှန်ပြောင်းကြီးပေးထားနော်"

ကလေးတစ်ယောက်ပမာ ဖေဖေက သူ့ကိုချော့မော့နေလျှင် အေးစက်မိုး ဖေဖေ့ကိုပြုံးပြလိုက်သည်။

"သားနေမကောင်းတုန်း ဘယ်သူတွေလာကြသေးလဲဟင်"

ဖေဖေက သူ့ကို ကြင်နာစွာကြည့်နေ့ရုံသာ၊ ဘာမှပြန်မဖြေ။

"ဖုန်းရောဆက်ကြသေးလား၊ ဖေဖေ. . ဟိုလေ. . ဘေဘီ"

"အနားယူပါတော့သားရယ်"

ဖေဖေက သူ့ကို အိပ်ယာဘက်သို့ချော့ခေါ်သော်လည်း အေးစက်မိုးမလိုက်နိုင်ပါ။

Scanned by CamScanner

"ခဏလေးပါဖေဖေ၊ သားကိုမှန်းပြောင်းလေးပေးပါဦးဗျာ"

နောက်ဆုံးတွင် သူ ပြတင်းပေါက်မှတဆင့် ချစ်သူလေးထံ ကြည့်ခွင့်ရလိုက်ပါသည်။ သို့သော် ဖေဖေ သူ့အနားမှမခွာ၊ ဖေဖေတို့ ဘာကိုစိုးရိမ်နေကြပါလိမ့်။

"အစောကြီးရှိပါသေးတယ်သားရယ်၊ သူ လာမှာမဟုတ်သေးပါဘူး၊ မိုးမလင်းသေးဘူးလေ"

"ဟာ. . ဖေဖေကလည်း. . သားကိုမညာပါနဲ့ဗျာ၊ မိုးလင်းပါပြီ၊ သားရဲ့ဘေဘီလေး လာတော့မှာ"

ဖေဖေက သူ့ကို အိပ်ယာပေါ်သို့တွဲခေါ်လာဆဲ မေမေက သန္တာနှင့်အတူ အခန်းထဲသို့ဝင်လာသည်။ ဟင်. . သူတွေ့ချင်တာ ဘေဘီပါ။

သူ ဒီလောက်ဖျားနာနေခဲ့တာ ဘေဘီမသိလို့နေမှာပါ။ မဟုတ်ရင် သူလာမှာပေါ့"

"ကိုမိုး. . "

သန္တာ့မျက်ဝန်းမှ မျက်ရည်များပြိုကျလာပြန်သည်။

ဘာတွေဖြစ်နေကြတာလဲ။ အေးစက်မိုး အော်ဟစ်မေးပစ်လိုက်ချင်သည်။

"ငိုမနေနဲ့သန္တာ၊ ဒီလောက်လေးဖျားရုံနဲ့ ငါမသေဘူး၊ ငါ သီချင်းတွေနဲ့ ကမ္ဘာကြီးကို စိမ်းလန်းဝေဆာစေဦးမှာ သိလား"

သူ့တစ်ကိုယ်လုံး ချွေးတွေရွှဲလာပြန်သဖြင့် အေးစက်မိုးမှာ အဝတ်လဲဖို့စဉ်းစားရပြန်သည်။

"သန္တာ. . ညှော်ခန်းကစောင့်၊ ငါဆင်းခဲ့မယ်၊ မေမေက သားစားဖို့ တစ်ခုခုလုပ်ပေးထားပါနော်"



မေမေနှင့်သန္တာ သူ့အခန်းထဲမှထွက်သွားလျှင် ဖေဖေက သူ့အနားမှာ စိုးရိမ်ကြင်နာစွာစောင့်ကြည့်ကျန်ခဲ့လေ၏။ အေးစက်မိုး ဖေဖေ့အကူအညီနှင့် အဝတ်လဲရသည်။

အဖြူရောင်ဝတ်စုံလေး။ ဘေဘီနှင့်သူ နှစ်သက်သည့်အရောင်။ အဝတ်လဲပြီးလျှင် အေးစက်မိုး ဖေဖေနှင့်အတူ ညှော်ခန်းသို့ဆင်းခဲ့ကြသည်။

ဩော်. . တစ်နေ့လောက်ဖျားလိုက်တာနဲ့ သူတော်တော်နွမ်းဖျော့သွားပါလား။ သူ ညှော်ခန်းမှာထိုင်မိလျှင် ဘေဘီတို့ 'လမင်းအိမ်'ဘက်သို့ လှမ်းကြည့်မိသည်။

ဘေဘီ့'လမင်းအိမ်'မှာ လူတွေ၊ ကားတွေရှုပ်ထွေးလို့ပါလား၊ ဘာများဖြစ်ကြတာလဲ။ အတွေးဖြင့် အေးစက်မိုးစိတ်ပူသွားမိစဉ် အိမ်ထဲသို့ လူရွယ်တစ်ယောက်ဝင်လာသည်။

သူ့အသွင်ကလည်း မင်္ဂလာဆောင်ပွဲကိုလာသည့်ပရိသတ်တစ်ယောက်နှယ်။ သစ်လွင်လှပနေလေ၏။

"ကိုအေးစက်မိုး. . . ကျွန်တော့်ကိုမှတ်မိလား"

ခပ်ရွှံ့ရွှံ့နှုတ်ဆက်ပြီး သူ ဆိုဖာတစ်ခုမှာဝင်ထိုင်လိုက်လျှင် အေးစက်မိုး သူ့ကို ကောင်းစွာမှတ်မိလိုက်ပါသည်။

"ဟား. . ကိုသော်က. . ခင်ဗျားဘယ်လိုမျက်စိလည်လာတာလဲ၊ မိန်းမတွေ့၊ ဘာတွေရနေပြီလား၊ ခင်ဗျားဗျာ. . နေနိုင်လိုက်တာ၊ အဆက်အသွယ်မရတာကြာပြီနော်၊ ရုပ်ကတော့ အရင်အတိုင်းပါပဲ"

အေးစက်မိုး ကိုသော်တကို ရွှန်းရွှန်းဝေအောင်ရယ်မော

Scanned by CamScanner

နှုတ်ဆက်နေသော်လည်း သူတို့အားလုံး၏အသွင်က ငေးငေး ငိုင်ငိုင် ဘာတွေဖြစ်နေကြတာလဲ။ ကိုသော်ကက ဒေါ်စက်မိုးကို စကားတွေဆက်ပြော၏။

"မျက်စိလည်လာတာမဟုတ်ပါဘူး ကိုဒေါ်စက်မိုးရယ်၊ ကျွန်တော်တို့ရင်ထဲမှာ ခင်ဗျားအမြဲရှိနေပါတယ်၊ မဂ္ဂဇင်းတွေ၊ ဂျာနယ်တွေထဲမှာ ခင်ဗျားအကြောင်းဖတ်ရတိုင်း ဝမ်းလည်းသာ မိပါတယ်"

"ဟုတ်ပါပြီ၊ ဒါဆို ကျွန်တော့်လိပ်စာ မဂ္ဂဇင်းထဲကရတာ ပေါ့ ဟုတ်လား"

"ဒီလိုတော့မဟုတ်ဘူးဗျ၊ ခင်ဗျားဒီမှာရှိမှန်း ကျွန်တော့် ညီမလေးပြောခဲ့တာပါ"

ကိုသော်ကအပြောကြောင့် ဒေါ်စက်မိုးတွေဝေသွားရပါ၏။ သူ့ညီမလေးက ဘယ်သူလဲ၊ ဒီရန်ကုန်မှာပဲနေသလား။

"ဪ. . ခင်ဗျားညီမလေးဆိုတာ ဟိုလုံးကျစ်ကျစ်၊ ရှည် တောက်တောက်နဲ့ ချစ်စရာကောင်းမလေးလား၊ ကျွန်တော်တို့ တစ်အုပ်လုံးကို ဗိုလ်ကျတတ်တဲ့ညီမလေးလေ၊ သူက အခုရန် ကုန်မှာ အလုပ်လာလုပ်သလား၊ ကျွန်တော့်ကို အကြောင်းကြား ရောပေါ့ဗျာ၊ ကျွန်တော်ကူညီမှာပေါ့"

ဒေါ်စက်မိုး လိုက်လှဲစွာပြောဆိုလျှင် လူရိုးကြီးကိုသော်က မှာ အံ့အားတသင့်။

"ဟင်. . ခင်ဗျားနဲ့သူ မတွေ့သေးဘူးဟုတ်လား၊ ဒီလောက် နီးနီးလေးတောင်မှ မတွေ့သေးဘူးလား၊ ဘေဘီလေ၊ လမင်းအိမ် က ဘေဘီလေ"





"ဗျာ. . "

ဘေဘီ. . ။ ဘေဘီဟာ ကိုသော်ကရဲ့ညီမလေး။ ဟိုး ရှေးရှေးကတည်းက သူနှင့်ခင်မင်တွယ်တာခဲ့သည့်ကောင်မလေး။

"ဟာ. . ဒါဆို ဘေဘီဟာ သူ့ကို ကြိုသိနေတာပေါ့၊ ဘေဘီဟာ အခုမှပေါ်တဲ့ရွှေကြာပင်လေးမဟုတ်ဘူးပေါ့၊ နောက် ပြီး အညီရှိရာလိုက်အုံတတ်တဲ့ ယင်မလေးမဟုတ်ဘူးပေါ့"

"အဲဒီဘေဘီဟာ ခင်ဗျားရဲ့ဘေဘီဟုတ်လား"

"ဟုတ်တယ်လေ၊ ကျွန်တော်တော့ မျက်စိလည်သွားပြီ ဗျာ၊ ဘေဘီ့ကို ခင်ဗျားကသာမသိတယ်၊ သူကတော့ အရှုံးအမူး ပါလား၊ မန္တလေးပွဲမှာတုန်းကလည်း ခင်ဗျားပါလို့ မရ၊ ရအောင် လိုက်တာလေ၊ အပြန်ကျ ဒေါနနဲ့ဘာပြဿနာတွေဖြစ်လာသလဲ မသိပါဘူး။ အကြီးအကျယ်ပဲ"

ဒေါ်စက်မိုးမှာ ကိုသော်က၏စကားများကို မကြားတစ် ချက်၊ ကြားတစ်ချက်။ ဖြစ်မှဖြစ်ရလေဘေဘီရယ်။ အစကတည်း က ဘာလို့မပြောခဲ့သလဲကွယ်။ တို့တွေ နားလည်မှုတွေဝေခဲ့ တယ်နော်။

ဘေဘီ့မျက်ဝန်းမှစူးနစ်မှုကို ဒေါ်စက်မိုး ပြန်လည်မြင် ယောင်မိသည်။ ခွင့်လွှတ်ပါဘေဘီရယ်။ မင်းကို ကိုကို နားလည် သွားပါပြီ။

သူ ဘေဘီ့ကို အရမ်းလည်းပိုချစ်၊ ပိုတွေ့ချင်မိသွားသဖြင့် ထိုင်နေရာမှ ဆက်ကနဲထလိုက်သည်။ ဘေဘီနှင့် နားလည်မှု တွေတည်ဆောက်မည်။



Book Sharing

Scanned by CamScanner

ဘယ်သောအခါမှ မကွဲမကွာစေရတော့။

"လာဗျာ. . ကိုသော်က၊ ကျွန်တော်တို့ ဘေဘီဆီသွား တွေ့ကြရအောင်၊ ဘေဘီကို ကျွန်တော်တောင်းပန်မယ်၊ လမင်းအိမ်မှာ ဘေဘီရှိတယ်မဟုတ်လား"

"ကျွန်တော်မလိုက်တော့ဘူး၊ ကျွန်တော် နေ့လည်ကားနဲ့ မုံရွာပြန်တော့မှာ၊ ကျွန်တော် ဘေဘီကိုမြင်ရတာ စိတ်မချမ်းသာဘူးဗျာ၊ သူ့ရုပ်က တစ်ခုခုဖြစ်နေသလိုပဲ"

"ဗျာ. . ဘေဘီဘာဖြစ်လို့လဲ၊ ဘေဘီ အခုဘယ်မှာလဲဟင်"

"ဩော်. . ခင်ဗျားမသိဘူးကိုး၊ ခင်ဗျားကို သူမဖိတ်ဘူးလား၊ ဒီမနက် ထရိတ်ဒါးမှာ သူတို့လက်ထပ်တယ်လေ"

"ဗျာ. ."

အေးစက်မိုးမျက်ဝန်းတွေ မီးပွင့်သွားသည်။ သူ့နှလုံးသွေးတွေ မီးပွင့်သွားသည်။ သံရည်ကျိုသလို သူ့တစ်ကိုယ်လုံးကို အရည်ကျိုလိုက်တာဟာ အချစ်လား။

ခံစားမှုအထွတ်အထိပ်ကြောင့် အေးစက်မိုးတစ်ကိုယ်လုံး တုန်ယင်လာသည်။

"ဟင့်အင်း. . ကိုကိုပြန်ပါတော့နော်၊ ဘေဘီကို သတ်သာ သွားလိုက်ပါတော့နော်"

မျက်နှာလေးကိုမျှမပြတော့ဘဲ သူကလေး မချိတင်ကဲငိုကြွေးခဲ့မှုကို အေးစက်မိုး ယခုမှ ကောင်းစွာနားလည်သွားရသည်။

ဖြစ်ရလေဘေဘီရယ်။ ကိုကို့ကို ဘာကြောင့်ဖွင့်မပြောခဲ့တာလဲ၊ ဘဝဆိုတာ အချစ်မပါဘဲ လျှောက်လှမ်းလို့ရတဲ့ခရီးလား။ အေးစက်မိုး ဆောက်တည်ရာမရဖြစ်သွားရသည်။



ချစ်သူလေးကို အပြီးတိုင်ဆုံးရှုံးရပြီဆိုသည့်အသိက သူ့ဦးခေါင်းတစ်ခုလုံးကို တူနှင့်အဆက်မပြတ်ရိုက်နှက်နေပြန်သည်။

သူ့မျက်နှာတစ်ခုလုံး သွေးဆုတ်ဖြူဖွေးသွားပြီး သူ့တစ်ကိုယ်လုံး လဲပြိုတော့မတတ်။

"သား. ."

"ကိုမိုး. ."

"ဟာဗျာ. . ကိုအေး. ."

သူ့အနားသို့ မေမေ၊ သန္တာနှင့် ကိုသော်ကတို့ ဖေးမရပ်တည်လာကြသောအခါ အားလုံးကို သူသွေးရူးသွေးတန်းနှင့် တွန်းဖယ်ရုန်းထွက်လိုက်မိသည်။

သူ တိုင်ကပ်နာရီကိုမော့ကြည့်လိုက်မိ၏။ နံနက်(၉)နာရီ။

"ကျွန်တော့်ကို လိုက်ပို့ကြပါဗျာ၊ ဘေဘီဆီ လိုက်ပို့ပေးကြပါ။ ကျွန်တော့်ညီမလေးရဲ့မင်္ဂလာပွဲကို ကျွန်တော်ချီးမြှင့်ပါရစေ၊ အချိန်မီသေးတယ်မဟုတ်လားဟင်၊ မင်္ဂလာပွဲမပြီးသေးဘူးမဟုတ်လား"

"ကျွန်တော် ဘေဘီကို ပန်းပေးပါရစေ၊ အန္တူးပေးလိုက်ပါရစေ၊ ဘေဘီကို နောက်ဆုံးကြည့်ပါရစေဗျာ၊ ကိုသော်က. . ဘေဘီပြုံးနေတယ်မဟုတ်လားဟင်၊ ကျွန်တော့်ညီမလေးရဲ့အပြုံးမျက်နှာလေးကို ကျွန်တော်ကြည့်လိုက်ပါရစေ"

"မေမေ. . သား. . တစ်ရက်နဲ့တစ်ညလုံးလုံး သတိမေ့နေခဲ့တယ်နော်၊ ဖျားနေခဲ့တယ်နော်၊ အချိန်ဟာ တန်ဖိုးကြီးလှပါလားဗျာ၊ အခုတော့ ကျွန်တော် အရာအားလုံးကိုဆုံးရှုံးလိုက်ရပြီ၊ ကျွန်တော့်ဘဝကြီးတစ်ခုလုံး ဘာမှအဓိပ္ပာယ်မရှိတော့ဘူး"

Scanned by CamScanner

အရူးတစ်ယောက်သဖွယ် အေးစက်မိုး တဖွဖွရေရွတ်နေသမျှ ညှော်ခန်းတွင်းမှလူများမှာ သူ့ကိုမကြည့်ရက်တောင်ပင် သနားကြင်နာနေမိကြ၏။

အေးစက်မိုး၏မျက်ဝန်းများမှ မျက်ရည်များကျမလာခဲ့သော်လည်း ရင်ထဲမှာ ခြစ်ခြစ်တောက်ပူပြင်းမှုကြောင့် သူ့မျက်ဝန်းတွေက နီနီရဲရဲ။

မေမေနှင့်သန္တာရှိက်သံတို့က လုံးထွေးကျယ်လွင့်လာကြပြန်၏။

"ကျွန်တော်ကိုယ်တိုင် ကားမမောင်းနိုင်လို့ လိုက်ပို့ပေးကြပါဗျာ၊ ဘေဘီ့မင်္ဂလာပွဲကို ကျွန်တော်သွားပါရစေ"

"သား. ."

"မဟုတ်သေးဘူးမေမေရယ်၊ ခဏလေးပါဗျာ၊ ခဏလေးပါ၊ ကျွန်တော်ဘာမှမဖြစ်ပါဘူး၊ ဘာမှလည်းမလုပ်ပါဘူး၊ ကမ္ဘာပေါ်မှာ မာနအကြီးဆုံးဆိုတဲ့ယောကျ်ားတစ်ယောက်က မြူစင်အေးချမ်းလှတဲ့မိန်းကလေးတစ်ယောက်ကို ပန်းပေးလိုက်ချင်တာလေးတစ်ခုတည်းပါ"

အေးစက်မိုးတစ်ယောက် ဆောက်တည်ရာမရလောက်အောင်ပင် ပူလောင်ကျွမ်းမြိုက်နေဆဲ ကိုသော်က သူ့ကိုနှုတ်ဆက်လာသည်။ သူ့လက်နှစ်ဖက်ကိုကိုင်ဆုပ်ရင်း. . .

"ကျွန်တော့်ကိုခွင့်လွှတ်ပါ ကိုအေးစက်မိုး၊ ကျွန်တော် ခင်ဗျားတို့နှစ်ယောက်ကို နားလည်ခံစားမိပေမယ့် ကျွန်တော် ဘာမှလုပ်မပေးနိုင်တော့ဘူး၊ ဘာမှမတတ်နိုင်တော့ဘူး၊ ကျွန်တော်



မုံရွာပြန်တော့မယ်၊ ခင်ဗျားတို့ကိုမြင်ရတာ ကျွန်တော် အရမ်းခံစားရပါတယ်ဗျာ၊ ကျွန်တော်သွားမယ်"

ချာကနဲလှည့်ထွက်သွားသောကိုသော်ကကိုကြည့်ရင်း သူ့ကျောပြင်တစ်ချက် သိမ့်ကနဲလှုပ်ခတ်သွားတာကို အေးစက်မိုးမြင်လိုက်ရသည်။

သို့သော် အေးစက်မိုးခေါင်းကို ခါရမ်းနေမိ၏။ ကမ္ဘာကြီးတစ်ခုလုံး မီးတောက်နေပြီလား။ အရပ်မျက်နှာတိုင်းမှာ မီးခိုးတွေတအူအူ၊ အကြီးအကျယ်ပျက်ယွင်းနေသောမျက်နှာဖြင့် အေးစက်မိုးမှာ ဒယီးဒယိုင်။

"ငါ့ကို ဘယ်သူမှလိုက်မပို့ကြတော့ဘူးလား၊ ငါ့ဆန္ဒကို ဘယ်သူမှမဖြည့်ဆည်းပေးကြတော့ဘူးလား"

ဒဏ်ရာပြင်းသည့်ခြင်္သေ့တစ်ကောင်လို သူ့လည်ချောင်းမှ ကုတ်ဖဲ့ငိုညည်းသံက ကွဲအက်အက်။

"ကောင်းပြီ. . သန္တာလိုက်ပို့မယ်"

"သန္တာ. ."

"ဟုတ်တယ်အန်တီ၊ ကိုမိုးကို သန္တာလုံးဝစောင့်ရှောက်မယ်၊ သူ စိတ်ချမ်းသာပါစေ"

သို့သော် သန္တာလိုက်ပို့မည်ကို အေးစက်မိုးလက်မခံ။ တော်ကြာ စုံတွဲလာပြီးချိုးမြှင့်တယ်လို့ ဘေဘီထင်သွားမှာပေါ့။ ဘေဘီ့ကို နည်းနည်းလေးမှထပ်မံဒဏ်ရာမရစေချင်တော့ပါ။

"နင်မပို့နဲ့"

"သန္တာ ကားထဲမှာပဲကျန်နေခဲ့ပါ့မယ်ကိုမိုးရယ်"

"အေး. . ဒါဆိုလိုက်ပို့"

နောက်ဆုံး သန္တာအကူအညီနှင့်ပင် အေးစက်မိုး ဘောဘီ မင်္ဂလာပွဲသို့သွားရမည်။ မေမေနှင့်မေမေကတော့ သူ့ကိုကြည့်ပြီး ကြေကွဲနွမ်းရှိုက်လျက်။

"သားဘာမှမဖြစ်ဘူးမေမေ၊ ခုပဲပြန်လာမှာ၊ ခဏလေးနော်"

ငယ်ငယ်တုန်းကကျောင်းသွားလျှင် နှုတ်ဆက်နည်းမျိုးသူ ပေါ့ပါးစွာနှုတ်ဆက်လိုက်လျှင် မေမေ့မျက်ရည်တွေ အဆက်မပြတ်စီးကျနေ၏။ သို့သော် အေးစက်မိုး မတတ်နိုင်။ ခွင့်လွှတ်ပါမေမေ။

ဘောဘီနဲ့က ဒါ နောက်ဆုံးပဲမဟုတ်လား။

ကားပေါ်မှာ မျက်စိမှိတ်ရင်း အေးစက်မိုး ကြောင်အနေမိသည်။ တစ်ယောက်နှင့်တစ်ယောက် အသည်းပေါက်မတတ်ချစ်နေကြရဲ့နှင့်လည်း ချစ်သောသူတွေဟာ ကွေကွင်းတတ်ကြသတဲ့လား။

ဒါတွေဟာ သူ့ရဲ့လွဲမှားတဲ့မာန၊ အတ္တတွေကြောင့်ပါပဲ။ ယခုတော့ အေးစက်မိုး၏ခန္ဓာကိုယ်တစ်ခုလုံး နှလုံး၊ အသည်း၊ ကလီစာတွေပြောင်းပြန်လှန်သွားကြပြီလား။

သူ့ဘဝကြီးတစ်ခုလုံး၊ သူ့ခန္ဓာကိုယ်တစ်ခုလုံး ကမောက်ကမဖြစ်ကုန်ကြတာတော့ အမှန်။

"သန္တာ. . နှင်းဆီပန်း အနီရင့်ရင့်သွေးရောင် တစ်စည်းလောက်လိုချင်တယ်"



"ရမယ်ကိုမိုး၊ ကိုမိုးသာ သက်တောင့်သက်သာနေပါ"

မကြာမီ နှင်းဆီအနီရင့်ရင့်တစ်စည်း ရလာသည်။ လှလိုက်သည့်နှင်းဆီတွေ။ အစွမ်းကုန်ပွင့်၊ အစွမ်းကုန်ရင့်၊ အစွမ်းကုန်မွှေးသည့်နှင်းဆီများ။

ဘောဘီဟာ ငါ့ကိုသိပ်ချစ်ခဲ့တယ်။ ငါ သူ့အချစ်တွေကို တန်ဖိုးမထားရာရောက်ခဲ့တယ်။ ဘောဘီ့အချစ်တွေ၊ ဝဋ်ကြွေးတွေအတွက် ငါ ပြန်လည်ခံစားရမယ်။

အချစ်နဲ့မိန်းမဟာ ယောကျ်ားတစ်ယောက်အတွက် ဘဝအစိတ်အပိုင်းလေးတစ်ခုပါတဲ့။ မှားတယ်။ အဲဒီအဆိုအမိန့်ဟာ သန်ျာပုဏ္ဏာတစ်ပုဒ်လို ဘယ်တိကျမှန်ကန်နိုင်မလဲ။ ဘဝနဲ့ရင်းပြီး ရင်ထဲမှာ တစ်ဘဝစာ၊ တစ်သက်စာ ချစ်မြတ်နိုးမိသည့်သူ့မှာ ဘောဘီနှင့်လွဲရတာဟာ အကြီးမားဆုံးသောဆုံးရှုံးမှုကြီးတစ်ခု။

"ရောက်ပြီကိုမိုး၊ ဖြည်းဖြည်းဆင်းပါ၊ သန္တာလိုက်ပို့ပါရစေ၊ ကိုမိုး. . အရမ်း. ."

"ဟင့်အင်း. . နင်နေခဲ့"

သန္တာက ကားတံခါးဖွင့်ပေးပြီး သူ့ကို ဖေးမဆင်းသက်စေသည်။ သူ့ခန္ဓာကိုယ်ကြီးတစ်ခုလုံး အရိုးမရှိတော့သလို၊ လူသေတစ်ယောက်လို ခွန်အားတွေဆုတ်ယုတ်နေခဲ့ပေမယ့် အေးစက်မိုး သန္တာ့ကို ဘောဘီ့ရှေ့သို့ခေါ်မသွားလိုပါ။

တစ်ယောက်တည်းမို့ လဲသေချင်သေပါစေတော့။ မင်္ဂလာအခမ်းအနားကြီးက ပြီးဆုံးတော့မည်။ ဧည့်ပွဲလာဧည့်ပရိသတ်များ အားလုံးပြုံးပျော်ရွှင်မြူးနေကြသည်။

Scanned by CamScanner

တူရိယာသံတွေကလည်း တညံညံ၊ တကယ့်နတ်ပြည်ကြီး တစ်ခုလိုပါပဲ။ အိပ်မက်တစ်ခုလိုပါပဲလား၊ အေးစက်မိုး၏မျက်ဝန်းမှ ပြည့်ဖုံးကားကြီး တအိအိကျလာခဲ့ပေပြီ။

သူ့ဘုန်လှုပ်ယိမ်းယိုင်နေသည့်ခန္ဓာကိုယ်ကြီးအား အစွမ်းကုန်ထိန်းပြီး မင်္ဂလာပွဲထဲသို့ဝင်မည်ပြင်လျှင် သန္တာအသွင်က စိုးရိမ်တကြီး။

"ဖြစ်ရဲ့လားကိုမိုးရယ်၊ သန္တာ. ."

"ဖြစ်တယ်၊ ဖြစ်တယ်၊ ဘာလို့မဖြစ်ရမှာလဲ"

စိတ်ကို အစွမ်းကုန်တင်းလိုက်လျှင် ထိကရုန်းပင်တစ်ပင်ကဲ့သို့ သူ့အသွင်တစ်ခုလုံး ပြန့်ကားလှပသွား၏။ အပြုံရောင်ဝတ်စုံက အေးစက်မိုးကို အစွမ်းကုန်စမတ်ကျစေသကဲ့သို့ အနီရောင်နှင်းဆီပန်းစည်းကြီးကလည်း သူ့ကို အစွမ်းကုန်အထောက်အပံ့ပေးနေပြန်သည်။

"ငါသွားမယ်၊ နင်ကျန်ခဲ့"

အသည်းနှလုံးတစ်ခုလုံး မွမွကြေနေသည့်သူ့ရုပ်ကိုကြည့်ရင်း သန္တာအစွမ်းကုန်ငိုရှိုက်ကျန်နေခဲ့သော်လည်း အေးစက်မိုး မင်္ဂလာခန်းမထဲသို့ ဟန်အပြည့်ဖြင့်ဆက်လျှောက်လာခဲ့သည်။

သူ့နှလုံးသားတွေက တောင်းဆိုနေခဲ့ကြတယ်။ ဘေဘီကို မတွေ့မမြင်ရလို့မဖြစ်၊ ဘေဘီကို နှုတ်ဆက်ဖြစ်အောင်နှုတ်ဆက်ရမယ်။ လက်ထပ်ခြင်းဆိုတာ မဆုံစည်းဖြစ်ကြတဲ့ချစ်သူနှစ်ဦးအတွက် အပြီးတိုင်ခွဲခွာရခြင်းပဲမဟုတ်လား။ဘဝချင်းခြားရတာပဲမဟုတ်လား။



ရီဝေတောက်ရွှန်းသောအပြုံးဖြင့် သူ ဘေဘီ့ကိုလိုက်ရှာနေမိသည်။ အလို. . ဟိုမှာ. . ကောင်းကင်နတ်သမီးတစ်ပါးလို ငွေရောင်၊ ရွှေရောင်တလက်လက်နှင့် အစွမ်းကုန်တင့်တယ်နေတာ သူ့ရဲ့ဘေဘီပဲမဟုတ်ပါလား။

ရဲသျှိုးနှင့်အတူ တစ်ဝိုင်းဝင်တစ်ဝိုင်းထွက်နှုတ်ဆက်နေသည့်ဘေဘီ့ထံသို့ သူ တည့်မတ်စွာလျှောက်သွားဖြစ်သည်မှာ စက်ရုပ်ကြီးတစ်ရုပ်နှယ်။

သူဟာ ညံပပေးထားခံရတဲ့စက်ရုပ်ကြီးတစ်ရုပ်ပါပဲ။ အဲဒီစက်ရုပ်ကြီးဟာ အချစ်နဲ့ခုတ်မောင်းလှည့်ဝတ်ခဲ့တယ်။ နှလုံးသွေးတွေ ပျော်ရွှင်ပူနွေးခဲ့ရတယ်။ အခု ဘယ်လိုတွေဖြစ်ကုန်ကြမှာလဲ။

"ဘေဘီ. ."

သူ့ကိုမြင်လျှင် ပြုံတော့မည်မိုးလို တိမ်ညိုတွေပြိုဆင်းလာသည့်အချစ်နတ်သမီးအား သူ တောက်ရွှန်းသောအပြုံးဖြင့်နှုတ်ဆက်ဦးညွှတ်ကာ အလှဆုံးပန်းစည်းကြီးကို ပေးအပ်လိုက်သည်။

"နောက်ကျသွားတာခွင့်လွှတ်ပါဘေဘီ၊ ကိုယ် တစ်ဘဝစာ အိပ်ပျော်သွားခဲ့မိလို့ပါ"

သူ့စကားတွေကို ဘေဘီ နားလည်နိုင်မည်မထင်။ တကယ်ပဲ သူဟာ တစ်ဘဝစာအိပ်ပျော်ကျန်ခဲ့ရပြီမဟုတ်လား၊

ရဲသျှိုးက သူတို့နှစ်ယောက်ကို နားလည်ခွင့်လွှတ်မှုအပြုံး

တွေဖြင့် ကြည့်နေခဲ့လျှင် ငါ့ ဘောဘီ့အတွက် နောက်ဆံမတင်းမိတော့။

ကျေးပါတော့အချစ်ရယ်။ ကိုကိုပန်းပေးခဲ့ပါပြီ။ ကိုကို့အချစ်တွေ၊ ကိုကို့မေတ္တာ၊ ကိုကို့မာနနဲ့ အရှုံးတရားတွေအားလုံး ပန်းတစ်စည်းနဲ့ ဆက်သအရှုံးပေးခဲ့ပါပြီ။

ဆွေးညှိုးသောမျက်ဝန်းအလှနှင့် အချစ်ရုပ်ထု၊ အလှရုပ်ထုကို နောက်ဆုံးနှုတ်ဆက်အကြည့်ဖြင့် ကြည့်လိုက်မိသည်။ သူ့ရင်ထဲမှာ နှလုံးသွေးတွေလောင်မြိုက်ကျွမ်းချင်နေခဲ့ပေမယ့်၊ သူ့ ခန္ဓာကိုယ်ကြီးတစ်ခုလုံး သောကတွေဖြင့် လောင်မြိုက်ကျွမ်းချင်နေရပေမယ့် အရိပ်အမြွက်မျှပင် ချစ်သူလေးကို မသိရှိစေလိုတော့ပါ။

ချစ်သူလေးရေ. . မင်းဘဝတစ်လျှောက်လုံး ခလုတ်မထိ၊ ဆူးမငြိဘဲ ကြည်လင်သန့်ရှင်းသောရင်ဖြင့် ဘဝကို ချင်ဆိုင်အနိုင်ရနိုင်စွမ်းပါစေ၊ သူ ချစ်သူကို လက်ဖျားလေးနှင့်ပင်မထိရက်ပါတော့။

ပူလောင်ကျွမ်းမြည်နေသည့်သူ့အသွေး၊ အသား၊ ဝိညာဉ်တို့ကို မသိရှိ မခံစားစေလိုတော့ပါ။ ကိုရဲသျှိုးကိုသာ သူ ဂုဏ်ပြုသည့်အနေဖြင့် လက်ဆွဲနှုတ်ဆက်ခဲ့ပါသည်။

ညင်သာနိုင်မြသည့်လက်များဖြင့် သူ့ကို တလေးတစားနှုတ်ဆက်ခဲ့သည့်ကိုရဲသျှိုးသည် သူ့ခံစားမှု၊ သူ့အဖြစ်အပျက်အားလုံးကို ယောကျ်ားပီပီ နားလည်သွားနိုင်ပေလိမ့်မည်။



"သွားပြီကိုရဲသျှိုး၊ ဘောဘီ. . ကိုကိုသွားပြီနော်"

သူ တမင်ပဲ 'ကိုကို'ဟူသည့်စကားလုံးကို ရွေးချယ်သုံးစွဲခဲ့သည်။ ဒါမှလည်း ဘောဘီ့အချစ်တွေကို အသိအမှတ်ပြုရာရောက်ပေမည်။ လေးစားဂုဏ်ပြုရာရောက်မည်။

နားမလည်နိုင်သည့်မျက်ဝန်းများဖြင့် မျက်ရည်များပြည့်လျှံရစ်ဝိုင်းနေရာမှ ဘောဘီ့ခေါင်းလေးငုံ့ကျသွားခဲ့လျှင် ထိုနေရာမှ အေးစက်မှိုင်းတွက်ခဲ့ရပါသည်။

သူ့ရင်ဘက်ကြီးတစ်ခုလုံး ဟင်းလင်းပွင့်လျက်။ သူ့ဘဝကြီးတစ်ခုလုံး ဟင်းလင်းပွင့်လျက်။ သူ့တစ်ကိုယ်လုံး လွင့်မျောနေသည်မှာ အိပ်မက်ဆိုးတစ်ခုနှယ်။

သန္တာမောင်းသောကားပေါ်မှာ ပါလာခဲ့ပေမယ့် သူ့ဝိညာဉ်က အိပ်တိုက်တွေပေါ်မှာ၊ သူ့အသည်းထဲမှာ ဘောဘီ။

သူ့မျက်ဝန်းမှာဘောဘီ။ သူကလေးရင်ထဲမှာ ငိုရှိုက်နေပြီလား။ မငိုလိုက်ပါနဲ့အချစ်ရယ်။ မသေချာတဲ့သံသရာဆိုတာကြီးမှာ နောက်တစ်ကြိမ် ပြန်ဆုံတွေ့ကြမယ်ဆိုလျှင်ဖြင့်. . .

ကြည်စင်သောနှလုံးသားနဲ့ လက်ကမ်းလို့ကြိုဆိုပါဦး၊ နှုတ်ဆက်ပါဦးအချစ်ရယ်။ ကိုကို နိုင်ငံရပ်ခြားတွေမှာ လှည့်လည်တေးသီရင်း ကိုယ့်ရင်ထဲက ဘောဘီ့ကိုချစ်တဲ့အချစ်တွေကို ရင်ဖွင့်မယ်။

ပြီးတော့ ချစ်တဲ့ဘောဘီလေးရဲ့ဘဝ ရွှင်လန်းချမ်းမြေ့ပါစေလို့ ဆန္ဒပြုနေမယ်။ ဘောဘီ ခွင့်လွှတ်ရစ်ပါတော့။

ကြယ်စင်မှူးခဝ

Book Sharing

Scanned by CamScanner